# စိတ္တုပ္ပာဒကဏ္ဍ

**မာတိကာ။** ။ညဝါ အကောက်များကို နည်းမှီ၍ အနက်ပေးပါ၊ အဋ္ဌကထာအဖွင့်ကို ယူနိုင်လျှင်လည်း ယူ၍ပေးပါ။

## ကာမာဝစရကုသလပဒဘာဇနီ
## ဓမ္မဝဝတ္ထာနဝါရ–ဥဒ္ဒေသ

**အနုသန္ဓေ။** ။ကာမာဝစရကုသလပဒဘာဇနီ၌ ဓမ္မဝဝတ္ထာနဝါရ, သင်္ဂဟဝါရ, သုညတဝါရအားဖြင့် သုံးပါး အပြားရှိ၏၊ ထိုတွင် ဓမ္မတို့ကို ဖဿ ဝေဒနာ စသည်ဖြင့် ပိုင်းခြားသတ်မှတ်၍ပြရာ ဝါရကို "ဓမ္မဝဝတ္ထာနဝါရ"ဟု ခေါ်၏၊ ထိုဓမ္မဝဝတ္ထာနဝါရ၌ ဥဒ္ဒေသ, နိဒ္ဒေသအားဖြင့် နှစ်ပါး အပြားရှိ၏၊ ထိုတွင် "ဖဿော ဟောတိ, ဝေဒနာ ဟောတိ"စသည်ဖြင့် အကျဉ်းသရုပ်မျှ ထုတ်ပြရာပါဠိရပ်သည် "ဥဒ္ဒေသ"မည်၏၊ "ကတမေ တသ္မိံ သမယေ ဖဿော ဟောတိ"စသည်ဖြင့် အကျယ်ပြရာပါဠိရပ်သည် "နိဒ္ဒေသ"မည်၏၊ ထိုတွင် ဥဒ္ဒေသကို ဟောတော်မူလိုသောကြောင့် "တသ္မိံ သမယေ ဖဿော ဟောတိ"စသည်ကို မိန့်တော်မူသည်။

၁။ ကတမေ ဓမ္မာ–အဘယ်တရားတို့သည်၊ ကုသလာ–ကုသိုလ်တို့နည်း၊ ယသ္မိံ သမယေ–အကြင်အခါ၌၊ ကာမာဝစရံ–ကာမာဝစရဖြစ်သော၊ ကုသလံ–ကုသိုလ်ဖြစ်သော၊ သောမနဿသဟဂတံ–သောမနဿသဟဂုတ်ဖြစ်သော၊ ဉာဏသမ္ပယုတ္တံ–ဉာဏသမ္ပယုတ်ဖြစ်သော၊ စိတ္တံ–စိတ်သည်၊ ရူပါရမ္မဏံ–ရူပါရုံကို၊ အာရဗ္ဘ ဝါ–အာရုံပြု၍သော်လည်းကောင်း၊ပေ၊ ဓမ္မာရမ္မဏံ–ဓမ္မာရုံကို၊ အာရဗ္ဘ ဝါ–အာရုံပြု၍သော်လည်းကောင်း၊ ယံ ယံ ဝါပန–အမှတ်မထား တစ်ပါးပါးသော အာရုံကို၊ အာရဗ္ဘ–အာရုံပြု၍၊ ဥပ္ပန္နံ–ဖြစ်ဆဲသည်၊ [အတိတ် စိတ်၏ ဘင်ခဏမှ အထက်ဖြစ်သော နောက်ကာလ၌ ခဏတ္တယသို့ ရောက်သည်(သဒ္ဒတ္တ)။] ဟောတိ–ဖြစ်၏၊ တသ္မိံ သမယေ–ကာမာဝစရကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်စိတ်၏ဖြစ်ရာ ထိုအခါ၌၊ ဖဿော–ဖဿသည်၊ ဟောတိ–ဖြစ်၏၊ ဝါ–ပါဝင်၏၊ပေ၊ အဝိက္ခေပေါ–အဝိက္ခေပသည်၊ ဟောတိ–၏၊ ဝါ–၏၊ တသ္မိံ သမယေ–၌၊ အညေပိ–ဖဿစသော တရားတို့မှ တစ်ပါးလည်းဖြစ်ကုန်သော၊ ပဋိစ္စသမုပ္ပန္နာ–အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော၊ အရူပိနော–နာမ်ဖြစ်ကုန်သော၊ ယေ ဝါ ပန ဓမ္မာ–အကြင် သဘောတရားတို့သည်၊ အတ္ထိ–ရှိကုန်၏၊ ဝါ–၏၊ ဣမေ ဓမ္မာ–ဖဿစသော ဤ အလုံးစုံသောတရားတို့သည်၊ ကုသလာ–ကုသိုလ်တို့တည်း။...... [ကုသလ အမည်ကို မာတိကာတုန်းက သိခဲ့ပြီးဖြစ်၍ အမည်ကို မေးစရာမလို၊ တရားကိုယ် သရုပ်ကိုသာ မေးပါသည်။]

**တစ်နည်း**။ ။ပြအပ်ပြီးသော အနက်ပေးပုံသည် သမယသဒ္ဒါ၏ ကာလအနက်ကို ယူ၍ ပေးပုံတည်း၊ ကာလအနက်အပြင် သမူဟအနက်, ခဏအနက်,သမဝါယအနက်, ဟေတုအနက်အားဖြင့် အနက်ပေးပုံကိုလည်း အဋ္ဌကထာဖွင့်အတိုင်း ပေးနိုင်သေး၏။

**သမူဟအနက်**။ ။ယသ္မိံ သမယေ–အကြင် ဖဿ,ဝေဒနာစသော တရားအပေါင်း၌၊ ကာမာဝစရံ–သော၊ပေ၊စိတ္တံ–သည်၊ ဥပ္ပန္နံ–သည်၊ ဟောတိ–၏၊ တသ္မိံ သမယေ–ထို ဖဿ,ဝေဒနာစသော တရားအပေါင်း၌၊ ဖဿော–ဖဿသည်၊ ဟောတိ–ဖြစ်၏၊ ဝါ–ပါဝင်၏၊ ဝေဒနာ၊ပေ၊အဝိက္ခေပေါ–သည်၊ ဟောတိ၊ [ယေ ဝါ ပန၊ပေ၊ကုမ္မေ ဓမ္မာ ကုသလာ၌လည်း တသ္မိံ သမယေကို ဤအတိုင်းပေးပါ။]

**ခဏအနက်**။ ။ယသ္မိံ သမယေ–အကြင် နဝမခဏ,စတုစက္ကသမ္ပတ္တိခဏဟူသော အခွင့်ကောင်းသည်၊ (သတိ–ဖြစ်လတ်သော်)၊ ကာမာဝစရံ–သော၊ပေ၊စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ–ထို နဝမခဏ,စတုစက္ကသမ္ပတ္တိခဏဟူသော အခွင့်ကောင်းသည်၊ (သတိ–ဖြစ်လတ်သော်)၊ ဖဿော၊ပေ၊အဝိက္ခေပေါ ဟောတိ [ယေ ဝါ ပန တသ္မိံ သမယေ၌လည်း ဤအတိုင်း ပေးပါ။]

**မှတ်ချက်**။ ။ဤခဏအနက်ကို အကုသိုလ်၌ မရနိုင်၊ "နဝမခဏ"ဟူရာ၌ ဘုရားပွင့်ခြင်းဟူသော ဗုဒ္ဓုပ္ပာဒတစ်ပါးတည်းဖြင့် နဝမခဏအမည်မရသေး၊ ဗုဒ္ဓုပ္ပာဒဖြစ်ခြင်း, တရားဟောတော်မူခြင်း, မဇ္ဈိမဒေသ၌ လူဖြစ်ရခြင်း, တိဟိတ်ပဋိသန္ဓေနေရခြင်း, သမ္မာဒိဋ္ဌိဖြစ်ရခြင်း ဤအားလုံးစုံမှ အဋ္ဌက္ခဏ(အဋ္ဌ+အက္ခဏ=ရပ်ပြစ်ရှစ်ပါး)ကို ထောက်၍"နဝမခဏ"ဟုအမည်ရသည်။[ဆောင်ပုဒ်ကို ဒုတိယအုပ်နံပါတ်(၄၂)၌ရှုပါ။]

**သမဝါယအနက်**။ ။ယသ္မိံ သမယေ–အာရုံ,ယောနိသောမနသိကာရစသော အကြောင်းအပေါင်းသည်၊ ဝါ–အာရုံ,ယောနိသောမနသိကာရစသော အကြောင်းတို့၏ ပေါင်းဆုံညီညွတ်ခြင်းသည်၊ (သတိ–သော်)၊ ကာမာဝစရံ၊ပေ၊ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ–ထို အာရုံ,ယောနိသောမနသိကာရစသော အကြောင်းအပေါင်းသည်၊ ဝါ–သည်၊ (သတိ–သော်)၊ ဖဿော၊ပေ၊အဝိက္ခေပေါ ဟောတိ။ [ယေ ဝါ ပန တသ္မိံ သမယေ၌လည်း ဤအတိုင်း ပေးပါ။]

**ဟေတုအနက်**။ ။ယသ္မိံ သမယေ–အကြင် ယောနိသောမနသိကာရဟူသော ပဓာနအကြောင်းသည်၊ (သတိ–သော်)၊ ကာမာဝစရံ၊ပေ၊စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ–ထိုယောနိသောမနသိကာရဟူသော ပဓာနအကြောင်းသည်၊ (သတိ–သော်)၊ ဖဿော၊ပေ၊အဝိက္ခေပေါ ဟောတိ၊ ယေ ဝါ ပန တသ္မိံ သမယေ၌လည်း "တသ္မိံ သမယေ–သည်၊ (သတိ–သော်၊)"ဟု ပေးပါ။ [ကုသိုလ်အရာဖြစ်၍ ယောနိသောမနသိကာရကို ပဓာနအကြောင်းဟု ဆိုသည်၊ အကုသိုလ်အရာ၌ အယောနိသောမနသိကာရကိုလည်းကောင်း, ကြိယာအရာ၌ နိရာနုသယသန္တာန် (အနုသယကင်းသော ရဟန္တာ၏သန္တာန်)ကိုလည်းကောင်း ပဓာနအကြောင်းဟု မှတ်ပါ။]

**တစ်နည်း**။ ။နိဿယ၌ ပြအပ်သောနည်းသည် ရူပါရမဏံ ဝါ–စသည်ကို အာရမ္မဏနှင့် တွဲစပ်၍ အနက်ပေးအပ်သောနည်းတည်း၊ အဋ္ဌကထာဝယ် ရူပါရမဏံ စသည်ကို ဗဟုဗ္ဗီဟိသမာသ်ပြု၍ စိတ္တံနှင့်တွဲစပ်ဖို့ရန် တစ်နည်းပြသေး၏၊ အနက်ပေးပုံကား–ယသ္မိံ သမယေ–၌၊ပေ၊ဉာဏသမ္ပယုတ္တံ–သော၊ ရူပါရမဏံဝါ–ရူပါရုံဟူသော

## ဓမ္မဝဝတ္ထာနနိဒ္ဒေသ

**အနုသန္ဓေ**။ ။ ဥဒ္ဒေသကို ဟောတော်မူပြီး၍ နိဒ္ဒေသကို ဟောတော်မူခြင်းငှာ "ကတမော တသ္မိံ သမယေ ဖဿော ဟောတိ" စသော ပုစ္ဆာကို မိန့်တော်မူသည်။

**၂။ ဖဿနိဒ္ဒေသ**။ ။ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ သောမနဿသဟဂတံ, တိဟေတုကံ–တိဟိတ်ဖြစ်သော၊ အသင်္ခါရိကံ–အသင်္ခါရိက ဖြစ်သော၊ မဟာစိတ္တံ–မဟာစိတ်သည်၊ ဥပ္ပန္နံ ဟောတိ–ဖြစ်၏၊ တသ္မိံ သမယေ–ထိုအခါ၌၊ (ကာမာဝစရကုသိုလ် သောမနဿသဟဂုတ် တိဟိတ် အသင်္ခါရိက မဟာစိတ်၏ဖြစ်ရာ ထိုအခါ၌၊) ကတမော–အဘယ်သို့သော၊ ဖဿော–ဖဿသည်၊ ဟောတိ–ဖြစ်သနည်း။

တသ္မိံ သမယေ–၌၊(ဖုသနကဝသေန–အာရုံကို တွေ့ထိခြင်း၏အစွမ်းဖြင့်၊ ဥပ္ပန္နော–ဖြစ်သော၊) ယော ဖဿော–အကြင် ဖဿသည်၊ (အတ္ထိ–ရှိ၏၊) တသ္မိံ သမယေ–၌၊ အယံ–ဤသို့သော (ဤသို့ သဘောရှိသော)၊ ဖဿော–သည်၊ ဟောတိ–၏၊ တသ္မိံ သမယေ–၌၊ (ယာ)ဖုသနာ–အကြင် အာရုံကို တွေ့ထိခြင်းသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ–၌၊ အယံ–ဤသို့သော (ဤသို့ သဘောရှိသော)၊ ဖဿော–သည်၊ ဟောတိ–၏၊ တသ္မိံ သမယေ–၌၊ (ယာ) သမ္ဖုသနာ–အကြင် အာရုံနှင့် ပေါင်းမိလတ်သော် တွေ့ထိခြင်းသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ–၌၊ အယံ–သော၊ ဖဿော–ဖဿသည်၊ ဟောတိ–၏၊ တသ္မိံ သမယေ–၌၊ (ယံ) သမ္ဖုသိတတ္တံ–အကြင် အာရုံနှင့်ပေါင်းမိလတ်သော် တွေ့ထိတတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ–၌၊ အယံ–ဤသို့သော(ဤသို့သဘောရှိသော)၊ဖဿော–ဖဿသည်၊ဟောတိ–၏။

**အပ္ပနာ**။ ။ယသ္မိံ သမယေ–၌၊ ပဌမံ–သော၊ ကာမာဝစရံ–သော၊ မဟာကုသလစိတ္တံ–သည်၊ ဥပ္ပန္နံ ဟောတိ–၏၊ တသ္မိံ သမယေ–၌၊ အယံ–ဤသို့သော၊ ဝါ–ဖဿော ဖုသနာ သမ္ဖုသနာ သမ္ဖုသိတတ္တံဟု ဟောတော်မူအပ်ပြီးသော သဘောရှိသော၊ ဖဿော–ဖဿသည်၊ ဟောတိ–ဖြစ်၏၊ ဝါ–ပါဝင်၏။

---

အာရုံရှိသည်မှုလည်းဖြစ်သော၊ပေ၊ဓမ္မာရမ္မဏံဝါ–ဓမ္မာရုံဟူသော အာရုံရှိသည်မှုလည်း ဖြစ်သော၊ စိတ္တံ–သည်၊ ဥပ္ပန္နံ–သည်၊ ဟောတိ–၏၊ ယံယံ ဝါန–အမှတ်မထား တစ်ပါးပါးသော အာရုံကို၊ အာရဗ္ဘ–အာရုံပြု၍၊ စိတ္တံ–သည်၊ ဥပ္ပန္နံ–သည်၊ ဟောတိ–၏၊ တသ္မိံ သမယေ–စိတ်၏ဖြစ်ရာ ထိုအခါ၌၊ ဖဿော–သည်၊ ဟောတိ–၏၊ပေ၊ အဝိက္ခေပေါ ဟောတိ၊ ဤသို့လည်း တစ်နည်းပေးပါ။ [အဋ္ဌကထာဖွင့်သလောက် အနက်ပေးရာ၌ အဋ္ဌကထာကို ချရင်း ပါဠိတော်ကိုပါ တွဲဖက်၍ချမှ အနက်မှန် ပေးနိုင်စရာရှိပါသည်။]

**ယသ္မိံ ပေဧပ္ပန္နတီ**။ ။ဤအားလုံးသည် တသ္မိံ သမယေ၏ အနိယမအဖြစ်ဖြင့် အဋ္ဌကထာထည့်ပါ၍တည်း၊ ထိုသို့ထည့်ခြင်းလည်း"ယသ္မိံ သမယေ ကာမာဝစရံပေ၊ ဥပ္ပန္နံ ဟောတိ"ဟူသော ပါဠိတော်ကို လိုရင်းချုံး၍ ထည့်ခြင်းဟု မှတ်ပါ၊ ထို့ကြောင့် ဉာဏသမ္ပယုတ္တံနေရာ၌ "တိဟေတုကံ"ဟု သုံးစွဲသည်၊ နောက်စိတ်၏ သသင်္ခါရိက အဖြစ်ကို ထောက်၍ "အသင်္ခါရိကံ"ဟုလည်း အဋ္ဌကထာ ထည့်သည်။

**တစ်နည်း**။ ။တသ္မိံ သမယေ၊ (ဖုသနကဝသေန–အာရုံကို တွေ့ထိခြင်း၏အစွမ်းကြောင့်၊) ယော ဖဿော–အကြင် ဖဿကို၊ (အညေနပိ–အခြားလည်းဖြစ်သော၊ ပရိယာယေန–ပရိယာယ်အားဖြင့်၊) ဖုသနာ သမ္ဖုသနာ သမ္ဖုသိတတ္တံတိ–ဖုသနာ သမ္ဖုသနာ သမ္ဖုသိတတ္တံဟူ၍၊ ဝုစ္စတိ–ဟောတော်မူအပ်၏၊ တသ္မိံ သမယေ–၌၊အယံ–ဤသို့သော(ဤသို့သဘောရှိသော)၊ ဖဿော–ဖဿသည်၊ဟောတိ၊ ယသ္မိံ သမယေ–၌၊ ပဌမံ–သော၊ ကာမာဝစရံ–သော၊ မဟာကုသလစိတ္တံ–သည်၊ ဥပ္ပန္နံ–၏၊ တသ္မိံ သမယေ–၌ အယံ–ဤသို့သော (ဤသို့သဘောရှိသော)၊ ဖဿော–သည်၊ ဟောတိ၊ ဤသို့ အဋ္ဌကထာ၌ တစ်နည်းဖွင့်၏၊ [သမ္ဖုသနာ သမ္ဖုသိတတ္တံတို့၌ "သံ"ကို အနက်မရှိ မမှတ်လင့်၊ မူလဋီကာ၌ အနက်ဖွင့်ထားသည်။]

**အမှာ**။ ။နောက် ဝေဒနာနိဒ္ဒေသ စသည်တို့၌လည်း ပုစ္ဆာ၌လည်းကောင်း, သမယကို ညွှန်ပြရာ တသ္မိံ သမယေ၏ အနိယမ ထည့်ပုံ၌လည်းကောင်း, ဓမ္မတို့ကို အကျယ်ပြရာ ဓမ္မနိဒ္ဒေသ၌လည်းကောင်း, အယံ တသ္မိံ သမယေစသော နိဂုံး၌လည်းကောင်း အနက်ပေးပုံကို သိပါ။

**ဖုသနာ**။ ။အဋ္ဌကထာ၌ "ဖုသနာကာရော"ဟု ဖွင့်၏၊ ထိုသို့ဖွင့်ခြင်းသည် ဖုသနာ၌ ဘာဝသာဓနအဖြစ်ကို ဖွင့်ခြင်းတည်း၊ ထို့ကြောင့် "တွေ့ထိခြင်းသည်"ဟုသာ အနက်ပေးပါ၊ "တွေ့ထိခြင်းဟူသော အခြင်းအရာသည်"ဟု မပေးပါနှင့်။

**သံဖုသိတတ္တံ**။ ။"သံဖုသိတဿ+ဘာဝေါ"ဟု ဝိဂြိုဟ်ပြုသောအခါ ဘာဝသဒ္ဒါ၏ အနက်သည် သံဖုသိတသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော သဒ္ဒပဝတ္တိနိမိတ်အနက်တည်း၊ ဖြစ်ခြင်း၏ အကြောင်းကို ဖြစ်ကြောင်းဟုလည်းကောင်း, ဖြစ်ခဲ့ရာဟုလည်းကောင်းခေါ်၏၊ ထို့ကြောင့် "သံဖုသိတဿ–သံဖုသိတသဒ္ဒါ၏+ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတည်း၊ သံဖုသိတတ္တံ–သံဖုသိတသဒ္ဒါ၏ ဖြစ်ကြောင်းဖြစ်ရာ"ဟု ပေးမှ သဒ္ဒါနည်းအရ သာ၍ အနက်မှန်ပါသည်၊ သို့သော် ထိုမျှလောက် ကျနအောင်ပေးလျှင် အဓိပ္ပာယ် မယူတတ်မည်စိုး၍ "သံဖုသိတတ္တံ–အာရုံနှင့် ပေါင်းမိလတ်သော် တွေ့ထိတတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာ"ဟုသာ အနက်ပေးရပါသည်၊ နောက်၌ တ္တပစ္စည်း ပါလျှင် ဤသို့ ဖြစ်ကြောင်းဖြစ်ရာဟု ပေးရပါလိမ့်မည်၊ "တွေ့ထိတတ်သည်၏ အဖြစ်"ဟူသော အနက်ကိုကား တစ်ရံတစ်ခါမှသာ ပေးပါလိမ့်မည်၊ အကျယ်ကို သဒ္ဒါကျမ်းတို့ဝယ် ဘာဝတဒ္ဓိတ်ခန်း၌ ရှုပါ။

**သဘော**။ ။"တွေ့ထိခြင်းသဘောသည်" စသည်ဖြင့် တရားတိုင်း၌"သဘော"ဟု အနက်ပေး၏၊ ပါဠိလို "သဘာဝ"ကို "သဘော"ဟု မြန်မာပြန်ခြင်းဖြစ်၏၊ သ–(ပညတ်ကဲ့သို့ အထင်အရှား မရှိမဟုတ်) အထင်အရှားရှိသော၊ ဝါ–အဟုတ်အမှန်ရှိသော+ဘာဝ–အရာဝတ္ထု၊ ဝါ–အနက်ခြင်း၊ ဤသို့ သဒ္ဒတ္ထဖြစ်ပုံကိုကြည့်၍ အဟုတ်အမှန် ထင်ရှားရှိသောပရမတ္ထတို့၌"သဘာဝ"ဟုလည်းကောင်း,"သဘော"ဟုလည်းကောင်း သုံးစွဲသည်ဟု မှတ်ပါ၊ "သဘောတရား"ဟု တရားထည့်သည်ကား အပိုသာ။

**ပါဠိတော်ကို ရှင်းလင်းချက်**။ ။[“ရှေ့အနိယ, ရှိတုံက, နိယနောက်နေစေ၊ နောက်နိယမ, ရှိတုံက, အနိယလည်းရှေ့နေ၊ အကယ်တိတိ, မရှိဘိ, ထည့်ရမည်ပုံသေ”ဟူသော နိယာမ်နှင့်အညီ, နိယမဝါကျတို့၌ အနိယမဝါကျထည့်၍လည်းကောင်း, အနိယမဝါကျတို့၌ နိယမဝါကျထည့်၍လည်းကောင်း အဋ္ဌကထာဖွင့်ပုံကို သတိပြုနှင့်ပါ။]

**ပုစ္ဆာ**။ ။ပါဠိတော်၌ “ကတမော တသ္မိံ သမယေ ဖဿော ဟောတိ”သည် ပုစ္ဆာတည်း၊ ဤပုစ္ဆာ၌ “ယသ္မိံ သမယေ၊ပေ၊မဟာစိတ္တံ ဥပ္ပန္နံ ဟောတိ”ဟု အနိယမဝါကျထည့်၍ အဋ္ဌကထာဖွင့်၏။[“ဖဿော ဟောတီတိ ဝုတ္တော ကတမော သော ဖဿော ဟောတိ”ဟု အဋ္ဌကထာဖွင့်သည်မှာ “ကတမော တသ္မိံ သမယေ ဖဿော”ဟူရာ၌ အခြားဖဿမဟုတ်, ဓမ္မုဒ္ဒေသတုန်က “ဖဿော ဟောတိ”ဟု ဟောတော်မူအပ်သော ဖဿပင် ဖြစ်၏ဟု သိစေလိုသောကြောင့်တည်း၊ နိဿယအနက်ပေးရာ၌ ထိုထည့်ပါဌ်ကို ထည့်၍ အနက်ပေးဖွယ် မလိုဟု မှတ်ပါ။]

**သမယနိဒ္ဒေသ**။ ။“ယော တသ္မိံ သမယေ”၌ တသ္မိံ သမယေသည် သမယနိဒ္ဒေသတည်း၊ ဤ၌ တသဒ္ဒါဖြင့် ညွှန်ပြအပ်သော သမယကို ယသ္မိံ သမယေ၊ပေ၊ ဥပ္ပန္နံ ဟောတိ”ဟု ပုစ္ဆာတုန်းက အဋ္ဌကထာထည့်ခဲ့ပြီးဖြစ်၍ အထူးမထည့်ရတော့။

**ဓမ္မနိဒ္ဒေသ**။ ။“ယော ဖဿော”စသော စကားသည် ဓမ္မကိုအကျယ်ပြသော ဓမ္မနိဒ္ဒေသတည်း၊ ဤ၌ “ယော တသ္မိံ သမယေ ဖဿော”သည် တစ်ဝါကျတည်း၊ ထို့ကြောင့် ထိုဝါကျနှင့်ယှဉ်ဖက် “အယံ တသ္မိံ သမယေ ဖဿော ဟောတိ”ဟု နိယမဝါကျကို အဋ္ဌကထာ၌ နောက်မှာထည့်၍ပြသည်၊ ထို့အတူ “ယာ တသ္မိံ သမယေ ဖုသနာ”သည် တစ်ဝါကျတည်း၊ “အယံ တသ္မိံ သမယေ ဖဿော ဟောတိ”ဟု နိယမဝါကျဆက်ပါ၊ ယာ တသ္မိံ သမယေ သမ္ဖုသနာ, အယံ တသ္မိံ သမယေ ဖဿော ဟောတိ၊ ယံ တသ္မိံ သမယေ သမ္ဖုသိတတ္တံ, အယံ တသ္မိံ သမယေ ဖဿော ဟောတိ၊ ဤသို့ အနိယမလေးခုအတွက် ဝါကျလေးခု ခွဲရကြောင်းကိုလည်းကောင်း,“တသ္မိံ သမယေ”စသည်ဖြင့် ပုဒ်တိုင်းမှာထည့်၍ “တသ္မိံ သမယေ” စသော လေးဝါကျရကြောင်းကိုလည်းကောင်း သိပါ၊ ဤ တသ္မိံ သမယေစသော လေးဝါကျကို ပါဠိတော်၌ တိုက်ရိုက်ပါသော နိဂုံးဝါကျက တသ္မိံ သမယေဟု မမှတ်ပါနှင့်၊ ယော,ယာ,ယံ ဟု ရှိသည့်အတွက် “အယံ”ထည့်ရာမှ ဝါကျပြည့်အောင် အစုံထည့်ပါဌ်ဟု မှတ်ပါ။

**အထဝါ**။ ။အဋ္ဌကထာဝယ် “အထဝါ” တက်သောနည်း၌ကား အနိယမ တစ်ခုသာရှိ၍ “အယံ တသ္မိံ သမယေ ဖဿော ဟောတိ”ဟု နိယမဝါကျ တစ်ခုဖြင့် ပြီးနိုင်ပါသည်။

**အပ္ပနာ**။ ။“အယံ တသ္မိံ သမယေ ဖဿော ဟောတိ”ကား နိဂုံးဟုခေါ်အပ်သော “အပ္ပနာ”ဝါကျတည်း၊ ထိုအပ္ပနာဖြင့် ဖဿော ဖုသနာ သမ္ဖုသနာ သမ္ဖုသိတတ္တံ ဟု အကျယ်ပြအပ်ပြီး အားလုံးကို ပြန်၍အုပ်သည်၊ ဤအပ္ပနာဝါကျ၌လည်း “တသ္မိံ သမယေ”ဟူသောနိယမအတွက်“ယသ္မိံ သမယေ ပဌမံ ကာမာဝစရံ မဟာကုသလစိတ္တံ ဥပ္ပန္နံ ဟောတိ”ဟု အဋ္ဌကထာ၌ ပါဠိတော်ယသ္မိံဝါကျကို ချိုး၍ ပြထားသည်၊ ထိုပြထားသည့်အတိုင်း “အနိယမဝါကျထည့်၍ နိဿယအနက်ပေးရသည်”ဟုမှတ်ပါ၊ ဝေဒနာနိဒ္ဒေသ စသည်တို့၌လည်း ဤနည်းအတိုင်းထည့်၍ အနက်ပေးရပုံကို သိပါ။

**၃။ ဝေဒနာနိဒ္ဒေသ။** ။(ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကံ မဟာစိတ္တံ ဥပ္ပန္နံ ဟောတိ)၊ တသ္မိံ သမယေ-၌၊ ကတမာ-အဘယ်သို့သော၊ ဝေဒနာ-ဝေဒနာသည်၊ ဟောတိ-ဖြစ်သနည်း၊ (ယသ္မိံ သမယေ၊ပေ၊မဟာစိတ္တံ ဥပ္ပန္နံ ဟောတိ)၊ တသ္မိံ သမယေ-၌၊ တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ-ထို သာတသုခအားလျော်ကပ်သော မနောဝိညာဏဓာတ်၏ သမ္ဖဿကြောင့်ဖြစ်သော၊ ဝါ-ထိုသာတသုခအား လျော်ကပ်သော မနောဝိညာဏဓာတ်၏ သမ္ဖဿ၌ဖြစ်သော၊ (တစ်နည်း) တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ-ထို ရူပါရုံအစရှိသည်တို့ကြောင့်ဖြစ်သော မနောဝိညာဏဓာတ်၏ သမ္ဖဿကြောင့်ဖြစ်သော၊ ဝါ-၌ဖြစ်သော၊ စေတသိကံ-စိတ်၌မှီသော၊ ယံ သာတံ-အကြင် တံသမင်္ဂီပုဂ္ဂလ, သမ္ပယုတ္တဓမ္မတို့ကို မိမိ၌ သာယာစေတတ်သောသဘောသည်၊ (အတ္ထိ-ရှိ၏၊) တသ္မိံ သမယေ-၌၊ အယံ-ဤသို့သော၊(ဤသို့သဘောရှိသော၊) ဝေဒနာ-ဝေဒနာသည်၊ ဟောတိ-၏၊ တသ္မိံ သမယေ-၌၊ တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ-သော၊ [ရှေ့ဝါကျမှ လိုက်စေသည်။] စေတသိကံ-သော၊ ယံ သုခံ-အကြင်သုခသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ-၌၊ အယံ-သော၊ ဝေဒနာ-သည်၊ ဟောတိ။

တသ္မိံ သမယေ-၌၊ စေတောသမ္ဖဿဇံ-စိတ်၏သမ္ဖဿကြောင့်ဖြစ်သော၊ ဝါ-၌ဖြစ်သော၊ သာတံ-တံသမင်္ဂီပုဂ္ဂလ, သမ္ပယုတ္တဓမ္မတို့ကို မိမိ၌ သာယာစေတတ်သော၊ သုခံ-သုခဖြစ်သော၊ ဝါ-တံသမင်္ဂီပုဂ္ဂလ, သမ္ပယုတ္တဓမ္မတို့ကို ချမ်းသာစေတတ်သော၊ ယံဝေဒယိတံ-အကြင် ခံစားတတ်သောသဘောသည်၊ ဝါ-အကြင်ခံစားခြင်းသဘောသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ,အယံ-သော၊ ဝေဒနာ ဟောတိ၊ တသ္မိံ သမယေ-၌၊ စေတောသမ္ဖဿဇာ-သော၊ သာတာ-သော၊ သုခါ-သော၊ ယာ ဝေဒနာ-အကြင်ခံစားခြင်းသဘောသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ-၌၊ အယံ-သော၊ ဝေဒနာသည်၊ ဟောတိ။

**နိဂုံး။** ။(ယသ္မိံ သမယေ ပဌမံ ကာမာဝစရံ မဟာကုသလစိတ္တံ ဥပ္ပန္နံ ဟောတိ)၊ တသ္မိံ သမယေ-၌၊ အယံ-ဤသို့သော၊ ဝါ-ဤဆိုအပ်ပြီးသောသဘောရှိသော၊

---

**အတ္ထိဟုထည့်ပုံ။** ။ရှေးနိဿယ၌ "ယော ဖဿော ဟောတိ, ယံ သာတံ ဟောတိ" စသည်ဖြင့် ဟောတိဟု ကြိယာထည့်သည်၊ ဤနိဿယ၌ကား "ယေ ဝါ ပန တသ္မိံ သမယေ အညေပိ အတ္ထိ"ဟု ပါဠိတော်၌ တိုက်ရိုက်ရှိသောကြောင့် "ယော ဖဿော အတ္ထိ, ယံ သာတံ အတ္ထိ"စသည်ဖြင့် အတ္ထိကြိယာကို ထည့်လိုက်ပါသည်။

**တံသမင်္ဂီပုဂ္ဂလ,သမ္ပယုတ္တဓမ္မ။** ။ယံ သာတံ သုခံတို့၌ "တံသမင်္ဂီပုဂ္ဂလ,သမ္ပယုတ္တဓမ္မတို့ကို"ဟု ဆိုထား၏၊ ထို၌ ထိုသုခဝေဒနာနှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို "တံသမင်္ဂီပုဂ္ဂလ" ဟုဆို၍, ထိုသုခနှင့်ယှဉ်ဖက် စိတ်စေတသိက်တို့ကို "သမ္ပယုတ္တဓမ္မ" ဆိုသည်ဟု မှတ်ပါ။

(တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ စေတသိကံ သာတံဟုလည်းကောင်း, တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ စေတသိကံ သုခံဟုလည်းကောင်း, စေတောသမ္ဖဿဇံ သာတံ သုခံ ဝေဒယိတံ ဟုလည်းကောင်း, စေတော သမ္ဖဿဇာ သာတာ သုခါ ဝေဒနာဟုလည်းကောင်း ဆိုအပ်ပြီးသောသဘော ရှိသော၊) ဝေဒနာ–သည်၊ ဟောတိ။

**၄။ သညာနိဒ္ဒေသ။** ။["ယသ္မိံသမယေ၊ပေ၊ဥပ္ပန္နံ ဟောတိ" အနိယမဝါကျ ထည့်ပါ။] တသ္မိံ သမယေ–၌၊ ကတမာ–သော၊ သညာ–သည်၊ ဟောတိ–နည်း၊ တသ္မိံ သမယေ–၌၊ တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇာ–ထိုကုသိုလ် သညာအား လျောက်ပတ်သော မနောဝိညာဏဓာတ်၏ သမ္ဖဿကြောင့် ဖြစ်သော၊ ဝါ–၌ဖြစ်သော၊ ယာ သညာ–အကြင်အာရုံကို မှတ်သိ,သိတတ် သောသဘောသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ–၌၊ အယံ–ဤသို့သော၊(ဤသို့ သဘောရှိသော)၊ သညာ–သညာသည်၊ ဟောတိ၊ တသ္မိံ သမယေ–၌၊ ယာ သဉ္ဇာနနာ–အကြင် အာရုံကို မှတ်သိ,သိခြင်းသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ–၌၊ အယံ–သော၊ သညာ–သည်၊ ဟောတိ၊ တသ္မိံ သမယေ–၌၊ ယံ သဉ္ဇာနိတတ္တံ–အကြင် အာရုံကို မှတ်သိ,သိတတ်သောစိတ်၏ ဖြစ်ကြောင်း ဖြစ်ရာသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ သညာ ဟောတိ၊ **(နိဂုံး)** [ယသ္မိံ သမယေ၊ပေ၊ဥပ္ပန္နံ ဟောတိ၊] တသ္မိံသမယေ–၌၊အယံ–ဤသို့သော၊(သညာ, သဉ္ဇာနနာ, သဉ္ဇာနိတတ္တံဟု ဆိုအပ်ပြီးသောသဘောရှိသော) သညာ ဟောတိ။

**၅။ စေတနာနိဒ္ဒေသ။** ။[ဤ၌လည်း အနိယမ, နိယမဝါကျခွဲ၍ ထည့်ရပုံ များကို သညာအတိုင်း မှတ်ပါ။] "ယာ စေတနာ–အကြင် မိမိနှင့်တကွ သမ္ပယုတ်တရားတို့ကို စေ့ဆော် စပ်ဟပ်တတ်သောသဘောသည်၊ ယာ သဉ္စေတနာ–အကြင်အာရုံနှင့် ပေါင်းမိလတ်သော် မိမိနှင့်တကွ သမ္ပယုတ်တရား တို့ကို စေ့ဆော် စပ်ဟပ်ခြင်းသည်၊ ယံ သဉ္စေတယိတတ္တံ–အကြင်အာရုံနှင့် ပေါင်းမိလတ်သော် မိမိနှင့်တကွ သမ္ပယုတ်တရားတို့ကို စေ့ဆော်စပ်ဟပ်တတ် သော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်"ဟု ပေးပါ။ [နိဂုံး၌လည်း ရှေးနည်း အတိုင်း အနိယမထည့်၍ပေးပါ။]

**၆။ စိတ္တနိဒ္ဒေသ။** ။(ယသ္မိံ သမယေ၊ပေ၊မဟာစိတ္တံ ဥပ္ပန္နံ ဟောတိ)၊ တသ္မိံ သမယေ–၌၊ ကတမံ–သော၊ စိတ္တံ–သည်၊ ဟောတိ–နည်း၊ တသ္မိံ သမယေ–၌၊ ယံ စိတ္တံ–အကြင်ဆန်းကြယ်သော သဘောသည်၊(အတ္ထိ)၊ တသ္မိံ သမယေ–၌၊ ဣဒံ–ဤသို့သော၊(ဤသို့သဘောရှိသော)၊ စိတ္တံ–သည်၊ ဟောတိ၊[နောက်၌ လည်း ဤအတိုင်း စုံအောင် လိုက်၍ပေးပါ။] တသ္မိံ သမယေ–၌၊ ယံ မနော–အကြင် အာရုံကိုနှိုင်းချင့်လျက် သိတတ်သောသဘောသည်၊ (အတ္ထိ)၊ ပေ၊ ယံ မာနသံ–အကြင် မနမည်သောသဘောသည်၊ (အတ္ထိ)၊ ပေ၊ ဟဒယံ–အကြင် အတွင်းဖြစ်သောသဘောသည်၊ (အတ္ထိ)၊ ပေ၊ ယံ ပဏ္ဍရံ–အကြင်

ဖြူစင်သောသဘောသည်၊ (အတ္ထိ)၊ပေ၊ မနော–မနဟူသော၊ ယံ မနာယတန်–
အကြောင် မနာယတနသည်၊ (ဝါ–အကြောင် ဖဿစသောတရားတို့၏ ကောင်းစွာ
ဖြစ်ရာ ပေါက်ဖွားရာစိတ်သည်၊ ဝါ–အကြောင် ရူပ သဒ္ဒစသော ဗဟိဒ္ဓအာရုံတို့
၏ သက်ရောက်ရာစိတ်သည်၊ ဝါ–အကြောင် ဖဿစသော တရားတို့၏
အကြောင်းဖြစ်သော စိတ်သည်၊ အတ္ထိ၊ပေ၊ ယံ မနိန္ဒြိယံ–အကြောင် မနိန္ဒြေသည်၊
(ဝါ–အကြောင် သိခြင်းလက္ခဏာ၌ မိမိ၏ အစိုးရ၏အဖြစ်ကို သမ္ပယုတ်တရား
တို့ကို ပြုစေတတ်သော စိတ်သည်၊ အတ္ထိ)၊ပေ၊ ယံ ဝိညာဏံ–အကြောင်
သညာ ပညာတို့ သိပုံမှ တစ်မျိုးတစ်ဖုံ သိတတ်သောသဘောသည်၊ (အတ္ထိ)၊
၊ပေ၊ ယော ဝိညာဏက္ခန္ဓော–အကြောင် ဝိညာဉ်ဟူသောခန္ဓာသည်၊ (အတ္ထိ)၊ပေ၊
ယာ တဇ္ဇာမနောဝိညာဏဓာတု–အကြောင် ထိုဖဿစသောတရားတို့အား
လျော်ကပ်သောမနောဝိညာဏဓာတ်သည်၊ (အကြောင် ထိုဖဿစသောတရားတို့
အား လျော်ကပ်သော နှိုင်းချင့်လည်း နှိုင်းချင့်တတ်, သညာ ပညာတို့
သိပုံမှ တစ်မျိုးတစ်ဖုံလည်း သိတတ်, သတ္တဝါလည်းမဟုတ်သော ဓာတ်
သဘောသည်၊ အတ္ထိ)၊ တသ္မိံ သမယေ, ဣဒံ–သော၊ (ဤသို့ သဘောရှိသော၊)
စိတ္တံ–သည်၊ ဟောတိ၊ **(နိဂုံး)** ယသ္မိံ သမယေ ပဌမံ ကာမာဝစရံ မဟာ
ကုသလစိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ–၌၊ ဣဒံ–သော၊ (ဤသို့ စိတ္တံ
မနော မာနသံစသည်ဖြင့် ဟောတော်မူအပ်ပြီးသော သဘောရှိသော၊) စိတ္တံ–
သည်၊ ဟောတိ၊ [ဤသို့ နောက်နောက် နိဒ္ဒေသများ၌လည်း ပါဠိတော်ကို
ကြည့်၍ ဣဒံ (အယံ)ပုဒ်ကို အနက်ပေးပါ။]

**၇။ ဝိတက္ကနိဒ္ဒေသ။** ။ယသ္မိံ သမယေ–၌၊ပေ၊မဟာစိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ
သမယေ–၌၊ ကတမော–သော၊ ဝိတက္ကော–ဝိတက်သည်၊ ဟောတိ–နည်း၊
တသ္မိံ သမယေ–၌၊ ယော ဝိတက္ကော–အကြောင်အာရုံကို စိတ်သို့ ဆွဲငင်ခြင်း
သဘောသည်၊ ဝါ–စိတ်ကို အာရုံသို့ ဆွဲငင်ခြင်းသဘောသည်၊ (အတ္ထိ–
၏)၊ တသ္မိံ သမယေ–၌၊ အယံ–သော၊ ဝိတက္ကော–သည်၊ ဟောတိ၊ ယသ္မိံ
သမယေ–၌၊ ယော ဝိတက္ကော–အကြောင် အထူးသဖြင့် အာရုံကို စိတ်သို့
ဆွဲငင်ခြင်းသဘောသည်၊ ဝါ–အထူးသဖြင့် အာရုံသို့ စိတ်ကိုဆွဲငင်ခြင်းသဘော
သည်၊ (အတ္ထိ)၊ပေ၊ ယော သင်္ကပ္ပော–အကြောင်ကောင်းစွာကြံစည်ခြင်းသဘော
သည်၊ (အတ္ထိ)၊ပေ၊ယာ အပ္ပနာ–အကြောင်စိတ်ကို အာရုံသို့ ရောက်စေတတ်သော
သဘောသည်၊ (အတ္ထိ)၊ပေ၊ ယာ ဗျပ္ပနာ–အကြောင်စိတ်ကို အာရုံသို့ အထူးသဖြင့်
ရောက်စေတတ်သော သဘောသည်၊ (အတ္ထိ)၊ပေ၊ စေတသော–စိတ်ကို၊ ယာ
အဘိနိရောပနာ–အကြောင် အာရုံသို့ တင်တတ်သောသဘောသည်၊ (အတ္ထိ)၊ပေ၊
ယော သမ္မာသင်္ကပ္ပော–အကြောင်မဖောက်မပြန် မှန်ကန်သောနိယျာနိကဖြစ်သော
သင်္ကပ္ပသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ–သော၊ ဝိတက္ကော ဟောတိ၊
**(နိဂုံး)** ယသ္မိံ သမယေ၊ပေ၊ အယံ ဝိတက္ကော ဟောတိ။

**၈။ ဝိစာရနိဒ္ဒေသ။** ။ယသ္မိံ သမယေ၊ပေ၊ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ–ဥပ္ပန္နံ၊ ကတမော ဝိစာရော, ဟောတိ–နည်း၊ တသ္မိံ သမယေ–၌၊ ယော စာရော–အကြင် အာရုံ၌ လှည့်လည်သကဲ့သို့ ဖြစ်ခြင်းသဘောသည်၊ (အတ္ထိ)၊ ပေ၊ ယော ဝိစာရော–အကြင်အာရုံ၌ ထက်ဝန်းကျင်လှည့်လည်သကဲ့သို့ဖြစ်ခြင်းသဘောသည်၊ (အတ္ထိ)၊ပေ၊ ယော အနုဝိစာရော–အကြင်အာရုံသို့ အစဉ်လိုက်၍ ထက်ဝန်းကျင်လှည့်လည်သကဲ့သို့ ဖြစ်ခြင်းသဘောသည်၊ (အတ္ထိ)၊ပေ၊ ယော ဥပဝိစာရော–အကြင်အာရုံသို့ကပ်၍ ထက်ဝန်းကျင်လှည့်လည်သကဲ့သို့ ဖြစ်ခြင်းသဘောသည်၊ (အတ္ထိ)၊ပေ၊ စိတ္တဿ–စိတ်ကို၊ ယာ အနုသန္ဓာနတာ–အကြင်အာရုံ၌ ဆက်စပ်တတ်သည်၏အဖြစ်ဟူသောသဘောသည်၊(အတ္ထိ)၊ပေ၊ ယာ အနုပေက္ခနတာ–အကြင်အာရုံကို အဖန်ဖန် ကြည့်ရှုသကဲ့သို့ဖြစ်သော သဘောသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ ဝိစာရော ဟောတိ၊ **(နိဂုံး)** ယသ္မိံ သမယေ၊ပေ၊ အယံ ဝိစာရော ဟောတိ။

**၉။ ပီတိနိဒ္ဒေသ။** ။ယသ္မိံ၊ပေ၊ဥပ္ပန္နံ ဟောတိ၊ တသ္မိံ၊ပေ၊ကတမာ–သော၊ ပီတိ–သည်၊ ဟောတိ–နည်း၊ တသ္မိံ သမယေ–၌၊ ယာ ပီတိ–အကြင်အာရုံ၌ စိတ်ကို နှစ်သက်စေတတ်သောသဘောသသည်၊ ဝါ–ကိုယ်စိတ်နှစ်ပါးကို တိုးပွားစေတတ်သောသဘောသည်၊ (အတ္ထိ)၊ပေ၊ ယံ ပါမောဇ္ဇံ–အကြင် လွန်စွာ ဝမ်းမြောက်ခြင်းသဘောသည်၊(အတ္ထိ)၊ပေ၊ ယာ အာမောဒနာ–အကြင် လွန်စွာ ဝမ်းမြောက်ခြင်းသဘောသည်၊ (အတ္ထိ)၊ပေ၊ ယာ ပမောဒနာ–အကြင် အပြားအားဖြင့် ဝမ်းမြောက်ခြင်းသဘောသည်၊ (အတ္ထိ)၊ပေ၊ **(တစ်နည်း)** ယာ အာမောဒနာ–အကြင် မိမိနှင့်သမ္ပယုတ်တရားတို့ကို ရောနှောခြင်းသဘောသည်၊ (အတ္ထိ)၊ပေ၊ ယာ ပမောဒနာ–သည်၊ (အတ္ထိ)၊ ပေ၊ ယော ဟာသော–အကြင် တံသမင်္ဂီပုဂ္ဂလ, သမ္ပယုတ္တဓမ္မတို့ကို ရွှင်လန်းစေတတ်သောသဘောသည်၊ (အတ္ထိ)၊ပေ၊ ယော ပဟာသော–အကြင် တံသမင်္ဂီပုဂ္ဂလ, သမ္ပယုတ္တဓမ္မတို့ကို အပြားအားဖြင့် ရွှင်လန်းစေတတ်သောသဘောသည်၊ (အတ္ထိ)၊ပေ၊ ယာဝိတ္တိ–အကြင်(သောမနဿ၏အကြောင်းဖြစ်သည့်အတွက်)ဥစ္စာနှင့်တူသော သဘောသည်၊ (အတ္ထိ)၊ပေ၊ ယံ ဩဒဂျံ–အကြင် တက်ကြွသော ကိုယ်စိတ်ရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊(အတ္ထိ)။ ပေ၊ စိတ္တဿ–၏၊ ယာ အတ္တမနတာ–အအကြင် မိမိစိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ ပီတိ ဟောတိ၊ **(နိဂုံး)** ယသ္မိံ ၊ပေ၊ အယံ ပီတိ ဟောတိ။

**၁၀။ သုခနိဒ္ဒေသ။** ။ဝေဒနာနိဒ္ဒေသနှင့် တူပြီ၊ "တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ"ဟု မပါခြင်းသာ ထူး၏၊ ထိုသို့ မပါခြင်း၏အကြောင်းကို အဋ္ဌကထာ စိတ္တနိဒ္ဒေသအဖွင့်၌ ရှုပါ။

**၁၁။ ဧကဂ္ဂတာနိဒ္ဒေသ**။ ။ယသ္မိံ သမယေ၊ပေ၊စိတ္တဿေကဂ္ဂတာ–စိတ္တဿေကဂ္ဂတာသည်၊ ဟောတိ–နည်း၊ တသ္မိံ သမယေ–၌၊ စိတ္တဿ–စိတ်၏၊ ယာ ဌိတိ–အကြင် အာရုံ၌ မတုန်လှုပ်ဘဲ ခိုင်မြဲစွာ တည်တတ်သော သဘောသည်၊ (အတ္ထိ)၊ပေ၊ ယာ သဏ္ဌိတိ–အကြင် အာရုံ၌တည်တတ်သော သဘောသည်၊ ("သံ"အနက်မရှိ)၊ **တစ်နည်း,** ယာ သဏ္ဌိတိ–အကြင် သမ္ပယုတ်တရားတို့ကိုအာရုံ၌ ပေါင်း၍တည်တတ်သောသဘောသည်၊ (အတ္ထိ)၊ ၊ပေ၊ ယာ အဝဋ္ဌိတိ–အကြင် အာရုံ၌ တည်တတ်သောသဘောသည်၊ ("အဝ" အနက်မရှိ၊ **တစ်နည်း,** ယာ အဝဋ္ဌိတိ–အကြင် အာရုံ၌သက်ဝင်၍တည်တတ် သောသဘောသည်၊ (အတ္ထိ) ၊ပေ၊ ယော အဝိသာဟာရော–အကြင် ဥဒ္ဓစ္စ ဝိစိကိစ္ဆာ၏အစွမ်းကြောင့်ဖြစ်သော ဖောက်ဖောက်ပြန်ပြန်+ထက်ဝန်းကျင်+ စိတ်ကို ဆောင်ယူခြင်း ဖရိုဖရဲ ဖြန့်ကြဲခြင်း၏ ဆန့်ကျင်ဘက်သဘောသည်၊ (အတ္ထိ)၊ပေ၊ ယော အဝိက္ခေပေါ–အကြင်သမ္ပယုတ်တရားတို့ကို အထူးထူး အပြားပြား ပစ်လွှင့်တတ်သောစိတ်၏ ဆန့်ကျင်ဘက်သဘောသည်၊ (အကြင် ပျံ့လွင့်ခြင်း၏ ဆန့်ကျင်ဘက်သဘောသည်–ဟုလည်း ပေးကြ၏၊) အတ္ထိ၊ပေ၊ ယာ အဝိသာဟဋမာနသတာ–အကြင် ဥဒ္ဓစ္စ ဝိစိကိစ္ဆာ၏အစွမ်းကြောင့်ဖြစ် သော ဖောက်ဖောက်ပြန်ပြန်+ထက်ဝန်းကျင်+စိတ်ကို ဆောင်ယူအပ်သည် မဟုတ်သော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ပေ၊ ယော သမထော–အကြင် စိတ်၏ ငြိမ်အေးကြောင်းဖြစ်သောသဘောသည်၊ (အတ္ထိ) ၊ပေ၊ ယံ သမာဓိန္ဒြိယံ–အကြင် သမာဓိန္ဒြေသည်၊ ဝါ–အကြင် တည်ကြည်ခြင်း လက္ခဏာ မိမိ၏ အစိုးရ၍အဖြစ်ကို သမ္ပယုတ်တရားတို့ကို ပြုစေတတ်သော သမာဓိသည်၊ (အတ္ထိ) ၊ပေ၊ ယံ သမာဓိဗလံ–အကြင် သမာဓိဗိုလ်သည်၊ ဝါ–အကြင် ဥဒ္ဓစ္စကြောင့် မတုန်လှုပ်တတ်သော သမာဓိသည်၊ (အတ္ထိ)၊ပေ၊ ယော သမ္မာသမာဓိ–အကြင်မဖောက်မပြန် မှန်ကန်သော နိယျာနိကဖြစ်သည့်အတွက် ကောင်းသောသမာဓိသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ စိတ္တဿေကဂ္ဂတာ ဟောတိ၊ (**နိဂုံး**) ယသ္မိံ ၊ပေ၊ ဟောတိ။

**၁၂။ သဒ္ဓိန္ဒြိယနိဒ္ဒေသ**။ ။ယသ္မိံ သမယေ၊ပေ၊ တသ္မိံ သမယေ ကတမံ သဒ္ဓိန္ဒြိယံ ဟောတိ၊ တသ္မိံ သမယေ–၌၊ ယာ သဒ္ဓါ–အကြင် ဘုရားအစရှိသော အာရုံကို ယုံကြည်ခြင်းသဘောတရားသည်၊ ဝါ–ယုံကြည်တတ်သော သဘော သည်၊ (အတ္ထိ)၊ပေ၊ [နောက်၌ အတ္ထိစသည်ကို လိုက်၍အနက်ပေးပါ၊ ပုဒ်ရင်းမျှ ကိုသာ အနက်ရေးပါမည်။] ယာ သဒ္ဒဟနာ–အကြင် ယုံကြည်ခြင်းသည်၊ ယာ ဩကပ္ပနာ–အကြင်ဘုရားအစရှိသောအာရုံတို့သို့ သက်ဝင်တတ်သော သဘော သည်၊ ယော အဘိပ္ပသာဒေါ–အကြင် ဘုရားအစရှိသော အာရုံတို့၌ အလွန် ကြည်ညိုတတ်သော (ကြည်ညိုကြောင်း)သဘောသည်၊ သဒ္ဓါ–သဒ္ဓါဟူသော၊

ယံ သဒ္ဓိန္ဒြိယံ–အကြောင်း သဒ္ဓိန္ဒြေသည်၊ ဝါ–အကြောင်း ယုံကြည်သော အားဖြင့် ဆုံးဖြတ်ခြင်းလက္ခဏာ၌ မိမိ၏ အစိုးရ၏အဖြစ်ကို သမ္ပယုတ်တရား တို့ကို ပြုစေတတ်သော သဒ္ဓါသည်၊ ယံ သဒ္ဓါဗလံ–အကြောင်း သဒ္ဓါဗိုလ်သည်၊ ဝါ– အကြောင်း အသဒ္ဓိယကြောင့် မတုန်လှုပ်တတ်သော သဒ္ဓါသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ ဣဒံ သဒ္ဓိန္ဒြိယံ ဟောတိ၊ **(နိဂုံး)** ယသ္မိံ သမယေ၊ပေ၊ဟောတိ။

**၁၃။ ဝီရိယိန္ဒြိယနိဒ္ဒေသ။** ။ယသ္မိံ သမယေ၊ပေ၊ကတမံ ဝီရိယိန္ဒြိယံ ဟောတိ၊ တသ္မိံ သမယေ–၌၊ စေတသိကော–စိတ်၌မှီသော၊ ယော ဝီရိယာရမ္ဘော– အကြောင်း ဝီရိယဟူသော အားထုတ်ခြင်းသည်၊ ယော နိက္ကမော–အကြောင်း ကောသဇ္ဇမှ ထွက်မြောက်ခြင်း(ထွက်မြောက်ကြောင်း)သဘောသည်၊ ယော ပရက္ကမော–အကြောင်း အဆင့်ဆင့်မြင့်သောအရာသို့ ရောက်ခြင်း(ရောက်ကြောင်း) သဘောသည်၊ ယော ဥယျာမော–အကြောင်း အထက်သို့ တိုးတက်၍ အားထုတ် ခြင်း(အားထုတ်ကြောင်း)သဘောသည်၊ ယော ဝါယာမော–အကြောင်း ထူးကဲစွာ အားထုတ်ခြင်း(အားထုတ်ကြောင်း)သဘောသည်၊ ယော ဥဿာဟော–အကြောင်း အားထုတ်ခြင်း(အားထုတ်ကြောင်း)သဘောသည်၊ ယာ ဥဿောဠှီ–အကြောင်း အတိုင်းထက်အလွန် အားထုတ်ခြင်း(အားထုတ်ကြောင်း)သဘောသည်၊ ယော ထာမော–အကြောင်း ခိုင်မြဲစွာတည်သောသဘောသည်၊ ယာ ဓိတိ–အကြောင်းစိတ် စေတသိက်တို့ကို မလျော့ရအောင် ဆောင်ထားတတ်သော သဘောသည်၊ ဝါ–အဆက်မပြတ်အောင် ကုသိုလ်အစဉ်ကို ထားတတ်သောသဘောသည်၊ (အကြောင် တည်ကြည်ခြင်းသဘောသည်၊) ယာ အသိထိလပရက္ကမတာ–အကြောင် မလျော့သော အဆင့်ဆင့်မြင့်သောအရာသို့ရောက်ကြောင်း ဝီရိယရှိသူ၏အဖြစ် သည်၊ ယာ အနိက္ခိတ္တဆန္ဒတာ–အကြောင်း မလျော့ချအပ်သော ဆန္ဒရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ အနိက္ခိတ္တဓုရတာ–အကြောင်းမလျော့ချအပ်သော တာဝန်ရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယော ဓုရသမ္ပဂ္ဂါဟော–အကြောင်း တာဝန်ကို ချီးမြှောက်တတ်(ချီးမြှောက်ကြောင်း)သဘောသည်၊ ဝီရိယံ–ဝီရိယဟူ သော၊ ယံ ဝီရိယိန္ဒြိယံ–အကြောင်း ဝီရိယိန္ဒြေသည်၊ ဝါ–သမ္ပယုတ်တရားတို့ကို ချီးမြှောက်ခြင်းလက္ခဏာ၌ မိမိ၏အစိုးရ၏အဖြစ်ကို သမ္ပယုတ်တရားတို့ကို ပြုစေတတ်သော ဝီရိယသည်၊ ယံ ဝီရိယဗလံ–အကြောင်း ဝီရိယဗိုလ်သည်၊ ဝါ– အကြောင်း ကောသဇ္ဇကြောင့် မတုန်လှုပ်တတ်သော ဝီရိယသည်၊ ယော သမ္မာ ဝါယာမော–အကြောင်း မဖောက်မပြန်မှန်ကန်သော(နိယျာနိကဖြစ်သည့်အတွက်) ကောင်းသောဝီရိယသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ ဣဒံ ဝီရိယိန္ဒြိယံ ဟောတိ၊ **(နိဂုံး)** ယသ္မိံ ၊ပေ၊ တသ္မိံ သမယေ ဣဒံ ဝီရိယိန္ဒြိယံ ဟောတိ။

**၁၄။ သတိန္ဒြိယနိဒ္ဒေသ။** ။ယသ္မိံ၊ပေ၊ဟောတိ၊ တသ္မိံ သမယေ–၌၊ ယာ သတိ–အကြောင်း အောက်မေ့ခြင်းသဘောသည်၊ ယာ အနုဿတိ–အကြောင်း အဖန်ဖန်အောက်မေ့ခြင်းသဘောသည်၊ ယာ ပဋိဿတိ–အကြောင်း အာရုံသို

ရှေ့ရှုသွားသကဲ့သို့ အောက်မေ့ခြင်းသဘောသည်၊ သတိ–သတိဟူသော၊ ယာ သရဏတာ–အကြင် အောက်မေ့ခြင်းဟူသော အခြင်းအရာသည်၊ ယာ ဓာရဏတာ–အကြင် မမေ့အောင်ဆောင်ရွက်မှတ်သားနိုင်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ အပိလာပနတာ(အပိလဝနတာ)–အကြင် အာရုံ၌ ဗူးတောင်းအသွင် မပေါ်လွင်သော စိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ အသမ္မုဿနတာ–အကြင်ကြာမြင့်စွာက ပြောဆိုပြုလုပ်အပ်ခဲ့သော အမှုကိစ္စ၏ မပျောက်မလေ့, မမေ့သည်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ [မလေလွင့်ခြင်းကို "မလေ့"ဟု ဆိုလိုက်ပါသည်။] သတိ–သတိဟူသော၊ ယံ သတိန္ဒြိယံ–အကြင် သတိဣန္ဒြေသည်၊ ဝါ–ဥပဋ္ဌာနလက္ခဏာ, ဓာတနလက္ခဏာတို့၌ မိမိ၏ အစိုးရ၏အဖြစ်ကို သမ္ပယုတ်တရားတို့ကို ပြုစေတတ်သောသတိသည်၊ ယံ သတိဗလံ–အကြင် သတိဗိုလ်သည်၊ ဝါ–အကြင် ပမာဒကြောင့် မတုန်လှုပ်တတ်သော သတိသည်၊ ယာ သမ္မာသတိ–အကြင် မဖောက်မပြန် မှန်ကန်သော(နိယျာနိကဖြစ်သည့်အတွက်) ကောင်းသောသတိသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ ဣဒံ သတိန္ဒြိယံ ဟောတိ၊ **(နိဂုံး)** ယသ္မိံ ၊ပေ၊ ဟောတိ။

**၁၅။ သမာဓိန္ဒြိယနိဒ္ဒေသ။** ။စိတ္တဿေကဂ္ဂတာနိဒ္ဒေသနှင့် အားလုံးတူပြီ။

**၁၆။ ပညိန္ဒြိယနိဒ္ဒေသ။** ။ယသ္မိံ ၊ပေ၊ပညိန္ဒြိယံ ဟောတိ–နည်း၊ တသ္မိံ သမယေ–၌၊ ယာ ပညာ–အကြင် ထိုထိုအနက်အဓိပ္ပာယ်ကို ထင်ရှားစေတတ်သော သဘောသည်၊ **(တစ်နည်း)** ယာ ပညာ–အကြင် ရုပ်နာမ်တရားတို့ကို အနိစ္စစသော အပြားအားဖြင့် သိတတ်သောသဘောသည်၊ (အတ္ထိ)၊ပေ၊ [အားလုံး ဖော်ပေးပါ။] ယာ ပဇာနနာ–အကြင် အပြားအားဖြင့် သိခြင်းသည်၊ ယော ဝိစယော–အကြင် အနိစ္စ အစရှိသော အခြင်းအရာတို့ကို စိစစ်တတ်သောသဘောသည်၊ ယော ပဝိစယော–သည်၊ ["ပ"အနက်မရှိ။] ယော ဓမ္မဝိစယော–အကြင် သစ္စာလေးပါးတရားတို့ကို စိစစ်တတ်သောသဘောသည်၊ ယာ သလ္လက္ခဏာ–အကြင် အနိစ္စအစရှိသော အခြင်းအရာတို့ကို ကောင်းစွာမှတ်သားခြင်းသဘောသည်၊ ယာ ဥပလက္ခဏာ–အကြင် အနိစ္စ အစရှိသော အခြင်းအရာတို့ကို မှတ်သားခြင်းသဘောသည်၊ [ဥပအနက်မရှိ။] ယာ ပစ္စုပလက္ခဏာ–သည်၊ [ပတိ+ဥပ အနက်မရှိ။] ယံ ပဏ္ဍိစ္စံ–အကြင် ပညာရှိ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယံ ကောသလ္လံ–အကြင် အရာရာ၌ ကျွမ်းကျင်သူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယံ နေပုညံ–အကြင် ဖြူစင်သူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ["သိမ်မွေ့သောပညာရှိ၏ ဖြစ်ကြောင်းဖြစ်ရာသည်" ဟုလည်းပေးပါ။] ယာ ဝေဘဗျာ–အကြင် အနိစ္စအစရှိသော အခြင်းအရာတို့ကို ထင်စွာဖြစ်စေတတ်သောသဘောသည်၊ ယာ စိန္တာ–အကြင် အနိစ္စအစရှိသော အခြင်းအရာတို့ကို သိတတ်သောသဘောသည်၊ ဝါ–အကြင် အနိစ္စအစရှိသော

အခြင်းအရာတို့ကို သိစေတတ်သောသဘောသည်၊ ယာ ဥပပရိက္ခာ–အကြောင်း အနိစ္စ အစရှိသော အခြင်းအရာတို့ကို စူးစမ်းနှိုင်းချိန်တတ်သောသဘောသည်၊ ယာ ဘူရီ–အကြောင် သဲစသည်ကင်း၍ သန့်ရှင်းသော မြေကြီးသဖွယ် နှံ့နယ် ကျယ်ပြန့်သောသဘောသည်၊ **(တစ်နည်း)** ယာ ဘူရီ–အကြောင် ထင်ရှားရှိသော ပရမတ်အနက်၌ မွေ့လျော်တတ်သောသဘောသည်၊ ယာ မေဓာ–အကြောင် မိုးကြိုးပမာ, ကိလေသာကျောက်တောင်ကို ဖျက်ခွဲနိုင်သောသဘောသည်၊ **(တစ်နည်း)** ယာ မေဓာ–အကြောင်အတတ်ပညာကို လျင်စွာသင်ယူဆောင်ထား နိုင်သောသဘောသည်၊ ယာ ပရိဏာယိကာ–အကြောင် မိမိစီးပွားကို ကျင့်မှု၌ ထက်ဝန်းကျင်ပို့ဆောင်တတ်သောသဘောသည်၊ ဝါ–အကြောင် ဟုတ်မှန်သော လက္ခဏာကို ထိုးထွင်း၍သိမှု၌ သမ္မယုတ်တရားတို့ကို ထက်ဝန်းကျင်ပို့ဆောင် တတ်သောသဘောသည်၊ ယာ ဝိပဿနာ–အကြောင် ရုပ်နာမ်တရားတို့ကို အနိစ္စ အစရှိသောအားဖြင့် အထူးထူးအပြားပြား ရှုတတ်သောသဘောသည်၊ ယံ သမ္ပဇညံ–အကြောင် အနိစ္စအစရှိသော အပြားတို့ဖြင့် ကောင်းစွာသိတတ်သော သဘောသည်၊ ယော ပတောဒေါ–အကြောင် စိတ်ကို ဝိပဿနာလမ်းမှန်သို့ တက်အောင် ထိုးဆွတတ်သောကြောင့် နှင်တံနှင့်တူသောသဘောသည်၊ ပညာ– ပညာဟူသော၊ ယံ ပညိန္ဒြိယံ–အကြောင် ပညိန္ဒြေသည်၊ ဝါ–သိမြင်ခြင်းလက္ခဏာ ၌ မိမိ၏အစိုးရ၏အဖြစ်ကို သမ္မယုတ်တရားတို့ကို ပြုစေတတ်သောပညာ သည်၊ ယံ ပညာဗလံ–အကြောင်ပညာဗိုလ်သည်၊ ဝါ–အဝိဇ္ဇာကြောင့် မတုန်လှုပ် တတ်သော ပညာသည်၊ ယံ ပညာသတ္ထံ–အကြောင် ကိလေသာကို ခုတ်ဖြတ်ဖို့ရာ ပညာလက်နက်သည်၊ ယော ပညာပါသာဒေါ–အကြောင်အထက်စွင့်စွင့်, မြင့်၍ တက်ကာ, ပညာပြာသာဒ်သည်၊ ယော ပညာအာလောကော–အကြောင် ပညာ အရောင်သည်၊ ယော ပညာဩဘာသော–အကြောင် ပညာအလင်းသည်၊ ယော ပညာပဇ္ဇောတော–အကြောင် ပညာအထွန်းအလင်းသည်၊ ယံ ပညာရတနံ– အကြောင်ပညာရတနာသည်၊ အမောဟော–မတွေတတ်(မတွေစေကြောင်းဖြစ်) သော၊ ဝါ–မောဟ၏ ဆန့်ကျင်ဘက်ဖြစ်သော၊ ယော ဓမ္မဝိစယော–အကြောင် သစ္စာလေးပါးတရား တို့ကို စိစစ်တတ်သော သဘောသည်၊ [ရှေ့၌လည်း ဤပုဒ် ပါခဲ့ပြီ။] ယာ သမ္မာဒိဋ္ဌိ–အကြောင် မဖောက်မပြန် မှန်ကန်သော နိယျာနိကကုသလဖြစ်သော ဒိဋ္ဌိသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ ဣဒံ ပညိန္ဒြိယံ ဟောတိ၊ **(နိဂုံး)** ယသ္မိံ ၊ပေ၊ ဟောတိ။

**၁၇။မနိန္ဒြိယ, ၁၈။သောမနဿိန္ဒြိယ** [ရှေ့စိတ္တ, ဝေဒနာနိဒ္ဒေသတို့နှင့်တူပြီ။]

**၁၉။ ဇီဝိတိန္ဒြိယနိဒ္ဒေသ။** ။ယသ္မိံ သမယေ၊ပေ၊ကတမံ ဇီဝိတိန္ဒြိယံ ဟောတိ၊တသ္မိံသမယေ–၌၊ အရူပီနံ–နာမ်ဖြစ်ကုန်သော၊ တေသံ ဓမ္မာနံ–ထို ဖဿစသော သမ္မယုတ်တရားတို့၏၊ ["အာယု ဋ္ဌိတိ" စသောပုဒ်တိုင်း၌ စပ်ပါ။]

ယော အာယု–အကြင် အသက်သည်၊ ဝါ–တစ်ဘဝအတွက် အဆက်မပြတ် ဖြစ်ကြောင်းသဘောသည်၊ (အတ္ထိ)၊ပေ၊ ယာ ဌိတိ–အကြင် တည်တံ့ကြောင်း သဘောသည်၊ ယာ ယပနာ–အကြင် မျှတကြောင်းသဘောသည်၊ ယာ ယပနာ–သည်၊ ယာ ဣရိယနာ–အကြင် အသက်ရှင်ကြောင်းသဘောသည်၊ ယာ ဝတ္တနာ–အကြင် ဖြစ်ကြောင်းသဘောသည်၊ ယာ ပါလနာ–အကြင် မိမိကို စောင့်ရှောက်ကြောင်းသဘောသည်၊ ဇီဝိတံ–ဇီဝိတဟုဆိုအပ်သော၊ ယံ ဇီဝိတိန္ဒြိယံ–အကြင် ဇီဝိတိန္ဒြေသည်၊ ဝါ–စောင့်ရှောက်ခြင်းလက္ခဏာဖြင့် မိမိ၏ အစိုးရ၍ အဖြစ်ကို သမ္ပယုတ်တရားတို့ကို ပြုစေတတ်သောဇီဝိတိန္ဒြေသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ–၌၊ ဣဒံ–သော၊ ဇီဝိတိန္ဒြိယံ–သည်၊ ဟောတိ–၏၊ (နိဂုံး) ယသ္မိံ ၊ပေ၊ ဟောတိ။

**အမှာ**။ ။သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, သဒ္ဓါဗလ, ဝီရိယဗလ, သတိဗလ, သမာဓိဗလ, ပညာဗလ ဤနိဒ္ဒေသတို့၌ အလားတူပုဒ်များကို ရှေ့၌ အနက်ပေးခဲ့ပြီ။

**၃၀။ ဟိရီဗလနိဒ္ဒေသ**။ ။ယသ္မိံ၊ပေ၊ ကတမံ ဟိရီဗလံ ဟောတိ၊ တသ္မိံ သမယေ–၌၊ ယံ(ယေန ဓမ္မေန)–အကြင် တရားကြောင့်၊ **(တစ်နည်း)** ယံ (ယော ဓမ္မော)–အကြင်တရားသည်။ ဟိရီယိတဗ္ဗေန–ရှက်ထိုက် စက်ဆုပ်ထိုက်သော ကာယဒုစရိုက် အစရှိသည်ကို၊ ဟိရီယတိ–ရှက်တတ်၏၊ ဝါ–စက်ဆုပ်တတ်၏၊ ပါပကာနံ–ယုတ်ညံ့ကုန်သော၊ ဝါ–မိမိကိန်းရာသန္တာန်ကို အပါယ်လေးရွာတို့၌ ကျရောက်စေတတ်ကုန်သော၊ အကုသလာနံ–အကုသိုလ် ဖြစ်ကုန်သော၊ ဓမ္မာနံ–တရားတို့သို့၊ သမာပတ္တိယာ–ကောင်းစွာရောက်ခြင်း ကို၊ ဝါ–ရခြင်းကို၊ ဟိရီယတိ–၏၊ ဝါ–၏၊ တသ္မိံ သမယေ–၌၊ ဣဒံ–သော၊ ဟိရီဗလံ–သည်၊ ဟောတိ၊ (နိဂုံး) ယသ္မိံ ၊ပေ၊ ဟောတိ။

**မူလဋီကာ**။ ။ဟိရီယိတဗ္ဗေန–စက်ဆုပ်ထိုက်သော ဒုစရိုက်ကြောင့်၊ ယံ ဟိရီယတိ–အကြင် စက်ဆုပ်ထိုက်၏၊ ပါပကာနံ၊ပေ၊ဓမ္မာနံ–တို့သို့၊ သမာပတ္တိယာ–ရောက်ခြင်းကြောင့်၊ ယံ ဟိရီယတိ–၏၊ ဤသို့လည်း မူလဋီကာ ဖွင့်သေး၏။

**၃၁။ ဩတ္တပ္ပဗလနိဒ္ဒေသ**။ ။ယသ္မိံ၊ပေ၊ဟောတိ–နည်း၊ တသ္မိံ သမယေ–၌၊ ယံ(ယေန ဓမ္မေန)–အကြင်တရားကြောင့်၊ **(တစ်နည်း)** ယံ(ယော ဓမ္မော)–သည်၊ ဩတ္တပ္ပိတဗ္ဗေန–ကြောက်ထိုက် လန့်ထိုက်သော ကာယဒုစရိုက် အစရှိသည်ကြောင့်၊ ဩတ္တပ္ပတိ–ကြောက်တတ် လန့်တတ်၏၊ ပါပကာနံ၊ပေ၊ဓမ္မာနံ–တို့သို့၊ သမာပတ္တိယာ–ကောင်းစွာရောက်ခြင်းကြောင့်၊ ဝါ–ရခြင်းကြောင့်၊ ဩတ္တပ္ပတိ–၏၊ တသ္မိံ သမယေ ဣဒံ ဩတ္တပ္ပဗလံ ဟောတိ၊ (နိဂုံး) ယသ္မိံ ၊ပေ၊ ဟောတိ။

၃၂။ **အလောဘနိဒ္ဒေသ**။ ။ယသ္မိံ၊ပေ၊ အလောဘော-သည်၊ ဟောတိ-နည်း၊ တသ္မိံ သမယေ-၌၊ ယော အလောဘော-အကြင် မလိုချင်ခြင်းသဘောသည်၊ ဝါ-အကြင် မလိုချင်တတ်သောသဘောသည်၊ (အတ္ထိ)၊ပေ၊ ယာ အလုဗ္ဘနာ-အကြင် မလိုချင်ခြင်းသည်၊ ယံ အလုဗ္ဘိတတ္တံ-အကြင် မလိုချင်သော စိတ်၏ (ပုဂ္ဂိုလ်၏)ဖြစ်ကြောင်းဖြစ်ရာသည်၊ အသာရာဂေါ-အကြင် ပြင်းစွာ တပ်မက်တတ်သော ရာဂ၏ ဆန့်ကျင်ဘက်သဘောသည်၊ ယာ အသာရဇ္ဇနာ-အကြင် ပြင်းစွာ မတပ်မက်ခြင်းသည်၊ ယံ အသာရဇ္ဇိတတ္တံ-အကြင် ပြင်းစွာ မတပ်မက်သော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ အနဘိဇ္ဈာ-အကြင် သူတစ်ပါးစည်းစိမ်ကို ရှေးရှုမကြံတတ်သော သဘောသည်၊ အလောဘော-အလောဘဟူသော၊ ယံ ကုသလမူလံ-အကြင် ကုသလမူလသည်၊ ဝါ-အကြင် ကုသိုလ်တို့၏ အကြောင်းရင်းဖြစ်သော သဘောသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ အလောဘော ဟောတိ၊ **(နိဂုံး)** ယသ္မိံ၊ပေ၊ဟောတိ။

၃၃။ **အဒေါသနိဒ္ဒေသ**။ ။ယသ္မိံ၊ပေ၊အဒေါသော-သည်၊ ဟောတိ-နည်း၊ တသ္မိံ သမယေ-၌၊ ယော အဒေါသော-အကြင် မပျက်စီးခြင်းသဘောသည်၊ ဝါ-အကြင် မပျက်စီးတတ်သောသဘောသည်၊ (အတ္ထိ)၊ပေ၊ယာ အဒုဿနာ-အကြင် စိတ်၏ မပျက်စီးခြင်းသည်၊ ယံ အဒုဿိတတ္တံ-အကြင် မပျက်စီးသောစိတ်၏(ပုဂ္ဂိုလ်၏)ဖြစ်ကြောင်းဖြစ်ရာသည်၊ ယော အဗျာပါဒေါ-အကြင် ဗျာပါဒ၏ဆန့်ကျင်ဘက်ဖြစ်သောသဘောသည်၊ ယော အဗျာပဇ္ဇော-အကြင် လွန်စွာနှိပ်စက်ဖျက်ဆီးတတ်သော စေတသိကဒုက္ခ၏ ဆန့်ကျင်ဘက်သဘောသည်၊ အဒေါသော-ဟူသော၊ ယံ ကုသလမူလံ-အကြင် ကုသလမူလသည်၊ ဝါ-အကြင် ကုသိုလ်တို့၏ အကြောင်းရင်းဖြစ်သောသဘောသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ အဒေါသော ဟောတိ၊**(နိဂုံး)** ယသ္မိံ၊ပေ၊ဟောတိ။

၄၀။ **ပဿဒ္ဓိနိဒ္ဒေသ**။ ။ယသ္မိံ၊ပေ၊တသ္မိံ သမယေ-၌၊ ဝေဒနက္ခန္ဓဿ-၏လည်းကောင်း၊ပေ၊ ယာ ပဿဒ္ဓိ-အကြင် ကိလေသာအပူဝေး၍ ငြိမ်းအေးကြောင်း သဘောသည်၊ ယာ ပဋိပဿဒ္ဓိ-သည်၊ [ပဋိအနက် မရှိ။] ယာ ပဋိပဿမ္ဘနာ-အကြင် ကိလေသာအပူဝေး၍ ငြိမ်းအေးခြင်းသည်၊ ယာ ပဿမ္ဘနာ-သည်၊ ယံ ပဋိပဿမ္ဘိတတ္တံ-အကြင်ကိလေသာအပူဝေး၍ ငြိမ်းအေးသော စေတသိက် အပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ ကာယပဿဒ္ဓိ ဟောတိ၊**(နိဂုံး)**ယသ္မိံ၊ပေ၊ဟောတိ။ ...စိတ္တပဿဒ္ဓိနိဒ္ဒေသ၌လည်း ဝိညာဏက္ခန္ဓဿပုဒ်မှတစ်ပါး အခြားပုဒ်အားလုံး တူပြီ။

၄၂။ **လဟုတာနိဒ္ဒေသ**။ ။ယသ္မိံ သမယေ၊ပေ၊သင်္ခါရက္ခန္ဓဿ-၏လည်းကောင်း၊ ယာ လဟုတာ-အကြင် လျင်မြန်သော စေတသိက်အပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ လဟုပရိဏာမတာ-အကြင် လျင်မြန်သော ပြောင်းလွဲခြင်းရှိသော စေတသိက်အပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာသည်၊

ယာ အဲဒန္တတာ(အဒန္တနတာ)–အကြင် မလေးနှေးသော စေတသိက်အပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ အဝိတ္ထမ္ဘနာ(အဝိတ္ထနတာ)–အကြင် မာနစသော ကိလေသာ ကင်းသည့်အတွက် မခက်ထန်ခြင်းသည်၊ (မခက်ထန်သည်၏ အဖြစ်သည်၊ အတ္ထိ)၊ပေ၊ တသ္မိံ သမယေ အယံ ကာယလဟုတာ ဟောတိ၊ **(နိဂုံး)** ယသ္မိံ၊ပေ၊ဟောတိ။

**၄၄။ မုဒုတာနိဒ္ဒေသ။** ။ယသ္မိံ၊ပေ၊ တသ္မိံ သမယေ–၌၊ ယာ မုဒုတာ–အကြင် နူးညံ့သော စေတသိက်အပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ မဒ္ဒဝတာ–အကြင် နူးညံ့သော စိတ် စေတသိက်အပေါင်း၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ အကက္ခဠတာ–အကြင် မကြမ်းတမ်းသော စေတသိက်အပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ အကထိနတာ–အကြင် မခက်မာသော စေတသိက်အပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာသည်၊(အတ္ထိ)၊ပေ၊ တသ္မိံ ၊ပေ၊ ဟောတိ၊ **(နိဂုံး)** ယသ္မိံ၊ပေ၊ဟောတိ။

**၄၆။ ကမ္မညတာနိဒ္ဒေသ။** ။ယသ္မိံ၊ပေ၊တသ္မိံ သမယေ–၌၊ ဝေဒနာက္ခန္ဓသ–၏ လည်းကောင်း၊ပေ၊ယာ ကမ္မညတာ–အကြင် ကောင်းသောအမှု၌ ကောင်းသည်၏အဖြစ်သည်၊(အတ္ထိ)၊ပေ၊["ယံ ကမ္မညတ္တံ, ယော ကမ္မညဘာဝေါ"တို့ကား သဒ္ဒါသာကွဲသည်၊ အနက်တူ၏၊] တသ္မိံ သမယေ အယံ ကာယကမ္မညတာ ဟောတိ၊ **(နိဂုံး)** ယသ္မိံ၊ပေ၊ဟောတိ။ [စိတ္တကမ္မညတာလည်း တူပြီ။]

**၄၈။ ပါဂုညတာနိဒ္ဒေသ။** ။ယသ္မိံ၊ပေ၊တသ္မိံ သမယေ–၌၊ ဝေဒနာက္ခန္ဓသ–၏ လည်းကောင်း၊ပေ၊ဝိညာဏက္ခန္ဓသ–၏ လည်းကောင်း၊ ယာ ပဂုဏတာ–အကြင် ကောင်းသောအမှု၌ ပြွမ်းတီးလေ့လာသော စေတသိက်အပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာသည်၊(အတ္ထိ)၊ပေ၊["ပဂုဏတ္တံ, ပဂုဏဘာဝေါ"တို့လည်း သဒ္ဒါသာကွဲ၏၊] ၊ပေ၊ စိတ္တပါဂုညတာ၌လည်း တူပြီ။

**၅၀။ ဥဇုကတာနိဒ္ဒေသ။** ။ယသ္မိံ၊ပေ၊တသ္မိံ သမယေ–၌၊ ဝေဒနာက္ခန္ဓသ ၊ပေ၊ ယာ ဥဇုတာ–အကြင် ကောင်းသောအမှု၌ ဖြောင့်မတ်သောစေတသိက် အပေါင်း၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ ဥဇုကတာ–သည်၊ ယာ အဇိမှတာ–အကြင် နွားကျင်ကောက်ကဲ့သို့ မကောက်သော စေတသိက်အပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ အဝင်္ကတာ–အကြင် လအရေးကဲ့သို့ မကွေး သော၊ပေ၊သည်၊ ယာ အကုဋိလတာ–အကြင် ထယ်တုံးအဖျားကဲ့သို့ မကောက်သော၊ပေ၊ တသ္မိံ ၊ပေ၊ ဟောတိ၊ **(နိဂုံး)** ယသ္မိံ၊ပေ၊ဟောတိ။

**အမှာ။** ။ဤမှနောက်၌ သတိစသော ပုဒ်တို့၏ နိဒ္ဒေသမှာ သတိန္ဒြိယ စသည်တို့၏ နိဒ္ဒေသများနှင့်တူပြီ၊ အပ္ပနာဝါရ၌လည်း အထူးမရှိ။...... ပဒဘာဇနီယံ–ပဌမ မဟာကုသိုလ်စိတ်၏ ပဒဘာဇနီသည်၊ နိဋ္ဌိတံ–ပြီးပြီ။

**ပဌမဘာဏဝါရော–ပဌမဘာဏဝါရသည်၊ နိဋ္ဌိတော–ပြီးပြီ။**

## သင်္ဂဟဝါရ

[ကောဋ္ဌာသဝါရဟူ၍လည်း ခေါ်ကြ၏၊ အဋ္ဌကထာ၌ "သင်္ဂဟဝါရော အာရဒ္ဓေါ"ဟု ဆိုသည်။]

**အနုသန္ဓေ**။ ။ဓမ္မဝဝတ္ထာနဝါရ၌ ဟောတော်မူအပ်ပြီးသော ဖဿ ဝေဒနာ စသော တရားတို့ကို ခန္ဓာအားဖြင့် ၄ ပါး, အာယတနအားဖြင့် ၂ ပါး, ဓာတ်အားဖြင့် ၂ ပါး, အာဟာရအားဖြင့် ၃ ပါး ဤသို့စသည်ဖြင့် သိမ်းယူ ရေတွက်၍ပြရာဝါရကို "သင်္ဂဟဝါရ"ဟု ခေါ်၏၊ ထို သင်္ဂဟဝါရသည် ခန္ဓာ တစ်စု, အာယတနတစ်စု, ဓာတ်တစ်စု, အာဟာရတစ်စု စသောအားဖြင့် ၂၃ စု ရှိ၏၊ ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသအားဖြင့် ၃ ပါးရှိ၏၊ ထိုတွင် "တသ္မိံ ခေါပန သမယေ စတ္တာရော ခန္ဓာ ဟောန္တိ" စသည်ဖြင့် ခန္ဓာ ၄ ပါးဟု အကျဉ်းပြရာဝါရသည် "ဥဒ္ဒေသဝါရ"မည်၏၊ ကတမေ တသ္မိံ သမယေ စတ္တာရော ခန္ဓာ ဟောန္တိ၊ ဝေဒနာက္ခန္ဓော၊ပေ၊ဝိညာဏက္ခန္ဓော"ဟု အကျယ်ပြရာ ဝါရသည် "နိဒ္ဒေသဝါရ"မည်၏၊ ထိုနိဒ္ဒေသဝါရကိုပင် "ကတမော တသ္မိံ သမယေ ဝေဒနာက္ခန္ဓော ဟောတိ၊ ယံ တသ္မိံ သမယေ စေတသိကံ၊ပေ၊အယံ တသ္မိံ သမယေ ဝေဒနာက္ခန္ဓော ဟောတိ"စသည်ဖြင့် တစ်ဖန်ထပ်၍ ချဲ့ပြရာဝါရသည် "ပဋိနိဒ္ဒေသဝါရ"မည်၏၊ ထို ၃ ဝါရတို့ဖြင့် တန်ဆာဆင်အပ်သော သင်္ဂဟဝါရကို ဟောတော်မူခြင်းငှာ "တသ္မိံ ခေါ ပန သမယေ စတ္တာရော ခန္ဓာ ဟောန္တိ"စသည်ကို မိန့်တော်မူသည်။

**နိဿယ**။ ။(ယသ္မိံ သမယေ ကာမာဝစရံ ပဌမံ မဟာကုသလစိတ္တံ ဥပ္ပန္နံ ဟောတိ၊ ဤသို့ အဋ္ဌကထာ၌ အနိယမဝါကျ ထည့်သည်၊ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ စသော ပါဠိတော်ကို အကျဉ်းချုံး၍ ထည့်ထားခြင်းပင်တည်း၊) တသ္မိံ သမယေ–ကာမာဝစရ ပဌမ မဟာကုသိုလ် စိတ်ဖြစ်ရာ ထိုအခါ၌၊ စတ္တာရော–လေးပါးသာလျှင်ဖြစ်ကုန်သော၊ ခန္ဓာ– ခန္ဓာတို့သည်၊ ဟောန္တိ–ဖြစ်ကုန်၏၊ ဤသို့ စသည်ဖြင့် ပေးပါ။

---

**အမှာ**။ ။ဆရာတို့သည် အဋ္ဌကထာမှယူ၍ "ရာသဋ္ဌေန–အစု၏အဖြစ်ဟူသော အနက်အားဖြင့်၊ စတ္တာရော ခန္ဓာ ဟောန္တိ"ဟု ထည့်၍ ပေးတော်မူကြ၏၊ ထိုအတိုင်း ပေးလိုလျှင်လည်း "အာယတနဋ္ဌေန, သုညတဋ္ဌေန, နိဿတ္တဋ္ဌေန, အာဟာရဋ္ဌေန" စသော ဝိသေသနပုဒ်များကို ယူ၍ ပေးကြပါလေ၊ ထိုပုဒ်တို့၏ အနက်ကို အဋ္ဌကထာ နိဿယ၌ ကြည့်ပါ။

**သင်္ဂဟဝါရ ပြီး၏**။

## သုညတဝါရ

**အနုသန္ဓေ**။ ။"အတ္တမရှိ, ပုဂ္ဂိုလ်မရှိ, သတ္တဝါမရှိ, အထည်ကိုယ်မရှိ, အလုံးတရားများသည် အတ္တမှကင်းဆိတ်သော သုညတို့ချည်းသာ ဖြစ်ကြ၏" ဟု ပြရာဝါရကို "သုညတဝါရ"ဟု ခေါ်၏၊ သင်္ဂဟဝါရကို ဟောတော်မူပြီး၍ သုညတဝါရကို ဟောတော်မူခြင်းငှာ "တသ္မိံ ခေါ ပန သမယေ ဓမ္မာ ဟောန္တိ"စသည်ကို မိန့်တော်မူသည်၊ [ဤ သုညတဝါရ၌ ဥဒ္ဒေသ, နိဒ္ဒေသ အားဖြင့် ၂ ပါးသာ ရှိသည်။]

**နိဿယ**။ ။(ယသ္မိံ သမယေ ကာမာဝစရံ ပဌမံ မဟာကုသလစိတ္တံ ဥပ္ပန္နံ ဟောတိ)၊ တသ္မိံ သမယေ-၌၊ ဓမ္မာ-ပုဂ္ဂိုလ် သတ္တဝါ, သူ ငါမဟုတ်, သက်သက် ပရမတ္ထသဘောတို့သည်သာ၊ ဟောန္တိ-နှ်၏၊ ခန္ဓာ-ပုဂ္ဂိုလ် သတ္တဝါ, သူ ငါ မဟုတ်, သက်သက်သောခန္ဓာတို့သည်သာ၊ ဟောန္တိ၊ ဤသို့ စသည်ဖြင့်ပေးပါ။

**၂၄ စု**။ ။သင်္ဂဟဝါရ၌ ပြအပ်သော ၂၃ စုတို့ဝယ် "ဓမ္မာ ဟောန္တိ"ကို ထည့်၍ ၂၄ စု ရှိ၏၊ အားလုံးအစုတို့၌ "သဘာဝဓမ္မေန-ပရမတ္ထသဘာဝ ဟူသော အနက်အားဖြင့်၊ ဓမ္မာ-တို့သည်သာ၊ ဟောန္တိ" ဤသို့ ဝိသေသန ထည့်၍လည်းကောင်း, ရာသဒ္ဒေနစသော ဝိသေသနပုဒ်တို့ကိုလည်း ထည့်၍ လည်းကောင်း အနက်ပေးလိုလျှင် ပေးပါ၊ သုညတဝါရော-သုညတဝါရ တည်း၊ ပဌမံ-ရှေးဦးစွာသော၊ စိတ္တံ-မဟာကုသိုလ်စိတ်တည်း။

### ပဌမမဟာကုသိုလ်စိတ်ပြီးပြီ။

**ဒုတိယမဟာကုသိုလ်စိတ်**။ ။ဤစိတ်၌ "သသင်္ခါရေန"ပုဒ်သာ ထူး၏၊ ကြွင်းသော အစီအစဉ်မှာ ပဌမမဟာကုသိုလ်စိတ်နှင့် အားလုံးတူပြီ၊ ထို့ကြောင့် "ယသ္မိံ သမယေ-၌၊ ကာမာဝစရံ-သော၊ သောမနဿသဟဂတံ-သော၊ ဉာဏသမ္ပယုတ္တံ-သော၊ ကုသလံ-သော၊ စိတ္တံ-သည်၊ ရူပါရမဏံ-ရူပါရုံကို၊ အာရဗ္ဘ ဝါ-သော်လည်းကောင်း၊ ပေ၊ ယံ ယံ ဝါ ပန-ကို၊ အာရဗ္ဘ-၍၊ သသင်္ခါရေန-သင်္ခါရနှင့်တကွဖြစ်သော အာရုံ မနသိကာရစသော အကြောင်း အပေါင်းကြောင့်၊ ဝါ-တွန့်ဆုတ်သောစိတ်ကို ပြုစီမံတတ်သော ပယောဂ ဥပါယနှင့်တကွဖြစ်သော အာရုံ မနသိကာရစသော အကြောင်းအပေါင်း ကြောင့်၊ ဥပ္ပန္နံ-သည်၊ ဟောတိ-၏၊ ဤသို့ အနက်ပေးပါ၊ [သသင်္ခါရေန၏ အဓိပ္ပာယ်ကို ဤစိတ်၏ အဋ္ဌကထာဘာသာဋီကာ ရှုပါ။]

**တတိယ, စတုတ္ထစိတ်**။ ။ဤစိတ် ၂ ပါးသည် ရှေ့စိတ် ၂ ပါးအတိုင်းတွင် ဉာဏ် မယှဉ်ခြင်းသာ ထူး၏၊ ထို့ကြောင့် ဥဒ္ဒေသ, နိဒ္ဒေသတို့၌ ဉာဏ် ပညာကို အရကောက်ရသော ပုဒ်များမပါဟု မှတ်ပါ။

**ပဉ္စမစိတ်စသည်။** ။ဤစိတ်တို့၌ သောမနဿသဟဂတံ နေရာဝယ် "ဥပေက္ခာသဟဂတံ"ပုဒ်ကို လဲလှယ်ရခြင်း, ဝေဒနာကို အရကောက်ရသော နိဒ္ဒေသပုဒ်တို့၌ ဥပေက္ခာဝေဒနာကို အရကောက်ဖို့ရန် "နေဝသာတံ နာသာတံ–သာယာတတ်သည်လည်းမဟုတ်, မသာယာတတ်သည်လည်းမဟုတ်သော" ဟူသော ပုဒ်သည်လည်းကောင်း,"အဒုက္ခမသုခံ–ဒုက္ခလည်းမဟုတ်,သုခလည်း မဟုတ်သော"ဟူသော ပုဒ်သည်လည်းကောင်း, "ဥပေက္ခိန္ဒြိယံ–လစ်လျူရှုခြင်း လက္ခဏာ၌ မိမိ၏အစိုးရ၏အဖြစ်ကို သမ္ပယုတ်တရားတို့ကို ပြုစေတတ်သော ဥပေက္ခာသည်"ဟူသော ပုဒ်သည်လည်းကောင်း ထူး၏၊ ကြွင်းသောပုဒ်များမှာ ရှေ့စိတ် ၄ ပါး၏ပုဒ်များနှင့် အစဉ်အတိုင်း တူကြသည်၊ အဋ္ဌ–ကုန်သော ကာမာဝစရမဟာကုသလစိတ္တာနိ–တို့သည်၊ နိဋ္ဌိတာနိ–ပြီးကုန်ပြီ။

**ဒုတိယဘာဏဝါရော–သည်၊ နိဋ္ဌိတော–ပြီ။**

---

## ရူပါဝစရကုသိုလ်

### စတုက္ကနယ

**ပဌမဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ [ကာမကုသိုလ်အတိုင်း အနက်ပေး။] ယသ္မိံ သမယေ–၌၊ [သမယသဒ္ဒါ၏ အခြားအနက်များကိုလည်း ပေးပါ။] (ယောဂါဝစရော–ယောဂါဝစရပုဂ္ဂိုလ်သည်၊) [ဝိဟရတိ၏ကတ္တား ထည့်သည်၊] ရူပူပပတ္တိယာ–ရူပဘဝ၌ ဖြစ်ခြင်းငှာ၊ ("ဘာဝေတိ"၌စပ်၊) ဝါ–ရူပဘဝ၌ ဖြစ်ခြင်း၏၊ (မဂ္ဂံ၌ စပ်)၊ မဂ္ဂံ–အကြောင်းဖြစ်သောဈာန်ကို၊ ဘာဝေတိ–ဖြစ်စေ၏၊ ဝါ–တိုးပွားစေ၏၊ ကာမေဟိ–ဝတ္ထုကိလေသာ, နှစ်ဖြာသော ကာမတို့မှ၊ ဝိဝိစ္စေဝ–ကင်းဆိတ်၍သာလျှင်၊ အကုသလေဟိ–အကုသလေဟိ–အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မေဟိ–နီဝရဏတရားတို့မှ၊ ဝိဝိစ္စ (ဧဝ)–ကင်းဆိတ်၍သာလျှင်၊ သဝိတက္ကံ–ဝိတက်နှင့်လည်းတကွဖြစ်သော၊ သဝိစာရံ–ဝိစာရနှင့်လည်းတကွဖြစ်သော၊ ဝိဝေကဇံ–နီဝရဏတို့၏ ကင်းခြင်း ကြောင့်ဖြစ်သော၊ ဝါ–နီဝရဏတို့မှကင်းသော ဈာနသမ္ပယုတ်တရားအစု၌ ဖြစ်သော၊ ဝါ–နီဝရဏတို့သည် ကင်းစေအပ်သော ဈာနသမ္ပယုတ်တရား အစု၌ဖြစ်သော၊ ပီတိသုခံ–ဖရဏာပီတိ, စေတသိကသုခရှိသော၊ **(တစ်နည်း)** ဝိဝေကဇံ ပီတိသုခံ–နီဝရဏတို့၏ ကင်းခြင်းကြောင့်ဖြစ်သော ပီတိသုခရှိသော၊ ဝါ–နီဝရဏတို့မှကင်းသော ဈာနသမ္ပယုတ်တရားအစု၌ဖြစ်သော ပီတိသုခ ရှိသော၊ ဝါ–နီဝရဏတို့သည် ကင်းစေအပ်သော ဈာနသမ္ပယုတ်တရားအစု၌ ဖြစ်သော၊ ပဌဝီကသိဏံ–ပဌဝီကသိဏဟု ဆိုအပ်သော၊ ပဌမံ–ရှေးဦးစွာ ဖြစ်သော၊ ဝါ–ရှေးဦးစွာ ရအပ်သော၊ ဝါ–ရှေးဦးစွာ ဝင်စားအပ်သော၊ ဈာနံ–ဈာန်သို့၊ ဥပသမ္ပဇ္ဇ–ရောက်၍၊ **(တစ်နည်း)** ဈာနံ–ဈာန်ကို၊ ဥပသမ္ပဇ္ဇ–ပြီးစေ၍၊

ဝိဟာရတိ–နေ၏၊ တသ္မိံ သမယေ–ပထမဈာနသို့ရောက်၍နေရာ ထိုအခါ၌၊ ဝါ–ပထမဈာနကို ပြီးစေ၍နေရာ ထိုအခါ၌၊ ဖဿော–သည်၊ ဟောတိ–၏၊ပေ၊ကုသလာ၊ [ဓမ္မုဒ္ဒေသဝါရ, ဓမ္မနိဒ္ဒေသဝါရတို့ကို "ပေ"ဟုဆို၍ ပေယျာလမြှုပ်ထားသည်၊ သင်္ဂဟဝါရ သုညတဝါရတို့၌လည်း အကျဉ်းမျှပြ၍ ပေယျာလမြှုပ်ထားသည်ဟု မှတ်ပါ။]

---

**ရူပူပပတ္တိယာ**၊ ။"ရူပံ ဝုစ္စတိ ရူပဘဝေါ"ဟု ဘဝဟူသော နောက်ပုဒ်အကြေကြဲဖို့ရန် အဋ္ဌကထာဖွင့်သောကြောင့် "ရူပ"အရ ရူပဘုံဌာနကို မယူဘဲ ရူပဝိပါက်နာမက္ခန္ဓာကိုလည်းကောင်း, ရထိုက်သော ကဋတ္တာရုပ်ကိုလည်းကောင်း ယူရ၏၊ ဓာတုကထာအကောက်၌ ဘဝကြီး ၉ ပါးဝယ် ရူပဘဝကို ဆိုလိုသည်၊ ဥပပတ္တိယာဖြင့် ထိုရူပဘဝ၌ ပဋိသန္ဓေနေရခြင်းကို ပြသည်၊ ထို့ကြောင့် ဥပပတ္တိကို "ဓာတိသဉ္ဇာတိ"ဟု ဖွင့်သည်။

**ဝိဝိစ္စေဝ**။ ။"ဝိဝိစ္စိတွာ ဝိနာ ဟုတွာ" အဖွင့်အတိုင်း အနက်ပေးသည်၊ ဧဝသဒ္ဒါသည် ကာမတို့မှ ကင်းဆိတ်မှု၏ သေချာသော နိယမအနက်ကို ဟော၏၊ မြန်မာလို "သာလျှင်"ဟု ပေးကြသည်၊ ဥတ္တရပဒေပိ ပန ယထာ၊ပေ၊အာနေတွာ ဝုစ္စတိ၊ ဧဝံ အာနေတဗ္ဗော"ဟု ဖွင့်သောကြောင့် ထိုဧဝကို နောက်ဝိဝိစ္စပုဒ်သို့လည်း ဆောင်ယူ၍ အနက်ပေးရသည်။

**ကာမေဟိ**။ ။"ကာမိန္နာ ပန ပဒေနု၊ပေ၊ဝတ္ထုကာမာ ဝုတ္တာ၊ပေ၊ကိလေသကာမာ ဝုတ္တာ၊ တေ သဗ္ဗေပိ သင်္ဂဟိတာ ဣစ္စေဝ ဒဋ္ဌဗ္ဗာ"ဟု ဖွင့်သောကြောင့် ဝတ္ထုကာမ ကိလေသကာမ နှစ်မျိုးလုံးကို ယူရသည်၊ ဤသို့ ကာမနှစ်မျိုးလုံးကို ယူသောအခါ အကုသလေဟိ ဓမ္မေဟိအရ၌ ကာမစ္ဆန္ဒနီဝရဏမှကြွင်းသော နီဝရဏအကုသိုလ်ကို ယူပါ၊ (**တစ်နည်း**)ကာမစ္ဆန္ဒနီဝရဏသည် ကာမနာမည်ဖြင့် ရှေ့၌လည်းပါ, နီဝရဏနာမည်ဖြင့် နောက်၌လည်းပါသည်ဟု မှတ်ပါ။ [သောစ(ထိုကိလေသကာမကိုလည်း) အကုသလပရိယာပန္နော၀ိ သမာနော၊ပေ၊ဝိသုံ ဝုတ္တော၊ ကိလေသကာမတ္တာ ဝါ ပုရိမပဒေ ဝုတ္တော၊ အကုသလပရိယာပန္နတ္တာ ဒုတိယဒေ၊ (**တစ်နည်း**) ဧဝံ ဟိ သတိ ဝိဝိစ္စေဝ ကာမေဟီတိ ဝတ္ထုကာမေဟိပိ ဝိဝိစ္စေဝါတိ အတ္ထော ယုဇ္ဇတိကို ထောက်၍လည်းကောင်း, ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟီတိ ကိလေသကာမေဟိ၊ပေ၊အတ္ထော ယုဇ္ဇတိကို ထောက်၍လည်းကောင်း ကာမေဟိအရ ဝတ္ထုကာမကို ယူ၍ အကုသလေဟိ ဓမ္မေဟိအရ ကိလေသကာမဟူသော အကုသိုလ်ကို ယူပါ၊ နိဿယ၌ကား ပဌမ တစ်နည်းသာ ပေးထားသည်။]

**အကုသလေဟိ ဓမ္မေဟိ**။ ။"ကိလေသကာမေဟိ, သဗ္ဗာကုသလေဟိ ဝါ"ဟု ဖွင့်၏၊ ဤအဖွင့်အရ ကိလေသကာမသည် ကာမေဟိအရ၌လည်း ပါဝင်, အကုသလေဟိ ဓမ္မေဟိအရ၌လည်း ပါဝင်၏ဟု မှတ်ပါ၊ ထို့ကြောင့်ပင် သဒ္ဒတ္ထ(နိဿယအနက်) မဟုတ်သော ဝိဘာဝနတ္ထကို ပြရာ၌ "သေ ဝါဝ နယော ကာမေဟီတိ ဧတ္ထ ဝုတ္တကာမေသု(ဖွင့်ဆိုအပ်ပြီးသော ကာမနှစ်မျိုးတို့တွင်) ဝတ္ထုကာမပက္ခေ"ဟုလည်းကောင်း, "ကိလေသကာမပက္ခေ ပန" ဟုလည်းကောင်း နှစ်မျိုးခွဲ၍ ပြသည်၊ အကုသလေဟိ အရလည်း "အညေသမ္ပိ စ ဓမ္မာနံ အကုသလဘာဝေ ဝိဇ္ဇမာနေ၊ပေ၊

နီဝရဏာနေဝ ဝုတ္တာနိ"နှင့်အညီ နီဝရဏအကုသိုလ်ကိုသာ ယူရသည်၊ မှန်၏-ဈာန်အင်္ဂါတို့၏ ဆန့်ကျင်ဘက်မဟုတ်သော အဝိဇ္ဇာနီဝရဏ, သက္ကာယဒိဋ္ဌိစသော အကုသိုလ်တို့သည် ထိုအခါ၌ မကင်းနိုင်ပါ။

**ဝိဝေကဇံ**။ ။ဝိဝိစ္စတိ ဝိဝေကော(ကင်းဆိတ်ခြင်း)၊ နီဝရဏဝိဂမောတိ အတ္ထော၊ ဝိဝိတ္တော-နီဝရဏတို့မှ ကင်းဆိတ်၏၊ (သုဒ္ဓကတ္တုသာဓန)၊ ဝါ-နီဝရဏတို့သည် ကင်းဆိတ်စေအပ်၏၊ (ဟေတုကမ္မသာဓန)၊ ဣတိ ဝါ ဝိဝေကော၊ ဈာနသမ္ပယုတ္တဓမ္မရာသီတိ အတ္ထော၊ တသ္မာ ဝိဝေကာ(ထိုကင်းဆိတ်ခြင်းကြောင့်)၊ တသ္မိံ ဝါ ဝိဝေကေ (ထိုကင်းဆိတ်သော=ကင်းဆိတ်စေအပ်သော ဈာနသမ္ပယုတ်တရားအစု၌)+ဇာတံတိ ဝိဝေကဇံ။ [ဝိဝေကသဒ္ဒဿ ဘာဝသာဓနတံ သန္ဓာယာဟ-တသ္မာ ဝိဝေကာတိ၊ ဝိဝေကသဒ္ဒဿ ကတ္တုသာဓနတံ (သုဒ္ဓကတ္တုသာဓန၏အဖြစ်ကိုလည်းကောင်း) ကမ္မသာဓနတံ ဝါ (ဟေတုကမ္မသာဓန၏အဖြစ်ကိုလည်းကောင်း)သန္ဓာယာဟ-တသ္မိံ ဝါ ဝိဝေကေတိ၊ ဝိဝိတ္တောတိ ဟိ ဣမိနာ နီဝရဏေဟိ ဝိနာဘူတော (ကတ္တား) တေဟိ ဝိဝေစိတောတိ စ (ဟေတုကမ္မ) သာဓနဒွယမ္ပိ သင်္ဂဟိတမေဝါတိ၊-သာရတ္ထ။]

**ပီတိသုခံ**။ ။အပ္ပနာသမာဓိဿ မူလံ ဟုတွာ ဝဓမာနာ သမာဓိသမ္ပယောဂံ ဂတာ ဖရဏာပီတိ၊ အယံ ဣမသ္မိံ အတ္ထေ အဓိပ္ပေတာ ပီတီတိ၊ ဈာန်စိတ်ဖြစ်ခိုက်၌ ယှဉ်သောသုခသည် ကာယိကသုခ မဖြစ်နိုင်, စေတသိကသုခသာ ဖြစ်ထိုက်၏၊ အယဉ္စ ပီတိ ဣဒဉ္စ သုခံ အဿ ဈာနဿ, အသ္မိံ ဝါ ဈာနေ အတ္ထီတိ ဣဒံ ဈာနံ ပီတိသုခန္တိ ဝုစ္စတိ။

**အထဝါ**။ ။ ပေ၊ ဝိဝေကဇံ+ပီတိသုခံ အဿ ဈာနဿ, အသ္မိံ ဝါ ဈာနေ အတ္ထီတိ ဝေမ္မိ ဝိဝေကဇံ ပီတိသုခံ၊ ဤနည်း၌ "ဝိဝေကဇံ ပီတိသုခံ"ဟု တစ်ပုဒ်တည်း ဆိုလို၏၊ ဇ၌ ပဉ္စမာဝိဘတ် မကြေသောကြောင့် အလုတ္တဗဟုဗ္ဗီဟိဟု မှတ်ပါ။

**ပဌမံ**။ ။ဂဏနာနုပုဗ္ဗတာ ပဌမံ၊ ပဌမံ ဥပ္ပန္နန္တိ ပဌမံ၊ ပဌမံ သမာပဇ္ဇိတဗ္ဗန္တိပိ ပဌမံ၊ ဤသို့ သုံးနည်းဖွင့်သည်၊ ဈာန်အရေ၌ကား ကသိုဏ်းစသောအာရုံကို စူးစူးစိုက်စိုက် ရှုတတ်သော ရူပါဝစရဈာန်တည်း။

**ဥပသမ္ပဇ္ဇ**။ ။ဥပဂန္တွာ, ပါပုဏိတွာတိ ဝုတ္တံ ဟောတိ (ဥပအတွက် ဈာန်အနီးအပါးသို့ ချဉ်းကပ်ခြင်းအနက်ကို ယူမည်စိုး၍ "ပါပုဏိတွာ"ဟု ဥဇုကတ္တကို ဖွင့်သည်၊ "ဥပသမ္ပဇ္ဇ-ရောက်၍"ဟု အနက်ပေးပါ၊ ဥပအတွက်+သံအတွက် အနက်သီးခြား မရှိပါ-ဟူလို၊) ဥပသမ္ပာဒယိတွာ, နိပ္ဖာဒေတွာတိ ဝုတ္တံ ဟောတိ ("ပြည့်စုံစေ၍"ဟု အနက်ပေးမည်စိုးသောကြောင့် "နိပ္ဖာဒေတွာ"ဟု ဥဇုကတ္တကို ဖွင့်သည်၊ ဥပသမ္ပဇ္ဇ-ပြီးစေ၍"ဟု အနက်ပေးပါ-ဟူလို။)

**ပထဝီကသိဏံ**။ ။ပထဝီကသိုဏ်းကို အာရုံပြု၍ ရအပ်သောကြောင့် အာရုံ၏ အမည်ကို အာရမဏိကဈာန်၌ တင်စားအပ်သော ကာရဏူပစာရအားဖြင့် ဈာန်ကိုလည်း "ပထဝီကသိဏ"ဟု ခေါ်နိုင်သည်၊ **တစ်နည်း**-ကုန္တာပစရန္တီကဲ့သို့ အာရုံနှင့် အာရမဏိကတို့ တကွဖြစ်သောကြောင့် သဟစရဏနည်းအားဖြင့် "ပထဝီကသိဏ ဈာန်"ဟု ခေါ်နိုင်သည်ဟု ဝိသုဒ္ဓိမဂ် မဟာဋီကာဆို၏၊ သဟစရဏနည်းသာ ဖြစ်နိုင်၏၊ အာရုံက ဌာနီမဟုတ်သောကြောင့် ဌာနျူပစာရကား မဖြစ်နိုင်ဟု မှတ်ပါ၊ ထို့ကြောင့် "ပထဝီကသိဏသင်္ခါတံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"ဟု အဋ္ဌကထာဖွင့်သည်။

**ဒုတိယဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါ ဝစရော) ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ၊ ဝိတက္ကဝိစာရာနံ–ဝိတက် ဝိစာရတို့၏၊ ဝူပသမာ–ပယ်ခွာလွန်မြောက်, ငြိမ်းပျောက်ခြင်းကြောင့်၊ အဇ္ဈတ္တံ–မိမိသန္တာန်၌ဖြစ်သော၊ သမ္ပသာဒနံ–ကြင်လင်စေတတ်သော၊ စေတသော–စိတ်၏၊ ဧကောဒိ ဘာဝံ–မြတ်သည်ဖြစ်၍ဖြစ်သော သမာဓိကို တိုးပွားစေတတ်သော၊ ဝါ–ဝိတက် ဝိစာရ အဖော်မပါသည် ဖြစ်၍ဖြစ်သော သမာဓိကို တိုးပွားစေတတ်သော၊ **(တစ်နည်း)** ဧကောဒိဘာဝံ–မြတ်လည်းမြတ်, သမ္ပယုတ်တရားတို့ကိုလည်း ထကြွစေတတ်သော သမာဓိကိုတိုးပွားစေတတ်သော၊ **(တစ်နည်း)** စေတသော–စိတ်ကို၊ သမ္ပသာဒနံ–ကြည်လင်စေတတ်သော၊ ဧကောဒိဘာဝံ–သော၊ ဝါ–သော၊**(တစ်နည်း)** ဧကောဒိဘာဝံ–သော၊[ရှေ့အတိုင်း ၃ နက်ပေးပါ၊] အဝိတက္ကံ–ဝိတက်လည်းမရှိသော၊ အဝိစာရံ–ဝိစာရလည်းမရှိသော၊ သမာဓိဇံ–ပဌမဈာန်သမာဓိကြောင့်ဖြစ်သော၊ ဝါ–သမ္ပယုတ္တသမာဓိကြောင့်ဖြစ်သော၊ ပီတိသုခံ–ဖရဏာပီတိ, စေတသိကသုခရှိသော၊ ပထဝီကသိဏံ–သော၊ ဒုတိယံ–နှစ်ကြိမ်မြောက်ဖြစ်သော၊ ဝါ–နှစ်ကြိမ်မြောက်ရအပ်သော၊ ဝါ–နှစ်ကြိမ်မြောက်ဝင်စားအပ်သော၊ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တသ္မိံ သမယေ–ပထဝီကသိဏဒုတိယဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ ဝါ–ပထဝီကသိဏဒုတိယဈာန်ကို ပြီးစေ၍နေရာ ထိုအခါ၌၊ ဖဿော ဟောတိ၊ပေ၊ဣမေ ဓမ္မာ ကုသလာ။ [သုညတဝါရတိုင်အောင် ပေယျာလမြုပ်သည်။]

---

**အဇ္ဈတ္တံ**။ ။ဣဓ နိယကဇ္ဈတ္တံ အဓိပ္ပေတံ၊ပေ၊တသ္မာ အတ္တနိ+ဇာတံ အတ္တနော သန္တာနေ နိဗ္ဗတ္တံတိ အယမေတ္ထ အတ္ထော။

**သမ္ပသာဒနံ**။ ။သမ္ပသာဒနံ ဝုစ္စတိ သဒ္ဓါ–သမ္ပယုတ်တရားတို့ကို ကြည်လင်စေတတ်သောကြောင့် သဒ္ဓါကို "သမ္ပသာဒန"ဟု ဆိုအပ်၏၊ သမ္ပသာဒနယောဂတော ဈာနမ္ပိ သမ္ပသာဒနံ–သမ္ပသာဒနသဒ္ဓါနှင့် ယှဉ်ခြင်းကြောင့် ဈာန်လည်း"သမ္ပသာဒန" မည်၏၊ [အနက်ပေးသောအခါ သဒ္ဓါရအောင်သာ ပေးပါ၊ ဈာန်ကိုကား ဂုဏူပစာရအားဖြင့် သမ္ပသာဒနဟု ခေါ်ရပါသည်–ဟူလို။]

**တစ်နည်း**။ ။ယသ္မာ ဝါ တံ ဈာနံ သမ္ပသာဒနသမန္နာဂတတ္တာ ဝိတက္ကဝိစာရက္ခောဘဝူပသမနေန စ စေတော သမ္ပသာဒယတိ၊ တသ္မာပိ သမ္ပသာဒနန္တိ ဝုတ္တံ၊ ဣမသ္မိံ စ အတ္ထဝိကပ္ပေ သမ္ပသာဒနံ စေတသောတိ ဧဝံ ပဒသမ္ဗန္ဓော ဝေဒိတဗ္ဗော။ [ဤဒုတိယနည်း၌ စေတသောပုဒ်ကို သမ္ပသာဒနံနှင့်တွဲ၍ အနက်ပေးရ၏၊ ရှေ့နည်း၌ကား စေတသောပုဒ်ကို ဧကောဒိဘာဝံနှင့်တွဲ၍ အနက်ပေးရသည်။]

**ဧကောဒိဘာဝံ**။ ။"ဧက+ဥဒိ"ဟု ခွဲ၍ "ဧကော+ဥဒေတီတိ ဧကောဒိ"ဟု ပြု၊ အဋ္ဌေါ သေဋ္ဌော ဟုတွာ ဥဒေတီတိ အတ္ထော၊ ဤနည်း၌ ဧကသဒ္ဒါသည် သေဋ္ဌအနက်ဟော၊ ဧကော အသဟာယော ဟုတွာတိပိ ဝတ္တုံ ဝဋ္ဋတိ၊ ဤနည်း၌ ဧကသဒ္ဒါသည် အသဟာယအနက်ဟော၊ အထဝါ–သမ္ပယုတ္တဓမ္မေ ဥဒါယတီတိ ဥဒိ, ဥဋ္ဌာပေတီတိ

**တတိယဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ(ယောဂါ ဝစရော) ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ၊ ပီတိယာ–ပီတိကို၊ ဝိရာဂါ စ–စက်ဆုပ်ခြင်းကြောင့်လည်းကောင်း၊(ပီတိယာ–ပီတိ၏၊ ဂုပသမာ စ–ပယ်ခွာလွန်မြောက်, ငြိမ်းပျောက်ခြင်းကြောင့်လည်းကောင်း၊) (တစ်နည်း၊ ပီတိယာ–ကို၊ ဝိရာဂါ စ–လွန်မြောက်ခြင်းကြောင့်လည်းကောင်း၊ ဝိတက္ကဝိစာရာနံ–ဝိတက် ဝိစာရတို့၏၊ ဂုပသမာ စ–ပယ်ခွာလွန်မြောက်, ငြိမ်းပျောက်ခြင်းကြောင့်လည်းကောင်း၊) ဥပေက္ခကော–အသင့်အားဖြင့် ရှုတတ်သည်၊(ဟုတွာ) စ–ဖြစ်၍လည်း၊ ဝိဟရတိ–နေနိုင်၏၊ သတော စ–သုခ ပီတိ, မကပ်ငြိအောင်, သတိမပြတ်, အောက်မေ့တတ်သည်လည်းကောင်း၊ သမ္ပဇာနော စ–သုခပီတိ, မကပ်ငြိအောင်,ကောင်းစွာအပြားအားဖြင့်သိတတ်သည်လည်းကောင်း၊ (ယောဂါဝီ–၏၊) သုခဉ္စ–စေတသိကသုခကိုလည်း၊ ဝါ–ကာယိကသုခ,စေတသိက သုခကိုလည်း၊ ကာယေန–နာမကာယဖြင့်၊ ပဋိသံဝေဒေတိ–ခံစား၏။

ယံ(ဈာနံ)–အကြင် တတိယဈာန်ကြောင့်၊ တံ(တတိယဇ္ဈာနသမင်္ဂီပုဂ္ဂလံ)–ထို တတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို၊ အရိယာ–ဘုရားပစ္စေကာ, အရိယာ အပေါင်း, သူတော်ကောင်းတို့သည်၊ အာစိက္ခန္တိ–ပြောဆိုညွှန်ပြ, ချီးမွမ်းတော်မူကြကုန်၏၊ (ကိံ– အဘယ်သို့လျှင်၊ အာစိက္ခန္တိ– နံသနည်း၊ အယံ– ဤ တတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်သည်၊) ဥပေက္ခကော–သုခမြားမြောက်, ထိပ်ဆုံးရောက်သည့်, တတိယဈာန်သုခကိုသော်မှ, မငြိမကပ်, လစ်လျူရှုတတ်ပါပေစွ၊ သတိမာ–တစ်ဖန်ပီတိ, မဖြစ်ဘိအောင်, သတိရှိပါပေစွ၊ သုခဝိဟာရီ–တတိယဈာန်ငွေ့, သုခတွေ့၍, ချမ်းမြေ့သာယာ, နေလေ့ရှိပါပေစွ၊ ဣတိ–သို့၊ (အာစိက္ခန္တိ–နံ၏၊) ပထဝီကသိဏံ–သော၊ တတိယံ–သုံးကြိမ်မြောက်ဖြစ်သော၊ ဝါ–သုံးကြိမ်မြောက်ရအပ်သော၊ ဝါ–သုံးကြိမ်မြောက် ဝင်စားအပ်သော၊ (တံ) ဈာနံ–သို့၊ ဥပသမ္ပဇ္ဇ–၍၊ **(တစ်နည်း)** တံ ဈာနံ–ကို၊ ဥပသမ္ပဇ္ဇ–၍၊ ဝိဟရတိ–နေ၏၊ တသ္မိံ သမယေ–ပထဝီကသိဏ, တတိယဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ ဝါ–ပထဝီကသိဏ, တတိယဈာန်ကို ပြီးစေ၍နေရာ ထိုအခါ၌၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ ["ယံ ဈာနံ"ဟု ယံသဒ္ဒါ ရှိသောကြောင့် "တံ ဈာနံ"ဟု တံသဒ္ဒါထည့်၍ အနက်ပေးရသည်။]

---

အတ္ထော၊ သေဋ္ဌဋ္ဌေန ဓကော စ+သော+ဥဒီတာတိ ဓကောဒိ၊ ဤသို့ ဓကောဒိအတွက် သုံးအနက် ဖွင့်ထားသည်၊ ဣတိ ဣမံ ဓကောဒိံ+ဘာဝေတိ ဝဍ္ဎေတီတိ ဣဒံ ဒုတိယဇ္ဈာနံ ဓကောဒိဘာဝံ။

**သမာဓိဇံ**။ ။ပဌမဇ္ဈာနသမာဓိတော, သမ္ပယုတ္တသမာဓိတော ဝါ+ဇာတံတိ အတ္ထော။ [သမာဓိအရ ပဌမဈာန်၌ရှိသော သမာဓိကိုလည်းကောင်း, ဒုတိယဈာန်၌ ရှိသော သမာဓိကိုလည်းကောင်း နှစ်မျိုးပြသည်။

**ပီတိယာ စ ဝိရာဂါ**။ ။ဝိရာဂေါ နာမ ဝုတ္တပ္ပကာရာယ ပီတိယာ ဇိဂုစ္ဆနံ ဝါ သမတိက္ကမော ဝါ၊ ဥဘိန္နံ ပန အန္တရာ စ သဒ္ဒေါ သမ္ပိဏ္ဍနတ္ထော၊ သော ဝူပသမံ ဝါ သမ္ပိဏ္ဍေတိ ဝိတက္ကဝိစာရဝူပသမံ ဝါ၊ တတ္ထ ယဒါ ဝူပသမမေဝ သမ္ပိဏ္ဍေတိ၊ တဒါ ပီတိယာ ဝိရာဂါ စ, ကိဉ္စ ဘိယျော ဝူပသမာစာတိ ဧဝံ ယောဇနာ ဝေဒိတဗ္ဗာ၊ ဣမိဿာ စ ယောဇနာယ ဝိရာဂေါ ဇိဂုစ္ဆနတ္ထော ဟောတိ၊ပေ၊ဣမိဿာ စ ယောဇနာယ ဝိရာဂေါ သမတိက္ကမနတ္ထော ဟောတိ၊ ပေ၊ တသ္မာ ပီတိယာ စ သမတိက္ကမာ ဝိတက္ကဝိစာရာနံ စ ဝူပသမာတိ အယမတ္ထော ဒဋ္ဌဗ္ဗော။

**ဥပေက္ခကော စ ဝိဟရတိ**။ ။တာယ ဝိသဒါယ ဝိပုလာယ ထာမဂတာယ သမန္နာဂတတ္တာ တတိယဇ္ဈာနသမင်္ဂီ ဥပေက္ခကောတိ ဝုစ္စတိ၊ ဤသို့သမန္နာဂတတ္တာနှင့်ဖွင့်သော ကြောင့် အဿတ္ထိတဒ္ဓိတ်ဟု ပါရာဇိကဏ်ဘာသာဋီကာ၌ရေးခဲ့သော်လည်း "ဥပေက္ခတီတိ ဥပေက္ခကော"ဟု ကတ္တုသာဓ်ပြုမှ အာဘော်ကျမည်။[ဥပ+ဣက္ခ+ဏ္ဍုပစ္စည်း၊ ဤဥပေက္ခာ၏ တရားကိုယ်မှာ ဝေဒနာမဟုတ်, တတြမဇ္ဈတ္တတာစေတသိက်တည်း။]

**သတော စ သမ္ပဇာနော**။ ။သရတီတိ သတော၊ (သရ+တပစ္စည်း)၊ သမ္ပဇာနာတီတိ သမ္ပဇာနော၊ (သံ+ပ+ဉာဓာတ်+နာပစ္စည်း+အပစ္စည်း)၊ ဤသို့ အဋ္ဌကထာ၌ ကတ္တုသာဓနကို တိုက်ရိုက်ပြသည်၊ ["သမ္ပဇာနန္တ"ဟု ရှိရာ၌ ကိယာဒိ နာပစ္စည်းနောင် အန္တပစ္စည်းသက်ရသကဲ့သို့ ဤ၌လည်း ကိယာဒိ နာပစ္စည်းနောင် အပစ္စည်းဟုမှတ်ပါ။]

**မှတ်ချက်**။ ။"ဥပေက္ခကော (ဟုတွာ) စ သတော (ဟုတွာ) စ သမ္ပဇာနော (ဟုတွာ) စ ဝိဟရတိ"ဟု ရေးက အနက်ပေးကြ၏၊ သို့သော် အဋ္ဌကထာ၌ "ဥပေက္ခကောစ ဝိဟရတီတိ"ဟုလည်းကောင်း,"သတောစ သမ္ပဇာနောတိ"ဟုလည်း ကောင်း သံဝဏ္ဏေတဗ္ဗခွဲ၍ တည်ပြီးလျှင် အနက်ကိုလည်း ဝိဟရတိသို့ ပြန်၍လှည့်ဖို့ရန် မဖွင့်သောကြောင့် ဥပေက္ခကော စ ဝိဟရတိကို တစ်ဝါကျ, သတော စ သမ္ပဇာနောကို တစ်ဝါကျဟု နှစ်ဝါကျခွဲ၍ အနက်ပေးလိုက်ပါသည်။

**သုခဉ္စ ကာယေန ပဋိသံဝေဒေတိ**။ ။ဧဝံ သန္တေပိ ယသ္မာ နာမကာယေန သမ္ပယုတ္တံ သုခံ၊ [ဤအဖွင့်ကို ကြည့်၍ "ကာယေန"အရ နာမကာယ (သုခဝေဒနာနှင့် ယှဉ်သောစိတ်, စေတသိက်နာမ်အပေါင်း)ဟု သိသာ၏၊ သုခအရလည်း စိတ်နှင့် ယှဉ်သော စေတသိကသုခဟု သိသာသည်။] ယံ ဝါ တံ နာမကာယသမ္ပယုတ္တံ သုခံ၊ တံ သမုဋ္ဌာနေနဿ ယသ္မာ အတိပဏီတေန ရူပေန (စိတ္တဇရုပ်သည်) ရူပကာယော ဖုဋ္ဌော (တစ်ကိုယ်လုံးကို ဖြန့်အပ်၏၊) ယဿ ဖုဋ္ဌတ္တာ ဈာနာ ဝုဋ္ဌိတောပိ သုခံ ပဋိသံဝေဒေယျ၊ [ဤအဖွင့်၌ ပဏီတစိတ္တဇရုပ်တွေ တစ်ကိုယ်လုံး ပျံ့နေသော ကြောင့် မဟာဘုတ်ချင်း ထိမှုဟူသော ဖောဋ္ဌဗ္ဗာရုံ ဖြစ်၏၊ ထိုဖောဋ္ဌဗ္ဗာရုံကို (ဈာန်မှ ထသောအခါ) နာမကာယဖြင့် ခံစားမှုဟူသော ကာယိကသုခလည်း ဖြစ်စရာရှိ၏၊ ထို့ကြောင့် သုခအရ ကာယိကသုခ, စေတသိကသုခ နှစ်မျိုးလုံးကို နာမကာယဖြင့် ခံစားနိုင်သည်ဟု မှတ်ပါ၊ ရုပ်ခန္ဓာဟူသော ရူပကာယကား ခံစားတတ်သောသတ္တိ မရှိ။]

**ယံ တံ၊ပေ၊ သုခဝိဟာရီ**။ ။ယံ ဈာနဟေတု ယံ ဈာနကာရဏာ တံ တတိယဇ္ဈာန သမင်္ဂီပုဂ္ဂလံ ဗုဒ္ဓါဒယော အရိယာ အာစိက္ခန္တိ ဒေသေန္တိ(ညွှန်ပြကြ) ပညပေန္တိ ပဋ္ဌပေန္တိ၊ ၊ပေ၊ ပသံသန္တီတိ အဓိပ္ပာယော၊ ကိန္တိ၊ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ

**စတုတ္ထဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ၊ ပုဗ္ဗေဝ-စတုတ္ထဈာန်ကို မရမီ လေးပါးသောဈာန်တို့၏ ဥပစာရဈာန်ခဏ၌ပင်၊ သုခဿ-ကာယိသုခ ကို၊ ပဟာနာ စ-ပယ်ခြင်းကြောင့်လည်းကောင်း၊ ဒုက္ခဿ-ကာယိကဒုက္ခကို၊ ပဟာနာ စ-လည်းကောင်း၊ သောမနဿဒေါမနဿာနံ-သောမနဿ, ဒေါမနဿတို့၏၊(စေတသိကသုခ, စေတသိကဒုက္ခတို့၏၊) အတ္ထင်္ဂမာ-ချုပ်ခြင်းကြောင့်လည်းကောင်း၊ အဒုက္ခမသုခံ-ဒုက္ခလည်းမဟုတ်, သုခလည်း မဟုတ်သော၊ ဝါ-ဒုက္ခလည်း မရှိ, သုခလည်း မရှိသော၊ ဥပေက္ခာသတိ ပါရိသုဒ္ဓိံ-တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သောသတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော၊ ပထဝီကသိဏံ-သော၊ စတုတ္ထံ-လေးကြိမ်မြောက်ဖြစ် သော၊ ဝါ-လေးကြိမ်မြောက် ရအပ်သော၊ ဝါ-လေးကြိမ်မြောက် ဝင်စားအပ် သော၊ ဈာနံ-သို့၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ **(တစ်နည်း)** ဈာနံ-ကို၊ ဥပသမ္ပဇ္ဇ-ပြီးစေ၍၊ ဝိဟရတိ-၏၊ တသ္မိံ သမယေ-ပထဝီကသိဏစတုတ္ထဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ ဝါ-ပထဝီကသိဏစတုတ္ထဈာန်ကို ပြီးစေ၍နေရာ ထိုအခါ၌၊ ဖဿော ဟောတိ။ပေ။ ဣမေ ဓမ္မာ ကုသလာ။

---

ဝေမတ္တ ယောဇနာ ဝေဒိတဗ္ဗာ။ပေ။ အယံ ဟိ ယသ္မာ အတိမဓုရသုခေ သုခပါရမိပ္ပတ္တေပိ (သုခတို့တွင် ထိပ်တန်းအရောက်ဆုံးလည်းဖြစ်သော) တတိယဈာနေ ဥပေက္ခကော၊ န တတ္ထ သုခါဘိသင်္ဂေန အာကမိုယတိ (သုခ၌ ကပ်ငြိသောတဏှာ သည် မဆွဲငင်အပ်၊) ယထာ စ ပီတိ န ဥပ္ပဇ္ဇတိ, ဧဝံ ဥပဋ္ဌိတဿတိတာယ သတိမာ၊ ယသ္မာ စ အရိယကန္တံ အရိယဇနသေဝိတမေဝ အသံကိလိဋ္ဌသုခံ နာမကာယေန ပဋိသံဝေဒေတိ၊ တသ္မာ ပသံသာရဟော။

---

**ပုဗ္ဗေဝ**။ ။ပုဗ္ဗေ ဝါတိ တဒ္ဓု ခေါ ပုဗ္ဗေဝ, န စတုတ္ထဈာနက္ခဏေ။ပေ။ကဒါ ပန နေသံ ပဟာနံ ဟောတိ၊ စတုန္နံ ဈာနာနံ ဥပစာရက္ခဏေ၊ သောမနဿံ ဟိ စတုတ္ထဈာနဿ ဥပစာရက္ခဏေ၊ ဒုက္ခဒေါမနဿသုခါနိ ပဌမဒုတိယတတိယဈာနံ ဥပစာရက္ခဏေသု။

**အဒုက္ခမသုခံ**။ ။ပဌမအနက်၌ "ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်"လျှင် ဥပေက္ခာဝေဒနာသာ ရသေး၏၊ ထို့ကြောင့် ဈာန်နှင့် အရတူအောင် ဧကဒေသူပစာရ ဟု ကြံပါ၊ ဒုတိယအနက်၌ကား "နတ္ထိ ဒုက္ခံ ယဿ"ဟု ဗဟုဗ္ဗီဟိပြု၍ ဈာန်ကို အရကောက်ပါ၊ အသုခံလည်း နည်းတူ။

**ဥပေက္ခာသတိပရိသုဒ္ဓိံ**။ ။ဥပေက္ခာယ+ဇနိတသတိပါရိသုဒ္ဓိံ၊ ဣမသ္မိံ ဈာနေသု ပရိသုဒ္ဓါ သတိ၊ ယာ စ တဿာ သတိယာ ပါရိသုဒ္ဓိ၊ သာ ဥပေက္ခာယ ကတာ, န အညေန၊ တသ္မာ ဧတံ ဥပေက္ခာသတိပါရိသုဒ္ဓိ'တိ ဝုစ္စတိ။

**စတုက္ကနည်းပြီး၏**။

**ပဥ္စကနည်း**။ ။ဤနည်း၌ ပဌမရျာန်သည် စတုက္ကနည်းပဌမရျာန်နှင့် အားလုံးတူ၏၊ ဒုတိယရျာန်၌ "အဝိတက္ကအဝိစာရံ"နေရာဝယ် "အဝိတက္ကံ ဝိစာရမတ္တံ"ဟု ထူးခြား၏။["အဝိတက္ကံ-ဝိတက်မရှိသော၊ ဝိစာရမတ္တံ-ဝိစာရ မျှသာရှိသော"ဟု အနက်ပေးပါ။] ဤ၌ တတိယရျာန်သည် စတုက္ကနည်းဝယ် ဒုတိယရျာန်နှင့် အားလုံးတူ၏၊ ဤ၌ စတုတ္ထရျာန်သည် စတုက္ကနည်းလာ တတိယရျာန်နှင့်တူ၏၊ ဤ၌ ပဥ္စမရျာန်သည် စတုက္ကနည်းလာ စတုတ္ထရျာန် နှင့် အားလုံးတူပြီ၊ ... ပဥ္စကနယော-ပဥ္စကနည်းသည်၊ နိဋ္ဌိတော-ပြီ။

**ပဋိပဒါစတုက္က**။ ။ပြအပ်ခဲ့သော စတုက္က,ပဥ္စက နည်းနှစ်ပါးအရ ရျာန် ၉ ပါးကို (၁) ဒုက္ခပ္ပဋိပဒါဒန္ဓာဘိညာ, (၂) ဒုက္ခပ္ပဋိပဒါခိပ္ပာဘိညာ, (၃) သုခပ္ပဋိပဒါဒန္ဓာဘိညာ, (၄) သုခပ္ပဋိပဒါခိပ္ပာဘိညာ ဤ ၄ ပါးဖြင့် မြှောက်ပွား၍ ဟောတော်မူအပ်သောရျာန်များကို "ပဋိပဒါစတုက္ကရျာန်"ဟု ခေါ်၏၊ ထိုရျာန်သည် စတုက္ကနည်း ၁၆, ပဥ္စကနည်း ၂၀အားဖြင့် ၃၆ ပါး ရှိ၏။

**နိဿယ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ(ယောဂါဝစရော) ။ပေ၊ ပီတိသုခံ-သော၊ ဒုက္ခပ္ပဋိပဒံ-ခဲယဉ်းသောအကျင့်ရှိသော၊ ဒန္ဓာဘိညံ- နှံ့နှေးလေးလံသော အထူးဉာဏ်ရှိသော၊ ပထဝီကသိဏံ-သော၊ ပဌမံ-သော၊ ရျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ပေ၊ နောက်ရျာန်၌ "ဒုက္ခပ္ပဋိပဒံ-သော၊ ခိပ္ပာဘိညံ- လျင်မြန်သော အထူးဉာဏ်ရှိသော"ဟုပေး၊ပေ၊နောက်ရျာန်၌ "သုခပ္ပဋိပဒံ- လွယ်ကူသောအကျင့်ရှိသော၊ ဒန္ဓာဘိညံ-သော"ဟုပေး၊ပေ၊ နောက်ရျာန်၌ "သုခပ္ပဋိပဒံ-သော၊ ခိပ္ပာဘိညံ-သော၊ ပထဝီကသိဏံ၊ပေ၊ ဝိဟရတိ၊ ဣမေ ဓမ္မာ ကုသလာ"။ [ပဌမရျာန်၌ လေးမျိုးပြားသကဲ့သို့ ဒုတိယရျာန် စသည်၌ လည်း လေးမျိုးစီပြားသည်။]

---

**ဒုက္ခပ္ပဋိပဒံ**။ ။ဒုက္ခာ+ပဋိပဒါ အဿ(ရျာနဿ)တိ ဒုက္ခပ္ပဋိပဒံ၊ ဒန္ဓာ+အဘိညာ (ထူးသောဉာဏ်) ယဿာတိ ဒန္ဓာဘိညံ၊ ဣတိ ဒုက္ခပ္ပဋိပဒန္တိ ဝါ ဒန္ဓာဘိညံတိ ဝါ ပထဝီကသိဏံတိ ဝါ တီဏိပိ ရျာနဿေဝ နာမာနိ။

**ဒုက္ခ, သုခ, အဘိညာ**။ ။သာ ပနေသာ ပဋိပဒါ ကေစဿ ဒုက္ခာ ဟောတိ၊ပေ ကိစ္ဆာ အသုခသေဝနာတိ အတ္ထော၊ ဤအဖွင့်ကိုထောက်၍ "ဒုက္ခာ-ခဲယဉ်းသော ပဋိပဒါ-အကျင့်"ဟု ပေးရသည်၊ သုခေန အကိလမန္တော ဝိက္ခမ္ဘေတိ၊ တဿ သုခါ ဟောတိ၊ ဤအဖွင့်ကိုထောက်၍ "သုခါ လွယ်ကူသော"ဟု ပေးရသည် "အဘိ (ဝိသေသတော)+ဇာနာတီတိ အဘိညာ"ဟူသော ဝိဂြိုဟ်အရ ထူးသောဉာဏ်= အထူးသိသောဉာဏ်ကို "အဘိညာ"ဟု ခေါ်သည်။

ပဋိပဒါစတုက္ကပြီး၏။

**အာရမဏစတုက္က**။ ။ပြအပ်ခဲ့သော ဈာန် ၄ ပါးကို (၁) ပရိတ္တံ ပရိတ္တာရမဏံ, (၂) ပရိတ္တံ အပ္ပမာဏာရမဏံ, (၃) အပ္ပမာဏံ ပရိတ္တာရမဏံ, (၄) အပ္ပမာဏံ အပ္ပမာဏာရမဏံ, ဤ ၄ ပါးဖြင့် မြှောက်ပွား၍ ဟောတော်မူအပ်သော ဈာန်များကို "အာရမဏစတုက္ကဈာန်"ဟု ခေါ်သည်၊ ၁၆ ပါးပင် အပြားရှိ၏။

**နီသယ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော) ၊ပေ၊ ပီတိသုခံ–သော၊ ပရိတ္တံ–နည်းသောအာနုဘော်ရှိသော၊ ပရိတ္တာရမဏံ–ကျဉ်းငယ်သောအာရုံရှိသော၊ ပထဝီကသိဏံ–သော၊ပေ၊ပရိတ္တံ–သော၊ အပ္ပမာဏာရမဏံ–တိုးပွားသော(ပမာဏ)အတိုင်းအရှည်ရှိသော အာရုံရှိသော၊ ၊ပေ၊ အပ္ပမာဏံ–တိုးပွားသော(အာနုဘော်)အတိုင်းအရှည်ရှိသော၊ အပ္ပမာဏာရမဏံ–တိုးပွားသော(ပမာဏ)အတိုင်းအရှည်ရှိသောအာရုံရှိသော၊ ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ [ပဋ္ဌမဈာန်၌ ၄ မျိုးပြားသကဲ့သို့ အထက်ဈာန်များလည်း ၄ မျိုးစီ ပြားသည်။]

**အာရမဏပဋိပဒါမိဿက**။ ။ပြအပ်ခဲ့သော အာရုံ ၄ ပါးနှင့် ပဋိပဒါ ၄ ပါးကို ရော၍ ဟောတော်မူအပ်သော ဈာန်များကို "အာရမဏပဋိပဒါမိဿကဈာန်" ဟု ခေါ်သည်၊ ထို့ကြောင့် ပဋိပဒါ ၄ ပါးကို မူတည်၍ အာရုံ ၄ ပါးဖြင့် မြှောက်လျှင် ပဌမဈာန်၌ ၁၆ ပါးသော ဟောပုံဟောနည်း ဖြစ်၏၊ ထို့ကြောင့် ဤဒေသနာကို "သောဠသက္ခတ္တုကနယ"ဟု ခေါ်သည်။

---

**ပရိတ္တံ ပရိတ္တာရမဏံ**။ ။ယံ အပ္ပဂုဏံ ဟောတိ၊ ဥပရိဈာနဿ ပစ္စယော ဘဝိတုံ န သက္ကောတိ၊ ဣဒံ ပရိတ္တံ နာမ (အထက်ဈာန်အား ကျေးဇူးပြုနိုင်လောက်အောင် မပွားစေအပ်သောကြောင့် နည်းသောအာနုဘော်ရှိသော ဈာန်သည် ပရိတ္တဈာန်မည်၏၊) ယံ ပန အဝဍ္ဎိတေ သုပ္ပမတ္တေ ဝါ သရာဝမတ္တေ ဝါ အာရမဏေ ပဝတ္တံ၊ တံ ပရိတ္တံ+အာရမဏံ အဿာတိ ပရိတ္တာရမဏံ–ကျဉ်းငယ်သောအာရုံရှိသောဈာန်။

**အပ္ပမာဏံ အပ္ပမာဏာရမဏံ**။ ။ယံ ပဂုဏံ သုဘာဝိတံ၊ ဥပရိဈာနဿ ပစ္စယော ဘဝိတုံ သက္ကောတိ၊ ဣဒံ အပ္ပမာဏံနာမ(တိုးပွားသောအာနုဘော်ပမာဏရှိသောဈာန်မည်၏၊ အ,သဒ္ဒါသည် ဝဍ္ဎိတအနက်ဟော၊) ယံ ဝိပုလေ အာရမဏေ ပဝတ္တံ၊ တံ ဝုဍ္ဎိပ္ပမာဏတ္တာ အပ္ပမာဏံ(တိုးပွားသော ပမာဏအတိုင်းအရှည်ရှိသော အာရုံရှိသောဈာန်မည်၏၊) [အပ္ပမာဏံ၌"ပမာဏ"ဟူသည် တိုးပွားသောအာနုဘော်ပမာဏတည်း၊ အပ္ပမာဏာရမဏံ၌"ပမာဏ"ဟူသည် အာရုံ၏ တိုးပွားကြီးမားသော ပမာဏတည်း။]

**ကသိုဏ်းရှစ်ပါး**။ ။ဤပြအပ်ပြီးသော ပါဠိတော်များသည် ပထဝီကသိုဏ်းကို အာရုံပြုသောဈာန်ကို ပြသောပါဠိတော်များတည်း၊ အာပေါစသော ကသိုဏ်းတို့၌လည်း ဤအတိုင်းပင် ဖြစ်သည်၊ ဤ ပါဠိတော်၌ ကသိုဏ်း ၈ ပါးသာ လာ၏၊ အာကာသ

**ဟောတော်မူပုံ**။ ။“ဒုက္ခပ္ပဋိပဒံ ဒန္ဓာဘိညံ ပရိတ္တံ ပရိတ္တာရမဏ ပထဝီ ကသိဏံ”စသည်ဖြင့် ပါဠိတော်ကြည့်၍ သိပါ၊ အနက်ပေးပုံလည်း ရှေးအတိုင်းတည်း။

## အဘိဘာယတနစျာန်

**ပရိတ္တအဘိဘာယတန**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော)ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ-ဖြစ်စေ၏၊ အဇ္ဈတ္တံ-မိမိသန္တာန်၌၊ အရူပသညီ-ကသိုဏ်းရုပ်၌ဖြစ်သော ပရိကမ်သညာရှိသူမဟုတ်သည်၊ (ဟုတွာ-၍၊) ဗဟိဒ္ဓါ-အပသန္တာန်၌၊ ပရိတ္တာနိ-ကျဉ်းငယ်ကုန်သော၊ ရူပါနိ-ကသိုဏ်းရုပ်တို့ကို၊ [ကသိုဏ်း ၈ ပါးရှိသောကြောင့် “ရူပါနိ”ဟု ဗဟုဝုစ်ဆိုသည်။] ပဿတိ-ရှု၏၊ တာနိ-ထိုကသိုဏ်းရုပ်တို့ကို၊ အဘိဘုယျ-လွှမ်းမိုး၍၊ (သမာပဇ္ဇတိ-ကောင်းစွာရောက်၏၊ ဝါ-ဈာန်ရ၏။) ဇာနာမိ-ငါသိ၏၊ ပဿာမိ-ငါမြင်၏၊ ဣတိ-ဤသို့ နှလုံးသွင်းမှုအာဘောဂဖြစ်၏၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊ပဌမံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ [ဒုတိယဈာန်မှစ၍ စတုက္ကနည်း, ပဉ္စကနည်းကုန်အောင် ဤအတိုင်းသာတည်း။]

---

ကသိုဏ်းနှင့် အာလောကကသိုဏ်းမပါ၊ အာကာသကသိုဏ်းကို ဟောတော်မမူခြင်း၏ အကြောင်းကို အဋ္ဌကထာ၌ ရှုပါ၊ အာလောကကသိုဏ်းကိုကား အရောင်အလင်းချင်း တူသောကြောင့် တိုက်ရိုက်ဟောတော်မူအပ်ပြီးသော ဩဒါတကသိုဏ်း၌ သွင်းယူကြ၏၊ [ဩဒါတကသိဏေ ပန အာလောကကသိဏံ, အာကာသကသိဏေ စ(ပဌမာရုပ္ပဝိညာဉ်၏အာရုံဖြစ်သော ကသိဏုဂ္ဃာဋိမာကာသဟု ခေါ်အပ်သော အာကာသကသိုဏ်း၌လည်း) ပရိစ္ဆိန္နာကာသကသိဏံ အန္တောဂဓံ ကတွာ ဒေသနာ ကတာ၊-ဝိသုဒ္ဓိမဂ် မဟာဋီကာ, သေသကသိဏကထာအဖွင့်။]

---

**အဘိဘာယတန**။ ။[အဘိဘု+အာယတန၊] ယောဂီပုဂ္ဂိုလ်သည် ဉာဏ်ထက်၏၊ ကသိုဏ်းအာရုံက ကျဉ်းငယ်သောပရိတ္တ ဖြစ်၏၊ (ဝမ်းမီးကောင်းနေသူသည် ထမင်းတစ်ဇွန်းတစ်ယောင်းမလောက်ကို မစားလောက်ဟု ယူဆသကဲ့သို့) “ဤပရိတ္တအာရုံ၌ စိတ်တည်ငြိမ်စွာ သမာဓိရအောင်ပြုဖို့ ငါ့မှာ ဝန်မလေး”ဟု ယူဆ၍ အာရုံကို လွှမ်းမိုးကာ ဈာန်ရ၏၊ ကသိုဏ်းအာရုံက တိုးပွားသောအပ္ပမာဏဖြစ်လျှင်လည်း ဉာဏ်က ထက်မြက်လှသောကြောင့်(အစားကြီးသူသည် ထမင်းတစ်ပွဲစာကို များသည်ဟု မထင်သကဲ့သို့ ထိုကျယ်ဝန်းသော အပ္ပမာဏအာရုံကိုလည်း “ဤအာရုံ၌ စိတ် တည်ကြည်ဖို့ရန် ငါ့မှာ တာဝန်မလေးပါ”ဟု ယူဆ၍ အာရုံကို လွှမ်းမိုးကာ ဈာန်ရ၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်၏ဈာန်ကို “အဘိဘာယတနဈာန်”ဟုခေါ်သည်၊ ဝစနတ္ထကို ဋီကာ၌ကြည့်ပါ။

**ဇာနာမိ ပဿာမိ**။ ။ဤစကားသည် ထို ဈာန်ရသောပုဂ္ဂိုလ်၏ ပုဗ္ဗာဘောဂ (ရှေးအဖို့၌ နှလုံးသွင်းမှုကို ပြသောစကားတည်း၊) ထို့ကြောင့် “ဣတိ-ဤသို့ နှလုံးသွင်းမှု အာဘောဂဖြစ်၏”ဟု အနက်ပေးပါသည်။

**ပဋိပဒါစတုက္က**။ ။ဒုက္ခပ္ပဋိပဒါ စသော ပဋိပဒါ ၄ ပါးသွင်း၍လည်း ဤနည်းအတိုင်း ဈာန် ၉ ပါး ဖြစ်ပြန်၏။

**အာရမ္မဏဒုက**။ ။အာရုံ၌ကား "ပရိတ္တာနိ"ဟု မှတည်ခဲ့သောကြောင့် "ပရိတ္တံ ပရိတ္တာရမ္မဏံ, အပ္ပမာဏံ ပရိတ္တာရမ္မဏံ"ဟု ဈာန်တစ်ပါးလျှင် အာရုံ ၂ ပါးသာရ၏၊ အနက်ပေးပုံမှာ ရှေ့အတိုင်းပင်တည်း။

**အဋ္ဌကနွတ္တုကံ**။ ။ပဋိပဒါ ၄ ပါးကို မှတည်လျက် အာရုံ ၂ ပါးဖြင့် မြှောက်ပွား၍ ဟောတော်မူအပ်သော ဈာန် ၈ ပါးအပေါင်းကို "အဋ္ဌကနွတ္တုကဈာန်"ဟုခေါ်၏၊ "အဋ္ဌကနွတ္တုကံ–ရှစ်ကြိမ်ရှိသောဈာန်အပေါင်းသည်၊ နိဋ္ဌိတံ–ပြီ"ဟု ပေးပါ။

**သုဝဏ္ဏ ဒုဗ္ဗဏ္ဏ**။ ။ဤနည်း၌ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ–ကောင်းသောအဆင်းရှိကုန်, မကောင်းသောအဆင်းရှိကုန်သော"ဟူသော ပုဒ်သာပို၏၊ ဤအဘိဘာယတန၌ ပါဠိတော်ဝယ် သုဒ္ဓိကနဝက(ပဋိပဒါ စသည်တို့နှင့်မရောသော ဈာန် ၉ ပါးသာ) စာအုပ်တို့၌ တိုက်ရိုက်လာ၏၊ သို့သော် "ဝေမေတ္တ ကေကသ္မိံ အဘိဘာယတနေ ကော သုဒ္ဓိကနဝကော, စတ္တာရော ပဋိပဒါနဝကာ, ဒွေ အာရမ္မဏနဝကာ, အာရမ္မဏပဋိပဒါမိဿကေ အဋ္ဌနဝကာတိ ပန္နရသနဝကာတိ"ဟု ဆိုသောကြောင့် ပဋိပဒါနဝကစသည်တို့ကိုလည်း ပေယျာလမြှုပ်ထားသည်ဟု မှတ်ပါ၊ ထိုတွင် နောက်ဆုံးဖြစ်သော အဋ္ဌကနွတ္တုက၌ "ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ၊ အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ ပရိတ္တာနိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ, တာနိ အဘိဘုယျ ဇာနာမိ ပဿာမီတိ ဝိဝိစ္စေဝ၊ပေ၊ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ဒုက္ခပ္ပဋိပဒံ ဒန္ဓာဘိညံ ပရိတ္တံ ပရိတ္တာရမ္မဏံ၊ တသ္မိံ သမယေ၊ပေ၊ကုသလာ"ဟု ပေယျာလကို ဖော်ပါ၊ ပဋိပဒါ ၄ ပါးကို မှတည်, အာရုံ ၂ ပါးဖြင့် မြှောက်၍ အဋ္ဌကနွတ္တုကဈာန် ဖြစ်သည်၊ "အဋ္ဌကနွတ္တုကံ–သော၊ ကုဒံမွိ–ဤဈာန်အပေါင်းသည်လည်း၊ နိဋ္ဌိတံ–ပြီ။

**အပ္ပမာဏအဘိဘာယတန**။ ။"ဗဟိဒ္ဓါ ရူပါနိ ပဿတိ အပ္ပမာဏာနိ (တိုးပွားသောပမာဏအတိုင်းအရှည် ရှိကုန်သော၊) တာနိ အဘိဘုယျ"စသည်ဖြင့် "ပရိတ္တာနိ" နေရာဝယ်"အပ္ပမာနိ"ဟု လဲလှယ်ရခြင်းသာ ထူး၏၊ ဤအပ္ပမာဏအဘိဘာယတန၌လည်း ပရိတ္တအဘိဘာယတနကဲ့သို့ ပန္နရသနဝကပင်တည်း၊ အာရမ္မဏဒုက၌ "ပရိတ္တံ အပ္ပမာဏာရမ္မဏံ, အပ္ပမာဏံ အပ္ပမာဏာရမ္မဏံ"ဟု ဒုကဖြစ်ပုံကို သိပါ၊ အပ္ပမာဏအာရုံဖြစ်သောကြောင့် "ပရိတ္တာရမ္မဏ"ဟု မပါရတော့။

**အဘိဘာယတန ၄ ပါး**။ ။အဋ္ဌကထာ၌ "စတူသုပိ အဘိဘာယတနေသု"ဟု ဆိုသောကြောင့် ဤတိုင်အောင် အဘိဘာယတန ၄ ပါးကို ပြပြီးဟု သိပါ၊ ၄ ပါးကား– "ပရိတ္တာနိ တာနိ အဘိဘုယျ"ဟု ပရိတ္တာနိသဒ္ဒါပါသော အဘိဘာယတန ၁, ပရိတ္တာနိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ ဟု ပါသော ပရိတ္တသုဝဏ္ဏဒုဗ္ဗဏ္ဏအဘိဘာယတန ၁, အပ္ပမာဏာနိ ဟု ပါသော အဘိဘာယတန ၁, အပ္ပမာဏာနိသုဝဏ္ဏဒုဗ္ဗဏ္ဏာနိ ဟုပါသော အဘိဘာယတန ၁, ဤ ၄ ပါးတည်း။

**ပဉ္စမအဘိဘာယတန စသည်**။ ။ရှေ့၌ အဘိဘာယတန ၄ ပါးကို ပြခဲ့ပြီ၊ နီလာနိ စသည်ဖြင့် ဟောတော်မူအပ်သော နီလအဘိဘာယတနဈာန်ကို ပဉ္စမအဘိဘာယတန ဟု ခေါ်ထား၏၊ ထို့အတူ ပီတအဘိဘာယတနဈာန်ကို ဆဋ္ဌ, လောဟိတအဘိဘာယတနဈာန်ကို သတ္တမ, ဩဒါတအဘိဘာယတနဈာန်ကို အဋ္ဌမဟု သိပါ။

**နီလာယ**။ ။ယသ္မိံ၊ပေ၊ဗဟိဒ္ဓါ–၌၊ နီလာနိ–အလုံးစုံညိုကုန်သော၊ [အဆင်းအားဖြင့်လည်း ညို၊ အမြင်အားဖြင့်လည်း ညို၊ အရောင်အားဖြင့်လည်း ညိုသောအားဖြင့် အလုံးစုံညိုကုန်သော–ဟူလို၊] နီလဝဏ္ဏာနိ–ညိုသောအဆင်းရှိကုန်သော၊ နီလနိဒဿနာနိ–တစ်ခဲနက်ညိုကုန်သည်ဖြစ်၍ ရှုမြင်အပ်ကုန်သော၊ နီလနိဘာသာနိ–ညိုသောအရောင်ရှိကုန်သော၊ ရူပါနိ–ကသိုဏ်းရုပ်တို့ကို၊ ပဿတိ–ရှု၏၊ တာနိ–ထိုကသိုဏ်းရုပ်တို့ကို၊ အဘိဘုယျ–လွှမ်းမိုး၍၊ (သမာပဇ္ဇတိ–ကောင်းစွာရောက်၏၊ ဇာနာမိ–ငါသိ၏၊ ပဿာမိ–ငါမြင်၏၊ ဣတိ–ဤသို့ နှလုံးသွင်းမှုအာဘောဂဖြစ်၏၊ ကာမေဟိ၊ပေ၊ဝိဟရတိ၊ တသ္မိံ သမယေ–နီလအဘိဘာယတနပဉ္စမဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ပေ၊ ဣမေ ဓမ္မာ ကုသလာ။

**နောက် ၃ ပါး**။ ။ပီတာနိ–အလုံးစုံ ရွှေကုန်သော၊ပေ၊လောဟိတာနိ–အလုံးစုံ နီကုန်သော၊ပေ၊ဩဒါတာနိ–အလုံးစုံ ဖြူကုန်သော၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ ဣမာနိပိ အဘိဘာယတနာနိ–ဤအဘိဘာယတနတို့သည်လည်း၊ သောဠသက္ခတ္တုကာနိ–၁၆ ကြိမ် ရှိကုန်၏။

**အဘိဘာယတနဈာန်ပြီး၏။**

## ဝိမောက္ခဈာန်

**၁။ ရူပီ ရူပါနိ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော)၊ပေ၊ဘာဝေတိ၊ ရူပီ–အဇ္ဈတ္တကေသ စသည်တို့၌ ဖြစ်စေအပ်သော ရူပဈာန်ရှိသည်၊ (ဟုတ္ဝာ)၊ ရူပါနိ–ဗဟိဒ္ဓ၌လည်း ကသိုဏ်းရုပ်တို့ကို၊ ပဿတိ–ဈာန်စက္ခုဖြင့် ကြည့်ရှု၏၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊ဝိဟရတိ၊ တသ္မိံ သမယေ–၌၊ ဝါ–အဇ္ဈတ္တရူပဈာန်ကို ရပြီး၍ ဗဟိဒ္ဓ၌လည်း ကသိုဏ်းရုပ်တို့ကို ရှုလျက်နေရာ ထိုအခါ၌၊ပေ၊ဣမေ ဓမ္မာ ကုသလာ။

---

**ဣမာနိပိ သောဠသက္ခတ္တုကာနိ**။ ။ဤသို့ ပါဠိတော်၌ရှိသောကြောင့်လည်းကောင်း, "ဧကေကသ္မိံ အဘိဘာယတနေ ပဉ္စဝီသတိ ပဉ္စဝီသတိ နဝကာ ဝေဒိတဗ္ဗာ"ဟု အဋ္ဌကထာရှိသောကြောင့်လည်းကောင်း, နီလအဘိဘာယတနဈာန်၌ သုဒ္ဓိကနဝက ၁, ပဋိပဒါစတုက္က ၄,အာရမ္မဏစတုက္က ၄၊[ဤအဘိဘာယတနဈာန်၌ "ပရိတ္တာနိ"ဟုလည်းကောင်း,"အပ္ပမာဏာနိ"ဟုလည်းကောင်း ဟောတော်မမူသောကြောင့် အာရုံ ၄ ပါးလုံး ရနိုင်သည်၊] အာရမ္မဏပဋိပဒါမိဿက ၁၆၊ [ပဋိပဒါ ၄ ပါးကို မှတည်၍ အာရုံ ၄ ပါးဖြင့် မြှောက်အပ်သော ဈာန်များတည်း၊] အာလုံးပေါင်းလျှင် နီလအဘိဘာယတနဈာန် ၂၅ ဖြစ်၏၊ ထိုတွင် ရှေးရှေးဈာန်များကို ပယ်ချလမ့်ပြီးလျှင် နောက်ဆုံး အာရမ္မဏပဋိပဒါမိဿကကို "ဣမာနိပိ သောဠသက္ခတ္တုကာနိ"ဟု မိန့်သည်၊ ပီဖြင့် ပထဝီကသိဏဈာန်ကို ပေါင်းပါ။

**၂။ အရူပသညီ ရူပါနိ**။ ။ကတမေ ဓမ္မာ ကုသလေ၊ ယသ္မိံ သမယေ (ယောဂါဝစရော)၊ပေ၊ဘာဝေတိ၊ အဇ္ဈတ္တံ–မိမိသန္တာန်၌၊ အရူပသညီ–ကသိုဏ်းရုပ်၌ဖြစ်သော ပရိကမ်သညာရှိသူ မဟုတ်သည်၊ (ဟုတ္វာ) ဗဟိဒ္ဓါ–၌၊ ရူပါနိ–ကသိုဏ်းရုပ်တို့ကို၊ ပဿတိ–ဈာန်စက္ခုဖြင့် ကြည့်ရှု၏၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊ဝိဟာရတိ၊ တသ္မိံ သမယေ–၌၊ ဝါ–အဇ္ဈတ္တ၌ အရူပသညီဖြစ်၍ ဗဟိဒ္ဓ၌ ကသိုဏ်းရုပ်တို့ကို ရှုလျက်နေရာ ထိုအခါ၌၊ပေ၊ဣမေ ဓမ္မ ကုသလာ။

**၃။ သုဘန္တိ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော)၊ပေ၊ဘာဝေန္တိ၊ သုဘန္တိ–သုဘဟူ၍၊ ဝါ–တင့်တယ်၏ဟူ၍၊ အဓိမုတ္တော–လွတ်လွတ်ကျွတ်ကျွတ် သက်ဝင်၍၊ ဝါ–နှလုံးသွင်း၍၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊ဝိဟာရတိ၊ တသ္မိံ သမယေ–၌၊ ဝါ–သုဘဟု နှလုံးသွင်းလျက် ဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊...တိဏ်– ၃ ပါးကုန်သော၊ ဣမာနိပိ ဝိမောက္ခာနိ–တို့သည်လည်း၊ သောဠသက္ခတ္တုကာနိ–ကုန်၏။

**ဝိမောက္ခဈာန်များပြီး၏။**

**ဗြဟ္မဝိဟာရဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ၊ပေ၊ ဘာဝေတိ၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊မေတ္တာသဟဂတံ–မေတ္တာနှင့်တကွဖြစ်သော၊ ပဌမံ–သော၊ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာရတိ၊ တသ္မိံ သမယေ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ပေ၊ဒုတိယံ ဈာနံ၊ပေ၊တတိယံ ဈာနံ။ [စတုက္ကနည်းဝယ် ဤ ၃ ဈာန်သာ မေတ္တာယှဉ်နိုင်၏၊ ပဥ္စကနည်းဝယ် စတုတ္ထဈာန်တိုင်အောင် ယှဉ်နိုင်၏၊ ကရုဏာ, မုဒိတာတို့၌လည်း နည်းတူ၊ ဥပေက္ခာကား စတုက္ကနည်းဝယ် စတုတ္ထဈာန်, ပဥ္စကနည်းဝယ် ပဥ္စမဈာန်၌သာ ယှဉ်နိုင်သည်၊ ဥပေက္ခာဟူသည် ဥပေက္ခာဝေဒနာ မဟုတ်, တတြမဇ္ဈတ္တုပေက္ခာစေတသိက်တည်း။]...စတ္တာရိ–န်သော၊ ဗြဟ္မဝိဟာရဈာနာနိ–ဗြဟ္မဝိဟာရဈာန်တို့သည်၊

---

**သုဘန္တိ**။ ။"သုဘန္တိ အာဘောဂေါ"ဟုလည်းကောင်း,"သုဘန္တေဝ အဓိမုတ္တော"ဟုလည်းကောင်း အဋ္ဌကထာဆိုသောကြောင့်"သုဘန္တိ"သည် နှလုံးသွင်းပုံ အခြင်းအရာကို ပြသော အာကာရစကားဟု သိသာ၏၊ ထို့ကြောင့် "အဓိမုတ္တော"ဟု ထည့်သည်၊ အဘိဘာယတန၌ ဇာနာမိ ပဿာမိဟု အာဘောဂပြုသကဲ့သို့ ဤဝိမောက္ခ၌ သုဘန္တိဟု နှလုံးသွင်းမှု အာဘောဂပြုသည်–ဟုလို၊ ဝိမောက္ခမည်ပုံကို အဋ္ဌကထာ၌ ရှုပါ။

**ဣမာနိပိ၊ပေ၊ကခတ္တုကာနိ**။ ။ပါဠိတော်၌ ပဋိပဒါစတုက္က, အာရမ္မဏစတုက္ကတို့ကို ချုံး၍ အဆုံးအာရမ္မဏပဋိပဒါမိဿကနယကို "ဣမာနိပိ၊ပေ၊သောဠသက္ခတ္တုကာနိ" ဟု မိန့်သည်၊ ပိဖြင့် အဘိဘာယတနတို့ကို ပေါင်း၏၊ ထို့ကြောင့် ဝိမောက္ခတစ်ပါး တစ်ပါးလျှင် ၁၆ ကြိမ်စီ ပြားပုံကို အဘိဘာယတနအတိုင်း သိပါ။

သောဠသကမ္မဋ္ဌာနကာနိ–တစ်ဆယ့်ခြောက်ကြိမ် ရှိကုန်၏၊ [ပဋိပဒါ အာရမဏ စတုက္ကချာန်များကိုလည်း ရကောင်း၏၊ ထို ၂ ပါးအပြင် အာရမဏပဋိပဒါ မိဿကကို ရည်ရွယ်၍ "သောဠသကမ္မဋ္ဌာနက"ဟု ဆိုသည်။]

**ဗြဟ္မဝိဟာရဈာန်ပြီး၏။**

**အသုဘဈာန်။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ ပေ၊ ဘာဝေတိ၊ ကာမေဟိ ဝိဝိစ္စေဝ၊ ပေ၊ ဥဒ္ဓုမာတကသညာသဟဂတံ–ဥဒ္ဓုမာတကပဋိဘာဂနိမိတ်၌ အပ္ပနာ၏အစွမ်းဖြင့်ဖြစ်သော သညာနှင့်တကွဖြစ်သော၊ ဝါ–သေသည်မှ အထက်၂ ရက် ၃ ရက်ကူးသဖြင့် ဖူးဖူးရောင်ပုပ်, စက်ဆုပ်ဖွယ်ရာ မသာလောင်း ဟူသော ပဋိဘာဂနိမိတ်၌ အပ္ပနာ၏အစွမ်းဖြင့်ဖြစ်သော သညာနှင့်တကွ ဖြစ်သော၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဣမေ ဓမ္မာ ကုသလာ။...[ဝိနီလက သညာသဟဂတံ စသည်တို့၌လည်း နည်းတူ၊ အနက်အကျယ်ကို အခြေပြု ကမ္မဋ္ဌာန်းပိုင်း၌ ရှုပါ၊ ဤအသုဘကို အာရုံပြု၍ ပဌမဈာန်သာ ရနိုင်၏။]

အသုဘဈာနံ–အသုဘဈာန်သည်၊ သောဠသကမ္မဋ္ဌာနကံ–တစ်ဆယ့်ခြောက် ကြိမ် ရှိ၏၊ ["သောဠသကမ္မဋ္ဌာနက"ဟု လာသမျှ၌ ပဋိပဒါ ၄ ပါးနှင့် အာရုံ ၄ ပါးကို ရောနှော၍ မြှောက်ပွားရ၏၊ ထို့ကြောင့် မရောဘဲ ပဋိပဒါစတုက္ကဈာန်, အာရမဏစတုက္ကဈာန်များလည်း ရနိုင်သည်ချည်း မှတ်ပါ။]

---

**ကြွင်းအာရုံများ သွင်းယူပုံ။** ။ရူပါဝစရဈာန်ရဖို့ရန် "ကသိုဏ်းဆယ်ဝ, အသုဘနှင့်, ကာယဂတာ, အာနာပါန, လေးဝဗြဟ္မစိုရ်, ကျမ်းဆိုလေ့ဉာဏ်ညီ, ဆဗ္ဗီသတိ, ပညတ္တိ တည်း"ဟူသည်နှင့်အညီ အာရုံကမ္မဋ္ဌာန်း ၂၆ ပါးရှိသော်လည်း ဤ ပါဠိတော်၌ ကသိုဏ်း ၈ ပါး, ဗြဟ္မဝိဟာရ ၄ ပါး, အသုဘ ၁၀ ပါး၊ ဤ ၂၂ ပါးတို့ကိုသာ တိုက်ရိုက်ပြတော်မူ၏၊ အာကာသ, အာလောကကသိုဏ်း ၂ ပါးနှင့် ကာယဂတာသတိ, အာနာပါနသတိ၏ အာရုံများ ကျန်သေး၏၊ ထိုတွင် အာကာသကသိုဏ်းနှင့် အာလောကကသိုဏ်းကို သွင်းယူရပုံကို ရှေ့၌ ပြခဲ့ပြီ၊ ဝါယောကသိဏဈာန်ကို ယူလိုက်လျှင် ထွက်သက်ဝင်သက်လေကို အာရုံပြုသော အာနာပါနဈာန်ကိုလည်း ယူအပ်ပြီး ဖြစ်တော့၏၊ နီလ, ပီတ, လောဟိတ, ဩဒါတဟူသော ဝဏ္ဏကသိုဏ်း ၄ ပါးကို ယူလိုက်လျှင် ဆံပင်အစရှိသည်တို့၌ဖြစ်သော ကာယဂတာသတိကိုလည်း ကောင်း, အသုဘ ၁၀ ပါးကို ယူလိုက်လျှင် ဒွတ္တိံသာကာရ၌ ပဋိကူလမနသိကာရ အစွမ်းဖြင့်ဖြစ်သော ကာယဂတာသတိကိုလည်းကောင်း ယူအပ်ပြီး ဖြစ်တော့၏– ဟု အဋ္ဌကထာ၌ ဆိုသည်၊ နဝသိဝထိကဝဏ္ဏဈာန အဓိပ္ပာယ်ကို ရူပါဝစရကုသိုလ်ဈာန် အဆုံး ဘာသာဋီကာ၌ ရှုပါ။

**ရူပါဝစရကုသိုလ်ဈာန်အာလုံးပြီးပြီ။**

## အရူပါဝစရကုသိုလ်ဈာန်

**အာကာသာနဉ္စာယတနဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော) အရူပူပပတ္တိယာ–အရူပဘဝ၌ ဖြစ်ခြင်းငှာ၊ ဝါ–၏၊ မဂ္ဂံ–အကြောင်းဖြစ်သောဈာန်ကို၊ ဘာဝေတိ–ဖြစ်စေ၏၊ ဝါ–တိုးပွားစေ၏၊ သဗ္ဗသော–အလုံးစုံသောအခြင်းအရာအားဖြင့်၊ ("သမတိက္ကမာ" စသည်၌စပ်၊) ဝါ–ကြွင်းမဲ့ဥဿုံ, အလုံးစုံကုန်သော၊("ရူပသညာနံ" စသည်၌စပ်၊) ရူပသညာနံ–ရူပသညာတို့ကို၊ ဝါ–ရူပဈာန်၌ဖြစ်သောသညာ, ကသိုဏ်းရုပ်အမည်ရှိသော အာရုံတို့ကို၊ သမတိက္ကမာ–လွန်မြောက်ခြင်းကြောင့်လည်းကောင်း၊ ပဋိဃသညာနံ–ပဋိဃသညာတို့၏၊ ဝါ–ပဉ္စဝတ္ထု, ပဉ္စာရုံတို့၏ ထိခိုက်ခြင်းကြောင့် ဖြစ်သော ဒွေပဉ္စဝိညာဉ်သညာတို့၏၊ အတ္ထင်္ဂမာ–ချုပ်မှုသို့ရောက်ခြင်းကြောင့် လည်းကောင်း၊ နာနတ္တသညာနံ–အထူးထူးသော သဘောရှိသော အာရုံ၌ ဖြစ်ကြသောသညာတို့ကို၊ ဝါ–အထူးထူးသော သဘောရှိသော သညာတို့ကို၊ အမနသိကာရာ–စိတ်၌မပြုခြင်းကြောင့်လည်းကောင်း၊ ဝါ–နှလုံးမသွင်းခြင်း ကြောင့်လည်းကောင်း၊ အာကာသာနဉ္စာယတနသညာသဟဂတံ–အာကာသာနဉ္စာယတနသညာနှင့်တကွဖြစ်သော၊ ဝါ–ဥပါဒ်ဘင်ဟူသော အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်ဟူသော တည်ရာအာရုံ၌ အပ္ပနာသို့ရောက်သော သညာနှင့်တကွဖြစ်သော၊ ပုဗ္ဗေဝ–၌ပင်၊ သုခဿ–ကို၊ ပဟာနာ စ–ပယ်ခြင်း ကြောင့်လည်းကောင်း၊ပေ၊ ဥပေက္ခာသဟဂတံ–ဥပေက္ခာသဟဂုတ်ဖြစ်သော၊ စတုတ္ထဇ္ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တသ္မိံ သမယေ–အာကာသာနဉ္စာယတန သညာသဟဂုတ်ဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ ဖဿော ဟောတိ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ။

---

**သဗ္ဗသော**။ ။သဗ္ဗကာရေန၊ သဗ္ဗာသံ ဝါ အနဝသေသာနံတိ အတ္ထော၊ ဤပုဒ်ကို "ပဋိဃသညာနံ အတ္ထင်္ဂမာ နာနတ္တသညာနံ အမနသိကာရာ" ၌လည်း လိုက်စေရသည်။

**ရူပသညာနံ**။ ။ရူပသညာနန္တိ သညာသီသေန ဝုတ္တ ရူပါဝစရဈာနာနံ စေဝ တဒါရမဏာနဉ္စ–"ရူပသညာနံ သမတိက္ကမာ" ဟူသော ဤပါဌ်ဖြင့် အာကာသာနဉ္စာ ယတနဈာန်ကို ဝင်စားခိုက်၌ ရူပါဝစရဈာန်တို့ကိုလည်းကောင်း, ထိုဈာန်၏ အာရုံဖြစ် သော ကသိုဏ်းရုပ်တို့ကိုလည်းကောင်း လွန်မြောက်ပြီးဖြစ်သည်ဟု ပြသည်။

**ပဋိဃသညာနံ**။ ။စက္ခာဒီနံ ဝတ္ထူနံ ရူပါဒီနံ အာရမဏာနဉ္စ ပဋိဃာတေန သမုပ္ပန္နာ သညာ ပဋိဃသညာ၊ "စက္ခုစသော ပဉ္စဝတ္ထု, ရူပါရုံစသော ပဉ္စာရုံတို့၏ ထိခိုက်မှုကြောင့်ဖြစ်သော သညာတို့" ဟူသည် ဒွေပဉ္စဝိညာဉ်တစ်ဆယ်၌ ယှဉ်သော သညာတို့တည်း၊ "အာကာသာနဉ္စာယတနဈာန်ကို ဝင်စားခိုက်၌ ပဉ္စဒွါရဝိထိ မဖြစ်နိုင်သောကြောင့် ထို ဒွေပဉ္စဝိညာဉ်သညာများ ချုပ်နေကြသည်" ဟုလို၊

**ဝိညာဏဉ္စာယတနဈာန်။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ၊ပေ၊ ဘာဝေတိ၊ သဗ္ဗသော–အားဖြင့်၊ ဝါ–ကြွင်းမဲ့ဥဿုံ, အလုံးစုံသော၊ အာကာသာနဉ္စာယတနံ–အာကာသာနဉ္စဟူသော တည်ရာအာရုံရှိသောဈာန်, အာကာသာနဉ္စဟူသော တည်ရာအာရုံဖြစ်သော ကောင်းကင်ပညတ်ကို၊ သမတိက္ကမ္မ–လွန်မြောက်၍၊ ဝိညာဏဉ္စာယတနသညာသဟဂတံ–ဝိညာဏဉ္စာယတနသညာနှင့်တကွဖြစ်သော၊ ဝါ–ဥပါဒ် ဘင်ဟူသော အပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဉ်ဟူသော တည်ရာအာရုံ၌ အပ္ပနာသို့ရောက်သော သညာနှင့်တကွဖြစ်သော၊ ပုဗ္ဗေဝ၊ပေ၊ဥပေက္ခာသဟဂတံ–သော၊ စတုတ္ထံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တသ္မိံ သမယေ–ဝိညာဏဉ္စာယတနသညာသဟဂုတ် ဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ ပေ၊ ဣမေ ဓမ္မာ ကုသလာ။

---

**နာနတ္တသညာနံ။** ။နာနတ္တေ ဂေါစရေ ပဝတ္တာနံ သညာနံ၊ နာနတ္တာနံ ဝါ သညာနံ၊ ဤအဖွင့်၌ "အထူးထူးသော သဘောရှိသောအာရုံ"ဟူသည် ရူပသညာကဲ့သို့ ကသိုဏ်းစသော အာရုံတစ်မျိုးစီသာမကသော, ဒွေပဉ္စဝိညာဉ်သညာကဲ့သို့ ရူပါရုံစသော အာရုံတစ်မျိုးစီသာလည်းမကသော, ရူပသဒ္ဒစသော အမျိုးမျိုးသော အာရုံတည်း၊ "ထိုအာရုံအမျိုးမျိုးရှိသော သညာ"ဟူသည် ဒွေပဉ္စဝိညာဉ်မှတစ်ပါး ၄၄ ပါးသော ကာမာဝစရကုသိုလ် အကုသိုလ် ကာမာဝစရကြိယာစိတ်တို့၌ ယှဉ်သောသညာများတည်း၊ "အာကာသာနဉ္စာယတနဈာန်ကို ဝင်စားခိုက်၌ ထိုသညာများကိုလည်း နှလုံးမသွင်းတော့"ဟူလို။

**သုခဿ၊ပေ၊သဟဂတံ။** ။အာကာသာနဉ္စာယတနသညာသဟဂတ(ပဌမာရုပ္ပ) ဈာန်ဟူသည် ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့် အယှဉ်ချင်းတူသော စတုတ္ထဈာန်ပင်တည်း၊ ထို့ကြောင့် "သုခဿ စ ပဟာနာ"စသည်ဖြင့် ရူပါဝစရစတုတ္ထဈာန်နှင့်အတူ ပြတော်မူသည်။

**အာကာသာနဉ္စာယတနံ။** ။ဇတ္တ တာဝ ပုဗ္ဗေ ဝုတ္တနယေန အာကာသာနဉ္စံ (ဥပါဒ် ဘင်အားဖြင့် အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်ဟူသော)+အာယတနံ (တည်ရာအာရုံသည်) အဿ အဓိဋ္ဌာနဋ္ဌေနာတိ ဈာနံပိ အာကာသာနဉ္စာယတနံ၊ ဝုတ္တနယေနေဝ အာရမ္မဏမ္ပိ။ [အောက်အောက်ဈာန်ကိုလည်းကောင်း, အောက်အောက် ဈာန်၏အာရုံကိုလည်းကောင်း လွန်မြောက်နိုင်မှ အထက်အထက် အရူပဈာန်ကိုရသော ကြောင့် ဈာန်ကိုလည်းကောင်း, ဈာန်၏အာရုံကိုလည်းကောင်း လွန်မြောက်ပုံကို အဋ္ဌကထာ၌ ပြသည်၊ နောက်နောက်ဈာန်များ၌ နှစ်မျိုးလုံးလွန်မြောက်ပုံကိုလည်း နည်းတူသိပါ။]

**ဝိညာဏဉ္စာယတနသညာသဟဂတံ။** ။တဒေဝဝိညာဏဉ္စ (ဥပါဒ် ဘင်အားဖြင့် အပိုင်းအခြားမရှိသော ထိုပဌမာရုပ္ပဝိညာဉ်သည်ပင်)+အဓိဋ္ဌာနဋ္ဌေန ဣမာယ သညာယ အာယတနန္တိ ဝိညာဏဉ္စာယတနံ၊ တသ္မိံ ဝိညာဏဉ္စာယတနေ(ထိုဥပါဒ်ဘင်အားဖြင့် အပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဉ်ဟူသော တည်ရာအာရုံ၌) + ပဝတ္တာယ သညာယ+သဟဂတံတိ ဝိညာဏဉ္စာယတနသညာသဟဂတံ။

**အာကိဉ္စညာယတနဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ။ပေ၊ ဘာဝေတိ၊ သဗ္ဗသော–အားဖြင့်၊ ဝါ–သော၊ ဝိညာဏဉ္စာယတနံ–ဝိညာဏဉ္စဟူသော တည်ရာအာရုံရှိသောဈာန်, ဝိညာဏဉ္စဟူသော တည်ရာအာရုံဖြစ်သော ပဌမာရုပ္ပဝိညာဉ်ကို၊ သမတိက္ကမ္မ–၍၊ အာကိဉ္စညာယတနသညာသဟဂတံ–အာကိဉ္စညာယတနသညာနှင့်တကွဖြစ်သော၊ (ဝါ–နည်းငယ်မျှ မကြွင်းကျန်, ဘင်မျှအကြွင်းမရှိသော ပဌမာရုပ္ပဝိညာဉ်၏ အဖြစ်တည်းဟူသော နတ္ထိဘာဝပညတ်ဟူသော တည်ရာအာရုံ၌ အပ္ပနာသို့ရောက်သော သညာနှင့် တကွဖြစ်သော၊ပေ၊ဝိဟရတိ၊ တသ္မိံ သမယေ–အာကိဉ္စညာယတနသညာသဟဂုတ်ဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ပေ၊ဣမေ ဓမ္မာ ကုသလာ။ [အနက်ပေးပုံမှာ ရှေးအတိုင်းပင်တည်း၊ အဓိပ္ပာယ်ကိုကား အဋ္ဌကထာ နိဿယ၌ ရှုပါ။]

**နေဝသညာနာသညာယတနဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ၊ပေ၊ဘာဝေတိ၊ သဗ္ဗသော–အားဖြင့်၊ ဝါ–သော၊ အာကိဉ္စညာယတနံ–အာကိဉ္စညဟူသော တည်ရာအာရုံရှိသောဈာန်, အာကိဉ္စညဟူသော တည်ရာအာရုံဖြစ်သော နတ္ထိဘာဝပညတ်ကို၊ သမတိက္ကမ္မ–၍၊ နေဝသညာနာသညာယတနသညာသဟဂတံ–နေဝသညာနာသညာယတနနှင့်တကွဖြစ်သော၊ ဝါ–ရုံ့ရင်းသောသညာကား မရှိ, သိမ်မွေ့သောသညာ မရှိသည်မဟုတ်သော မနာယတန ဓမ္မာယတနဟူသော စတုတ္ထာရုပ္ပတရားအပေါင်း၌ ဖြစ်သော သညာနှင့်တကွဖြစ်သော၊ ပုဗ္ဗေဝ၊ပေ၊ဝိဟရတိ၊ တသ္မိံ သမယေ–နေဝသညာနာသညာယတနသဟဂုတ်ဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ပေ၊ဣမေ ဓမ္မာ ကုသလာ။ [အနက်ပေးပုံမှာ ရှေးဈာန်များအတိုင်းပင်တည်း၊ အဓိပ္ပာယ်ကို အဋ္ဌကထာနိဿယ၌ ရှုပါ၊ "ဝါ"ဟု ဆို၍ ပေးအပ်သော အနက်များကို ခက်သည်ဟု ထင်ရလျှင် ချန်လှပ်၍ ပို့ချကြပါ၊ နောင်အခါ နားလည်ပါလိမ့်မည်။]

စတ္တာရိ–ကုန်သော၊ အရူပဈာနာနိ–အရူပဈာန်တို့သည်၊ သောဠသက္ခတ္တုကာနိ–တစ်ဆယ့်ခြောက်ကြိမ်ရှိကုန်၏၊ [နောက်ဆုံးဖြစ်သော အာရမဏပဋိပဒါမိဿကဈာန်တို့ကို ရည်ရွယ်၍ "သောဠသက္ခတ္တုက"ဟု ဆိုသည်၊ မိဿက မဟုတ်ဘဲ ပဋိပဒါစတုက္က, အာရမဏစတုက္ကဈာန်များကိုလည်း ရနိုင်သည်သာ၊ ထိုဈာန်များကို ပေယျာလ မြှုပ်ထားသည်ဟု မှတ်ပါ၊ ဈာန်လေးပါးလုံး၌ပင် ဒုက္ခပဋိပဒါ စသည်ဖြစ်ပုံကိုလည်း အဋ္ဌကထာ၌ ပြထားပါသည်။

**အရူပါဝစရကုသလဈာန်ပြီး၏။**

## သောဘဏမကကုသိုလ်
## ကာမာဝစရကုသိုလ်

**သုဒ္ဓိကနယ။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ ဖဿော ဟောတိ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး) ယသ္မိံ၊ပေ၊ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ ဣမေ ဓမ္မာ ကုသလာ။[ဤသို့ ကာမာဝစရကုသိုလ်၌ ပြခဲ့သည့်အတိုင်း သုဒ္ဓိကနယတဝါရ ရှိရဦးမည်၊ ယခုစာအုပ်များ၌ မပါတော့။]

**ဟီနာဒိတိကနယ။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ, ဟီနံ–ညံ့သော၊ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ပေ၊မဇ္ဈိမံ–ဟီန ပဏီတတို့၏ အလယ်၌ဖြစ်သော၊ပေ၊ပဏီတံ–ပြဋ္ဌာန်းသည်၏အဖြစ်သို့ ဆောင်အပ်သော၊ ဝါ–မြတ်သော၊ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ ဖဿော ဟောတိ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး)၊ပေ၊ ဣမေ ဓမ္မာ ကုသလာ။

**ဆန္ဒာဓိပတေယျာဒိ စတုက္ကနယ။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ၊ပေ၊ဉာဏသမ္ပယုတ္တံ, ဆန္ဒာဓိပတေယျံ–ဆန္ဒာဓိပတိမှ ဖြစ်ပေါ်လာသော၊ပေ၊ဝီရိယာဓိပတေယျံ–သော၊ပေ၊ စိတ္တာဓိပတေယျံ–သော၊ ဝီမံသာဓိပတေယျံ–သော၊ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး) ယသ္မိံ သမယေ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ။

**အဓိပတိဟီနာဒိမိဿကဒွါဒသကနယ။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ၊ပေ၊ဉာဏသမ္ပယုတ္တံ ဆန္ဒာဓိပတေယျံ ဟီနံ၊ပေ၊ဆန္ဒာဓိပတေယျံ မဇ္ဈိမံ၊ပေ၊ဆန္ဒာဓိပတေယျံ ပဏီတံ၊ပေ၊(၃–ဝါရ) ဝီရိယာဓိပတေယျံ ဟီနံ၊ပေ၊မဇ္ဈိမံ၊ပေ၊ပဏီတံ၊ပေ၊(၃–ဝါရ) စိတ္တာဓိပတေယျံ ဟီနံ ၊ပေ၊မဇ္ဈိမံ ၊ပေ၊ ပဏီတံ၊ပေ၊(၃–ဝါရ) ဝီမံသာဓိပတေယျံ ဟီနံ ၊ပေ၊မဇ္ဈိမံ ၊ပေ၊ ပဏီတံ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊(၃–ဝါရ)။ [ပေါင်း ၁၂–ဝါရ။]

**ဒုတိယစိတ်သည်။** ။ဒုတိယမဟာကုသိုလ်စိတ်၌ "သသင်္ခါရေန" ပါခြင်းသာ ထူး၏၊ သုဒ္ဓိကနယစသောအားဖြင့် ဝါရပေါင်း(၂၀)ရနိုင်၏၊ တတိယမဟာကုသိုလ်စိတ် စတုတ္ထမဟာကုသိုလ်စိတ်၌ ဉာဏဝိပ္ပယုတ်ဖြစ်သောကြောင့် ဝီမံသာဓိပတေယျံနှင့်စပ်သော ၄–ဝါရနုတ်၍ ၁၆–ဝါရသာ ရနိုင်၏၊ ပဉ္စမစသောစိတ်တို့၌ ဥပေက္ခာသဟဂုတ်ဖြစ်ခြင်းသာ ထူးသည်။

---

**ဆန္ဒာဓိပတေယျံ။** ။ယံ ပန ကတ္တုကာမတာ သင်္ခါတံ ဆန္ဒံ ဓုရံ ဆန္ဒံ ဇေဋ္ဌကံ ဆန္ဒံ ပုဗ္ဗင်္ဂမံ ကတွာ အာယူဟိတံ၊ တံ ဆန္ဒာဓိပတိတော အာဂတတ္တာ ဆန္ဒာဓိပတေယျံ နာမ၊ ဝီရိယာဓိပတေယျာဒီသုပိ ဧသေဝ နယော၊ ဤအဖွင့်အရ "ဆန္ဒာဓိပတိမှ+လာ" ဟု

## ရူပါဝစရကုသိုလ်

**သုဒ္ဓိကနယ**။ ။ကတမေ ဓမ္မာ ကုသလာ၊ပေ၊ပထဝီကသိဏံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး) ယသ္မိံ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ။ [ဤသို့ ယသ္မိံ စသည်ကို ထည့်၍ "ဣမေ ဓမ္မာ ကုသလာ"ဟု နိဂုံးဝါကျ အမြဲ ပါရှိပါစေ။]

**ဟီနာဒိတိကနယ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ၊ပေ၊ပထဝီကသိဏံ ဟီနံ၊ပေ၊မဇ္ဈိမံ၊ပေ၊ပဏီတံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး)။

**ဆန္ဒာဓိပတေယျာဒိ စတုက္က**။ ။ကတမေ ဓမ္မာ ကုသလာ၊ပေ၊ပထဝီကသိဏံ ဆန္ဒာဓိပတေယျံ၊ပေ၊ဝီရိယာဓိပတေယျံ၊ပေ၊စိတ္တာဓိပတေယျံ ၊ပေ၊ ဝီမံသာဓိပတေယျံ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး)။

**မိဿက ဒွါဒသက**။ ။ကတမေ ဓမ္မာ ကုသလာ၊ပေ၊ပထဝီကသိဏံ ဆန္ဒာဓိပတေယျံ ဟီနံ၊ပေ၊မဇ္ဈိမံ၊ပေ၊ပဏီတံ၊ပေ၊ ဝီရိယာဓိပတေယျံ၊ပေ၊ စိတ္တာဓိပတေယျံ၊ပေ၊ ဝီမံသာဓိပတေယျံ ဟီနံ၊ပေ၊ မဇ္ဈိမံ၊ပေ၊ ပဏီတံ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး)၊ပေ၊ [အာပေါကသိဏမှစ၍ စတုက္ကနည်း ပဉ္စကနည်း အာလုံးတူပြီ။]

## အရူပါဝစရကုသိုလ်

**အာကာသာနဉ္စာယတနဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ၊ပေ၊ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊(သုဒ္ဓိကနယ)၊ပေ၊ဟီနံ၊ပေ၊ မဇ္ဈိမံ၊ပေ၊ပဏီတံ (ဟီနာဒိတိက)၊ပေ၊ ဆန္ဒာဓိပတေယျံ၊ပေ၊ ဝီရိယ, စိတ္တ, ဝီမံသာဓိပတေယျံ၊ (အဓိပတိစတုက္က)၊ပေ၊ ဆန္ဒာဓိပတေယျံ ဟီနံ၊ပေ၊မဇ္ဈိမံ

---

ဆိုသော်လည်း သဟဇာတာဓိပတိဖြစ်သောကြောင့် သမ္ပယုတ်အဖြစ်ဖြင့်သာ ဖြစ်ပေါ်လာသည်ဟု ယူပါ၊ သမ္ပယုတ်မဟုတ်ဘဲ "ရှေးရှေးစိတ္တက္ခဏ၌ဖြစ်သော ဆန္ဒာဓိပတိမှ လာသည်"ဟု မယူပါနှင့်၊ ထိုသို့ မယူဖို့ရန် နောက်၌ ကေစိ ပန စသည်ဖြင့် ကေစိဝါဒကို ပြ၍ အဋ္ဌကထာဆရာ ပယ်ထားပါသည်။

**ဝီသတိနယ**။ ။အဋ္ဌကထာ၌ နှစ်နည်းတွက်ပြထား၏၊ ထိုတွင် ပဌမတွက်နည်းသည် ပါဠိတော်သို့ အစဉ်မလိုက်ဟု ဋီကာပယ်ထား၏၊ ဒုတိယနည်းမှာ ဤပါဠိတော်အတိုင်း ဖြစ်သည်။ [ပုရိမော ဝါ ဧကော သုဒ္ဓိကနယော, ဟီနံတိအာဒယော တယော, ဆန္ဒာဓိပတေယျံတိအာဒယော စတ္တာရော, ဆန္ဒာဓိပတေယျံ ဟီနံတိ အာဒယော ဒွါဒသာတိ ဧဝမ္ပိ ဝီသတိ နယာ ဟောန္တိ။]

**ကာမာဝစရကုသိုလ် ပြီး၏**။

၊ပေ၊ပဏီတံ၊ပေ၊ဝီမံသာဓိပတေယျံ ဟီနံ၊ပေ၊မဇ္ဈိမံ၊ပေ၊ပဏီတံ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ (မိဿကဒွါဒသက)၊ [ဝိညာဏဉ္စာယတနဈာန်, အာကိဉ္စညာယတနဈာန်, နေဝသညာနာသညာယတနဈာန်တို့၌ ဤနည်းအတိုင်း ဝိသတိနယ ဖြစ်၏။]

**တေဘူမကကုသိုလ် ပြီးပြီ။**

## လောကုတ္တရာကုသိုလ်ဈာန်

**သောတာပတ္တိမဂ်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော) ဒိဋ္ဌိဂတာနံ–ခြောက်ဆယ့်နှစ်ဖြာ, မိစ္ဆာအယူတို့ကို၊ [ဂတ အနက်မရှိ၊] ဝါ–၆၂ ဖြာ, မိစ္ဆာအယူတို့၌ ပါဝင်သော မိစ္ဆာအယူတို့ကို၊ [ဂတသဒ္ဒါ အန္တောဂတအနက်ဟော၊] ဝါ–ဒိဋ္ဌိ၏ဖြစ်ခြင်းနှင့်တူသော ဖြစ်ခြင်းရှိသော သသမ္ပယုတ်စိတ္တုပ္ပာဒ်တို့ကို၊ ပဟာနာယ–သမုစ္ဆေဒပဟာန်ဖြင့် ပယ်ခြင်းငှာ၊ ပဌမာယ–ပဌမဖြစ်သော၊ ဘူမိယာ–သောတာပတ္တိဖိုလ်တည်းဟူသောဘုံသို့၊ ပတ္တိယာ–ရောက်ခြင်းငှာ၊ နိယျာနိကံ–တေဘူမကဝဋ္ဋဒုက္ခဟူသော လောကမှ ထွက်မြောက်တတ်သော၊ အပစယဂါမိံ–တေဘူမကကုသိုလ်သည် စီအပ်သော စုတိပဋိသန္ဓေဟူသော အစီကို ဖျက်ဆီးလျက်သွားတတ်သော၊ လောကုတ္တရံ–လောကုတ္တရာဖြစ်သော၊ ဈာနံ–ဈာန်ကို၊ ဘာဝေတိ–ဖြစ်စေ၏၊ ဝါ–လောကီဈာန်တို့ထက် တိုးပွားစေ၏၊...ကာမေဟိ, ဝိဝိစ္စေဝ–သမုစ္ဆေဒဝိဝေကဖြင့် ကင်းဆိတ်၍သာလျှင်၊ပေ၊ဒုက္ခပဋိပဒံ–သော၊ ဒန္ဓာဘိညံ–သော၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တသ္မိံ သမယေ ဖဿော ဟောတိ၊ပေ၊ အနညာတညဿာမိတိန္ဒြိယံ–အနညာတညဿာမီတိန္ဒြေသည်၊ ဝါ–အနမတဂ္ဂသံသရာဝယ် တစ်ရံတစ်ခါမျှ မသိအပ်သေးသော အမြိုက်နိဗ္ဗာန်ကို (သစ္စာလေးပါးကို)သိအံ့ဟု ကျင့်သောပုဂ္ဂိုလ်၏ ဣန္ဒြေသည်၊ ဟောတိ၊ပေ၊ သမ္မာဝါစာ–စာသည်၊ ဟောတိ၊ သမ္မာကမ္မန္တော–သည်၊ ဟောတိ၊ သမ္မာအာဇီဝေါ–သည်၊ ဟောတိ၊ပေ၊ အညေပိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ အတ္ထိ၊ ဣမေ ဓမ္မာ ကုသလာ၊(နိဂုံး) ယသ္မိံ သမယေ၊ပေ၊ဘာဝေတိ၊ တသ္မိံ သမယေ ဣမေ ဓမ္မာ ကုသလာ။ [ဤသို့ စိတ်တိုင်း၌ နိဂုံးဝါကျ ရှိပါစေ။]

---

**လောကုတ္တရံ စသည်**။ ။ဤ၌ အသစ်ဖြစ်သော ပုဒ်တို့၏အနက်ကို အဋ္ဌကထာနိဿယ၌ရှုပါ၊ ခက်မည်စိုး၍ ခပ်ကျဉ်းကျဉ်းသာ ပေးထားပါသည်၊ "ပဌမာယ ဘူမိယာ ပတ္တိယာတိုင်အောင် "ဈာနံ ဘာဝေတိ"၌ လှည့်၍ စပ်စေခြင်းမှာ ရူပစိတ် စသည်၌ "ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ"ကို နည်းမှီ၍ စပ်စေခြင်းဖြစ်ပါသည်၊ "ထို၌ ပတ္တိယာသည် ဘာဝေတိ၌ စပ်ရသကဲ့သို့ ဤ၌ ပတ္တိယာလည်း ဘာဝေတိ၌ စပ်ရသည်"ဟူလို။

**ဝိတက္ကနိဒ္ဒေသ၌**။ ။(ယံ)မဂ္ဂင် – အကြောင်း အင်္ဂါကမင်္ဂ၏ အစိတ်အပိုင်း ဖြစ်သော တစ်ဖို့တစ်စုသည်၊ (အတ္ထိ)၊ (ယံ) မဂ္ဂပရိယာပန္န – အကြောင်း အင်္ဂါကမင်္ဂ၌ အကျုံးဝင်သောသဘောသည်၊ (အတ္ထိ)၊ ဤမျှသာ ထူး၏။

**ပီတိနိဒ္ဒေသ၌**။ ။(ယော) ပီတိသမ္ဗောဇ္ဈင်္ဂေါ – အကြောင်း ပီတိသမ္ဗောဇ္ဈင် သည်၊ (အတ္ထိ)။

**အနညာတညဿာမိတိန္ဒြိယနိဒ္ဒေသ၌**။ ။အနညာတာနံ – ဉာဏ်ဖြင့် မသိအပ်ဘူးကုန်သေးသော၊ တေသံ ဓမ္မာနံ – ထို သစ္စာ ၄ ပါးတရားတို့ကို၊ (ညာဏာယ – သိခြင်းငှာ၊) အဒိဋ္ဌာနံ – ဉာဏ်စက္ခုဖြင့် မမြင်အပ်ဘူးကုန်သေး သော၊ တေသံ ဓမ္မာနံ – တို့ကို၊ (ဒဿနာယ – ဉာဏ်စက္ခုဖြင့် မြင်ခြင်းငှာ၊) အပတ္တာနံ – ဉာဏ်ဖြင့် မရောက်အပ် မရအပ်ဘူးကုန်သေးသော၊ တေသံ ဓမ္မာနံ – တို့ကို၊ (ပတ္တိယာ – ရောက်ခြင်း ရခြင်းငှာ၊) အဝိဒိတာနံ – ဉာဏ်ဖြင့်ထင်ထင်, မသိမြင်အပ်ဘူးကုန်သေးသော၊ တေသံ ဓမ္မာနံ – တို့ကို၊ (ဝေဒါယ – သိခြင်းငှာ၊) အသစ္ဆိကတာနံ – ဉာဏ်ဖြင့် မျက်မှောက်မပြုအပ်ဖူးကုန်သေးသော၊ တေသံ ဓမ္မာနံ – ထိုသစ္စာလေးပါးတရားတို့သို့၊ သစ္ဆိကိရိယာယ – မျက်မှောက်ပြုခြင်းငှာ၊ ယာ ပညာ – အကြောင်း အပြားအားဖြင့် သိတတ်သောသဘောသည်၊ (အတ္ထိ)၊ပေ၊ ဣဒံ တသ္မိံ သမယေ အနညာတညဿာမိတိန္ဒြိယံ ဟောတိ။

**သမ္မာဝါစာနိဒ္ဒေသ**။ ။တသ္မိံ သမယေ – ၌၊ စတူဟိ – လေးပါးကုန်သော၊ ဝစီဒုစ္စရိတေဟိ – ဝစီဒုစ္စရိုက်တို့မှ၊ ဝါ – တို့နှင့်၊ ယာ အာရတိ – အကြောင်း ဝေးစွာ မွေ့လျော်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယာ ဝိရတိ – အကြောင်း ကင်း၍ မွေ့လျော်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယာ ပဋိဝိရတိ – အကြောင်း ဆုတ်နစ် လျက်သာလျှင် ကင်း၍ မွေ့လျော်တတ်သောသဘောသည်၊ (အတ္ထိ)၊ [(တစ်နည်း) ယာ အာရတိ – အကြောင်း ရှောင်ကြဉ်ခြင်းသဘောသည်၊ပေ၊ ယာ ပဋိဝိရတိ – အကြောင်း ရှောင်ကြဉ်ခြင်းသဘောသည်၊ (အတ္ထိ)၊ ဤသို့လည်း တစ်နည်းပေးပါ၊] ယာ ဝေရမဏီ – အကြောင်း ဝစီဒုစရိုက်ရန်ကို ဖျက်ဆီးတတ် သောသဘောသည်၊ ဝါ – ရှောင်ကြဉ်တတ်သောသဘောသည်၊ ယာ အကိရိယာ – အကြောင်း ဝစီဒုစရိုက်တို့ကို မပြုတတ်သောသဘောသည်၊ (အတ္ထိ)၊ ယံ အကရဏံ – သည်၊ (အတ္ထိ)၊[နည်းတူပေး၊] ယာ အနဇ္ဈာပတ္တိ – အကြောင်း လွှမ်းမိုး၍ မရောက်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယော ဝေလာအနတိက္ကမော – အကြောင်းသုစရိုက်တည်းဟူသောကမ်းကို မလွန်တတ်သောသဘောသည်၊(အတ္ထိ)၊ (တစ်နည်း) ယာ ဝေလာ – အကြောင်း ဝစီဒုစရိုက်ကို လှုပ်ရှားစေတတ် ဖျက်ဆီး တတ်သောသဘောသည်၊ (အတ္ထိ)၊ [ဝစီဒုစရိုက်ကို သူ့ဘာသာမနေစေဘဲ ပြုကျင့်သည်ကို "လှုပ်ရှားစေ"ဟု ဆိုသည်၊] ယော အနတိက္ကမော – အကြောင်း မိမိကိန်းရာ သတ္တဝါ၏ ဟိတသုခကို မလွန်တတ်သောသဘောသည်၊(အတ္ထိ)၊

ယော သေတုယာတော–အကြင် ဒုစရိုက်တို့၏ အကြောင်းဖြစ်သော ရာဂ စသည်ကို သတ်တတ်သောသဘောသည်၊ (အတ္ထိ)၊ [အာရတိမှစ၍ အနက်ပေးပုံကို အဋ္ဌကထာနိဿယ၌ ရှုပါ။] သမ္မာဝါစာ–စာဟူသော၊ ယံ မဂ္ဂင်–အကြင် အဋ္ဌင်္ဂိကမဂ်၏ အစိတ်အပိုင်းဖြစ်သော အဖို့အစုသည်၊ (အတ္ထိ)၊ ယံ မဂ္ဂပရိယာပန္နံ–အကြင် အဋ္ဌင်္ဂိကမဂ်၌ အကျုံးဝင်သောသဘောသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ သမ္မာဝါစာ ဟောတိ၊ [သမ္မာကမ္မန္တ, သမ္မာအာဇီဝ နိဒ္ဒေသတို့၌လည်း နည်းတူ၊ ကြွင်းသော နိဒ္ဒေသပုဒ်များနှင့် သင်္ဂဟဝါရ သုညတဝါရတို့၌လည်း လွယ်ပြီ၊ ဤကား သုညတစသည်မဖက် ပဋိပဒါ သက်သက်ဖြင့် ဟောတော်မူအပ်သော သောတာပတ္တိမဂ်တည်း။]

**သုဒ္ဓိကပဋိပဒါ–သည်၊ နိဋ္ဌိတာ–ပြီးပြီ။**

## သုဒ္ဓိကသုညတဝါရ

### [ပဋိပဒါနှင့် မရောသော သုညတကိုပြရာ ဝါရ။]

ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ၊ပေ၊ဘာဝေတိ၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊ သုညတံ–သုညတမည်သော၊ ဝါ–အတ္တမှ ကင်းဆိတ်သော၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံးလည်း ထည့်ပါ။) [ဒုတိယဈာန်စသော စတုက္ကနည်း ပဉ္စကနည်းများ၌လည်း နည်းတူ။]

**သုညတမူလကပဋိပဒါဝါရ။** ။ကတမေ၊ ပေ၊ ဒုက္ခပ္ပဋိပဒံ–သော၊ ဒန္ဓာဘိညံ–သော၊ သုညတံ–သော၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ [ဒုက္ခပ္ပဋိပဒံ ခိပ္ပာဘိညံ စသည်နှင့် သုညတံ တွဲ၍လည်း နည်းတူ၊ ဒုတိယဈာန်မှစ၍ စတုက္ကနည်း ပဉ္စကနည်းများလည်း တူပြီ။]

**သုဒ္ဓိကအပ္ပဏိဟိတဝါရ။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ၊ပေ၊ အပ္ပဏိဟိတံ–အပ္ပဏိဟိတမည်သော၊ ဝါ–တောင့်တတတ်သော ရာဂ ဒေါသ မောဟမရှိသော၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ [ဒုတိယဈာန်စသော စတုက္ကနည်း ပဉ္စကနည်းများ၌လည်း နည်းတူ။]

**အပ္ပဏိဟိတမူလကပဋိပဒါ။** ။[သုညတနေရာဝယ် အပ္ပဏိဟိတသွင်း၍ "ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ အပ္ပဏိဟိတံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"ဟု ဆိုရုံသာ ထူးသည်။

**ဝီသတိမဟာနယ။** ။"ဈာနံ ဘာဝေတိ"နေရာဝယ် "မဂ္ဂံ ဘာဝေတိ, သတိပဋ္ဌာနံ ဘာဝေတိ, သမ္မပ္ပဓာနံ ဘာဝေတိ, ဣဒ္ဓိပါဒံ ဘာဝေတိ, ဣန္ဒြိယံ ဘာဝေတိ, ဗလံ ဘာဝေတိ, ဗောဇ္ဈင်္ဂံ ဘာဝေတိ, သစ္စံ ဘာဝေတိ သမထံ

ဘာဝေတိ, ဓမ္မံ ဘာဝေတိ, ခန္ဓံ ဘာဝေတိ, အာယတနံ ဘာဝေတိ, ဓာတုံ ဘာဝေတိ, အာဟာရံ ဘာဝေတိ, ဖဿံ ဘာဝေတိ, ဝေဒနံ ဘာဝေတိ, သညံ ဘာဝေတိ, စေတနံ ဘာဝေတိ, စိတ္တံ ဘာဝေတိ"ဟူသော ၁၉ ပုဒ်တို့ကို လဲလှယ်ထည့်သွင်း၍ "ဈာနံ ဘာဝေတိနှင့်တကွ သောတာပတ္တိမဂ်၌ နည်းပေါင်း ၂၀ ဖြစ်သည်။

**အဓိပတိဘေဒဝါရ။** ။လောကုတ္တရာဈာန်များ၌ ဒုက္ခပ္ပဋိပဒါစသော ပဋိပဒါ ၄ ပါးတွင် တစ်ပါးပါးနှင့် အမြဲတွဲ၍ ဟောတော်မူ၏၊ ထို ဝါရကို "သုဒ္ဓိကပဋိပဒါ"ဟု ခေါ်သည်၊ ထိုပဋိပဒါ ၄ ပါးကို မူတည်, ဆန္ဒာဓိပတိစသော အဓိပတိ ၄ ပါးကို မူလီသွတ်၍လည်း ဟောတော်မူ၏၊ ထို့ကြောင့် ပဋိပဒါအဓိပတိမိဿကဝါရ၌ သောဠသက္ခတ္တုကမဂ်များ ဖြစ်ကြ၏၊ ဈာနံ ဘာဝေတိကဲ့သို့ မဂ္ဂံ ဘာဝေတိ စသည်ဖြင့်လည်း နည်းတူဖြစ်သည်။

**အဋ္ဌမော–သော၊ မဂ္ဂေါ–မဂ်သည်၊ နိဋ္ဌိတော–ပြီးပြီ။**

**သကဒါဂါမိမဂ်။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော) ကာမရာဂဗျာပါဒါနံ–ကာမရာဂဗျာပါဒတို့၏၊ တနုဘာဝါယ–နည်းပါးကုန်သည်၏အဖြစ်ဟူသော အကျိုးငှာ၊ ဒုတိယာယ–ဒုတိယဖြစ်သော၊ ဝါ–နှစ်ကြိမ်မြောက်ရအပ်သော၊ ဘူမိယာ–သကဒါဂါမိဖိုလ်တည်းဟူသောဘုံသို့၊ ပတ္တိယာ–ရောက်ခြင်းငှာ၊ နိယျာနိကံ အပစယဂါမိံ လောကုတ္တရံ ဈာနံ ဘာဝေတိ၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊ ဒုက္ခပ္ပဋိပဒံ–သော၊ ဒန္ဓာဘိညံ–သော၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ပေ၊ ဖဿော ဟောတိ၊ပေ၊ အညိန္ဒြိယံ–သောတာပတ္တိမဂ် သိအပ်ပြီးသော သစ္စာလေးပါး အပိုင်းအခြားကို မကျော်လွန်မူ၍ သိတတ်သော ဣန္ဒြေသည်၊ ဟောတိ၊ ပ၊ ဣမေ ဓမ္မာ ကုသလာ။ [သောတာပတ္တိမဂ်နှင့် အားလုံးတူပြီ။]

**ဒုတိယော–သော၊ မဂ္ဂေါ–မဂ်သည်၊ နိဋ္ဌိတော–ပြီးပြီ။**

**အနာဂါမိမဂ်။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော) ကာမရာဂဗျာပါဒါနံ–တို့ကို၊ အနဝသေသပဟာနာယ–အကြွင်းမရှိအောင် ပယ်ခြင်းငှာ၊ တတိယာယ–တတိယဖြစ်သော၊ ဝါ–သုံးကြိမ်မြောက်ရအပ်သော၊ ဘူမိယာ–အနာဂါမိဖိုလ်တည်းဟူသောဘုံသို့၊ ပတ္တိယာ–ငှာ၊ ဤသို့ စသည်ဖြင့် နည်းတူပေးပါ။

**တတိယော–သော၊ မဂ္ဂေါ–မဂ်သည်၊ နိဋ္ဌိတော–ပြီးပြီ။**

**အရဟတ္တမဂ်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ၊ပေ၊ ရူပရာဂ၊ပေ၊ အဝိဇ္ဇာယ–ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာကို၊ အနဝသေသပ္ပဟာနာယ–ငှာ၊ စသည်နည်းတူ။...စတုတ္ထော–သော၊ မဂ္ဂေါ–သည်၊ နိဋ္ဌိတော–ပြီ။

**အညိန္ဒြိယနိဒ္ဒေသ**။ ။ကတမံ၊ပေ၊အညိန္ဒြိယံ ဟောတိ၊ ဉာတာနံ–သိအပ်ပြီးကုန်သော၊ တေသံ ဓမ္မာနံ–ထိုသစ္စာလေးပါးတရားတို့ကို၊ ဉာဏာယ–သိခြင်းငှာ၊ ဒိဋ္ဌာနံ၊ပေ၊ဒဿနာယ၊ ပတ္တာနံ၊ပေ၊ ပတ္တိယာ၊ ဝိဒိတာနံ၊ပေ၊ ဝေဒါယ၊ သစ္ဆိကတာနံ၊ပေ၊ သစ္ဆိကိရိယာယ၊ ယာ ပညာ၊ စသည်တူပြီ။

**ကုသလာဓမ္မဟူသော မာတိကာ၏ပဒဘာဇနီ ပြီးပြီ။**

## အကုသလပဒဘာဇနီ
## ပဌမ အကုသိုလ်

**ဥဒ္ဒေသဝါရ**။ ။ကတမေ ဓမ္မာ အကုသလာ၊ ယသ္မိံ သမယေ အကုသလံ သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ–မိစ္ဆာဒိဋ္ဌိနှင့်အညီအမျှ ကျေပွာဒတာ အစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ စိတ္တံ–သည်၊ ရူပါရမဏံ–ကို၊ အာရဗ္ဘ ဝါ–အာရုံပြု၍သော်လည်းကောင်း၊ပေ၊ဓမ္မာရမဏံ–ဓမ္မာရုံကို၊ အာရဗ္ဘ ဝါ–သော်လည်းကောင်း၊ ယံ ယံ ဝါ ပန–အမှတ်မထား, တစ်ပါးပါးသောအာရုံကို၊ အာရဗ္ဘ–အာရုံပြု၍၊ ဥပ္ပန္နံ–ဖြစ်ဆဲသည်၊ [အတိတ်စိတ်၏ ဘင်ခဏမှ အထက်ဖြစ်သော နောက်ကာလ၌ ခဏတ္တယသို့ရောက်သည်၊(သဒ္ဒတ္ထ)] ဟောတိ၊ [(တစ်နည်း) ဒိဋ္ဌိဂတသမ္ပယုတ္တံ–သော၊ ရူပါရမဏံ ဝါ–ရူပါရုံဟူသော အာရုံရှိသည်မှုလည်းဖြစ်သော၊ပေ၊ ဓမ္မာရမဏံ ဝါ–ဓမ္မရုံဟူသော အာရုံရှိသည်မှုလည်းဖြစ်သော၊ စိတ္တံ–သည်၊ ယံ ယံ ဝါ ပန–အမှတ်မထား တစ်ပါးပါးသောအာရုံကို၊ အာရဗ္ဘ–၍၊ ဥပ္ပန္နံ ဟောတိ၊] တသ္မိံ သမယေ–၌၊ ဖဿော ဟောတိ၊ပေ၊မိစ္ဆာဒိဋ္ဌိ–မိစ္ဆာဒိဋ္ဌိသည်၊ ဟောတိ၊ မိစ္ဆာသင်္ကပ္ပော–မိစ္ဆာသင်္ကပ္ပသည်၊ ဟောတိ၊ အဘိဇ္ဈာ–အဘိဇ္ဈာသည်၊ ဟောတိ၊ စသည်ဖြင့် နာမည်မျှသာ ပေးပါ၊...ဣမေ ဓမ္မာ အကုသလာ၊ (နိဂုံး)၊ ယသ္မိံ၊ပေ၊ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ ဣမေ ဓမ္မာ အကုသလာ၊ ဤသို့ နိဂုံးဝါကျ အမြဲပါ,ပါစေ။

---

**ယသ္မိံ သမယေ**။ ။သမယသဒ္ဒါ၏ သမဝါယစသော အနက်ငါးပါးတို့တွင် အကုသိုလ်အရာ၌ နဝမခဏ စတုစက္ကသမ္ပတ္တိခဏနှင့် မဆိုင်သောကြောင့် ခဏအနက်မရနိုင်၊ ကြွင်းလေးနက်ကား ရနိုင်၏၊ ကုသိုလ်အစ၌ ပေးခဲ့သောအနက်များကို နည်းမှီး၍ ဤ၌ ထိုလေးနက်ကို ပေးကြပါလေ။

## ပဥ္စမအကုသိုလ်နိဒ္ဒေသဝါရ
## [ပုဒ်အသစ်နိဒ္ဒေသများ၏ နိဿယ]

**ကေဂ္ဂတာနိဒ္ဒေသ။** ။ယော အဝိသာဟာရော–အကြင် တကွဖြစ်ဖက် တရားတို့ကို အထူးထူးအပြားပြား, ထက်ဝန်းကျင်သို့ မဆောင်တတ်သော သဘောသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ ဧကဂ္ဂတာ ဟောတိ၊[ဤသို့ အနိယမတစ်ခုလျှင် နိယမဝါကျတစ်ခု ထည့်၍ တွဲစပ်ပါ၊] ယာ အဝိသာဟဋမာနသတာ–အကြင် အထူးထူးအပြားပြား, ထက်ဝန်းကျင်သို့ မဆောင်အပ်သော စိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊(အတ္ထိ)၊ ယံ သမာဓိဗလံ–အကြင် တကွဖြစ်ဖက် တရားတို့၌ မတုန်လှုပ်တတ်သော သမာဓိသည်၊(အတ္ထိ)၊ယော မိစ္ဆာသမာဓိ–အကြင် မမှန်မကန်, ဖောက်ပြန်မှားယွင်းသော သမာဓိသည်၊(အတ္ထိ)။

**မိစ္ဆာဒိဋ္ဌိနိဒ္ဒေသ။** ။ကတမာ–သော၊ မိစ္ဆာဒိဋ္ဌိ–မိစ္ဆာဒိဋ္ဌိသည်: ဝါ–မမှန်ဖောက်ပြား, မှားယွင်းစွာ မြင်တတ်သောသဘောသည်၊ ဟောတိ–နည်း၊ တသ္မိံ သမယေ–၌၊ ယာ ဒိဋ္ဌိ–အကြင် ဒိဋ္ဌိသည်၊ (အတ္ထိ)၊ ယံ ဒိဋ္ဌိဂတံ–အကြင် ၆၂ ဖြာ, မိစ္ဆာအယူတို့၌ ပါဝင်သောသဘောသည်၊ (အတ္ထိ)၊ ယံ ဒိဋ္ဌိဂဟနံ–အကြင် လွန်မြောက်ဖို့ရာ, ခဲယဥ်းစွာသော မိစ္ဆာအယူတည်းဟူသော တောရှုပ်သည်၊ (အတ္ထိ)၊ ယော ဒိဋ္ဌိကန္တာရော–အကြင် မိစ္ဆာအယူတည်းဟူသော ခရီးခဲသည်၊ ယံ ဒိဋ္ဌိဝိသူကာယိကံ–အကြင် သမ္မာဒိဋ္ဌိကို ထိုးဆွတတ်, ဆန့်ကျင်ဘက်အားဖြင့်လည်း ဖြစ်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယံ ဒိဋ္ဌိဝိပ္ဖန္ဒိတံ–အကြင် အထူးထူး အဖုံဖုံ, တုန်လှုပ်တတ်သော မိစ္ဆာအယူသည်:(အတ္ထိ)၊ ယံ ဒိဋ္ဌိသညောဇနံ–အကြင် မိစ္ဆာအယူတည်းဟူသော သံယောဇဉ်သည်၊ (အတ္ထိ)၊ ယော ဂါဟော–အကြင် အာရုံကို မြဲစွာဖမ်းယူတတ်သောသဘောသည်၊ (အတ္ထိ)၊ ယော ပတိဋ္ဌာဟော–အကြင် မြဲစွာတည်လျက် ဖမ်းယူတတ်သောသဘောသည်၊ (အတ္ထိ)၊ ["ပတိဂ္ဂါဟော"ဟု ရှိလျှင်လည်း အနက်တူ။]

ယော အဘိနိဝေသော–အကြင် နိစ္စစသောအားဖြင့် စွဲမြဲစွာနှလုံးသွင်းတတ်သော သဘောသည်၊(အတ္ထိ)၊ ယော ပရာမာသော–အကြင် မှန်သည်မှတစ်ပါးများသောအားဖြင့် သုံးသပ်တတ်သောသဘောသည်၊(အတ္ထိ)၊ ယော ကုမဂ္ဂေါ–အကြင် စက်ဆုပ်အပ်သောလမ်းသည်၊ ဝါ–အကြင် စက်ဆုပ်ရွံဖွယ် အပါယ်လေးပါးတို့၏လမ်းသည်၊(အတ္ထိ)၊ ယော မိစ္ဆာပထော–အကြင် မမှန်ဖောက်ပြား, မှားယွင်းသောလမ်းသည်၊(အတ္ထိ)၊ ယံ မိစ္ဆတ္တံ–အကြင် မှားယွင်းသောသဘောရှိသော အယူသည်၊(အတ္ထိ)၊ ယံ တိတ္ထာယတနံ–အကြင် ရေဆိပ်ပမာ, အကျိုးမဲ့တို့၏ တည်ရာသည်၊ ဝါ–တိတ္ထိတို့၏ ပေါက်ပွားရာ, တည်နေရာသည်၊(အတ္ထိ)၊ ယော ဝိပရိယာသဂ္ဂါဟော–အကြင် ဖောက်ပြန်သော ယူခြင်းသည်: ဝါ–

ဖောက်ပြန်သောအားဖြင့် ယူခြင်းသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ မိစ္ဆာဒိဋ္ဌိ ဟောတိ၊ (နိဂုံး) ယသ္မိံ၊ပေ၊ ဟောတိ၊ တသ္မိံ သမယေ အယံ–ဤသို့သော ("ဒိဋ္ဌိ ဒိဋ္ဌိဂတံ ဒိဋ္ဌိဂဟနံ ဒိဋ္ဌိကန္တာရော" စသည်ဖြင့် ဆိုအပ်ပြီးသော သဘောရှိသော၊) မိစ္ဆာဒိဋ္ဌိ ဟောတိ။

**လောဘနိဒ္ဒေသ**။ ။ယော လောဘော–အကြင် လိုချင်တတ်သောသဘောသည်၊(အတ္ထိ)၊ ယာ လုဗ္ဘနာ–အကြင်လိုချင်ခြင်းသည်၊ (အတ္ထိ)၊ ယံ လုဗ္ဘိတတ္တံ–အကြင် လိုချင်တတ်သောစိတ်၏ (ပုဂ္ဂိုလ်၏) ဖြစ်ကြောင်းဖြစ်ရာသည်၊(အတ္ထိ)၊ ယော သာရာဂေါ–အကြင် လွန်စွာတပ်မက်တတ်သောသဘောသည်၊(အတ္ထိ)၊ ယာ သာရဇ္ဇနာ–အကြင် လွန်စွာတပ်မက်ခြင်းသည်၊(အတ္ထိ)၊ ယံ သာရဇ္ဇိတတ္တံ–အကြင် လွန်စွာတပ်မက်တတ်သော စိတ်၏ (ပုဂ္ဂိုလ်၏)ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယာ အဘိဇ္ဈာ–အကြင်ရှေးရှုကြံတတ်သောသဘောသည်၊ (အတ္ထိ)၊ လောဘော–လောဘဟူသော၊ ယံ အကုသလမူလံ–အကြင် အကုသိုလ်ဟူသော မူလသည်၊ ဝါ–အကုသိုလ်တို့၏ မူလသည်၊ (အတ္ထိ)၊ အယံ တသ္မိံ သမယေ လောဘော ဟောတိ၊ (နိဂုံး) ယသ္မိံ သမယေ၊ပေ၊ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ အယံ လောဘော ဟောတိ။

**မောဟနိဒ္ဒေသ**။ ။ယံ အညာဏံ–အကြင် သိတတ်သော ဉာဏ်၏ ဆန့်ကျင်ဘက်သည်၊ (အတ္ထိ)၊ ယံ အဒဿနံ–အကြင် မြင်တတ်သောဉာဏ်၏ ဆန့်ကျင်ဘက်သည်၊(အတ္ထိ)၊ ယော အနဘိသမယော–အကြင် ရှေးရှုဖြစ်၍ သစ္စာလေးပါးတရားတို့ကို ကောင်းစွာမသိတတ်သောသဘောသည်၊[တစ်နည်း၊ ရှေးရှုဖြစ်၍ သစ္စာလေးပါးတရားနှင့် ပေါင်းဆုံတတ်သောသဘောသည်၊အတ္ထိ၊] ယော အနနုဗောဓော–အကြင် လျော်စွာ သစ္စာလေးပါးတရားတို့ကို သိတတ်သော ဉာဏ်၏ ဆန့်ကျင်ဘက်သည်၊ (အတ္ထိ)၊ ယော အသမ္ဗောဓော–အကြင် အနိစ္စအစရှိသော သဘောတို့နှင့်တကွ ယှဉ်စပ်၍ မသိတတ်သောသဘောသည်၊ (တစ်နည်း) ယော အသမ္ဗောဓော–အကြင် ထင်ရှားမရှိသော ပကတိ, အတ္တ စသည်ကို သိတတ်သောသဘောသည်၊ (တစ်နည်း) ယော အသမ္ဗောဓော–အကြင် မညီမျှသော သညာစိတ္တဒိဋ္ဌိဝိပလ္လာသကို သိတတ်သောသဘောသည်၊ (အတ္ထိ)၊ ယော အပဋိဝေဓော–အကြင် သစ္စာလေးပါးတရားကို ထိုးထွင်း၍ မသိတတ်သောသဘောသည်၊ (အတ္ထိ)၊ ယာ အသံဂါဟနာ–အကြင် တစ်ခုသော တရားကိုလည်း အနိစ္စစသော သာမညလက္ခဏာအားဖြင့် ကောင်းစွာ မယူတတ်သောသဘောသည်၊ ဝါ–မချီးမြှောက်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယာ အပရိယောဂါဟနာ–အကြင် ခန္ဓာစသည်တို့တွင် တစ်ခုသောတရားသို့ပင် အနိစ္စစသော သာမညလက္ခဏာအားဖြင့် မသက်ဝင်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယာ အသမပေက္ခဏာ–အကြင် အညီအမျှ မရှုတတ်သောသဘောသည်၊

ယာ အပစ္စဝေက္ခဏာ–အကြင် ဟုတ်မှန်သောသဘောကို စွဲ၍ မရှုတတ်သော သဘောသည်၊ (အတ္ထိ)၊ ယံ အပစ္စက္ခကမ္မံ–အကြင် မျက်မှောက်ဖြစ်သော တစ်ခုသော ကံမှုမရှိသောသဘောသည်၊ (တစ်နည်း)၊ ယံ အပစ္စက္ခကမ္မံ–အကြင် မျက်မှောက်ပြုအပ်သော တစ်ခုသောကံမှု မရှိသောသဘောသည်၊ ယံ ဒုမ္မေဇ္ဈံ–အကြင် စင်ကြယ်သောစိတ်အစဉ်ကို ဖျက်ဆီးတတ်သောသဘောသည်၊ (အတ္ထိ)၊ ယံ ဗာလျံ–အကြင် ဗာလ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယံ အသမ္ပဇညံ–အကြင် ကောင်းစွာအပြားအားဖြင့် မသိတတ်သူ၏ဖြစ်ကြောင်း ဖြစ်ရာသည်၊ (အတ္ထိ)၊ ယော မောဟော–အကြင် တွေဝေခြင်းသဘောသည်၊ (အတ္ထိ)၊ ယော ပမောဟော–အကြင် အားကြီးသောမောဟသည်၊ (အတ္ထိ)၊ ယော သံမောဟော–အကြင် ထက်ဝန်းကျင် တွေဝေတတ်သောသဘောသည်၊(အတ္ထိ)၊ ယာ အဝိဇ္ဇာ–ဝိဇ္ဇာဉာဏ်၏ ဆန့်ကျင်ဘက်သဘောသည်၊ (အတ္ထိ)၊ ယော အဝိဇ္ဇောဃော–အကြင် အဝိဇ္ဇာဟူသောသြဃသည်၊ (အတ္ထိ)၊ ယော အဝိဇ္ဇာယောဂေါ–အကြင် အဝိဇ္ဇာဟူသောယောဂသည်၊(အတ္ထိ)၊ယော အဝိဇ္ဇာနုသယော–အကြင် အဝိဇ္ဇာဟူသော အနုသယသည်၊ (အတ္ထိ)၊ ယံ အဝိဇ္ဇာပရိယုဋ္ဌာနံ–အကြင် စိတ်ကို လွှမ်းမိုးလုယက်တတ်သော အဝိဇ္ဇာသည်၊ (အတ္ထိ)၊ ယာ အဝိဇ္ဇာလင်္ဂီ–အကြင်၊ စီးပွားသို့ ရှေးရှုသွားဖို့ရာ လွဲချော်ခွင်နေတတ်သော အဝိဇ္ဇာသည်၊ (တစ်နည်း) ယာ အဝိဇ္ဇာလင်္ဂီ–အကြင် တံခါးချင် မင်းတုပ်နှင့် တူစွာ, ခဲခဲယဉ်းယဉ်း ဖွင့်ရွာအပ်သော အဝိဇ္ဇာသည်၊ (အတ္ထိ)၊ မောဟော–မောဟဟူသော၊ ယံ အကုသလမူလံ–သည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ မောဟော ဟောတိ၊ [နိဂုံးဝါကျလည်း ထည့်ပါ။]

**အမှာ။** ။နောက်နောက်ပုဒ်များ၏ နိဒ္ဒေသတို့၌ အထူးမရှိတော့ပြီ၊ ကောဋ္ဌာသဝါရ, သုညတဝါရတို့လည်း ကုသိုလ်ကို နည်းမှီ၍ သိလောက်ပါပြီ၊ ဒုတိယစိတ်မှစ၍ လောဘမူစိတ်များ၌ အထူးမရှိတော့ပါ။

**နဝမစိတ်(ဒေါသမူစိတ်)**။ ။ယသ္မိံ သမယေ အကုသလံ, ဒေါမနဿ သဟဂတံ–ဒေါမနဿသဟဂုတ်ဖြစ်သော၊ ပဋိဃသမ္ပယုတ္တံ–ဒေါသနှင့်အညီ အမျှ ကျေပွာဒတာ အစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ ရူပါရမဏံ အာရဗ္ဘ ဝါ၊ပေ၊စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ ဖဿော–သည်၊ ဟောတိ–၏၊ပေ၊ ဒေါသော–ဒေါသသည်၊ ဟောတိ–၏၊ပေ၊ ဗျာပါဒေါ–ဗျာပါဒသည်၊ ဟောတိ၊ပေ၊ ဣမေ ဓမ္မာ အကုသလာ။

**ဝေဒနာနိဒ္ဒေသ**။ ။တတ္ထ၊ပေ၊သမ္ဖဿဇံ–သော၊ စေတသိကံ–သော၊ ယံ အသာတံ–အကြင် သာယာတတ်သော သုခ၏ ဆန့်ကျင်ဘက်သဘောသည်၊ (အတ္ထိ)၊ ဤတစ်ပုဒ်သာ ထူး၏။

**ဒေါသနိဒ္ဒေသ**။ ။ယော ဒေါသော–အကြင် ပျက်စီးတတ်သောသဘောသည်၊ ဝါ–အကြင် ပျက်စီးခြင်းသဘောသည်၊ (အတ္ထိ)၊ ယာ ဒုဿနာ–အကြင် ပျက်စီးခြင်းသည်၊ (အတ္ထိ)၊ ယံ ဒုဿိတတ္တံ–အကြင် ပျက်စီးတတ်သော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယာ ဗျာပတ္တိ–အကြင် ပင်ကိုသဘောမှ ဖောက်ပြန်ခြင်းသို့ရောက်သောသဘောသည်၊ (အတ္ထိ)၊ ယာ ဗျာပဇ္ဇနာ–အကြင် ပင်ကိုသဘောမှ ဖောက်ပြန်ခြင်းသို့ရောက်ခြင်းသည်၊(အတ္ထိ)၊ ယံ ဗျာပဇ္ဇိတတ္တံ–အကြင် ပင်ကိုသဘောမှ ဖောက်ပြန်ခြင်းသို့ရောက်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယော ဝိရောဓော–အကြင် ဆန့်ကျင်တတ်သော သဘောသည်၊ (အတ္ထိ)၊ ယော ပဋိဝိရောဓော–အကြင် အဖန်ဖန် ဆန့်ကျင်တတ်သောသဘောသည်၊(အတ္ထိ)၊...[တစ်နည်း၊ ယော ဝိရောဓော–အကြင် ဆန့်ကျင်ခြင်းသည်၊ (အတ္ထိ)၊ ယော ပဋိဝိရောဓော–အကြင် အဖန်ဖန်ဆန့်ကျင်ခြင်းသည်၊ (အတ္ထိ)၊] ယံ စဏ္ဍိက္ကံ–အကြင် ကြမ်းတမ်းသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယော အသုရောပေါ–အကြင် ကောင်းစွာ ဖြစ်စေအပ်သောစကား၏ မရှိကြောင်းသဘောသည်၊ ဝါ–အကြင်ကောင်းစွာ ဖြစ်စေအပ်သော အမှန်မရှိကြောင်း မရှိကြောင်းသဘောသည်၊(အတ္ထိ)၊ ["အသုရောပေါ–မျက်ရည်ကို ဖြစ်စေတတ်သောသဘောသည်"ဟု အပရေဝါဒ ရှိ၏၊] စိတ္တဿ–၏၊ ယာ အနတ္တမနတာ–အကြင် အတ္တမနတာ၏ ဆန့်ကျင်ဘက်သည်၊ ဝါ–အကြင် မိမိစိတ်မဟုတ်သည်၏ အဖြစ်သည်၊ (အတ္ထိ)။

**ကောဓသမ(ဝိစိကိစ္ဆာသဟဂုတ်စိတ်)**။ ။"ဝိစိကိစ္ဆာသမ္ပယုတ္တံ–ဝိစိကိစ္ဆာနှင့် အညီအမျှ ကေုပ္ပာဒတာ အစရှိသော အပြားတို့ဖြင့်ယှဉ်သော" တစ်ပုဒ်သာ ထူး၏။

**ဝိစိကိစ္ဆာနိဒ္ဒေသ**။ ။ယာ ကင်္ခါ–အကြင် ယုံမှားတတ်သော သဘောသည်၊ (အတ္ထိ)၊ ယာ ကင်္ခါယနာ–အကြင် နောက်ယုံမှားခြင်းကို ဖြစ်စေတတ်သော ရှေ့ယုံမှားခြင်းသည်၊ (အတ္ထိ၊) [တစ်နည်း၊ ယာ ကင်္ခါယနာ–အကြင် ယုံမှားခြင်းသည်၊ (အတ္ထိ)၊] ယံ ကင်္ခါယိတတ္တံ–အကြင် ယုံမှားခြင်းသည် ဖြစ်စေအပ်သော စိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊(အတ္ထိ)၊ ယာ ဝိမတိ–အကြင် မသိခြင်းသဘောသည်၊ (အတ္ထိ)၊ ယာ ဝိစိကိစ္ဆာ–အကြင် ဉာဏ်တည်းဟူသော ဆေးကုခြင်းမှ ကင်းသောသဘောသည်၊(တစ်နည်း) ယာ ဝိစိကိစ္ဆာ–အကြင် သဘောအမှန်ကို စူးစမ်းရှာဖွေလတ်သော်၊ ပင်ပန်းကြောင်းသဘောသည်၊ (အတ္ထိ)၊ ယံ ဒွေဠှကံ–အကြင် ဟုတ်လေသလား, မဟုတ်လားဟု နှစ်ပါးအပြားအားဖြင့် စိတ်ကို တုန်လှုပ်စေတတ်သောသဘောသည်၊ (အတ္ထိ)၊ ယော ဒွေဓာပထော–အကြင် နှစ်ဖြာကွဲသော လမ်းနှင့်တူသောသဘောသည်၊ (အတ္ထိ)၊ ယော သံသယော–အကြင် တစ်ခုတည်းသော အခြင်းအရာ၌ မတည်နိုင်ဘဲ ထက်ဝန်းကျင်

ဖြစ်တတ်သောသဘောသည်၊ (ဝါ–ယုံမှားခြင်းသဘောသည်၊) (အတ္ထိ)၊... ယော အနေကံသဂ္ဂါဟော–အကြင် တစ်ခုသောအဖို့ကိုယူခြင်း၏ဆန့်ကျင်ဘက်သဘောသည်၊ ယာ အာသပ္ပနာ–အကြင်အာရုံ၏ တစ်ခုသောအခြင်းအရာသို့ မသွားနိုင်ဘဲ မိမိသို့ ရှေးရှုနေသကဲ့သို့ဖြစ်သောသဘောသည်၊ (အတ္ထိ)၊ ယာ ပရိသပ္ပနာ–အကြင် ဉာဏ်ဖြင့် သက်ဝင်ခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ ထက်ဝန်းကျင် ဖြစ်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယာ အပရိယောဂါဟနာ–အကြင် ဉာဏ်ဖြင့် ထက်ဝန်းကျင် မသက်ဝင်နိုင်သောသဘောသည်၊ (အတ္ထိ)၊ စိတ္တဿ–၏၊ ယံ ထမ္ဘိတတ္တံ–အကြင် ခက်ထန်သည်၏အဖြစ်သည်၊ (အတ္ထိ)၊ ယော မနောဝိလေခေါ–အကြင် စိတ်ကို ရေးခြစ်သကဲ့သို့ဖြစ်သောသဘောသည်၊ (အတ္ထိ)။

**ဥဒ္ဓစ္စနိဒ္ဒေသ**။ ။ယသ္မိံ သမယေ၊ပေ၊ ဥဒ္ဓစ္စသမ္ပယုတ္တံ–သော၊ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ၊ပေ၊ကတမံ–သော၊ ဥဒ္ဓစ္စံ–သည်၊ ဟောတိ–နည်း၊ တသ္မိံ သမယေ–၌၊ စိတ္တဿ–၏၊ ယံ ဥဒ္ဓစ္စံ–အကြင် အထက်အထက်၌ လွင့်တက်တုန်လှုပ်တတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယော အဝူပသမော–အကြင် မငြိမ်းအေးခြင်းသည်၊ (အတ္ထိ)၊ ယော စေတောဝိက္ခေပေါ–အကြင် စိတ်ကို အထူးထူးအပြားပြား ပစ်လွင့်တတ်သောသဘောသည်၊ (အတ္ထိ)၊ [စာအုပ်တို့၌ "စေတသော+ဝိက္ခေပေါ" ဟု ဝါကျရှိ၏၊] စိတ္တဿ–၏၊ ယံ ဘန္တတ္တံ–အကြင် တုန်လှုပ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ–၌၊ ဣဒံ–ဤသို့သော၊ ဝါ–ဤသို့သဘောရှိသော၊ ဥဒ္ဓစ္စံ–သည်၊ ဟောတိ၊ (နိဂုံး) ယသ္မိံ၊ပေ၊ ဟောတိ၊ တသ္မိံ သမယေ–၌၊ ဣဒံ–ဤသို့သော၊ ဥဒ္ဓစ္စံ ဟောတိ၊ပေ၊ ဣမေ ဓမ္မာ အကုသလာ၊...ဥဒ္ဓါဒသ–န်သော၊ အကုသလစိတ္တာနိ–တို့သည်၊ နိဋ္ဌိတာနိ–ကုန်ပြီ။

**အကုသလာ ဓမ္မာဟူသော မာတိကာ၏**
**ပဒဘာဇနီ ပြီးပြီ။**

**အဗျာကတာ ဓမ္မာ၏ ပဒဘာဇနီ**

**ကုသလဝိပါက် ပဉ္စဝိညာဉ်**။ ။ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ–၌၊ ကာမာဝစရဿ–ကာမာဝစရဖြစ်သော၊ ကုသလဿ–သော၊ ကမ္မဿ–ကံ၏၊ ဝါ–ကံကို၊ ကတတ္တာ–ပြုအပ်ပြီး၏အဖြစ်ကြောင့်၊ ဥပစိတတ္တာ–ဆည်းပူးအပ်ပြီး၏အဖြစ်ကြောင့်၊ ဝိပါကံ–ဝိပါက်ဖြစ်သော၊ ဝါ–အကျိုးဖြစ်သော၊ ဥပေက္ခာသဟဂတံ–သော၊ ရူပါရမဏံ–ရူပါရုံဟူသော အာရုံရှိသော၊ စက္ခုဝိညာဏံ–စက္ခုဝိညာဉ်သည်၊ ဝါ–စက္ခုပသာဒ၏ ဝိညာဉ်သည်၊ ဝါ–အကြင် စက္ခုပသာဒကြောင့်ဖြစ်သော ဝိညာဉ်သည်၊ ဝါ–စက္ခုပသာဒ၌မှီသော

ဝိညာဉ်သည်၊ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ ဖဿော ဟောတိ၊ပေ၊ ဓိတိန္ဒြိယံ ဟောတိ၊ပေ၊ဣမေ ဓမ္မာ အဗျာကတာ၊ [နိဒ္ဒေသဝါရ, သင်္ဂဟဝါရ, သုညတဝါရတို့လည်း တူပြီ၊ သောတဝိညာဏနိဒ္ဒေသစသည်၌ နည်းတူ။]

**ကုသလဝိပါကာနိ–န်သော၊ ပဉ္စဝိညာဏာနိ–တို့သည်၊ နိဋ္ဌိတာနိ–န်ပြီ။**

**ကုသလဝိပါက် မနောဓာတ်။** ။[သမ္ပဋိစ္ဆိုန်းစိတ်ကို ဆိုသည်။] "မနောဓာတု–မနောဓာတ်သည်၊ ဝါ–သိကာမတ္တ သိရုံမျှဖြစ်သော ဓာတ်သည်၊ ဥပ္ပန္နာ ဟောတိ"ဟု ပေးပါ၊ ဤစိတ်၌ စေတသိက်ပိုသည်မှတစ်ပါး အားလုံးတူပြီ။

**မနောဝိညာဏဓာတ်။** ။[သန္တီရဏကို ဆိုသည်။]သောမနဿသဟဂတာ ဟု လာရာ၌ သောမနဿသဟဂုတ်သန္တီရဏဟုလည်းကောင်း, ဥပေက္ခာ သဟဂတာဟု လာရာ၌ ဥပေက္ခာသဟဂုတ်သန္တီရဏဟုလည်းကောင်း သိပါ၊ "မနောဝိညာဏဓာတု–မနောဝိညာဏဓာတ်သည်၊ ဝါ–သိတတ်သည်၏အဖြစ်ကြောင့် မနလည်းမည်, သညာ ပညာတို့ သိပုံမှ တစ်မျိုးတစ်ဖုံ သိတတ်သည်၏ အဖြစ်ကြောင့် ဝိညာဏလည်းမည်သော ဓာတ်သည်၊ ဥပ္ပန္နာ ဟောတိ"ဟု ပေးပါ။

**မဟာဝိပါက်ရှစ်ပါး။** ။ဤစိတ်များလည်း အားလုံးကုသိုလ်နှင့် တူပြီ။

**ရူပါဝစရဝိပါက်။** ။ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ ရူပါဝစရဿ–ရူပါဝစရဖြစ်သော၊ ကုသလဿ–သော၊ တဿေဝ ကမ္မဿ–ထိုကံ၏ပင်၊ ဝါ–ထိုကံကိုပင်၊ ကတတ္တာ–ကြောင့်၊ ဥပစိတတ္တာ–ကြောင့်၊ ဝိပါကံ–သော၊ ဝိဝိစ္စေဝ ကာမေဟိ ပဌမံ ဈာနံ၊ပေ၊ပထဝီကသိဏံ၊ တသ္မိံ သမယေ ဖဿော ဟောတိ ၊ပေ၊ ဣမေ ဓမ္မာ အဗျာကတာ၊ [ဒုတိယဈာန်မှစ၍ စတုက္ကနည်း ပဉ္စကနည်း အားလုံးပင် ကုသိုလ်နှင့်တူပြီ၊ "ကုသိုလ်က ဒုက္ခပ္ပဋိပဒါဒန္ဓာဘိညဈာန်ဖြစ်လျှင် ဒုက္ခပ္ပဋိပဒဒန္ဓာဘိညဈာနဝိပါက်ဖြစ်၏"စသည်ဖြင့် သိပါ၊ ဝိပါက်က အဓိပတိ မတပ်သောကြောင့် အဓိပတိစတုက္ကကား မရနိုင်တော့။]

**အရူပါဝစရဝိပါက်။** ။ဤဝိပါက်ကိုလည်း ကုသိုလ်နှင့် သဘောတူပင် ဟောတော်မူအပ်သည်၊ မဟဂ္ဂုတ်ဈာန်ဝိပါက်တို့သည် ကုသိုလ်နှင့် တစ်ထပ်တည်း တူသောကြောင့် ကုသိုလ်ကို ရှေးဦးစွာ ဟောတော်မူပြီးမှ ဝိပါက်ကို ဆက်၍ ဟောတော်မူပုံကိုလည်း သတိပြုပါ။

**လောကုတ္တရာဝိပါက်။** ။ဤလောကုတ္တရာဝိပါက်များကိုလည်း ကုသိုလ်ကို ရှေးဦးစွာ ဟောတော်မူပြီးမှ ဟောတော်မူပုံ, ဒုက္ခပ္ပဋိပဒါဒန္ဓာဘိညစသည်ဖြစ်ပုံ, သုညတ, သုညတကပဋိပဒါမှစ၍ ဝီသတိမဟာနယနှင့်တကွ အဓိပတိ မိဿကတိုင်အောင် ဟောတော်မူပုံကို သိပါ။

**အကုသလဝိပါက် အဗျာကတ**။ ။ပဉ္စဝိညာဉ်, မနောဓာတ်, မနောဝိညာဏဓာတ်တို့ကို ကုသလဝိပါက်အတိုင်း သိပါ။

**အဟိတ်ကြိယာ အဗျာကတ**။ ။ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ–၌၊ ကိရိယာ–ကိရိယာဖြစ်သော၊ နေဝ ကုသလာ–ကုသိုလ်လည်း မဟုတ်သော၊ နာကုသလာ–အကုသိုလ်လည်းမဟုတ်သော၊ န စ ကမ္မဝိပါကာ–ကံ၏အကျိုးလည်းမဟုတ်သော၊ ဥပေက္ခာသဟဂတာ–သော၊ ရူပါရမဏာ ဝါ–ရူပါရုံဟူသော အာရုံရှိသည်မူလည်းဖြစ်သော၊ပေ၊ဖောဋ္ဌဗ္ဗာရမဏာ ဝါ–သော၊ မနောဓာတု–မနောဓာတ်သည်၊ ယံ ယံ ဝါ ပန–ကို၊ အာရဗ္ဘ–၍၊ ဥပ္ပန္နာ ဟောတိ၊ ဤသို့ စသည်ဖြင့် အနက်ပေးပါ။

**ကိရိယာမနောဝိညာဏဓာတု**။ ။သောမနဿသဟဂတာဟု ဟောတော်မူရာ၌ ဟသိတုပ္ပာဒ်စိတ်ဟု မှတ်၍, ဥပေက္ခာသဟဂတာဟု ဟောတော်မူရာ၌ အာဝဇ္ဇန်းဒွေးဟု မှတ်ပါ။

**သဟိတ်ကာမာဝစရကိရိယာ**။ ။ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ–၌၊ ကိရိယာ–သော၊ နေဝ ကုသလာ–သော၊ နာကုသလာ–သော၊ န စ ကမ္မဝိပါကာ–သော၊ သောမနဿသဟဂတာ–သော၊ ဉာဏသမ္ပယုတ္တာ–သော၊ ရူပါရမဏာ ဝါ–ရူပါရုံဟူသော အာရုံရှိသည်မူလည်းဖြစ်သော၊ပေ၊ ဖောဋ္ဌဗ္ဗာရမဏာ ဝါ–သော၊ မနောဝိညာဏဓာတု–မနောဝိညာဏဓာတ်သည်၊ ယံ ယံ ဝါ ပန–အမှတ်မထား တစ်ပါးပါးသောအာရုံကို၊ အာရဗ္ဘ–၍၊ ဥပ္ပန္နာ ဟောတိ၊ တသ္မိံ သမယေ ဖဿော ဟောတိ၊ပေ၊ ဣမေ ဓမ္မာ အဗျာကတာ။

**ရူပါဝစရကိရိယာ**။ ။ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ ကိရိယံ၊ပေ၊ န စ ကမ္မဝိပါကံ–သော၊ ဒိဋ္ဌဓမ္မသုခဝိဟာရံ–မျက်မှောက်ထင်ထင် တွေ့မြင်အပ်သောသဘောဟု ဆိုအပ်သော ပစ္စက္ခအတ္တဘော၌ ချမ်းသာစွာ နေရကြောင်းဖြစ်သော၊ ရူပါဝစရံ–သော၊ ဈာနံ ဘာဝေတိ၊ ဝိဝိစ္စေဝ ၊ပေ၊ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ။[ဤမှနောက်၌ ကုသိုလ်နှင့်စသွား တူပြီ။]

**အရူပါဝစရကိရိယာ**။ ။ကတမေ၊ပေ၊ ယသ္မိံ သမယေ ကိရိယံ၊ပေ၊ န စ ကမ္မဝိပါကံ ဒိဋ္ဌဓမ္မသုခဝိဟာရံ အရူပါဝစရံ ဈာနံ ဘာဝေတိ။ [ဤမှနောက်၌ ကုသိုလ်နှင့် စသွားတူပြီ။]... ကိရိယာ–ကိရိယာဖြစ်ကုန်သော၊ အဗျာကတာ–တို့သည်၊ နိဋ္ဌိတာ–န်ပြီ။

**စိတ္တုပ္ပာဒကဏ္ဍံ–စိတ္တုပ္ပာဒကဏ္ဍသည်၊**
**နိဋ္ဌိတံ–ပြီးပြီ။**

# ရူပကဏ္ဍနိဿယ

**ဥဒ္ဒေသ**။ ။ကာတမေ ဓမ္မာ အဗျာကတာ၊ ကုသလာကုသလာနံ–ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–တရားတို့၏၊ ဝိပါကာ–အကျိုးဖြစ်ကုန်သော၊ ကာမာဝစရာ–ကာမာဝစရသော်လည်းဖြစ်ကုန်သော၊ ရူပါဝစရာ–သော်လည်း ဖြစ်ကုန်သော၊ပေ၊ အပရိယာပန္နာ–အပရိယာပန္နသော်လည်းဖြစ်ကုန်သော၊ ဝေဒနာက္ခန္ဓော–သည်လည်းကောင်း၊ပေ၊ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊ (အတ္ထိ–ရှိကုန်၏၊) ကိရိယာ–ကိရိယာဖြစ်ကုန်သော၊ နေဝကုသလာ–ကုသိုလ် လည်းမဟုတ်ကုန်သော၊ နာကုသလာ–အကုသိုလ်လည်းမဟုတ်ကုန်သော၊ န စ ကမ္မဝိပါကာ–ကံ၏အကျိုးလည်း မဟုတ်ကုန်သော၊ ယေ စ ဓမ္မာ–အကြင် တရားတို့သည်လည်း၊ (အတ္ထိ–နိ၏၊) သဗ္ဗံ–အလုံးစုံသော၊ ရူပံ စ–ရုပ်သည် လည်းကောင်း၊ အသင်္ခတာ–အကြောင်းတရားတို့သည် ကောင်းစွာရောက်၍ မပြုအပ်သော၊ ဓာတု စ–ဓာတ်သည်လည်းကောင်း၊ (အတ္ထိ–ရှိ၏၊) ဣမေ ဓမ္မာ အဗျာကတာ–တို့တည်း။

## မာတိကာ

**ဧကက**။ ။တတ္ထ–ထို“သဗ္ဗဥ္စ ရူပံ, အသင်္ခတာ စ ဓာတု”ဟူသောပုဒ် ၂ ပါး အပေါင်း၌၊ ကတမံ–အဘယ်တရားသည်၊ သဗ္ဗံရူပံ–အလုံးစုံသောရုပ် မည် သနည်း၊ စတ္တာရော–ကုန်သော၊ မဟာဘူတာ စ–မဟာဘုတ်တို့သည်လည်း ကောင်း၊ စတုန္နံ–နံသော၊ မဟာဘူတာနံ–တို့ကို၊ ဥပါဒါယ–ကပ်ယူ၍၊ ဝါ– မှီ၍၊(ပဝတ္တံ–ဖြစ်သော၊) ရူပံ စ–ရုပ်သည်လည်းကောင်း၊ (အတ္ထိ–ရှိ၏၊) ဣဒံ– ဤ မဟာဘုတ်, ဥပါဒါရုပ်ကို၊ သဗ္ဗံရူပံ–အလုံးစုံသောရုပ်ဟူ၍၊ ဝုစ္စတိ။

သဗ္ဗံရူပံ–အလုံးစုံသောရုပ်သည်၊ န ဟေတု–ဟိတ် မမည်၊ [“ဟေတူ ဓမ္မာ, န ဟေတူ ဓမ္မာ”ဟူသော ဒုကမာတိကာပုဒ်မှ န ဟေတူ ပုဒ်ကို ယူသည်၊] အဟေတုကံ–သမ္ပယုတ်ဟိတ် မရှိ၊[“သဟေတုကာ ဓမ္မာ, အဟေတုကာ ဓမ္မာ” ဟူသော ဒုကမာတိကာပုဒ်မှ ဟေတုကာပုဒ်ကို ယူသည်၊ ဤသို့ စသည်ဖြင့် အနိယတံ အနိယျာနိကံတိုင်အောင် ပုဒ်ပေါင်း ၄၀ ကို တိကမာတိကာ ဒုက မာတိကာတို့မှ ယူထားအပ်သည်ဟု မှတ်ပါ၊ နိဿယအနက်ကိုလည်း ထိုမာတိကာအတိုင်း ပေးပါ၊] ဥပ္ပန္နံ–အတိတ်ရုပ်၏ ဘင်ခဏမှ အထက်ဖြစ် သော နောက်ကာလ၌ ခဏတ္တယသို့ရောက်သည်၊ (သမာနံ–ဖြစ်လတ်သော်၊) ဆဟိ– ၆ ပါးကုန်သော၊ ဝိညာဏေဟိ–တို့သည်၊ ဝိညေယျံ–သိထိုက်၏၊ အနိစ္စံ– မမြဲ၊ ဇရာဘိဘူတံ–ဇရာသည် လွှမ်းမိုးနှိပ်စက်အပ်၏၊...ဧဝံ–ဤသို့လျှင်၊ ဧက ဝိဓာနေန–တစ်ပါးသောအဖို့အားဖြင့်၊ ရူပသင်္ဂဟော–ရုပ်တို့ကို သင်္ဂြိုဟ် ရေတွက်ခြင်းသည်၊ (ဟောတိ–၏၊)...ဧကကံ–ဧကကသည်၊ နိဋ္ဌိတံ–ပြီ။

**ဒုက**။ ။ဒုဝိဓေန–အားဖြင့်၊ ရူပသင်္ဂဟော–သည်၊ (ဟောတိ–၏၊) ဥပါဒါ–ဥပါဒါမည်သော၊ ရူပံ–ရုပ်သည်၊ အတ္ထိ–ရှိ၏၊ နော ဥပါဒါ–ဥပါဒါမမည်သော၊ ရူပံ–သည်၊ အတ္ထိ–၏၊ပေ၊စက္ခုသမ္ဖဿဿ–စက္ခုသမ္ဖဿ၏၊ ဝတ္ထု–တည်ရာဖြစ်သော၊ ရူပံ–ရုပ်သည်၊ အတ္ထိ၊ စက္ခုသမ္ဖဿဿ–၏၊ န ဝတ္ထု–တည်ရာမဟုတ်သော၊ ရူပံ အတ္ထိ၊ ရူပဿလဟုတာ–ရူပဿလဟုတာဖြစ်သော၊ပေ၊ရူပဿဥပစယော–ရူပဿဥပစယဖြစ်သော၊ပေ၊ကဗဠီကာရောအာဟာရော–ကဗဠီကာရအာဟာရဟူသော၊ပေ၊ န ကဗဠီကာရောအာဟာရော–ကဗဠီကာရအာဟာရမဟုတ်သော၊ ရူပံ အတ္ထိ၊ ဧဝံ–ဤသို့လျှင်၊ ဒုဝိဓေန–နှစ်ပါးအပြားအားဖြင့်၊ ရူပသင်္ဂဟော–သည်၊ (ဟောတိ)၊…ဒုကံ–သည်၊ (နိဋ္ဌိတံ–ပြီ။

**တိက**။ ။တိဝိဓေန–အားဖြင့်၊ ရူပသင်္ဂဟော–သည်၊ (ဟောတိ)၊ ယံ တံ ရူပံ–အကြင်ရုပ်သည်၊ အဇ္ဈတ္တိကံ–အဇ္ဈတ္တသန္တာန်၌ ဖြစ်၏၊ တံ ရူပံ–ထိုရုပ်သည်၊ ဥပါဒါ–ဥပါဒါရုပ်တည်း၊ [မိမိကိုယ်၌ဖြစ်လျှင် တဏှာ မာန ဒိဋ္ဌိတို့ဖြင့် "ငါ၏ရုပ်"ဟု စွဲလမ်းအပ်သောကြောင့် ရုပ်ဟူသမျှ ဥပါဒါအမည် ရ၏။] ယံ တံ ရူပံ–သည်၊ ဗာဟိရံ–အပသန္တာန်၌ ဖြစ်၏၊ တံ–ထိုရုပ်သည်၊ ဥပါဒါ–ဥပါဒါရုပ်သည်လည်း၊ အတ္ထိ၊ နော ဥပါဒါ–ဥပါဒါမဟုတ်သောရုပ်သည်လည်း၊ အတ္ထိ၊ ဤသို့ စသည်ဖြင့် အနက်ပေးပါ။…တိကံ (နိဋ္ဌိတံ)။

**စတုက္က**။ ။စတုဗ္ဗိဓေန ရူပသင်္ဂဟော (ဟောတိ)၊ ယံ တံ ရူပံ–အကြင်ရုပ်သည်၊ ဥပါဒါဥပါဒါရုပ်တည်း၊ တံ ရူပံ–ထိုရုပ်သည်၊ ဥပါဒိန္နံ–ဥပါဒိန္နရုပ်သည်လည်း၊ အတ္ထိ၊ အနုပါဒိန္နံ–အနုပါဒိန္နရုပ်သည်လည်း၊ အတ္ထိ၊ ယံ တံ ရူပံ–အကြင်ရုပ်သည်၊ နော ဥပါဒါ–ဥပါဒါရုပ် မဟုတ်၊ တံ(ရူပံ)–သည်၊ ဥပါဒိန္နံ–ဥပါဒိန္နရုပ်သည်လည်း၊ အတ္ထိ၊ အနုပါဒိန္နံ–အနုပါဒိန္နရုပ်သည်လည်း၊ အတ္ထိ၊ ။ပေ၊ ဒိဋ္ဌံ–စက္ခုဝိညာဉ်သည် မြင်ထိုက်သော၊ (ရူပံ အတ္ထိ)၊ သုတံ–သောတဝိညာဉ်သည် ကြားထိုက်သော၊ (ရူပံ အတ္ထိ)၊ မုတံ–ဃာန ဇိဝှာ ကာယဝိညာဉ် ၃ ပါးသည် ရောက်၍သိထိုက်သော၊ (ရူပံ အတ္ထိ)၊ ဝိညာတံ–မနောဝိညာဉ်သည် သိထိုက်သော၊ ရူပံ–သည်၊ (အတ္ထိ)၊ ဧဝံ စတုဗ္ဗိဓေန ရူပသင်္ဂဟော၊…စတုက္ကံ–သည်၊ (နိဋ္ဌိတံ)။ [ပဉ္စကမှစ၍ ကောဒသကတိုင်အောင် လွယ်ပြီ။]

**မာတိကာ–သည်၊ (နိဋ္ဌိတာ–ပြီ)။**

**ဧကကနိဒ္ဒေသ**။ ။သဗ္ဗံ–အလုံးစုံသော၊ ရူပံ–ကို၊ ဝါ–သည်၊ န ဟေတုက မေဝ–ဟိတ် မမည်သည်သာ၊ [ဧဝဖြင့် ဟေတုကို ကန့်၊ ဤနည်းအတိုင်း တွဲဖက်အနက်များကို ဧဝဖြင့် ကန့်သည်ဟု မှတ်ပါ၊]၊ပေ၊ဥပ္ပန္နံ–အတိတ်ရုပ်၏

ဘင်္ခဏာမှ အထက်ဖြစ်သော နောက်ကာလ၌ ခဏတ္တယသို့ ရောက်သည်၊ (သမာန်–လတ်သော်၊) ဆဟိ–နှင့်သော၊ ဝိညာဏေဟိ–တို့သည်၊ ဝိညေယျမေဝ–သိထိုက်သည်သာတည်း၊ အနိစ္စမေဝ–အနိစ္စသာတည်း၊ ဇရာဝတိဘူတမေဝ–ဇရာသည် လွှမ်းမိုးအပ်သည်သာတည်း၊...ကေကနိဒ္ဒေသော–သည်၊ (နိဋ္ဌိတော–ပြီ။)

## ဒုကနိဒ္ဒေသ

## (ဥပါဒါဘာဇနီယ)

**[အောက်ပါဂဏန်းများသည် ဆဋ္ဌသံဂါယနာမူ ပါဠိတော် ပုဒ်ရေနံပါတ် ဖြစ်ပါသည်။]**

**၅၉၅။** ကတမံ–သော၊ တံ ရူပံ–သည်၊ ဥပါဒါ–ဥပါဒါ မည်သနည်း၊ စက္ခာယတနံ–စက္ခာယတနသည်လည်းကောင်း၊ပေ၊ရူပဿအနိစ္စတာ–ရူပဿ အနိစ္စတာသည်လည်းကောင်း၊ ကဗဠီကာရအာဟာရော–ကဗဠီကာရအာဟာရသည်လည်းကောင်း၊ (ဥပါဒါ ဥပါဒါ မည်၏၊) [ဤ၌ ဟဒယဝတ္ထု မပါခြင်းကို သတိပြုခဲ့ပါ။]

**၅၉၆။** ကတမံ တံ ရူပံ စက္ခာယတနံ–နမည်သနည်း၊ ယံ စက္ခု–အကြင် စက္ခုသည်၊ (အတ္ထိ)၊ ဣဒံ–ဤစက္ခုဟူသော၊ တံရူပံ–ထိုရုပ်သည်၊ စက္ခာယတနံ–နမည်၏၊ စတုန္နံ–နှင့်သော၊ မဟာဘူတာနံ–တို့ကို၊ ဥပါဒါယ–ကပ်ယူ၍၊ ဝါ–စွဲမှီ၍၊ အတ္တဘာဝပရိယာပန္နော–အတ္တဘော၌ အကျုံးဝင်သော၊ အနိဒဿနော–စက္ခုဝိညာဉ်သည် မမြင်အပ် မမြင်နိုင်သော၊ သပ္ပဋိဃော–ထိပါးခြင်းနှင့်တကွ ဖြစ်သော၊ (ယော) ပသာဒေါ–အကြင်ပသာဒသည်၊ ဝါ–အကြင် ကြည်လင် ခြင်းသဘောသည်၊ (အတ္ထိ)၊ အနိဒဿနေန–သော၊ သပ္ပဋိဃေန–သော၊ ယေန စက္ခုနာ–အကြင်စက္ခုဖြင့်၊ သနိဒဿနံ–မြင်အပ်သည်၏ အဖြစ်နှင့်တကွဖြစ်သော၊ သပ္ပဋိဃံ–ထိပါးတတ်သည်၏ အဖြစ်နှင့်တကွဖြစ်သော၊ ရူပံ–ရူပါရုံကို၊ ပဿိ ဝါ–အတိတ်၌လည်း မြင်ဖူးပြီ၊ ပဿတိ ဝါ–ပစ္စုပ္ပန်၌လည်း မြင်ရ၏၊ ပဿိဿတိ ဝါ–အနာဂတ်၌လည်း မြင်ရလတ္တံ့၊ ပဿေ ဝါ–အကြောင်း ညီညွတ်လျှင်လည်း မြင်ရာ၏။

စေ–ဤသဘောသည်၊ စက္ခတိပိ–မြင်ခြင်းကိစ္စ၌ ရှေ့ဆောင်အကြီးအကဲ၏ အဖြစ်ကြောင့် စက္ခုလည်းမည်၏၊ [စက္ခ၌ ဝါစာသိလိဋ္ဌ နိဂ္ဂဟိတ်၊] စေ–ဤသဘောသည်၊ စက္ခာယတနံပိ–ဖဿစသော တရားတို့၏ ပေါက်ဖွားရာ၏ အဖြစ်, ပေါင်းဆုံရာ၏အဖြစ်ကြောင့် စက္ခာယတနလည်းမည်၏၊ သော–ဤသဘောသည်၊ စက္ခုဓာတုပိ–အတ္တမှကင်းဆိတ်သည်၏အဖြစ်, ပရမတ္ထ သဘာဝ၏အဖြစ်, သတ္တဝါမဟုတ်သည်၏အဖြစ်ကြောင့် စက္ခုဓာတ်လည်း မည်၏၊ စေ–ဤသဘောသည်၊ စက္ခုန္ဒြိယံပိ–မြင်ခြင်းလက္ခဏာဝယ် မိမိ၏

အစိုးရအဖြစ်ကို စက္ခုသမ္ဘဿစသော တရားတို့ကို ပြုစေတတ်သည်၏အဖြစ်ကြောင့် စက္ခုန္ဒြေလည်း မည်၏၊ ဧသော–သည်၊ လောကောပိ–ပျက်တတ်, အပြားအားဖြင့် ပျက်တတ်သည်၏အဖြစ်ကြောင့် လောကလည်းမည်၏။

သော–ဤသဘောသည်၊ ဒွါရာပိ–အထွက်အဝင်, အစဉ်အမြဲ သုံးစွဲကြောင်း၏ အဖြစ်ကြောင့် တံခါးလည်း မည်၏၊ ဧသော–ဤသဘောသည်၊ သမုဒ္ဒေါပိ–ရူပါရုံအတန်တန်, မပြည့်မလျှံသည်၏အဖြစ်ကြောင့် သမုဒ္ဒရာလည်း မည်၏၊ ဧတံ–ဤသဘောသည်၊ ပဏ္ဍရံပိ–ထက်ဝန်းကျင် ဖြူစင်သောတရားလည်း ဟုတ်၏၊ ဧတံ–သည်၊ ခေတ္တံပိ–ဖဿစသောမျိုးစေ့တို့၏ ပေါက်ဖွားရာလယ်နှင့်လည်း တူ၏၊ ဧတံ–သည်၊ ဝတ္ထုံပိ–ဖဿစသောမျိုးစေ့တို့၏ ပေါက်ဖွားရာ ယာနှင့်လည်း တူ၏၊ ဧတံ–သည်၊ နေတ္တံပိ–သမ,ဝိသမကို ပြလျက် အတ္တဘောကို ဆောင်တတ်သည်၏အဖြစ်ကြောင့် နေတ္တမည်သော မျက်လုံးနှင့်လည်းတူ၏၊ ဧတံ–ဤသည်၊ နယနံပိ–နယနမည်သောမျက်လုံးနှင့်လည်း တူ၏၊ ဧတံ–သည်၊ ဩရိမတီရံပိ–သက္ကာယဉ် အကျုံးဝင်သည်၏အဖြစ်ကြောင့် ဤဘက်ကမ်းနှင့်လည်း တူ၏၊ ဧသော–ဤသဘောသည်၊ သုညော ဂါမောပိ–အများနှင့် ဆက်ဆံသည်၏အဖြစ်, ပိုင်ရှင်မရှိသည်၏အဖြစ်ကြောင့် လူတို့မှ ကင်းဆိတ်သော ရွာနှင့်လည်း တူ၏၊ ဣဒံ–ဤသို့သော၊ တံ ရူပံ–သည်၊ စက္ခာယတနံ–စက္ခာယတန မည်၏။

၅၉၇။ ကတမံ တံ ရူပံ စက္ခာယတနံ၊ပေ၊အနိဒဿနမှိ–သော၊ သပ္ပဋိဃမှိ–သော၊ ယမှိ စက္ခုမှိ–၌၊ သနိဒဿနံ–သော၊ သပ္ပဋိဃံ–သော၊ ရူပံ–ရူပါရုံသည်၊ ပဋိဟညိ ဝါ–အတိတ်၌လည်း ထိခိုက်ဖူးပြီ၊ ပဋိဟညတိ ဝါ–ပစ္စုပ္ပန်၌လည်း ထိခိုက်၏၊ ပဋိဟညိဿတိ ဝါ–အနာဂတ်၌လည်း ထိခိုက်လတ္တံ့၊ ပဋိဟညေ ဝါ–အကြောင်း ညီညွတ်လျှင်လည်း ထိခိုက်ရာ၏၊ပေ၊ ဣဒံ တံ ရူပံ–သည်၊ စက္ခာယတနံ–မည်၏။ [၅၉၈–အနက်လွယ်ပြီ။]

၅၉၉။ ကတမံ တံ ရူပံ စက္ခာယတနံ၊ ယံ စက္ခုံ–အကြင် စက္ခုကို၊ နိဿာယ–မှီ၍၊ ရူပံ–ရူပါရုံကို၊ အာရဗ္ဘ–အာရုံပြု၍၊ စက္ခုသမ္ဖဿော–စက္ခုသမ္ဖဿသည်၊ ဥပ္ပဇ္ဇိ ဝါ–အတိတ်၌လည်း ဖြစ်ဖူးပြီ” စသည်ဖြင့် ပေးပါ။

၆၀၀။ ကတမံ တံ ရူပံ သောတာယတနံ၊ပေ၊“ဧတံ–ဤသဘောသည်၊ သောတံ ပိ–ကြားတတ်သည်၏အဖြစ်ကြောင့် သောတလည်း မည်၏”စသည် ပေးပါ။

၆၀၄။ ကတမံ တံ ရူပံ ဃာနာယတနံ၊ပေ၊ဃာနံပိ–အနံ့ကို ယူတတ်သည်၏ အဖြစ်ကြောင့် ဃာနလည်း မည်၏၊...စသည် ပေးပါ။

**၆၀၈။** ကတမံ တံ ရူပံ ဓိဋ္ဌာယတနံ၊ပေ၊ဓိဋ္ဌာပိ–အရသာကို သာယာတတ်သည်၏အဖြစ်ကြောင့် ဓိဋ္ဌာလည်း မည်၏၊...စသည် ပေးပါ။

**၆၁၂။** ကတမံ တံ ရူပံ ကာယာယတနံ၊ပေ၊သော–သည်၊ ကာယောပိ–တစ်ကိုယ်လုံး၌ ပျံ့နှံ့သည်၏အဖြစ်ကြောင့် ကာယလည်း မည်၏၊...စသည်။

**၆၁၆။** ကတမံ တံ ရူပံ ရူပါယတနံ၊ စတုန္နံ မဟာဘူတာနံ ဥပါဒါယ–၍၊ (ပဝတ္တာ–သော၊) ဝဏ္ဏနိဘာ–တောက်ပတတ်သော အဆင်းအရောင်ဖြစ်သော၊ သနိဒဿနံ–မြင်အပ်သည်၏အဖြစ်နှင့်တကွဖြစ်သော၊ သပ္ပဋိဃံ–ထိပါးတတ်သည်၏အဖြစ်နှင့်တကွဖြစ်သော၊ နီလံ–အညိုမှုလည်းဖြစ်သော၊ ပီတကံ–အရွှေမှုလည်းဖြစ်သော၊ လောဟိတကံ–အနီမှုလည်းဖြစ်သော၊ ဩဒါတံ–အဖြူမှုလည်းဖြစ်သော၊ ကာဠကံ–အမည်းအနက်မှုလည်းဖြစ်သော၊ မဉ္ဇိဋ္ဌကံ–မောင်းသောအရောင်မှုလည်းဖြစ်သော၊ ဟရိ–ဝါသောအဆင်းမှုလည်းဖြစ်သော၊ ဟရိဝဏ္ဏံ–စိမ်းသောမြက်တော၏အဆင်းမှုလည်းဖြစ်သော၊ အမ္ဗင်္ကုရဝဏ္ဏံ–သရက်ညွန့်၏အဆင်းနှင့်တူသော အဆင်းမှုလည်းဖြစ်သော၊ ဒီဃံ–ရှည်သောအဆင်းမှုလည်းဖြစ်သော၊ ရဿံ–တိုသော(ပုသော)အဆင်းမှုလည်းဖြစ်သော၊ အဏုံ–သေးငယ်သောအဆင်းမှုလည်းဖြစ်သော၊ ထူလံ–တုတ်သော(ဝသော)အဆင်းမှုလည်းဖြစ်သော၊ ဝဋ္ဋံ–လုံးသောအဆင်းမှုလည်းဖြစ်သော၊ ပရိမဏ္ဍလံ–ဝန်းဝိုင်းသောအဆင်းမှုလည်းဖြစ်သော၊ စတုရံသံ(စတုရဿံ)–လေးထောင့်(၄ မြှောင့်)အဆင်းမှုလည်းဖြစ်သော၊ ဆဠံသံ–၆ ထောင့် (၆ မြှောင့်)အဆင်းမှုလည်းဖြစ်သော၊ အဋ္ဌံသံ–ရှစ်ထောင့်(၈ မြှောင့်)အဆင်းမှုလည်းဖြစ်သော၊ သောဠသံသံ–တစ်ဆယ်ခြောက်ထောင့်(၁၆ မြှောင့်)အဆင်းမှုလည်းဖြစ်သော၊ နိန္နံ–နိမ့်သော(ဝှမ်းသော)အဆင်းမှုလည်းဖြစ်သော၊ ထလံ–ကုန်းမြင့်အဆင်းမှုလည်းဖြစ်သော၊ ["ဒီဃံ"စသည်ဖြင့် ပုံသဏ္ဌာန်ကို ပြသော်လည်း ရူပါရုံကို ပြသော အရာဌာနဖြစ်သောကြောင့် ထိုပုံသဏ္ဌာန်၌တည်သောအဆင်းတိုင်အောင် ယူရသည်။]

ဆာယာ–အရိပ်အဆင်းမှုလည်းဖြစ်သော၊ အာတပေါ–နေပူအဆင်းမှုလည်းဖြစ်သော၊ အာလောကော–အရောင်အလင်းအဆင်းမှုလည်းဖြစ်သော၊ အန္ဓကာရော–အမိုက်မှောင်အဆင်းမှုလည်းဖြစ်သော၊ အဗ္ဘာ–တိမ်တိုက်အဆင်းမှုလည်းဖြစ်သော၊ မဟိကာ–ဆီးနှင်းအဆင်းမှုလည်းဖြစ်သော၊ ဓူမော–မီးခိုးအဆင်းမှုလည်းဖြစ်သော၊ ရဇော–မြူအဆင်းမှုလည်းဖြစ်သော၊ စန္ဒမဏ္ဍလဿ–လဝန်း၏၊ ဝဏ္ဏနိဘာ–တောက်ပထင်ရှားသောအဆင်းမှုလည်းဖြစ်သော၊ သူရိယမဏ္ဍလဿ–နေဝန်း၏၊ ဝဏ္ဏနိဘာ–တောက်ပထင်ရှားသောအဆင်းမှုလည်းဖြစ်သော၊ တာရကရူပါနံ–ကြယ်တာရာအပေါင်းတို့၏၊ ဝဏ္ဏနိဘာ–

တောက်ပထင်ရှားသောအဆင်းမူလည်းဖြစ်သော၊ အာဒါသမဏ္ဍလသော-ကြေးမုံမှန်ဝိုင်း၏၊ ဝဏ္ဏနိဘာ-တောက်ပထင်ရှားသောအဆင်းမူလည်းဖြစ်သော၊ မဏိသင်္ခမုတ္တာဝေဠုရိယသော-ပတ္တမြား၊ ခရုသင်း၊ ပုလဲ၊ ကြောင်မျက်ရွဲ၏၊ ဝဏ္ဏနိဘာ-တောက်ပထင်ရှားသောအဆင်းမူလည်းဖြစ်သော၊ ဇာတရူပရဇတသော-ရွှေ၊ငွေ၏၊ ဝဏ္ဏနိဘာ-တောက်ပထင်ရှားသောအဆင်းမူလည်းဖြစ်သော၊ ယံ ရူပံ-အကြင် ရူပါရုံသည်၊ ဝါ-အကြင်ရုပ်သည်၊ (အတ္ထိ)။

ဝါ ပန-သည်သာမကသေး၊ စတုန္နံ-န်သော၊ မဟာဘူတာနံ-တို့ကို၊ ဥပါဒါယ-၍၊ (ပဝတ္တာ-သော၊) ဝဏ္ဏနိဘာ-တောက်ပတတ်သောအဆင်းဖြစ်သော၊ သနိဒဿနံ-သော၊ သပ္ပဋိဃံ-သော၊ အညမ္ပိ-အခြားလည်းဖြစ်သော၊ ယံ ရူပံ-အကြင်ရုပ်သည်၊ အတ္ထိ-ရှိ၏၊ အနိဒဿနံ-သော၊ သပ္ပဋိဃံ-သော၊ ယံ ရူပံ-အကြင်ရုပ်ကို၊ အနိဒဿနေန-မြင်အပ်သည်၏အဖြစ် မရှိသော၊ သပ္ပဋိဃေန-ထိပါးတတ်သည်၏အဖြစ်နှင့်တကွဖြစ်သော၊ စက္ခုနာ-စက္ခုပသာဒဖြင့်၊ ပဿိ ဝါ၊ပေ၊ပဿေ ဝါ၊[ရှေ့အတိုင်းပေးပါ၊] ဣဒံ-ဤရုပ်သည်၊ ရူပံပိ-ထင်ရှားပြတတ်သည်၏အဖြစ်ကြောင့် ရူပလည်းမည်၏၊ ဧတံ-သည်၊ ရူပါယတနံပိ-ဖဿစသောတရားတို့၏ ပေါက်ဖွားရာ၊စုဝေးရာ၏အဖြစ်ကြောင့် ရူပါယတနလည်း မည်၏၊ သော-ဤရုပ်သည်၊ ရူပဓာတုပိ-သတ္တဇီဝမဟုတ်၊ မိမိသဘောကိုဆောင်တတ်သောကြောင့် ရူပဓာတ်လည်းမည်၏၊ ဣဒံ-ဤသို့သော၊ တံ ရူပံ-သည်၊ ရူပါယတနံ-မည်၏။[၆၁၇,၆၁၈,၆၁၉တို့၌လွယ်ပြီ။]

**၆၂၀**။ ကတမံ ရူပံ သဒ္ဒါယတနံ-မည်သနည်း၊ စတုန္နံ မဟာဘူတာနံ ဥပါဒါယ(ပဝတ္တော) အနိဒဿနော-သော၊ သပ္ပဋိဃော-သော၊ ဘေရိသဒ္ဒေါ-စည်ကြီးသံမူလည်းဖြစ်သော၊ မုဒိင်္ဂသဒ္ဒေါ-မရိုးစည်သံမူလည်းဖြစ်သော၊ သင်္ခသဒ္ဒေါ-ခရုသင်းသံမူလည်းဖြစ်သော၊ ပဏဝသဒ္ဒေါ-ထက်စည်သံမူလည်းဖြစ်သော၊ ဂီတသဒ္ဒေါ-သီချင်းသံမူလည်းဖြစ်သော၊ ဝါဒိတသဒ္ဒေါ-တီးမှုတ်သံမူလည်းဖြစ်သော၊ သမ္မသဒ္ဒေါ-ကြေးမောင်း၊ကြေးနှောင်၊ သစ်သားချပ်တို့၏အသံမူလည်းဖြစ်သော၊ ပါဏိသဒ္ဒေါ-လက်ခုတ်တီးသံမူလည်းဖြစ်သော၊ သတ္တာနံ-သတ္တဝါတို့၏၊ နိဂ္ဃောသသဒ္ဒေါ-ကြွေးကြော်သံမူလည်းဖြစ်သော၊ ဓာတူနံ-သစ်ပင်စသောဓာတ်တို့၏၊ သန္နိဃာတသဒ္ဒေါ-ပေါင်းဆုံ၍ပွတ်တိုက်သံမူလည်းဖြစ်သော၊ ဝါတသဒ္ဒေါ-လေသံမူလည်းဖြစ်သော၊ ဥဒကသဒ္ဒေါ-စီးသွားသောရေသံမူလည်းဖြစ်သော၊ ဝါ-လေတိုက်ခတ်အပ်သောရေ၏အသံမူလည်းဖြစ်သော၊ မနုဿသဒ္ဒေါ-လူ၏အသံမူလည်းဖြစ်သော၊ အမနုဿသဒ္ဒေါ-လူ၏အသံမှတစ်ပါးသောအသံမူလည်းဖြစ်သော၊ ယော သဒ္ဒေါ-အကြင်အသံသည်၊ (အတ္ထိ)၊[ယော ဝါ ပနညောပိစသော ပုဒ်များ၏အနက်လွယ်ပြီ။]

**၆၂၄။** ကတမံ တံ ရူပံ ဂန္ဓာယတနံ၊ စတုန္နံ၊ပေ၊သပ္ပဋိဃော–သော၊ မူလဂန္ဓော–အမြစ်၏အနံ့မူလည်းဖြစ်သော၊ သာရဂန္ဓော–အနှစ်၏အနံ့မူလည်းဖြစ်သော၊ တစဂန္ဓော–အခွံ့,အခေါက်၏အနံ့မူလည်းဖြစ်သော၊ ပတ္တဂန္ဓော–အရွက်၏အနံ့မူလည်းဖြစ်သော၊ ပုပ္ဖဂန္ဓော–အပွင့်၏အနံ့မူလည်းဖြစ်သော၊ ဖလဂန္ဓော–အသီး၏အနံ့မူလည်းဖြစ်သော၊ အာမကဂန္ဓော–ဟင်းရွက်စသည်တို့၏စိမ်းသောအနံ့မူလည်းဖြစ်သော၊ ဝိဿဂန္ဓော–ညှီစော်အနံ့မူလည်းဖြစ်သော၊ သုဂန္ဓော–ကောင်းသောအနံ့မူလည်းဖြစ်သော၊ ဒုဂ္ဂန္ဓော–မကောင်းသောအနံ့မူလည်းဖြစ်သော၊ ယော ဂန္ဓော–အကြင် အနံ့သည်၊ (အတ္ထိ)၊ [ယော ဝါ ပနညောပိ စသည်အနက် လွယ်ပြီ။]

**၆၂၈။** ကတမံ၊ပေ၊ရသာယတနံ၊ပေ၊မူလရသော–အမြစ်၏အရသာမူလည်းဖြစ်သော၊ပေ၊ ဖလရသော–အသီး၏အရသာမူလည်းဖြစ်သော၊ အမ္ဗိလံ–ချဉ်သောအရသာမူလည်းဖြစ်သော၊ မဓုရံ–ချိုသောအရသာမူလည်းဖြစ်သော၊ တိတ္တကံ–ခါးသောအရသာမူလည်းဖြစ်သော၊ ကဋုကံ–စပ်သောအရသာမူလည်းဖြစ်သော၊ လောဏိကံ–ငန်သောအရသာမူလည်းဖြစ်သော၊ ခါရိကံ–ငန်ခါးသော အရသာမူလည်းဖြစ်သော၊ လမ္ဗိလံ–ချိုချဉ်အရသာမူလည်းဖြစ်သော၊ ကသာဝေါ–ဖန်ရည်အရသာမူလည်းဖြစ်သော၊ သာဒု–သာယာအပ်သော, ကောင်းမြတ်သောအရသာမူလည်းဖြစ်သော၊ အသာဒု–မသာယာအပ်သော, မကောင်းမြတ်သောအရသာမူလည်းဖြစ်သော၊ ယော ရသော–သည်၊ (အတ္ထိ)၊ {ယော ဝါ ပနညောပိ စသည်လွယ်ပြီ။}

**၆၃၂။** ကတမံ တံ ရူပံ ဣတ္ထိန္ဒြိယံ–နည်း၊ ယံ(ယေန ကာရဏေန)–အကြင်အကြောင်းကြောင့်၊(ဟောတိ၌စပ်၊) ဣတ္ထိလိင်္ဂံ–မိန်းမ၏၊ ဣတ္ထိလိင်္ဂံ–မိန်းမ၏ အသွင်သဏ္ဌာန်သည်လည်းကောင်း၊ ဣတ္ထိနိမိတ္တံ–မိန်းမ၏အမှတ်အသားသည်လည်းကောင်း၊ ဣတ္ထိကုတ္တံ–မိန်းမ၏ပြုအပ်သောအမူသည်လည်းကောင်း၊ ဣတ္ထာကပ္ပော–မိန်းမ၏အခြင်းအရာသည်လည်းကောင်း၊ ဣတ္ထတ္တံ–မိန်းမ၏ဖြစ်ကြောင်းဖြစ်ရာသည်လည်းကောင်း၊ ဣတ္ထိဘာဝေါ–မိန်းမ၏ဖြစ်ကြောင်းဖြစ်ရာဘာဝရုပ်သည်လည်းကောင်း၊(ဟောတိ–ဖြစ်၏၊) ဣဒံ–ဤသို့သဘောရှိသော၊ တံ ရူပံ–ထိုရုပ်သည်၊ ဣတ္ထိန္ဒြိယံ–ဣတ္ထိန္ဒြိယမည်၏၊ [ပုရိသိန္ဒြိယ၌လည်း နည်းတူပေးပါ။]

**၆၃၄။** ကတမံ တံ ရူပံ ရူပဇီဝိတိန္ဒြိယံ၊ ရူပိနံ–ဖောက်ပြန်ခြင်းရှိကုန်သော၊ တေသံ ဓမ္မာနံ–ထိုတရားတို့၏၊ ယော အာယု–အကြင်အသက်သည်၊(အတ္ထိ)၊ ဣဒံ–ဤသို့သော၊ ဝါ–ဤသို့သဘောရှိသော၊ တံ ရူပံ–သည်၊ ဇီဝိတိန္ဒြိယံ–မည်၏၊ ....ဤသို့စသည်ဖြင့် အနိယမရှိတိုင်း နိယမဝါကျတွဲ၍ ကာမာဝစရကုသိုလ်ပဌမစိတ် နာမ်ဇီဝိတိန္ဒြိယနိဒ္ဒေသအတိုင်း ပေးပါ။

**၆၃၅။** ကတမံ တံ ရူပံ ကာယဝိညတ္တိ၊ ကုသလစိတ္တဿ ဝါ–ကုသိုလ်စိတ်ရှိသည်မူလည်းဖြစ်သော၊ အကုသလစိတ္တဿ ဝါ–သော၊ အဗျာကတစိတ္တဿ ဝါ–သော၊ အဘိက္ကမန္တဿ ဝါ–ရှေ့သို့သွားသောပုဂ္ဂိုလ်၏လည်းကောင်း၊ ပဋိက္ကမန္တဿ ဝါ–ပြန်သောပုဂ္ဂိုလ်၏လည်းကောင်း၊ ဝါ–နောက်ဆုတ်သောပုဂ္ဂိုလ်၏လည်းကောင်း၊ အာလောကေန္တဿ ဝါ-ရှေးရှုဖြောင့်ဖြောင့်, ကြည့်သောပုဂ္ဂိုလ်၏လည်းကောင်း၊ ဝိလောကေန္တဿ ဝါ–ဟိုဟိုဒီဒီ ကြည့်သောပုဂ္ဂိုလ်၏သော်လည်းကောင်း၊ သမိဉ္ဇန္တဿ ဝါ–လက်ခြေစသည်တို့ကို ကွေးသောပုဂ္ဂိုလ်၏သော်လည်းလည်းကောင်း၊ ပသာရေန္တဿ ဝါ–လက်ခြေစသည်တို့ကို ဆန့်သောပုဂ္ဂိုလ်၏သော်လည်းကောင်း၊ ကာယဿ–ကိုယ်ကို၊ ယာ ထမ္ဘနာ–အကြင် ထောက်ပံ့ခြင်းသည်၊ ယာ သံထမ္ဘနာ–အကြင် အားကြီးစွာထောက်ပံ့ခြင်းသည်၊ ယံ သံထမ္ဘိတတ္တံ–အကြင် ထောက်ပံ့အပ်သောကိုယ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ ဝိညတ္တိ–အကြင် မိမိအလိုဆန္ဒကို သိစေတတ်သောသဘောသည်၊ ယာ ဝိညာပနာ–အကြင်အလိုဆန္ဒကို သိစေခြင်းသည်၊ ယံ ဝိညာပိတတ္တံ–အကြင် သိစေအပ်သောအလိုဆန္ဒ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ ကာယဝိညတ္တိ။ ["ယာ ဝိညတ္တိ အတ္ထိ၊ ဣဒံ တံ ရူပံ ကာယဝိညတ္တိ"ဟု နိယမ အနိယမ အသီးအသီးတွဲ၍ ပေးပါ၊ နောက်၌လည်း နည်းတူ။]

**၆၃၆။** ကတမံ တံ ရူပံ ဝစီဝိညတ္တိ၊ ကုသလစိတ္တဿ ဝါ–ကုသိုလ်စိတ်ရှိသော ပုဂ္ဂိုလ်သော်၏လည်းကောင်း၊ပေ၊ အဗျာကတစိတ္တဿဝါ–၏သော်လည်းကောင်း၊ ယာ ဝါစာ–အကြင် ပြောဆိုအပ်သော စကားသံသည်၊ ယာ ဂိရာ–အကြင် မြွက်ဆိုအပ်သော စကားသံသည်၊ ယော ဗျပ္ပထော–အကြင် သိလိုသောသူ,သိစေလိုသောသူတို့၏အကြောင်းဖြစ်သော စကားသံသည်၊ ယံ ဥဒီရဏံ–အကြင်မြွက်ဆိုအပ်သော စကားသံသည်၊ ယော ဃောသော–အကြင် ကျယ်ကျယ်လောင်လောင် ပြောဆိုအပ်သော စကားသံသည်၊ ယံ ဃောသကမ္မံ–အကြင် ကျယ်ကျယ်လောင်လောင် ပြောဆိုအပ်, အမျိုးမျိုးပြုအပ်သော စကားသံသည်၊ ဝါစာ–ဝါစာဟုဆိုအပ်သော၊ ယော ဝစီဘေဒေါ–အကြင် အမျိုးမျိုး အစားစား, ကွဲပြားသော စကားလုံးသည်၊ (အတ္ထိ)၊ အယံ–ဤစကားသံကို၊ ဝါစာ–ဝါစာဟူ၍၊ ဝုစ္စတိ–အပ်၏၊ တာယ ဝါစာယ–ထိုစကားသံဖြင့်၊ ယာ ဝိညတ္တိ၊ပေ၊ယံ ဝိညာပိတတ္တံ (အတ္ထိ)၊ ဣဒံ တံ ရူပံ ဝစီဝိညတ္တိ။

**၆၃၇။** ကတမံ တံ ရူပံ အာကာသဓာတု၊ ယော အာကာသော–အကြင် မရေးမခြစ်အပ်သောအရပ်သည်၊ ယံ အာကာသဂတံ–အကြင် မရေးမခြစ်အပ်သော အရပ်သည်၊[ဂတ အနက်မရှိ၊] ဝါ–အာကာသဟု အသိအမှတ်ပြုအပ်သောအရပ်သည်၊[ဂတသဒ္ဒါ သိခြင်းအနက်ဟော၊] ယံ အဃံ–အကြင်မထိမခိုက်အပ်သောအရပ်သည်၊ ယံ အဃဂတံ–သည်၊ ဝါ–အကြင်မထိမခိုက်အပ်ဟု

အသိအမှတ်ပြုအပ်သောအရပ်သည်၊ ယော ဝိဂရော–အကြင် အပေါက်အကြားသည်၊ ယံ ဝိဝရဂတံ–သည်၊ စတူဟိ–န်သော၊ မဟာဘူတေဟိ–တို့သည်၊ ယံ အသံဖုဋ္ဌ–အကြင် မတွေ့မထိအပ်သောအရပ်သည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ အာကာသဓာတု။

**၆၃၈။** ကတမံ တံ ရူပံ ရူပဿ လဟုတာ၊ ရူပဿ–တိဇနိပ္ဖန္နရုပ်၏၊ ယာ လဟုတာ စသည်ကို ကာယလဟုတာနိဒ္ဒေသအတိုင်း ပေးပါ၊ မုဒုတာ ကမ္မညတာတို့၌လည်း နည်းတူ။

**၆၄၁။** ကတမံ တံ ရူပံ, ရူပဿ ဥပစယော–ရူပဿ ဥပစယ မည်သနည်း၊ အာယတနာနံ–အခွဲအားဖြင့် တစ်ဆယ့်တစ်ပါးကုန်သော ရုပ်အာယတနတို့၏၊ ယော အာစယော–အကြင်ဖြစ်ခြင်းသည်၊ (အတ္ထိ–ရှိ၏၊ ပုနပ္ပုနံ–အဖန်ဖန်၊ နိဗ္ဗတ္တမာနာနံ–ဖြစ်ကုန်သော၊ အာယတနာနံ–တို့၏၊) သော–ထိုဖြစ်ခြင်းသည်၊ ရူပဿ ဥပစယော–ရူပဿ ဥပစယ မည်၏၊ ဣဒံ တံ ရူပံ, ရူပဿ ဥပစယော–ရူပဿ ဥပစယ မည်၏။

**၆၄၂။** ကတမံ တံ ရူပံ ရူပဿ သန္တတိ၊ ရူပဿ–ရုပ်၏၊ ယော ဥပစယော–အကြင် အထက်အထက်၌ဖြစ်ခြင်းသည်၊ (အတ္ထိ)၊ သော–ထိုအထက်အထက်၌ ဖြစ်ခြင်းသည်၊ ရူပဿ သန္တတိ–မည်၏၊ ဣဒံ တံ ရူပံ ရူပဿ သန္တတိ။

**၆၄၃။** ကတမံ တံ ရူပံ ရူပဿ ဇရတာ–မည်သနည်း၊ ရူပဿ–ရုပ်၏၊ ယာ ဇရာ–အကြင်ဆွေးမြေ့ ယိုယွင်း, အိုမင်းခြင်းသည်၊ ယာ ဇီရဏာ–အကြင် ဆွေးမြေ့ ယိုယွင်း, အိုမင်းခြင်းသည်၊ ယံ ခဏ္ဍိစ္စံ–အကြင် ကျိုးသောသွားရှိသူ၏ အဖြစ်သည်၊ ယံ ပါလိစ္စံ–အကြင် ဖြူသောဆံရှိသူ၏ အဖြစ်သည်၊ ယာဝလိတ္တစတာ–အကြင် တွန့်သောအရေရှိသူ၏ အဖြစ်သည်၊ အာယုနော–အသက်၏၊ ယံ သံဟာနိ–အကြင် ဆုတ်ယုတ်ခြင်းသဘောသည်၊ ဣန္ဒြိယာနံ–စက္ခုစသော ဣန္ဒြေတို့၏၊ ယော ပရိပါကော–အကြင် ရင့်ကျက်ခြင်းသဘောသည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ ရူပဿ ဇရတာ–မည်၏။

**၆၄၄။** ကတမံ တံ ရူပံ ရူပဿ အနိစ္စတာ၊ ရူပဿ–၏၊ ယော ခယော–အကြင် ကုန်ခြင်းသည်၊ ယော ဝယော–အကြင် ကင်းခြင်းသည်၊ ယော ဘေဒေါ–အကြင် ပျက်ခြင်းသည်၊ (တစ်နည်း) ယော ခယော–အကြင် ကုန်ရာသည်၊ ဝါ–ကုန်ကြောင်းသည်၊ ယော ဝယော–အကြင် ကင်းရာသည်၊ ဝါ–အကြင် ကင်းကြောင်းသည်၊ ယော ဘေဒေါ–အကြင် ပျက်ရာသည်၊ ဝါ–ပျက်ကြောင်းသည်၊ [ပရိ အနက်မရှိ။] ယာ အနိစ္စတာ–အကြင် မမြဲသည်၏ အဖြစ်သည်၊ ယံ အန္တရဓာနံ–အကြင် ကွယ်ပျောက်ခြင်းသည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ, ရူပဿ အနိစ္စတာ–ရူပဿ အနိစ္စတာ မည်၏။

၆၄၅။ ကတမံ–အဘယ်သို့သော၊ တံ ရူပံ–ထိုရုပ်သည်၊ ကဗဠီကာရော–အလုတ်အလွေးကို ပြုအပ်သော၊ အာဟာရော–အာဟာရ မည်သနည်း၊ ဩဒနော–ထမင်းသည်လည်းကောင်း၊ ကုမ္မာသော–တစ်ဝက်ကျက်ပြုတ်အပ်သောအစာသည်လည်းကောင်း၊ သတ္တု–မုန့်မှုန့်သည်လည်းကောင်း၊ မစ္ဆော–ငါးသည်လည်းကောင်း၊ မံသံ–အသားသည်လည်းကောင်း၊ ခီရံ–နို့သည်လည်းကောင်း၊ ဒဓိ–နို့ဓမ်းသည်လည်းကောင်း၊ သပ္ပိ–ထောပတ်သည်လည်းကောင်း၊ နဝနီတံ–ဆီဦးသည်လည်းကောင်း၊ တေလံ–ဆီသည်လည်းကောင်း၊ မဓု–ပျားရည်သည်လည်းကောင်း၊ ဖာဏိတံ–တင်လဲသည်လည်းကောင်း၊(အတ္ထိ)၊ ဝါ ပန–သည်သာမကသေး၊ ယမ္ပိ ယမ္ပိ ဇနပဒေ–အကြင် အကြင် ဇနပုဒ်၌၊ တေသံ တေသံ သတ္တာနံ–ထိုထို သတ္တဝါတို့၏၊ မုခါသိယံ–ခံတွင်းဖြင့် စားထိုက်သော၊ ဒန္တဝိခါဒနံ–သွားတို့ဖြင့် ခဲထိုက်သော၊ ဂလဇ္ဈောဟရဏီယံ–လည်မျိုဖြင့် ရှေ့ရှုဆောင်ထိုက်သော၊ ဝါ–လည်ပင်းဖြင့် မျိုထိုက်သော၊ ကုစ္ဆိဝိတ္ထမ္ဘနံ–ဝမ်းကို တောင့်တင်းစေနိုင်သော၊ အညမ္ပိ–အခြားလည်းဖြစ်သော၊ ယံ ရူပံ–အကြင်ရုပ်သည်၊ အတ္ထိ–၏၊ ယာယ ဩဇာယ–အကြင် ဩဇာဖြင့်၊ သတ္တာ–သတ္တဝါတို့သည်၊ ယာပေန္တိ–ရှည်သောအခွင့်သို့ ရောက်စေကြရကုန်၏၊(မျှတကြရကုန်၏၊) ဣဒံ–ဤသို့သော၊(ဤသို့သဘောရှိသော)၊ တံ ရူပံ–သည်၊ ကဗဠီကာရော–သော: အာဟာရော–အာဟာရမည်၏။

ဣဒံ–ဤဆိုအပ်ပြီးသော၊ တံ ရူပံ–ထိုစက္ခာယတနအစ ကဗဠီကာရအာဟာရ အဆုံးရှိသောရုပ်သည်၊ ဥပါဒါ–ဥပါဒါရုပ် မည်၏၊... ဥပါဒါဘာဇနီယံ–ဥပါဒါရုပ်တို့ကို ဝေဖန်ရာ ပဒဘာဇနီသည်၊ (နိဋ္ဌိတံ)။

**ရူပကဏ္ဍေ–၌၊ ပဌမဘာဏဝါရော–တည်း။**

၆၄၆။ ကတမံ တံ ရူပံ, နော ဥပါဒါ–ဥပါဒါ မမည်သနည်း၊ ဖောဋ္ဌဗ္ဗာယတနံ–ဖောဋ္ဌဗ္ဗာယတနသည်လည်းကောင်း၊ အာပေါဓာတု–အာပေါဓာတ်သည်လည်းကောင်း၊ ဣဒံ–ဤသို့သော၊ တံ ရူပံ–သည်၊ နော ဥပါဒါ–ဥပါဒါမမည်၊... [ဤသို့ထည့်၍စပ်ပါ၊ မဟာဘုတ် ၄ ပါးကို "နော ဥပါဒါ"ဟု ဆိုသည်။]

၆၄၇။ ကတမံ တံ ရူပံ ဖောဋ္ဌဗ္ဗာယတနံ၊ ကက္ခဠံ–ခက်မာသည်မှုလည်းဖြစ်သော၊ မုဒုကံ–နူးညံ့သည်မှုလည်းဖြစ်သော၊ သဏှံ–သိမ်မွေ့ညက်ညောသည်မှုလည်းဖြစ်သော၊ ဖရုသံ–ကြမ်းတမ်းသည်မှုလည်းဖြစ်သော၊ သုခသမ္ဖဿံ–သုခဝေဒနာ၏အကြောင်း ကောင်းသောအတွေ့မှုလည်းဖြစ်သော၊ ဒုက္ခသမ္ဖဿံ–ဒုက္ခဝေဒနာ၏အကြောင်း မကောင်းသော အတွေ့မှုလည်းဖြစ်သော၊ ဂရုကံ–လေးလံသည်မှုလည်းဖြစ်သော၊ လဟုကံ–ပေါ့သည်မှုလည်းဖြစ်သော၊ ပထဝီဓာတု–ပထဝီဓာတ်သည်လည်းကောင်း၊ တေဇောဓာတု–သည်လည်းကောင်း၊ ဝါယောဓာတု–သည်လည်းကောင်း၊(ဖောဋ္ဌဗ္ဗာယတနံ–နှမည်၏၊) အနိဒဿနံ–သော၊ သပ္ပဋိဃံ–သော၊ ယံ ဖောဋ္ဌဗ္ဗံ–ကို၊ပေ၊ဖုသေ ဝါ၊ ... စသည်ပေးပါ။

**၆၄၈**။ ကတမံ တံ ရူပံ ဖောဋ္ဌဗ္ဗာယတနံ၊ပေ၊အနိဒဿနမို..သော၊ သပ္ပဋိဃမို-သော၊ ယမို ဖောဋ္ဌဗ္ဗမို-အကြောင် ဖောဋ္ဌဗ္ဗရုပ်၌၊ပေ၊ ဣဒံ တံ ရူပံ ဖောဋ္ဌဗ္ဗာယတနံ။

**၆၅၁**။ ကတမံ တံ ရူပံ အာပေါဓာတု၊ ယံ အာပေါ-အကြောင်တကွဖြစ်ဖက် ရုပ်တို့ကို ပျံ့နှံ့တတ်သောရေသည်၊ ယံ အာပေါဂတံ-အကြောင်တကွဖြစ်ဖက် ရုပ်တို့ကို ပျံ့နှံ့တတ်သောရေသည်၊ [ဂတ အနက်မရှိ၊] ဝါ-ရေဟုသိအပ်သော သဘောသည်၊ ယော သိနေဟော-အကြောင် စေးကပ် စိုစွတ်တတ်သောသဘော သည်၊ ယံ သိနေဟဂတံ-သည်၊ ရူပဿ-ဘူတရုပ်ကို၊ ယံ ဗန္ဓနတ္တံ-အကြောင် ဖွဲ့စည်းတတ်သောရုပ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ အာပေါဓာတု၊ ဣဒံ-ဤသို့သော၊ တံ ရူပံ-ထိုဖောဋ္ဌဗ္ဗာယတနနှင့်အာပေါဓာတ် သည်၊ နော ဥပါဒါ-ဥပါဒါ မမည်။

**၆၅၂**။ ကတမံ တံ ရူပံ ဥပါဒိန္နံစသောပုဒ်တို့၏ အနက်များကို မာတိကာ အတိုင်း သိပါ၊ ဒုကနိဒ္ဒေသကုန်အောင် အနက်ထူး မရှိ၊ တိကနိဒ္ဒေသ၌လည်း မထူးပြီ။

**စတုက္ကနိဒ္ဒေသ**။ ။ကတမံ-အဘယ်သို့သော၊ တံ ရူပံ-ထိုရုပ်သည်၊ ဥပါဒါ-ဥပါဒါမည်သည်၊(ဟုတွာ-၍၊) ဥပါဒိန္နံ-န္နမည်သနည်း၊ နော ဥပါဒါ-ဥပါဒါ မမည်သည်၊ (ဟုတွာ-၍၊) ဥပါဒိန္နံ-န္နမည်သနည်း၊...ဤသို့ စသည်ဖြင့် အနက်ပေးပါ။

**၉၀၃**။ ဥပါဒိန္နံ-ဥပါဒိန္နမည်သည်၊ (ဟုတွာ-၍၊) သနိဒဿနံ-သနိဒဿန မည်သနည်း၊...ဤသို့ စသည်ဖြင့် အနက်ပေးပါ။

**၉၆၅**။ န မဟာဘူတံ-မဟာဘုတ် မမည်သည်၊ (ဟုတွာ-၍၊) သန္တိကေ- သန္တိကေ မည်သနည်း။

**၉၆၆**။ ရူပါယတနံ-ရူပါယတနသည်၊ ဒိဋ္ဌံ-စက္ခုဝိညာဉ်သည် မြင်ထိုက် သော၊ (ရူပံ-ရုပ်တည်း၊) သဒ္ဒါယတနံ-သည်၊ သုတံ-သောတဝိညာဉ်သည် ကြားထိုက်သော၊ (ရူပံ-ရုပ်တည်း၊) ဂန္ဓာယတနံ-သည်လည်းကောင်း၊ ရသာ ယတနံ-သည်လည်းကောင်း၊ ဖောဋ္ဌဗ္ဗာယတနံ-သည်လည်းကောင်း၊ မုတံ- ဃာနဝိညာဉ်, ဇိဝှာဝိညာဉ်, ကာယဝိညာဉ်ဟူသော သုံးပါးသောဝိညာဉ်သည် ရောက်၍ သိထိုက်သော၊ (ရူပံ-တည်း၊) သဗ္ဗံ-အလုံးစုံသော၊ ရူပံ-သည်၊ မနသာ-စိတ်သည်၊ ဝိညာတံ-သိထိုက်သော၊ ရူပံ-ရုပ်တည်း။

ဧဝံ-ဤသို့လျှင်၊ စတုဗ္ဗိဓေန-၄ ပါးအပြားအားဖြင့်၊ ရူပသင်္ဂဟော-ရုပ်တို့ကို သိမ်းယူရေတွက်ခြင်းသည်၊ (ဟောတိ-၏၊)...စတုက္ကံ-သည်၊ (နိဋ္ဌိတံ)။

**ပဥ္စက**။ ။၉၆၇။ ကတမံ တံ ရူပံ ပထဝီဓာတု၊ အဇ္ဈတ္တံ ဝါ–မိမိသန္တာန်၌ ဖြစ်သည်မှုလည်းဖြစ်သော၊ ဗဟိဒ္ဓါ–အပသန္တာန်၌ဖြစ်သည်မှုလည်းဖြစ်သော၊ ဥပါဒိန္နံ ဝါ–တဏှာ မာန ဒိဋ္ဌိတို့ဖြင့် ကပ်၍ယူအပ် စွဲလမ်းအပ်သည်မှုလည်းဖြစ်သော၊[အဇ္ဈတ္တရုပ်ဟူသမျှကို "ဥပါဒိန္န"ဟု ဟောတော်မူသည်၊] အနုပါဒိန္နံ ဝါ–ငါ,ငါ့ဥစ္စာဟု ကပ်၍မယူအပ် မစွဲလမ်းအပ်သည်မှုလည်းဖြစ်သော၊ [ဗဟိဒ္ဓ ရုပ်ဟူသမျှကို "အနုပါဒိန္န"ဟု ဟောတော်မူသည်၊] ယံ ကက္ခဠံ–အကြင် ခက်မာသောသဘောသည်၊ ယံ ခရဂတံ–အကြင် ကြမ်းတမ်းသောသဘော သည်၊ ဝါ–ကြမ်းတမ်းသောရုပ်ဟု သိအပ်သောသဘောသည်၊ ယံ ကက္ခဠတ္တံ– အကြင် ခက်မာသောရုပ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယော ကက္ခဠဘာဝေါ– သည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ ပထဝီဓာတု။ [၉၆၈ လွယ်ပြီ။]

၉၆၉။ အဇ္ဈတ္တံ ဝါ၊ပေ၊ အနုပါဒိန္နံ ဝါ, ယံ တေဇော–အကြင်တကွဖြစ်ဖက် ရုပ်တို့ကို ကျက်စေတတ်သောသဘောသည်၊ ယံ တေဇောဂတံ–သည်၊ ယော ဥသ္မာ–အကြင် အငွေ့သည်၊ ယံ ဥသ္မာဂတံ–သည်၊ ယံ ဥသုမံ–အကြင် အားရှိသော အငွေ့သည်၊ ယံ ဥသုမဂတံ–သည်၊ (အတ္ထိ)။

၉၇၀။ အဇ္ဈတ္တံ ဝါ၊ပေ၊ အနုပါဒိန္နံ ဝါ, ယော ဝါယော–အကြင် အရပ်တစ်ပါး သို့ သွားတတ် ရောက်တတ်သောသဘောသည်၊ ယံ ဝါယောဂတံ–သည်၊ ရူပဿ–ရုပ်၏၊ ယံ ထမ္ဘိတတ္တံ–အကြင် တောင့်မာသောရုပ်၏ ဖြစ်ကြောင်း ဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ ဝါယောဓာတု၊ပေ၊ ပဥ္စကံ (နိဋ္ဌိတံ)။

**ဆက္က(၉၇၂)**။ ။ရူပါယတနံ–ရူပါယတနသည်၊ စက္ခုဝိညေယျံ–သော၊ ရူပံ–ရုပ်တည်း၊ပေ၊ ဆက္ကံ (နိဋ္ဌိတံ)။ ... သတ္တက လွယ်ပြီ။

**အဋ္ဌက**။ ။မာနုပိယော–စိတ်ဖြင့် ရောက်ထိုက်သော၊ ဝါ–မြတ်နိုးထိုက် သော၊ ဖောဋ္ဌဗ္ဗော–တွေ့ထိထိုက်သော၊ သုခသမ္ဖဿော–သုခဝေဒနာ၏ အကြောင်း ကောင်းသောအတွေ့ရှိသောရုပ်သည်၊ ကာယဝိညေယျံ–သော၊ ရူပံ–တည်း၊ [အမနာပိယော ဖောဋ္ဌဗ္ဗော ဒုက္ခသမ္ဖဿောလည်း နည်းတူ။]

**နဝက**။ ။ဧသော–ဤမဟာဘုတ် ၄ ပါးကို ကြည်စေတတ်သော စက္ခု ပသာဒသည်၊ သုညော ဂါမောပိ–(အများနှင့်ဆက်ဆံသည်၏အဖြစ်, ပိုင်ရှင် မရှိသည်၏အဖြစ်ကြောင့်) ရွာနေသူ လူတို့မှ ကင်းဆိတ်သော ရွာပျက်နှင့် လည်း တူ၏၊...စသည် ပေးပါ။ [ဒသက, ကောဒသကတို့၌ အထူးမရှိ၊] အဋ္ဌမောဘာဏဝါရော–တည်း၊...ရူပဝိဘတ္တိ–ရုပ်တို့ကို အကျယ်ဝေဖန်ရာ ပါဠိရပ်သည်၊ (နိဋ္ဌိတာ)။

**ရူပကဏ္ဍံ–ရူပကဏ္ဍသည်၊ နိဋ္ဌိတံ–ပြီးပြီ။**

# နိက္ခေပကဏ္ဍ

💬 **တိကနိက္ခေပ**။ ။ရူပကဏ္ဍကို ဟောတော်မူပြီး၍ နိက္ခေပကဏ္ဍကို ဟောတော်မူလိုသောကြောင့် "ကတမေ ဓမ္မာ ကုသလာ၊ တီဏိ ကုသလမူလာနိ" စသည်ကို ဟောတော်မူသည်။

**၉၈၅**။ ကတမေ ဓမ္မာ ကုသလာ၊ တီဏိ–ကုန်သော၊ ကုသလမူလာနိ–ကုသိုလ်ဖြစ်သောမူလတို့သည်၊ ဝါ–ကုသိုလ်ဖြစ်သော စိတ်စေတသိက်တရားတို့၏ မူလတို့သည်၊ အလောဘော–အလောဘလည်းကောင်း၊ပေ၊အမောဟော–လည်းကောင်းတည်း၊ တံသမ္ပယုတ္တော–ထိုအလောဘစသည်တို့နှင့် အညီအမျှ ကေပ္ပာဒတာ အစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ ဝေဒနာက္ခန္ဓော–ဝေဒနက္ခန္ဓာသည်လည်းကောင်း၊ပေ၊ ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊ (အတ္ထိ)၊ တံသမုဋ္ဌာနံ–ထိုအလောဘအစရှိသည်လျှင် ဖြစ်ကြောင်းရှိသော၊ ဝါ–ထိုအလောဘအစရှိသည်တို့ကြောင့်ဖြစ်သော၊ ကာယကမ္မံ–ကာယကံသည်လည်းကောင်း၊ ဝစီကမ္မံ–သည်လည်းကောင်း၊ မနောကမ္မံ–သည်လည်းကောင်း၊ (အတ္ထိ)၊ဣမေ ဓမ္မာ–ဤတရားတို့သည်၊(ကုသလမူလ ၃ ပါး,တံသမ္ပယုတ္တက္ခန္ဓာ ၄ ပါး, တံသမုဋ္ဌာနကံ ၃ ပါးဟူသော ဤတရားတို့သည်၊) ကုသလာ–ကုသိုလ်တို့တည်း။

**၉၈၆**။ ကတမေ ဓမ္မာ အကုသလာ၊ တီဏိ အကုသလမူလာနိ,လောဘော ဒေါသော မောဟော၊ တဒေကဋ္ဌာ–ထိုလောဘစသည်တို့နှင့်တကွ တစ်ခုတည်းသော စိတ်၌ တည်ကုန်သော၊ ဝါ–ထိုလောဘစသည်တို့နှင့်တကွ တစ်ဦးတည်းသောပုဂ္ဂိုလ်၌ တည်ကုန်သော၊ ကိလေသာစ–ကိလေသာတို့သည်လည်းကောင်း၊ (အတ္ထိ–ရှိကုန်၏၊) တံသမ္ပယုတ္တော–ထိုလောဘအစရှိသည်တို့နှင့်၊ပေ၊သော ဝေဒနာက္ခန္ဓော–သည်လည်းကောင်း၊ပေ၊ မနောကမ္မံ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အကုသလာ။

**၉၈၇**။ ကတမေ ဓမ္မာ အဗျာကတာ၊ ကုသလာကုသလာနံ ဓမ္မာနံ–တို့၏၊ ဝိပါကာ–အကျိုးဖြစ်ကုန်သော၊ ကာမာဝစရာ–ကာမာဝစရသော်လည်းဖြစ်ကုန်သော၊ အပရိယာပန္နာ–ဝဋ်ဒုက္ခ၌ အကျုံးမဝင်သော လောကုတ္တရာသော်လည်းဖြစ်ကုန်သော၊ပေ၊ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊ (အတ္ထိ–ရှိကုန်၏၊) ကိရိယာ–ကိရိယာဖြစ်ကုန်သော၊ပေ၊ န စ ကမ္မဝိပါကာ–ကံ၏အကျိုးလည်း မဟုတ်ကုန်သော၊ ယေ စ ဓမ္မာ–တို့သည်လည်း၊ (အတ္ထိ–န်၏၊) သဗ္ဗံ–သော၊ ရူပံ စ–သည်လည်းကောင်း၊ အသင်္ခတာ–အကြောင်းတရား ၄ ပါးတို့သည် ကောင်းစွာရောက်၍ မပြုပြင်အပ်သော၊ ဓာတု စ–နိဗ္ဗာနဓာတ်သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အဗျာကတာ။

**၉၈၈**။ ကတမေ ဓမ္မာ သုခါယ ဝေဒနာယ သမ္ပယုတ္တာ၊ သုခဘူမိယံ–စိတ် စေတသိက်တို့၏ဖြစ်ရာ သုခဝေဒနာဟူသောဘုံ၌၊ ဝါ–သုခဝေဒနာ၏ဖြစ်ရာစိတ္တုပ္ပာဒ်ဟူသောဘုံ၌၊ ကာမာဝစရေ–ကာမာဝစရစိတ္တုပ္ပာဒ်၌လည်းကောင်း၊ ရူပါဝစရေ–၌လည်းကောင်း၊ အပရိယာပန္နေ–လောကုတ္တရာစိတ္တုပ္ပာဒ်၌လည်းကောင်း၊ သုခံဝေဒနံ–သုခဝေဒနာကို၊ ဌပေတွာ–ထား၍၊ တံသမ္ပယုတ္တော–တကွအညီအမျှ၊ပေ၊ဝိညာဏက္ခန္ဓော–သည်လည်း ကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ သုခါယ ဝေဒနာယ သမ္ပယုတ္တာ။ [၉၉၃ တိုင်အောင် ပုဒ်ထုးမရှိ။]

**၉၉၄**။ ကတမေ ဓမ္မာ ဥပါဒိန္နုပါဒါနိယာ၊ သာသဝါ–အာသဝေါတရားတို့နှင့် တကွဖြစ်ကုန်သော၊ပေ၊ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊(အတ္ထိ)၊ ကမ္မဿ–ကံ၏၊ ဝါ–ကံကို၊ ကတတ္တာ–ပြုအပ်ပြီး၏အဖြစ်ကြောင့်၊ (ပဝတ္တံ–သော၊) ယဥ္စ ရူပံ–အကြင်ရုပ်သည်လည်း၊(အတ္ထိ)၊ဣမေ ဓမ္မာဥပါဒိန္နုပါဒါနိယာ။

**၉၉၅**။ သာသဝါ၊ပေ၊ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊(အတ္ထိ)၊ကိရိယာ၊ပေ၊န စ ကမ္မဝိပါကာ–န်သော၊ ယေ စ ဓမ္မာ–တို့သည်လည်း၊(အတ္ထိ)၊ကမ္မဿ–၏၊ဝါ–ကို၊ န ကတတ္တာ–မပြုအပ်သည်၏အဖြစ်ကြောင့်၊ ယဥ္စ ရူပံ(အတ္ထိ)၊ပေ။

**၉၉၆**။ အပရိယာပန္နာ–ဝဋ်ဆင်းရဲ၌ အကျုံးမဝင်ကုန်သော၊ မဂ္ဂါ စ–မဂ်တို့သည်လည်းကောင်း၊ မဂ္ဂဖလာနိ စ–မဂ်၏အကျိုးဖြစ်သော ဖိုလ်တို့သည်လည်းကောင်း၊ အသင်္ခတာ–သော၊ ဓာတု စ–သည်လည်းကောင်း၊(အတ္ထိ)၊ပေ။

**၉၉၇**။ တဒေကဋ္ဌာ–ထိုလောဘစသည်တို့နှင့်တကွ တစ်ခုတည်းသောစိတ်၌ တည်ကုန်သော၊ ကိလေသာ စ–တို့သည်လည်း၊ (အတ္ထိ)၊...ဤမျှသာထူး၏။ [**၉၉၈**၊ **၉၉၉** တို့၌ အထူးမရှိ။]

**၁၀၀၀**။ သဝိတက္ကသဝိစာရဘူမိယံ–ဝိတက်နှင့်လည်းတကွ ဝိစာရနှင့်လည်း တကွဖြစ်သောဘုံ၌၊ ဝါ–သဝိတက္ကသဝိစာရတရားတို့၏ဖြစ်ရာ စိတ်၌၊ ကာမာဝစရေ–ကာမာဝစရစိတ္တုပ္ပာဒ်၌လည်းကောင်း၊...စသည်ပေးပါ။ [**၁၀၀၁** မှ ၍ **၁၀၀၆** တိုင်အောင် မထူးပါ။]

**၁၀၀၇**။ တတ္ထ–ထို သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသတို့တွင်၊ ကတမာ–အဘယ်သဘောသည်၊ သက္ကာယဒိဋ္ဌိ–သက္ကာယဒိဋ္ဌိနည်း၊ ဝါ–ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း၌ အာရုံပြုသောအားဖြင့် ဖြစ်သော ဒိဋ္ဌိမည်သနည်း၊ ဝါ–မိမိကိုယ်တိုင်ပင် ထင်ရှားရှိသော ခန္ဓာငါးပါး အပေါင်း၌ဖြစ်သောဒိဋ္ဌိ မည်သနည်း၊ ဣဓ–ဤလောက၌ အဿုတဝါ–ကြားနာအပ်ပြီးသော အာဂမ အဓိဂမ မရှိသော၊ အရိယာနံ–ဘုရား,ပစ္စေကဗုဒ္ဓါ,ဗုဒ္ဓသာဝက ဖြစ်တော်မူကြသော အရိယာပုဂ္ဂိုလ်တို့ကို၊ အဒဿာဝီ–ဉာဏ်စက္ခုဖြင့် ဖူးမြင်လေ့ မရှိသော၊ ဝါ–ဉာဏ်စက္ခုဖြင့် ဖူးမြင်မှု၌ ဂရုပြုခြင်းမရှိသော၊

အရိယဓမ္မဿ–အရိယာတို့၏ သတိပဋ္ဌာန်စသော တရား၌၊ အကောဝိဒေါ–မကျွမ်းကျင်သော၊ အရိယဓမ္မေ–အရိယာတို့၏ သတိပဋ္ဌာန်စသော တရား၌၊ အဝိနီတော–ဆုံးမအပ်ပြီးသူ မဟုတ်သော၊ သပ္ပုရိသာနံ–သူတော်ကောင်းတို့ကို၊ ဝါ–ဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာသာဝကတို့သည် ချီးမွမ်းအပ်သော ယောကျ်ား တို့ကို၊ အဒဿာဝီ–သော၊ သပ္ပုရိသဓမ္မဿ–သူတော်ကောင်းတို့၏ သတိပဋ္ဌာန် စသော တရား၌၊ အကောဝိဒေါ–သော၊ သပ္ပုရိသဓမ္မေ–၌၊ အဝိနီတော–သော၊ ပုထုဇ္ဇနော–ပုထုဇဉ်သည်၊ ဝါ–များစွာသော ကိလေသာတို့ကို ဖြစ်စေတတ် သော သတ္တဝါသည်၊ ဝါ–များစွာသောလူတို့၌ အတွင်းဝင်သော သတ္တဝါသည်၊ ဝါ–အရိယာတို့မှ သီးခြားဖြစ်သောသတ္တဝါသည်။...

**(က)** ရူပံ–ရူပက္ခန္ဓာကို၊ အတ္တတော–အတ္တ၏အဖြစ်အားဖြင့်၊ ဝါ–အတ္တဟူ၍၊ သမနုပဿတိ–အဖန်ဖန်ရှု၏၊ ဝါ–တစ်နည်း၊ အတ္တာနံ–နာမ်ဖြစ်သောအတ္တကို၊ ရူပဝန္တံ–ရုပ်ရှိ၏ဟူ၍၊ သမနုပဿတိ–၏၊ ဝါ–တစ်နည်း၊ အတ္တနိ–နာမ် ဖြစ်သောအတ္တ၌၊ ရူပံ–ရုပ်ကို၊ သမနုပဿတိ–၏၊ ဝါ–တစ်နည်း၊ ရူပသ္မိံ–ရုပ်၌၊ အတ္တာနံ–နာမ်ဖြစ်သောအတ္တကို၊ သမနုပဿတိ–၏။

**(ခ)** ဝေဒနံ–ဝေဒနာကို၊ အတ္တတော–အားဖြင့်၊ ဝါ–ဟူ၍၊ သမနုပဿတိ–၏၊ ဝါ–တစ်နည်း၊ အတ္တာနံ–သညာ သင်္ခါရ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ ဝေဒနာဝန္တံ–ဝေဒနာရှိ၏ဟူ၍၊ သမနုပဿတိ–၏၊ ဝါ–တစ်နည်း၊ အတ္တနိ–သညာ သင်္ခါရ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန် သောအတ္တ၌၊ ဝေဒနံ–ဝေဒနာကို၊ သမနုပဿတိ–၏၊ ဝါ–တစ်နည်း၊ ဝေဒနာယ–ဝေဒနာ၌၊ အတ္တာနံ–ဝေဒနာ သင်္ခါရ,ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သော အတ္တကို၊ သမနုပဿတိ–၏။

**(ဂ)** သညံ–သညာကို၊ အတ္တတော သမနုပဿတိ၊ ဝါ–တစ်နည်း၊ အတ္တာနံ–ဝေဒနာ သင်္ခါရ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ သညာဝန္တံ–သညာရှိ၏ဟူ၍၊ သမနုပဿတိ၊ အတ္တနိ–ဝေဒနာသင်္ခါရ, ဝိညာဏနှင့်, ရူပ ရောပြန်, လေးတန်သောအတ္တ၌၊ သညံ–သညာကို၊ သမနုပဿတိ၊ ဝါ–တစ်နည်း၊ သညာယ–၌၊ အတ္တာနံ–သညာသင်္ခါရ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ သမနုပဿတိ။

**(ဃ)** သင်္ခါရေ–ဖဿ စေတနာစသော သင်္ခါရတို့ကို၊ အတ္တတော သမနု ပဿတိ၊ ဝါ–တစ်နည်း၊ အတ္တာနံ–ဝေဒနာ သညာ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ သင်္ခါရဝန္တံ–သင်္ခါရရှိ၏ဟူ၍၊ သမနုပဿတိ၊ ဝါ–တစ်နည်း၊ အတ္တနိ–ဝေဒနာ သညာ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သော အတ္တ၌၊ သင်္ခါရေ–ဖဿ စေတနာ စသော သင်္ခါရတို့ကို၊ သမနုပဿတိ၊ ဝါ–

တစ်နည်း၊ သင်္ခါရေသု–ဖဿ စေတနာစသော သင်္ခါရတို့၌၊ အတ္တာနံ–ဝေဒနာ သညာ, ဝိညာဏနှင့်, ရူပဈာေပြန်, လေးတန်သောအတ္တကို၊ သမနုပဿတိ။

(င) ဝိညာဏံ–ဝိညာဉ်ကို၊ အတ္တတော သမနုပဿတိ၊ ဝါ–တစ်နည်း၊ အတ္တာနံ–ဝေဒနာ သညာ, သင်္ခါရနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ ဝိညာဏဝန္တံ–ဝိညာဉ်ရှိ၏ဟူ၍၊ သမနုပဿတိ၊ ဝါ–တစ်နည်း၊ အတ္တနိ–ဝေဒနာ သညာ, သင်္ခါရနှင့်, ရူပရောပြန်, လေးတန်သောအတ္တ၌၊ ဝိညာဏံ–ဝိညာဉ်ကို၊ သမနုပဿတိ၊ ဝါ–တစ်နည်း၊ ဝိညာဏသ္မိံ–၌၊ အတ္တာနံ–ဝေဒနာ သညာ, သင်္ခါရနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ သမနုပဿတိ။[ခန္ဓာငါးပါး၌ တစ်ပါးလျှင် သက္ကာယဒိဋ္ဌိ လေးပါး စီရှိသောကြောင့် အားလုံးပေါင်းလျှင် သက္ကာယဒိဋ္ဌိ ၂၀ ဖြစ်သည်။]...ဝေရှုပါ–ဤသို့သဘောရှိသော၊ ယာ ဒိဋ္ဌိ–အကြင် ဒိဋ္ဌိသည်၊ (အတ္ထိ)၊ အယံ ဒိဋ္ဌိ–ဤဒိဋ္ဌိကို၊ သက္ကာယဒိဋ္ဌိ–သက္ကာယဒိဋ္ဌိဟူ၍၊ ဝုစ္စတိ၊ ယံ ဒိဋ္ဌိဂတံ–အကြင်မိစ္ဆာအယူသည်၊ (အတ္ထိ)၊ အယံ သက္ကာယဒိဋ္ဌိ ဝုစ္စတိ၊ ဤသို့ စသည်ဖြင့် ပေးပါ၊ ဒိဋ္ဌိဂဟနံ စသောပုဒ်တို့၏ အနက်ကို အကုသလာ ဓမ္မာ၏ ပဒဘာဇနီ မိစ္ဆာဒိဋ္ဌိနိဒ္ဒေသ၌ ပြခဲ့ပြီ။]

**၁၀၀၈။** တတ္ထ ကတမာ ဝိစိကိစ္ဆာ၊ သတ္ထရိ–မြတ်စွာဘုရား၌၊ ကင်္ခတိ–ယုံမှား၏၊ ဝိစိကိစ္ဆတိ–တွေးတော၏၊ ဝါ–စူးစမ်းဆင်ခြင်လတ်သော် မဆုံးဖြတ်နိုင်သည်ဖြစ်၍ ပင်ပန်း၏၊ ဓမ္မေ–မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်တန်သော တရားတော်၌၊ ကင်္ခတိ၊ ဝိစိကိစ္ဆတိ၊ သံဃေ–အရိယာသံဃာတော်၌၊ ကင်္ခတိ ဝိစိကိစ္ဆတိ၊ သိက္ခာယ–အဓိသီလ, အဓိစိတ္တ, အဓိပညာ, သုံးဖြာသောသိက္ခာ၌၊ ပေ၊ ပုဗ္ဗန္တေ–ရှေးအတိတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်အဖို့၌၊ ပေ၊ အပရန္တေ–နောက်အနာဂတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်အဖို့၌၊ ပေ၊ ပုဗ္ဗန္တာပရန္တေ–ရှေးအတိတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်အဖို့, နောက်အနာဂတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်အဖို့၌၊ ပေ၊ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေ–ဤသင်္ခါရ စသည်တို့၏အကြောင်းဖြစ်သော အဝိဇ္ဇာစသောအကြောင်းတရား, အကြောင်းကို စွဲ၍ဖြစ်သော သင်္ခါရစသော အကျိုးတရားဟူကုန်သော၊ ဓမ္မေသု–အကြောင်းအကျိုးတရားတို့၌၊ ကင်္ခတိ ဝိစိကိစ္ဆတိ၊ [ဝေရှုပါ ကင်္ခါစသည်ကို အကုသလပဒဘာဇနီ, ဝိစိကိစ္ဆာနိဒ္ဒေသအတိုင်း သိပါ။]

**၁၀၀၉။** တတ္ထ–ထိုသက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသတို့တွင်၊ ကတမော–အဘယ်သည်၊ သီလဗ္ဗတပရာမာသော- မည်သနည်း၊ ဣတော–ဤ သာသနာတော်မှ၊ ဗဟိဒ္ဓါ–အပ၌၊ ဝါ–အပဖြစ်ကုန်သော၊ သမဏဗြာဟ္မဏာနံ–သမဏဗြာဟ္မဏ အမည်ရသောပုဂ္ဂိုလ်တို့၏၊ (“ယာဒိဋ္ဌိ”စသည်တို့၌ စပ်၊) သီလေန – နွားတို့၏အလေ့ အစရှိသောအလေ့ဖြင့်၊ သုဒ္ဓိ – ကိလေသာမှ

စင်ကြယ်ခြင်းသည်၊ ဝါ–အမြတ်ဆုံးစင်ကြယ်ခြင်းဟူသော နိဗ္ဗာန်သည်၊ (ဟောတိ)၊ ဝတေန–နွားတို့၏အကျင့် အစရှိသောအကျင့်ဖြင့်၊ သုဒ္ဓိ (ဟောတိ)၊ သီလဗ္ဗတေန–နွားတို့၏အလေ့, နွားတို့၏အကျင့် အစရှိသော အလေ့အကျင့်ဖြင့်၊ သုဒ္ဓိ (ဟောတိ)၊ ဣတိ ဝေရူပါ–ဤသို့ သဘောရှိသော၊ ယာ ဒိဋ္ဌိ–သည်၊ (အတ္ထိ)၊ ဤသို့ စသည်ဖြင့် ပေးပါ။

**၁၀၁၀**။ တိဏိ–သုံးပါးကုန်သော၊ ဣမာနိ သံယောဇနာနိ–ဤသံယောဇဉ်တို့သည်လည်းကောင်း၊ တဒေကဋ္ဌာ–ထိုသံယောဇဉ်တို့နှင့်တကွ ပယ်ထိုက်သည်၏အဖြစ်ဖြင့် တစ်ဦးတည်းသောပုဂ္ဂိုလ်၌ တည်ကုန်သော၊ ကိလေသာ စ–ကိလေသာတို့သည်လည်းကောင်း၊ (အတ္ထိ–နှိ၏၊) တံ သမ္ပယုတ္တော–ထိုကိလေသာတို့နှင့်ပေါသော၊ ဝေဒနာက္ခန္ဓောပေ၊ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊ အတ္ထိ၊ တံသမုဋ္ဌာနံ–ထိုကိလေသာဟူသော ဖြစ်ကြောင်းရှိသော၊ ကာယကမ္မံပေ၊ မနောကမ္မံ အတ္ထိ၊ ဣမေ ဓမ္မာ ဒဿနေနပဟာတဗ္ဗာ။

**၁၀၁၁**။ အဝသေသော–သုံးပါးသော သံယောဇဉ်, တဒေကဋ္ဌကိလေသာတို့မှကြွင်းသောပေ၊တဒေကဋ္ဌာ–ထိုလောဘ,ဒေါသ,မောဟတို့နှင့်အတူတကွ သမ္ပယောဂ,ပဟာနအားဖြင့် တစ်ခုတည်းသောစိတ်, တစ်ဦးတည်းသော ပုဂ္ဂိုလ်၌ တည်ကုန်သော၊ ကိလေသာ စ–ကိလေသာတို့သည်လည်းကောင်း၊ အတ္ထိပေ၊ ပဟာတဗ္ဗာ။

**၁၀၁၂**။ ကုသလာဗျာကတာ–ကုသိုလ် အဗျာကတဖြစ်ကုန်သော၊ ကာမာဝစရာ–ကုန်သောပေ၊ အပရိယာပန္နာ–ကုန်သော၊ ဓမ္မာ (အတ္ထိ)ပေ၊ ဣမေပေ၊ နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ၊ [ဒဿနေနပဟာတဗ္ဗ ဟောတုကတိက် အနက်လွယ်ပြီ။]

**၁၀၂၃**။ ကတမေ ဓမ္မာ သေက္ခာ၊ အပရိယာပန္နာ–ကုန်သော၊ စတ္တာရော မဂ္ဂါ–တို့သည်လည်းကောင်း၊ ဟေဋ္ဌိမာနိ တီဏိ သာမညဖလာနိ စ–သာမညာ၏ ဖြစ်ကြောင်းဖြစ်ရာ မဂ်၏အကျိုးဖြစ်သောဖိုလ်တို့သည်လည်းကောင်း, ပေးပါ။

**၁၀၂၄**။ ကတမေ ဓမ္မာ အသေက္ခာ၊ ဥပရိဋ္ဌိမံ–အထက်ဆုံး၌တည်သော ရဟန္တာ၌ဖြစ်သော၊ အရဟတ္တဖလံ–အရဟတ္တဖိုလ်သည်၊ အတ္ထိ၊ [“ဥပရိမံ” ဟုလည်း မူကွဲရှိ၏၊ “အထက်၌ဖြစ်သော”ဟု ပေး။]

**၁၀၃၅**။ ကတမေ ဓမ္မာ မိစ္ဆတ္တနိယတာ၊ ပဉ္စ–ငါးပါးကုန်သော၊ အာနန္တရိကာနိ–စုတိ၏အခြားမဲ့အကျိုး၌ ယှဉ်ကုန်သော၊ ဝါ–အကျိုးပေးဖို့ရန် အန္တရာယ်မရှိကုန်သော၊ ကမ္မာနိ–ကံတို့သည်လည်းကောင်း၊ နိယတာ–မြဲသော၊ ယာ မိစ္ဆာဒိဋ္ဌိ–သည်လည်းကောင်း၊ (အတ္ထိ–နှိ၏၊) ဣမေ ဓမ္မာ–ဤတရားတို့သည်၊ မိစ္ဆတ္တနိယတာ–မိစ္ဆတ္တနိယတတရားတို့တည်း။

**၁၀၃၉။** ကတမေ ဓမ္မာ မဂ္ဂဟေတုကာ၊ (က)အရိယမဂ္ဂသမင်္ဂိဿ–အရိယာမဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏၊ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့ကို၊ ထပေတွာ–ထား၍၊ တံသမ္ပယုတ္တော–ထိုမဂ္ဂင်တို့နှင့်ယှဉ်သော၊ပေ၊ဣမေ ဓမ္မာ မဂ္ဂဟေတုကာ၊(ခ) အရိယမဂ္ဂသမင်္ဂိဿ–၏၊ သမ္မာဒိဋ္ဌိ–သမ္မာဒိဋ္ဌိသည်၊ မဂ္ဂေါ စေဝ–မဂ္ဂင်ရှစ်ပါးတွင် ပါဝင်သောကြောင့် မဂ်လည်းဟုတ်၏၊ ဟေတု စ–အမောဟဟိတ်လည်းဟုတ်၏၊ သမ္မာဒိဋ္ဌိံ–သမ္မာဒိဋ္ဌိကို၊ ထပေတွာ–ထား၍၊ပေ၊ဝိညာဏက္ခန္ဓော၊ ဣမေ ဓမ္မာ မဂ္ဂဟေတုကာ၊ (ဂ)အရိယမဂ္ဂသမင်္ဂိဿ–၏၊ အလောဘော–အလောဘသည်လည်းကောင်း၊ အဒေါသော–သည်လည်းကောင်း၊ အမောဟော–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ–တို့သည်၊ မဂ္ဂဟေတူ–မဂ်၌ဖြစ်သောဟိတ်တို့တည်း၊ တံသမ္ပယုတ္တော–ထိုဟိတ်တို့နှင့်၊ပေ၊ဣမေ ဓမ္မာ မဂ္ဂဟေတုကာ။

**၁၀၄၀။** (က)အရိယမဂ္ဂံ–အရိယာမဂ်ကို၊ အဓိပတိံ–အာရမ္မဏာဓိပတိကို၊ ကရိတွာ–ပြု၍၊ စိတ္တစေတသိကာ–စိတ် စေတသိက်ဖြစ်ကုန်သော၊ ယေ ဓမ္မာ–တို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဣမေ ဓမ္မာ မဂ္ဂါဓိပတိနော–မဂ်ဟူသော အာရမ္မဏာဓိပတိရှိသောတရားတို့တည်း၊...(ခ)အရိယမဂ္ဂသမင်္ဂိဿ–၏၊ ဝါ–သည်၊ ဝီမံသာဓိပတေယျံ–ဝီမံသာဓိပတိမှလာသော၊ မဂ္ဂံ–မဂ်ကို၊ ဘာဝယန္တဿ–ဖြစ်စေလတ်သော်၊ ဝီမံသံ–ဝီမံသာကို၊ ထပေတွာ–၍၊ပေ၊ ဣမေ ဓမ္မာ မဂ္ဂါဓိပတိနော–မဂ်ဟူသော သဟဇာတာဓိပတိရှိသော တရားတို့တည်း၊ [ဝီမံသနေရာ၌ ဝီရိယသွင်း၍လည်း မဂ္ဂါဓိပတိ ရနိုင်၏၊ ဆန္ဒ စိတ္တ သွင်း၍ကား မရနိုင်။]

**၁၀၄၁။** ကတမေ ဓမ္မာ ဥပ္ပန္နာ၊ ဇာတာ–ဖြစ်ကုန်သော၊ ဝါ–ပေါက်ဖွားကုန် သော၊ ဘူတာ–အထည်ကိုယ်သဘောအားဖြင့် ထင်ရှားဖြစ်ကုန်သော၊ သဉ္ဇာတာ–အဝိဇ္ဇာ, တဏှာ, ကံစသော အကြောင်းတို့နှင့်ပေါင်းမိလတ်သော် ပေါက်ဖွားကုန်သော၊ နိဗ္ဗတ္တာ–အထည်ကိုယ်သဘောအားဖြင့် ဖြစ်ကုန်သော၊ အဘိနိဗ္ဗတ္တာ–ကုန်သော၊ [အဘိအနက် မရှိ၊] ပါတုဘူတာ–အထည်ကိုယ် သဘောအားဖြင့် ထင်ရှားဖြစ်ကုန်သော၊ ဥပ္ပန္နာ–အတိတ်တရား၏ဘင်ခဏမှ အထက်ဖြစ်သော နောက်ကာလ၌ဖြစ်ကုန်သော၊ သမုပ္ပန္နာ–ကုန်သော၊ [သံ အနက်မရှိ၊] ဥဋ္ဌိတာ–အတိတ်တရား၏ဘင်ခဏမှ အထက်ဖြစ်သော နောက် ကာလ၌ တည်ကုန်သော၊ သမုဋ္ဌိတာ–အဝိဇ္ဇာ တဏှာ ကံစသော အကြောင်းတို့ နှင့် ပေါင်းမိလတ်သော် အတိတ်တရား၏ ဘင်ခဏမှ အထက်ဖြစ်သော နောက်ကာလ၌ တည်ကုန်သော၊ ဥပ္ပန္နာ–ဥပ္ပန္နတို့သည်၊ (ဟုတွာ–၍၊) ဥပ္ပန္နံသေန–ဥပ္ပန္နအဖို့အစုဖြင့်၊ သင်္ဂဟိတာ–သိမ်းယူရေတွက်အပ်ကုန်သော၊ ရူပံ–ရုပ်လည်းဖြစ်သော၊ [အဋ္ဌကထာ၌ ရူပါဟု မူကွဲရှိ၏၊] ဝေဒနာ–ဝေဒနာ လည်းဖြစ်သော၊ပေ၊ သင်္ခါရာ–သင်္ခါရတို့လည်း ဖြစ်ကုန်သော၊ ဝိညာဏံ–

ဝိညာဥ်လည်းဖြစ်သော၊ ယေ ဓမ္မာ–အကြင် တရားတို့သည်၊ အတ္ထိ–နိ်၏၊ ဣမေ ဓမ္မာ ဥပ္ပန္နာ၊ [အနုပ္ပန္နာဌ် အ–၏ ပဋိသေဓအနက်သာ ထုးသည်၊ "အဇာတာ–မဖြစ်ကုန်သော၊ပေ၊ အနုပ္ပန္နာ–ဥပ္ပန္န မဟုတ်ကုန်သော" စသည်ဖြင့် ပေးပါ။]

**၁၀၄၃။** ကတမေ ဓမ္မာ ဥပ္ပာဒိနော၊ ကုသလာကုသလာနံ–ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော၊ အဝိပက္ကဝိပါကာနံ–မရင့်ကျက်သေးသောအကျိုး ရှိကုန်သော၊ ဝါ–အကျိုးမပေးရကုန်သေးသော၊ ဓမ္မာနံ–တရားတို့၏၊ပေ၊ ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊ အတ္ထိ–ရှိ၏၊ ကမ္မဿ–၏၊ ဝါ–ကို၊ ကတတ္တာ–ကြောင့်၊ (ပဝတ္တံ) ယဥ္စ ရူပံ–အကြင်ရုပ်သည်လည်း၊ ဥပ္ပဇ္ဇိဿတိ–ဖြစ်လတ္တံ့၊ ဣမေ ဓမ္မာ ဥပ္ပာဒိနော။

**၁၀၄၄။** ကတမေ ဓမ္မာ အတီတာ၊ အတီတာ–ခဏတ္တယကို လွန်ပြီးကုန်သော၊ နိရုဒ္ဓါ–ချုပ်ပြီးကုန်သော၊ ဝိဂတာ–မဖြစ်ခြင်းသို့ ရောက်ပြီးကုန်သော၊ ဝါ–ကင်းပြီးကုန်သော၊ ဝိပရိဏတာ–ဖောက်ပြန်ပြီးကုန်သော၊ အတ္ထင်္ဂတာ–ချုပ်ခြင်းသို့ ရောက်ပြီးကုန်သော၊ အဗ္ဘတ္ထင်္ဂတာ–ကုန်သော၊[အဘိအနက်မရှိ၊] ဥပ္ပဇ္ဇိတွာ–ဖြစ်ပြီး၍၊ ဝိဂတာ–ကင်းပြီးကုန်သော၊ အတီတာ–အတိတ်တို့သည်၊ (ဟုတွာ–၍၊) အတီတံသေန–အတိတ်အဖို့ဖြင့်၊ သင်္ဂဟိတာ–သိမ်းယူအပ်ကုန်သော၊ ရူပံ၊ပေ၊ဝိညာဏံ၊ ဣမေ ဓမ္မာ အတီတာ၊ [အနာဂတာ, ပစ္စုပ္ပန္နာတို့၌ အနုပ္ပန္နာ ဥပ္ပန္နာပုဒ်အတိုင်း သိပါ။]

**၁၀၅၀။** ကတမေ ဓမ္မာ အဇ္ဈတ္တာ၊ တေသံ တေသံ သတ္တာနံ–ထိုထိုသတ္တဝါတို့၏၊ အဇ္ဈတ္တာ–မိမိသန္တာန်၌ ဖြစ်ကုန်သော၊ ပစ္စတ္တံ–မိမိကို စွဲ၍ ဖြစ်ကုန်သော၊ နိယတာ–မိမိကို မှီ၍ ဖြစ်ကုန်သော၊ ဝါ–မိမိ၌ ဖြစ်ကုန်သော၊ ပါဋိပုဂ္ဂလိကာ–အသီးအသီးသော ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်သော၊ ဥပါဒိန္နာ–ငါ၏ဥစ္စာဟု စွဲမြဲစွာ ယူအပ်ကုန်သော၊ ရူပံ–ရုပ်လည်းဖြစ်သော၊ပေ၊ ဣမေ ဓမ္မာ–တို့သည်၊ အဇ္ဈတ္တာ–အဇ္ဈတ္တတရားတို့တည်း၊ [ဗဟိဒ္ဓါအရလည်း နည်းတူ၊ အဇ္ဈတ္တဗဟိဒ္ဓါအရ၌ "တဒုဘယံ–ထိုနှစ်ပါးစုံသော အဇ္ဈတ္တ ဗဟိဒ္ဓတရားသည်၊ အတ္ထိ–၏၊ ဣမေ ဓမ္မာ အဇ္ဈတ္တဗဟိဒ္ဓါ"။]

**၁၀၅၃။** "အဇ္ဈတ္တေ ဓမ္မေ"ဟု စာအုပ်တို့၌ တွေ့ရ၏၊ အဇ္ဈတ္တံပုဒ်က အဇ္ဈယိဘောသမာသ်ဖြစ်သောကြောင့် "အဇ္ဈတ္တံ ဓမ္မေ"ဟုလည်း ရှိနိုင်သည်ဟု မှတ်ပါ၊ "အဇ္ဈတ္တံ–မိမိသန္တာန်၌ဖြစ်ကုန်သော၊ ဓမ္မေ–တရားတို့ကို"ဟုလည်း ပေးပါ။

**၁၀၅၄။** သနိဒဿနသပ္ပဋိဃတိက်၌လည်း လွယ်ပြီ။

**တိကံ–တိက်သည်၊ (နိဋ္ဌိတံ–ပြီ။)**

## ဒုကနိက္ခေပ, ဟေတုဂေါစ္ဆက

**၁၀၅၉။** ကတမေ ဓမ္မာ ဟေတူ၊ ကုသလာဟေတူ–ကုသိုလ်ဟိတ်တို့သည်၊ တယော–သုံးပါးတို့တည်း၊ပေ၊ ကာမာဝစရဟေတူ–ကာမာဝစရဟိတ်တို့သည်၊ နဝ–ကိုးပါးတို့တည်း၊ အပရိယာပန္နဟေတူ–ဝဋ်ဒုက္ခ၌ အကျုံးမဝင်ကုန်သော လောကုတ္တရာဟိတ်တို့သည်၊ ဆ–ခြောက်ပါးတို့တည်း၊ပေ။

**၁၀၆၂။** ["အဒေါသော အဒုဿနာ အဒုဿိတတ္တံ"တို့၏ အနက်ကို ကာမာဝစရကုသိုလ် အဒေါသနိဒ္ဒေသ၌ ပြခဲ့ပြီ၊] ယာ မေတ္တိ–အကြင် ချစ်ခြင်းသည်၊ (အတ္ထိ)၊ ယာ မေတ္တာယနာ–အကြင် မေတ္တာ၏ဖြစ်ခြင်းသည်၊(အတ္ထိ)၊ ယံ မေတ္တာယိတတ္တံ–အကြင် မေတ္တာဖြင့်ဖြစ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊(အတ္ထိ)၊ ယာ အနုဒ္ဒါ–အကြင်အဖန်ဖန်စောင့်ရှောက်တတ်သောသဘောသည်၊(အတ္ထိ)၊ [ဒွေးဘော်ဖြင့်"အနုဒ္ဒါ"ဟုလည်း ရှိ၏၊] ယာ အနုဒ္ဒါယနာ–အကြင်အဖန်ဖန်စောင့်ရှောက်ခြင်းဖြင့်ဖြစ်ခြင်းသည်၊ (အတ္ထိ)၊ ယံ အနုဒ္ဒါယိတတ္တံ–အကြင်အဖန်ဖန်စောင့်ရှောက်ခြင်းဖြင့်ဖြစ်သော စိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယာ ဟိတေသိတာ–အကြင် သူတစ်ပါး၏စီးပွားကို ရှာလေ့ရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယာ အနုကမ္ပာ–အကြင် လျော်စွာတုန်လှုပ် တတ်သောသဘောသည်၊ ဝါ–သနားတတ်သောသဘောသည်၊(အတ္ထိ)၊ ယော အဗျာပါဒေါ–အကြင် ဗျာပါဒ၏ဆန့်ကျင်ဘက်သဘောသည်၊ (အတ္ထိ)၊ ယော အဗျာပဇ္ဇော–အကြင် ကောဒုက္ခ၏ဆန့်ကျင်ဘက်သဘောသည်၊(အတ္ထိ)၊ အဒေါသော–အဒေါသဟူသော၊ ယံ ကုသလမူလံ–သည်၊ ဝါ–သည်၊ (အတ္ထိ)၊ အယံ ဝုစ္စတိ အဒေါသော။

**၁၀၆၃။** တတ္ထ ကတမော အမောဟော၊ ဒုက္ခေ–ဒုက္ခသစ္စာ၌၊ ဉာဏံ–သိတတ်သောဉာဏ်သည်၊(အတ္ထိ)၊ ဒုက္ခသမုဒယေ–ကြွင်းသောအကြောင်းနှင့် ပေါင်းမိလတ်သော် ဒုက္ခ၏ဖြစ်ကြောင်းသမုဒယသစ္စာ၌၊ ဉာဏံ–သည်၊(အတ္ထိ)၊ ဒုက္ခနိရောဓေ–ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာ၌၊ ဉာဏံ(အတ္ထိ)၊ ဒုက္ခနိရောဓဂါမိနိယာ–ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော၊ ပဋိပဒါယ–အကျင့်ဟူသော မဂ္ဂသစ္စာ၌၊ ဉာဏံ (အတ္ထိ)၊ [ပုဗ္ဗန္တေ ဉာဏံ စသည်တို့၏ အနက်ကို တိကနိက္ခေပ, ဝိစိကိစ္ဆာနိဒ္ဒေသ၌ ပြခဲ့ပြီ၊ ယာ ပညာ ပဇာနနာ စသည်တို့၏ အနက်ကို ပဌမကာမာဝစရကုသိုလ် သမ္မာဒိဋ္ဌိနိဒ္ဒေသ၌ ပြခဲ့ပြီ၊] အယံ ဝုစ္စတိ အမောဟော၊ ဣမေ တယော ကုသလဟေတူ။

**၁၀၆၅။** တတ္ထ–ထိုလောဘ ဒေါသ မောဟတို့တွင်၊ ကတမော–သည်၊ လောဘော–နည်း၊ ယော ရာဂေါ–အကြင် တပ်မက်ခြင်းသဘောသည်၊ (အတ္ထိ)၊ [နောက်၌လည်း ပုဒ်တိုင်းလိုက်ပါ၊] ယော သာရာဂေါ–အကြင် လွန်စွာ

တပ်မက်ခြင်းသဘောသည်၊ ယော အနုနယော–အကြင်အာရုံတို့၌ သတ္တဝါတို့ကို အဖန်ဖန်ဆောင်တတ်သောသဘောသည်၊ ယော အနုရောဓော–အကြင် လိုလားတတ် ချစ်ခင်တတ်သောသဘောသည်၊ ယာ နန္ဒီ–အကြင်ဘဝ၌ နှစ်သက်ကြောင်း တဏှာသည်၊ ဝါ–အကြင် ဘဝ၌ နှစ်သက်တတ်သောတဏှာသည်၊ ယော နန္ဒီရာဂေါ–အကြင်နှစ်သက်တတ်, တပ်မက်တတ်သောတဏှာသည်၊ စိတ္တဿ–၏၊ ယော သာရာဂေါ–အကြင် လွန်စွာတပ်မက်တတ်သောသဘောသည်၊ ယာ ဣစ္ဆာ–အကြင် ရူပါရုံ စသည်ကို လိုလားကြောင်းတဏှာသည်၊ ယာ မုစ္ဆာ–အကြင် တွေဝေကြောင်း တဏှာသည်၊ ယံ အဇ္ဈောသာနံ–အကြင် မျိုမျို၍ပြီးဆုံးကြောင်း တဏှာသည်၊ ယော ဂေဓော–အကြင် မက်မောကြောင်းလောဘသည်၊ ယော ပလိဂေဓော–အကြင် ထက်ဝန်းကျင် လွန်စွာ မက်မောတတ်သောလောဘသည်၊ ယော သင်္ဂေါ–အကြင် အာရုံတို့၌ ငြိကပ်ကြောင်း လောဘသည်၊ ဝါ–ငြိကပ်တတ်(ဆွဲချိတ်တတ်)သော လောဘသည်၊ ယော ပင်္ကော–အကြင် ညွန်ကဲ့သို့ နှစ်မြုပ်တတ်သော လောဘသည်၊ ယာ ဧဇာ–အကြင် ထိုထိုဘဝသို့ ဆွဲငင်တတ်သော တဏှာသည်၊ ယာ မာယာ–အကြင် လှည့်ပတ်တတ်သောတဏှာသည်။

ယာဇနိကာ–အကြင် ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကိုဖြစ်စေတတ်သော တဏှာသည်၊ ယာ သဉ္ဇနနီ–အကြင် ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို ဒုက္ခနှင့် ယှဉ်စေလျက် ဖြစ်စေတတ်သောတဏှာသည်၊ ယာ သိဗ္ဗိနီ–အကြင် ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို စုတိပဋိသန္ဓေ၏အစွမ်းဖြင့် ချုပ်စပ်တတ်သောတဏှာသည်၊ ယာ ဇာလိနီ–အကြင် များပြားဘိတုံ, အာရုံတည်းဟူသော ပိုက်ကွန်ရှိသော တဏှာသည်၊ ယာ သရိတာ–အကြင် လျင်မြန်သော ရေအယဉ်ရှိသော မြစ်နှင့်တူသောတဏှာသည်၊ ဝါ–စိုစွပ်သောတဏှာသည်၊ ယာ ဝိသတ္တိကာ–အကြင် ကျယ်ပြန့်သော တဏှာသည်၊ ဝါ–အာရုံတို့၌ အထူးထူးအပြားပြား သွားတတ်သောတဏှာသည်၊ ဝါ–သတ္တဝါတို့ကို ချွတ်ယွင်းစေတတ်သော တဏှာသည်၊ ဝါ–အထူးထူး အပြားပြားအားဖြင့် နေကွန္ဒမ္မသို့ ရှေးရှုဖြစ်ခြင်းမှ စိတ်ကို ရုပ်သိမ်းထားတတ်, ချုံးထားတတ်သောတဏှာသည်၊ ဝါ–ဒုက္ခသို့ ဆောင်တတ်သောတဏှာသည်၊ ဝါ–ဒုက္ခ၏အကြောင်းရင်းဖြစ်သောတဏှာသည်၊ ဝါ–ဒုက္ခဝေဒနာဟူသော

---

**အနုနယစသည်**။ ။ဝိသယေသု သတ္တာနံ အနုနယနယော အနုနယော၊ အနုရုဇ္ဈတီတိ အနုရောဓော၊ ကာမေတီတိ အဇ္ဈော၊ ယတ္ထ ကတ္ထစိ ဘဝေ သတ္တာ ဧတာယ နန္ဒတိ, သယံ ဝါ နန္ဒတီတိ နန္ဒီ၊ ဣစ္ဆန္တိ ဧတာယ အာရမဏာနီတိ ဣစ္ဆာ၊ အာကာမုနဝသေန ဧဇာ။

**ဝိသတ္တိကာ**။ ။ဝိသတာတိ ဝိသတ္တိကာ၊ ဝိသက္ကတီတိ ဝိသတ္တိကာ၊ ဝိသံဝါဒိကာတိ ဝိသတ္တိကာ၊ ဝိသံဟရတီတိ ဝိသတ္တိကာ၊ ဝိသမူလာတိ ဝိသတ္တိကာ၊ ဝိသပရိဘောဂါတိ ဝိသတ္တိကာ။

အကြောင်းရင်းရှိသော တဏှာသည်၊ ဝါ–ဒုက္ခဟူသော အကျိုးရှိသောတဏှာသည်၊ ဝါ–ရူပါရုံစသော အာရုံတို့သို့ ဆောင်ခြင်းရှိသောတဏှာသည်၊(အဋ္ဌ)။

ယံ သုတ္တံ–အကြောင်း လိပ်၏နောက်သို့ လိုက်သောကြိုးငယ်နှင့်တူသော သဘောသည်၊ ယာ ဝိသဋ္ဌာ–အကြောင်း ရူပါရုံစသည်တို့၌ ကျယ်ပြန့်သောတဏှာသည်၊ ယာ အာယူဟိနီ–အကြောင်း ထိုထိုအာရုံကို ရဖို့ရာ သတ္တဝါတို့ကို အားထုတ်စေတတ်သောတဏှာသည်၊ ယာ ဒုတိယာ–အကြောင်းနှစ်ယောက်မြောက်အဖော်နှင့် တူသောတဏှာသည်၊ ယာ ပဏိဓိ–အကြောင်းအာရုံသို့ ရှေးရှုထားတတ်, တောင့်တတတ်သော တဏှာသည်၊ ယာ ဘဝနေတ္တိ–အကြောင်း ဘဝသို့ ဆောင်ကြောင်းဖြစ်သော တဏှာကြိုးသည်၊ ယံ ဝနံ–အကြောင်း ထိုထိုအာရုံသို့ ကပ်တတ်သောလောဘသည်၊ ဝါ–အကြောင်း တောင့်တတတ်သောတဏှာသည်၊ ဝါ–အကြောင်း တောနှင့်တူသောတဏှာသည်၊ ယော ဝနထော–အကြောင်း ကြီးစွာသော တောရှုပ်နှင့်တူသောတဏှာသည်၊ ယော သန္ထဝေါ–အကြောင်း ကောင်းစွာ ချီးမွမ်းတတ်(ပေါင်းသင်းတတ်)သောတဏှာသည်၊ ယော သိနေဟော–အကြောင်း ချစ်တတ် သောတဏှာသည်၊ ယာ အပေက္ခာ–အကြောင်း ရှုငဲ့တတ်သော တဏှာသည်၊ ယော ပဋိဗန္ဓု–အကြောင်း အသီးအသီးအာရုံ၌ နှောင်ဖွဲ့တတ်သော တဏှာသည်၊ ဝါ–အသီးအခြား ဆွေမျိုးဖြစ်သောတဏှာသည်၊ ယာ အာသာ–အကြောင်း အာရုံတို့သို့ ပျံ့နှံ့တတ်သောတဏှာသည်၊ ဝါ–အကြောင်း အာရုံတို့ကို ခံစားတတ်သော တဏှာသည်၊ ယာ အာသိသနာ–အကြောင်း လိုချင်တောင့်တတတ်သောတဏှာသည်၊ ယံ အာသိသိတ္တံ–အကြောင်း လိုချင်တောင့်တတတ်သော စိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အဋ္ဌ)။

ယာ ရူပါသာ–အကြောင်း ရူပါရုံ၌ လိုချင်တောင့်တတတ်သောတဏှာသည်၊ပေ၊ ယာ ဖောဋ္ဌဗ္ဗာသာ–အကြောင်း ဖောဋ္ဌဗ္ဗာရုံ၌ လိုချင်တောင့်တတတ်သောတဏှာသည်၊ ယာ လာဘာသာ–အကြောင်း ပရိက္ခရာလာဘ်တို့၌ လိုချင်တောင့်တတတ်သော တဏှာသည်၊ ယာ ဓနာသာ–အကြောင်းဥစ္စာ၌၊ ပေ၊ ယာ ပုတ္တာသာ–အကြောင်း သားသမီး၌၊ပေ၊ ယာ ဇီဝိတာသာ–အကြောင်း အသက်၌၊ပေ၊ ယာ ဇပ္ပာ–အကြောင်း သတ္တဝါတို့ကို ပြောဆိုစေတတ်သောတဏှာသည်၊ ယာ ပဇပ္ပာ–အကြောင်း ပြောဆိုစေတတ်သောတဏှာသည်၊ [ပ အနက်မရှိ] ယာ အဘိဇပ္ပာ–သည်၊[အဘိ အနက်မရှိ၊] ဇပ္ပာ–ဇပ္ပာဟူသော၊ ယာ ဇပ္ပနာ–အကြောင်း ပြောဆိုစေခြင်းသည်၊

---

**သုတ္တံစသည်။** ။ကုမ္မာနုဗန္ဓသုတ္တကံ ဝိယာတိ သုတ္တံ၊ ရူပါဒီသု ဝိတ္ထတဋ္ဌေန ဝိသဋ္ဌာ၊ တဿ တဿ ပဋိလာဘတ္ထာယ သတ္တေ အာယူဟာပေတီတိ အာယူဟိနီ၊ သဟာယဋ္ဌေန ဒုတိယာ၊ တံ တံ အာရမဏံ ဝနတိ ဘဇတိ အလ္လီယတီတိ ဝနံ၊ ဝနတိ ယာစတီတိဝါ ဝနံ၊ ဝနံဝိယာတိ ဝနံ၊ အာရမဏာနံ အသနတော အာသာ။

ယံ ဗျပ္ပိတတ္တံ–အကြင် ပြောဆိုတတ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယံ လောလုပ္ပံ–အကြင် အာရုံ၌ ဆွဲငင်တတ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ လောလုပ္ပာယနာ–အကြင် အာရုံ၌ ဆွဲငင်တတ်သောပုဂ္ဂိုလ်၏ ဖြစ်ခြင်းသည်၊ ယံ လောလုပ္ပာယိတတ္တံ–အကြင် လောလုပ္ပဖြင့်ဖြစ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ ပုစ္ဆိကတာ–အကြင် အမြီးကို လှုပ်ပြခြင်းရှိသောခွေးနှင့်တူသော ပုဂ္ဂိုလ်တို့၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ဝါ–အမြီးနှံ့သောခွေးနှင့်တူသောပုဂ္ဂိုလ်တို့၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ["ယာ ပုစ္ဆိကတာ–အကြင် အမြီးနှံ့သောခွေးနှင့်တူသော ပုဂ္ဂိုလ်တို့၏ဖြစ်ကြောင်းဖြစ်ရာသည်" ဟုလည်း ရှိ၏။] ယာ သာဓုကမျတာ–အကြင် အကောင်းကို အလိုရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)။

ယော အဓမ္မရာဂေါ–အကြင် မတရားသောရာဂသည်၊ ဝါ–အကြင် မတရားသဖြင့် ဖြစ်သောရာဂသည်၊ ယော ဝိသမလောဘော–အကြင် မညီမမျှသော လောဘသည်၊ ယာ နိကန္တိ–အကြင် အာရုံတို့ကို လိုလားနှစ်သက်တတ်သော တဏှာသည်၊ ယာ နိကာမနာ–အကြင်လိုလားနှစ်သက်ခြင်းသည်၊ ယာ ပတ္ထနာ–အကြင် တောင့်တခြင်းသည်၊ ယာ ပိဟနာ–အကြင်ချစ်ခင်မြတ်နိုးခြင်းသည်၊ ယာ သမ္ပတ္ထနာ–အကြင်လွန်စွာတောင့်တခြင်းသည်၊ ယာ ကာမတဏှာ–အကြင် ကာမဂုဏ်တို့၌ တပ်မက်တတ်သော တဏှာသည်၊ ယာ ဘဝတဏှာ–အကြင် ရူပဘဝ အရူပဘဝတို့၌ တပ်မက်တတ်သောတဏှာသည်၊ ယာ ဝိဘဝတဏှာ–အကြင် ဥစ္ဆေဒဟူသော ဝိဘဝ၌ တပ်မက်တတ်သောတဏှာသည်၊ ယာ ရူပတဏှာ–အကြင် ရူပဘဝ၌ တပ်မက်တတ်သောတဏှာသည်၊ ယာ အရူပတဏှာ–အကြင် အရူပဘဝ၌ တပ်မက်တတ်သောတဏှာသည်၊ ယာ နိရောဓတဏှာ–အကြင် ဘဝ၏ချုပ်ခြင်း၌ဖြစ်သော တဏှာသည်၊ ယာ ရူပတဏှာ–အကြင် ရူပါရုံ၌ဖြစ်သောတဏှာသည်၊ပေ၊ ယာ ဓမ္မတဏှာ–အကြင် ဓမ္မာရုံ၌ဖြစ်သော တဏှာသည်၊ (အတ္ထိ)။

ယော ဩဃော–အကြင် သတ္တဝါတို့ကို ဝင်္ဂဆင်းရဲ၌ နစ်မြုပ်တတ်သော လောဘသည်၊ ယော ယောဂေါ–အကြင် သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သောလောဘသည်၊ ယော ဂန္ထော–အကြင် သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ စုတိ ပဋိသန္ဓေအားဖြင့် ဖွဲ့နှောင်တတ်သော လောဘသည်၊ ယံ ဥပါဒါနံ–

ဗျပ္ပာစသည်။ ။ဗတံ မယှံ၊ပေ၊ ဗဝံ သတ္တေ ဗျပ္ပာပေတီတိ ဗျပ္ပာ၊ ဝိသယေ လုပတိ အာကမ္ပတီတိ လောလုပေါ၊ လောလုပ္ပဿ ဘာဝေါ လောလုပ္ပံ၊ ပုစ္ဆိကတာတိ ယာယ တဏှာယ လာဘဋ္ဌာနေသု ပုစ္ဆံ စာလယမာနာ သုနခေါဝိယ ကမ္ပမာနာ ဝိစရန္တိ၊ တံ တဿာ ကမ္ပနတဏှာယ နာမံ။

အကြောင်း အာရုံကို မြဲစွာယူတတ်သော လောဘသည်၊ ယံ အာဝရဏံ–အကြောင်း ကုသိုလ်တရားကို ပိတ်ဆို့တတ်သော လောဘသည်၊ ယံ နိဝရဏံ–အကြောင်း ကုသိုလ်တရားကို တားမြစ်တတ်သော လောဘသည်၊ ယံ ဆာဒနံ–အကြောင်း ကုသိုလ်တရားကို ဖုံးလွှမ်းတတ်သော လောဘသည်၊ ယံ ဗန္ဓနံ–အကြောင်း သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ နှောင်ဖွဲ့တတ်သော လောဘသည်၊ ယော ဥပက္ကိလေသော–အကြောင်း စိတ်ကို ကပ်၍ နှိပ်စက်တတ်သော လောဘသည်၊ ယော အနုသယော–အကြောင်း အစွမ်းသတ္တိအထူးရှိ၍ အဖန်ဖန်ကိန်းတတ်သော လောဘသည်၊ ယံ ပရိယုဋ္ဌာနံ–အကြောင်း ကုသိုလ်စိတ်ကို လုယူတတ်သော လောဘသည်၊(အတ္ထိ)။

ယာ လတာ–အကြောင်း ရစ်ပတ်တတ်သည်၏ အဖြစ်ကြောင့် နွယ်နှင့်တူသော လောဘသည်၊ ယံ ဝေဝိစ္ဆံ–အကြောင်း အထူးထူးအပြားပြား, များသောဝတ္ထုတို့ကို အလိုရှိတတ်သော လောဘသည်၊ ယံ ဒုက္ခမူလံ–အကြောင်း ဝဋ်ဒုက္ခ၏ အခြေအမြစ်ဖြစ်သော လောဘသည်၊ ယံ ဒုက္ခနိဒါနံ–အကြောင်း ဝဋ်ဒုက္ခ၏ အကြောင်းရင်းဖြစ်သော လောဘသည်၊ ယော ဒုက္ခပ္ပဘဝေါ–အကြောင်း ဝဋ်ဒုက္ခ၏ စ၍ဖြစ်ရာဖြစ်သော လောဘသည်၊ ယော မာရပါသော–အကြောင်း မာရ်မင်း၏ ကျော့ကွင်းနှင့်တူသော လောဘသည်၊ ယံ မာရဗဠိသံ–အကြောင်း မာရ်မင်း၏ ငါးမျှားချိပ်နှင့်တူသော လောဘသည်၊ ယော မာရဝိသယော–အကြောင်း မာရ်မင်း၏ နိုင်ငံဖြစ်သော လောဘသည်၊ ယာ တဏှာနဒီ–အကြောင်း တဏှာတည်းဟူသော မြစ်သည်၊ ဝါ–အကြောင်း မြစ်နှင့်တူသော တဏှာသည်၊ ယံ တဏှာဇာလံ–အကြောင်း တဏှာတည်း ဟူသော ပိုက်ကွန်သည်၊ ဝါ–ပိုက်ကွန်နှင့်တူသော တဏှာသည်၊ ယံ တဏှာဂဒ္ဒုလံ–အကြောင်း တဏှာတည်းဟူသော တောက်သည်၊ ဝါ–တောက်နှင့်တူသော တဏှာသည်၊ ယော တဏှာသမုဒ္ဒေါ–အကြောင်း တဏှာတည်းဟူသော သမုဒ္ဒရာသည်၊ ဝါ–သမုဒ္ဒရာနှင့်တူသော တဏှာသည်၊ ယာ အဘိဇ္ဈာ–အကြောင်း အာရုံကို ရှေးရှုကြံတတ်သော လောဘသည်၊ လောဘော–လောဘဟူသော၊ ယံ အကုသလမူလံ–သည်၊ ဝါ–သည်၊ (အတ္ထိ)၊ အယံ–ဤသဘောတရားကို၊ လောဘော–လောဘဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏။

**၁၀၆၆**။ တတ္ထ–ထိုလောဘ,ဒေါသ,မောဟတို့တွင်၊ ကတမော–အဘယ်သည်၊ ဒေါသော–ဒေါသမည်သနည်း၊ (အယံ–ဤသူသည်၊ ဝါ–ဤအကောင်သည်၊ မေ–ငါ၏၊ အနတ္ထံ–စီးပွားမဲ့ဆန့်ကျင်ဘက်အလုပ်ကို၊ အစရိ–ရှေးက ပြုကျင့်ဖူးပြီ၊ ဣတိ–ဤသို့တွေး၍၊ အာဃာတော–လွန်စွာထိပါးတတ်သော ဒေါသသည်၊ ဝါ–ရန်ငြိုးသည်၊ ဇာယတိ–ဖြစ်၏၊ပေ၊ စရတိ–ယခုပြုကျင့်ဆဲ၊ ။ပေ၊ စရိဿတိ–နောင်အခါပြုကျင့်လတ္တံ့၊ပေ၊(အယံ–ဤအကောင်သည်၊) မေ–၏၊ ပိယဿ–ချစ်အပ်သူ၏၊ မနာပဿ–မြတ်နိုးအပ်သူ၏၊ အနတ္ထံ–စီးပွား၏ ဆန့်ကျင်ဘက်အလုပ်ကို၊ အစရိ–ပြုကျင့်ဖူးပြီ၊ပေ၊(အယံ–ဤသူသည်၊ ဝါ–

ဤ]အကောင်သည်၊) မေ–၏၊ အပ္ပိယဿ–မချစ်အပ်သူ၏၊(မုန်းအပ်သူ၏၊) အမနာပဿ–မမြတ်နိုးအပ်သူ၏၊ အတ္ထံ–စီးပွားကို၊ အစရိ–ပြီ၊ ဣတိ–ဤသို့ တွေး၍၊ အာဃာတော ဇာယတိ၊ပေ၊ဝါ ပန–သည်သာမကသေး၊ အဋ္ဌာနေ–ဒေါသဖြစ်ခြင်း၏ အကြောင်းမဟုတ်သောအရာ၌၊ အာဃာတော–လွန်စွာ ထိပါးတတ်သော ဒေါသသည်၊ ဝါ–စိတ်ဆိုးခြင်းသည်၊ ဇာယတိ–ဖြစ်၏။

ဝေရူပေါ–ဤသို့ သဘောရှိသော၊ စိတ္တဿ–စိတ်၏၊ ယော အာဃာတော–အကြောင် ညှဉ်းပန်းနှိပ်စက်တတ်သောဒေါသသည်၊ ယော ပဋိဃာတော–အကြောင် အဖန်ဖန်စိတ်ကို နှိပ်စက်တတ်သောဒေါသသည်၊ ယံ ပဋိဃံ–အကြောင် အဖန်ဖန် ညှဉ်းဆဲတတ်သောဒေါသသည်၊ ယော ပဋိဝိရောဓော–အကြောင် ဆန့်ကျင်တတ်သော ဒေါသသည်၊ ယော ကောပေါ–အကြောင်စိတ်၏ ပျက်စီးခြင်းသဘောသည်၊ ["ပကောပေါ, သမ္ပကောပေါ"တို့လည်း နည်းတူ၊ သံ+ပဥပသာရတို့ အနက်မရှိ၊] ယော ဒေါသော–အကြောင် စိတ်ကို ဖျက်စီးတတ်သောဒေါသသည်၊ ["ပဒေါသော, သမ္ပဒေါသော"၌လည်း နည်းတူ၊] စိတ္တဿ–၏၊ ယာ ဗျာပတ္တိ–အကြောင်ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းသည်၊ ယော မနောပဒေါသော–အကြောင် စိတ်ကို ဖျက်ဆီးတတ်သောဒေါသသည်၊ ယော ကောဓော–အကြောင် အမျက်ထွက်တတ်သော ဒေါသည်၊ ယာ ကုဇ္ဈနာ–အကြောင် အမျက်ထွက်ခြင်းသည်၊ ယံ ကုဇ္ဈိတတ္တံ–အကြောင် အမျက်ထွက်တတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ [ဒေါသော, ဒုဿနာ စသည်တို့ကို အကုသလနိဒ္ဒေသအတိုင်း ထပ်၍ ဟောတော်မူသောကြောင့် နိဿယအနက်ကိုလည်း ထိုအတိုင်းမှတ်ပါ၊] အယံ "ယော ဝေရူပေါ စိတ္တဿ အာဃာတော"စသည်ဖြင့် ဤနိက္ခေပကဏ္ဍ၌ ဟောတော်မူအပ်သည်လည်းဖြစ်သော, ဒေါသော ဒုဿနာ ဒုဿိတတ္တံ စသည်ဖြင့် ဟောတော်မူအပ်သည်လည်းဖြစ်သော ဤသဘောကို၊ ဒေါသော–ဟူ၍၊ ဝုစ္စတိ။

**၁၀၆၇။** တတ္ထ ကတမော မောဟော၊ ဒုက္ခေ–ဒုက္ခသစ္စာ၌၊ အညာဏံ–သိတတ်သောဉာဏ်၏ ဆန့်ကျင်ဘက်မောဟသည်၊(အတ္ထိ)၊ပေ၊ ဝေရူပံ–ဤသို့ သဘောရှိသော၊ ယံ အညာဏံ–အကြောင် သိတတ်သောဉာဏ်၏ဆန့်ကျင်ဘက် သဘောသည်၊ ယံ အဒဿနံ–အကြောင် မြင်တတ်သောဉာဏ်၏ဆန့်ကျင်ဘက် သဘောသည်၊ ···စသည်ဖြင့် အကုသလနိဒ္ဒေသ၌ ပြအပ်ခဲ့သည့်အတိုင်း သိပါ၊ အယံ ဝုစ္စတိ မောဟော၊ ဣမေ–ဤတရားတို့သည်၊ တယော–သုံးပါးကုန်သော၊ အကုသလမူလာ–တို့တည်း။

**၁၀၆၈။** တတ္ထ–ထို ကုသိုလ် အကုသိုလ် အဗျာကတတို့တွင်၊ ကတမေ–အဘယ်တရားတို့သည်၊ အဗျာကတမူလာ–အဗျာကတဟိတ်တို့နည်း၊ ကုသလာနံ–ကုသိုလ် ဖြစ်ကုန်သော၊ မမ္မာနံ–တို့၏၊ ဝိပါကတော ဝါ–

ဝိပါက်မှုလည်း၊ ဝါ–ဝိပါက်မှုလည်းဖြစ်သော၊ ("အလောဘော"စသည့်၌ စပ်၊) ကိရိယာဗျာကတေသု–ကိရိယာအဗျာကတဖြစ်ကုန်သော၊ ဓမ္မေသု ဝါ–တရားတို့တွင်မှုလည်း၊ အလောဘော–အလောဘသည်လည်းကောင်း၊ (အတ္ထိ)၊ပေ၊ ဣမေ–ဤတရားတို့သည်၊ တယော–န်သော၊ အဗျာကတဟေတူ–တို့တည်း။ [ဣမေ တယော ကုသလဟေတူတိုင်အောင် ရှေ့၌ ပါခဲ့ပြီ။]

**၁၀၇၉**။ ကတမေ ဓမ္မာ သဟေတုကာ၊ ဝေဒနာက္ခန္ဓော–သည်လည်းကောင်း၊ ;ပေ၊ ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊ တေဟိ ဓမ္မေဟိ–ထိုဟိတ်တရားတို့ဖြင့်၊ ယေ ဓမ္မာ–အကြင်တရားတို့သည်၊ သဟေတုကာ–ဟိတ်နှင့်တကွ ဖြစ်ကုန်၏၊ ဣမေ ဓမ္မာ–တို့သည်၊ သဟေတုကာ–သဟေတုကတို့တည်း။

**၁၀၈၃**။ ကတမေ ဓမ္မာ–တို့သည်၊ ဟေတူစေဝ–ဟိတ်တို့သည်လည်းကောင်း၊ သဟေတုကာ စ–ဟိတ်နှင့်တကွ ဖြစ်ကုန်သည်လည်းကောင်း၊(ဟောန္တိ–ကုန်သနည်း၊) လောဘော–သည်၊ မောဟေန–မောဟအားဖြင့်၊ ဟေတု စေဝ–ဟိတ်လည်း မည်၏၊ သဟေတုကော စ–ဟိတ်နှင့်တကွလည်း ဖြစ်၏၊ပေ၊ အလောဘော–အလောဘသည်လည်းကောင်း၊ အဒေါသော–သည်လည်းကောင်း၊ အမောဟော–သည်လည်းကောင်း၊ တေ–ထို တရားတို့သည်၊ အညမညံ–အချင်းချင်း၊ ဟေတူ စေဝ–ဟိတ်တို့လည်း မည်၏၊ သဟေတုကာ စ–ဟိတ်နှင့်တကွလည်း ဖြစ်ကုန်၏၊ ဣမေ ဓမ္မာ–တို့သည်၊ ဟေတူ စေဝ သဟေတုကာ စ။

**၁၀၈၈**။ ကတမေ ဓမ္မာ–တို့သည်၊ န ဟေတူ–ဟိတ်လည်း မမည်ကုန်သနည်း၊ အဟေတုကာ–သမ္ပယုတ်ဟိတ်လည်း မရှိကုန်သနည်း၊ပေ၊ ဣမေ ဓမ္မာ န ဟေတူ သဟေတုကာ။

**ဟေတုဂေါစ္ဆကပြီးပြီ။**

## စူဠန္တရဒုက

**၁၀၉၁**။ ကတမေ ဓမ္မာ သပ္ပစ္စယာ၊ ယေ ဓမ္မာ–ထိုဆိုအပ်ပြီးသော အကြင်တရားတို့သည်ပင်၊ သပ္ပစ္စယာ–သပ္ပစ္စယတရားတို့သည်၊ (ဟောန္တိ)၊ တေဝ တေ ဓမ္မာ–ထို ဆိုအပ်ပြီးသော ထို သပ္ပစ္စယတရားတို့သည်ပင်၊ သင်္ခတာ–သင်္ခတတို့တည်း၊

**၁၀၉၂**။ ကတမေ ဓမ္မာ အသင်္ခတာ၊ ယော ဧဝ သော ဓမ္မော–ထိုဆိုအပ်ပြီးသော အကြင် အသင်္ခတဓာတ်တရားသည်ပင်၊ အပ္ပစ္စယော–အပစ္စယတရားသည်၊(ဟောတိ)၊ သော ဧဝ သော ဓမ္မော–ထို ဆိုအပ်ပြီးသော ထိုအပ္ပစ္စယတရားသည်ပင်၊ အသင်္ခတော–အသင်္ခတတည်း။ [**၁၁၀၀**အထိ လွယ်ပြီ။]

**၁၁၀၁**။ ကတမေ ဓမ္မာ–အဘယ်တရားတို့ကို၊ ကေနစိ–တစ်စုံတစ်ခုသော တရားသည်၊ ဝိညေယျာ–သိထိုက်ကုန်သနည်း၊ ကေနစိ–တစ်စုံတစ်ခုသော တရားသည်၊ န ဝိညေယျာ–မသိထိုက်ကုန်သနည်း၊ ယေ တေ ဓမ္မာ–အကြင်ရူပါရုံတရားတို့ကို၊ စက္ခုဝိညေယျာ–စက္ခုဝိညာဉ်သည် သိထိုက်ကုန်၏၊ တေ ဓမ္မာ–ထိုရူပါရုံတရားတို့ကို၊ န သောတဝိညေယျာ–သောတဝိညာဉ်သည် မသိထိုက်ကုန်၊ ဝါ ပန–တစ်နည်းကား၊ ယေ တေ ဓမ္မာ–အကြင်သဒ္ဒါရုံ တရားတို့ကို၊ သောတဝိညေယျာ–န်၏၊ တေ ဓမ္မာ–ထိုသဒ္ဒါရုံတရားတို့ကို၊ န စက္ခုဝိညေယျာ–န်၊ [ဤအတိုင်း အနက်ပေးပါ၊ အဆုံး၌] ယေ တေ ဓမ္မာ–အကြင် ဖောဋ္ဌဗ္ဗာရုံတရားတို့ကို၊ ကာယဝိညေယျာ–န်၏၊ န တေ ဓမ္မာ–ဇိဝှာဝိညေယျာ–ကုန်၊ ဝါ ပန–တစ်နည်းကား၊ ယေ တေ ဓမ္မာ–အကြင် ရသာရုံတရားတို့ကို၊ ဇိဝှာဝိညေယျာ–န်၏၊ န တေ ဓမ္မာ ကာယဝိညေယျာ၊ ဣမေ ဓမ္မာ–တို့ကို၊ ကေနစိ–တစ်စုံတစ်ခုသော တရားသည်၊ ဝိညေယျာ–သိထိုက်ကုန်၏၊ ကေနစိ–သည်၊ န ဝိညေယျာ–မသိထိုက်ကုန်။

**စူဠန္တရဒုက်ပြီးပြီ။**

## အာသဝဂေါစ္ဆက

**၁၁၀၃**။ တတ္ထ–ထိုလေးပါးသော အာသဝတို့တွင်၊ ကတမော ကာမာသဝေါ၊ ကာမေသု–ငါးပါးအာရုံ, ကာမဂုဏ်တို့၌၊ ယော ကာမစ္ဆန္ဒော–အကြင်လိုလားတတ်သော တဏှာဆန္ဒသည်၊ (အတ္ထိ)၊ အယံ ဝုစ္စတိ ကာမာသဝေါ၊ [နောက်၌လည်း ဤအတိုင်းပေးပါ၊] ယော ကာမရာဂေါ–အကြင်လိုလားတတ်သောရာဂသည်၊ ယာ ကာမနန္ဒီ–အကြင်လိုလားတတ်, နှစ်သက်တတ်သောတဏှာသည်၊ ယာ ကာမတဏှာ–အကြင်လိုလားတတ်, တပ်မက်တတ်သောတဏှာသည်၊ ယော ကာမသိနေဟော–အကြင်လိုလားတတ်, ချစ်တတ်သောလောဘသည်၊ ယော ကာမပရိဠာဟော–အကြင်လိုလားတတ်, ပူလောင်တတ်သောလောဘသည်၊ ယာ ကာမမုစ္ဆာ–အကြင်လိုလားတတ်, တွေဝေတတ်သောတဏှာသည်၊ ယံ ကာမဇ္ဈောသာနံ–အကြင်လိုလားတတ်, မျိုချပြီးဆုံးစေတတ်သောတဏှာသည်၊ (အတ္ထိ)၊ အယံ–ဤတဏှာလောဘကို၊ ကာမာသဝေါ–ဟူ၍၊ ဝုစ္စတိ–၏။

**၁၁၀၄**။ ဘဝေသု–ရူပဘဝ အရူပဘဝတို့၌၊ ယော ဘဝစ္ဆန္ဒော–အကြင် ဘဝကို တောင့်တတတ်သောလောဘသည်၊ ယော ဘဝရာဂေါ–အကြင် ဘဝကို တပ်မက်တတ်သောလောဘသည်၊ (အတ္ထိ)၊ပေ၊ အယံ–ဤ ဘဝဆန္ဒစသည်ကို၊ ဘဝါသဝေါ–ဟူ၍၊ ဝုစ္စတိ–၏။

**၁၁၀၅။** တတ္ထ ကတမော ဒိဋ္ဌာသဝေါ၊ လောကော–(ခန္ဓာငါးပါးဟူသော) လောကသည်၊ သဿတော–အခါခပ်သိမ်း ထင်ရှားရှိ၏၊ ဝါ–မြဲ၏၊ ဣတိ ဝါ–ဤသို့သော်လည်းကောင်း၊ လောကော–သည်၊ အသဿတော–အခါခပ်သိမ်း ထင်ရှား မရှိ၊ ဝါ–မမြဲ ၊ ဣတိ ဝါ–သော်လည်းကောင်း၊ လောကော–သည်၊ အန္တဝါ–အဆုံးအပိုင်းအခြားရှိ၏၊ ဣတိ ဝါ–သော်လည်းကောင်း၊ လောကော–သည်၊ အနန္တဝါ–အဆုံးအပိုင်းအခြား မရှိ၊ ဣတိ ဝါ–သော်လည်းကောင်း၊ တံ–ထို အထည်ကိုယ်သည်၊ ဇီဝံ–အသက်ကောင်တည်း၊ ဣတိ ဝါ–သော်လည်းကောင်း၊ တံ–ထိုအသက်ကောင်သည်၊ သရီရံ–အထည်ကိုယ်တည်း၊ ဣတိ ဝါ–သော်လည်းကောင်း၊ ဇီဝံ–အသက်ကောင်သည်၊ အညံ–အထည်ကိုယ်မှ တစ်မျိုးတခြားတည်း၊ ဣတိ ဝါ–သော်လည်းကောင်း၊ သရီရံ–အထည်ကိုယ်သည်၊ အညံ–အသက်ကောင်မှ တစ်မျိုးတခြားတည်း၊ ဣတိ ဝါ–သော်လည်းကောင်း၊ တထာဂတော–သတ္တဝါသည်၊ မရဏာ–သေရာအခါမှ၊ ပရံ–နောက်၌၊ ဟောတိ–ရှိသေး၏၊ ဣတိ ဝါ–သော်လည်းကောင်း၊ တထာဂတော–သတ္တဝါသည်၊ မရဏာ, ပရံ–၌၊ န ဟောတိ–မရှိတော့၊ ဣတိ ဝါ–သော်လည်းကောင်း၊ တထာဂတော မရဏာ, ပရံ ဟောတိစ–အချို့လည်း ရှိသေး၏၊ န စ ဟောတိ–အချို့လည်း မရှိတော့၊ ဣတိ ဝါ–သော်လည်းကောင်း၊ တထာဂတော–သည်၊ မရဏာ–မှ၊ ပရံ–၌၊ နေဝ ဟောတိ–ရှိသည်လည်းမဟုတ်၊ န န ဟောတိ–မရှိ သည်လည်းမဟုတ်၊ ဣတိ ဝါ–သော်လည်းကောင်း၊ ဧဝရူပါ–သော၊ [ယာ ဒိဋ္ဌိ စသည်တို့၏အနက်ကို အကုသိုလ်စိတ် မိစ္ဆာဒိဋ္ဌိနိဒ္ဒေသ၌ ပြခဲ့ပြီ၊] အယံ ဝုစ္စတိ ဒိဋ္ဌာသဝေါ။...[အဝိဇ္ဇာသဝ၌ ဒုက္ခေ အညာဏံ စသည်တို့၏ အနက်ကို ဤ နိက္ခေပကဏ္ဍ ဟေတုဂေါစ္ဆက မောဟပဟိတ်၌ ပြခဲ့ပြီ။]

**နိက္ခေပကဏ္ဍေ–၌၊ ပဉ္စမဘာဏဝါရော–တည်း။**

### သညောဇနဂေါစ္ဆက

[အခြား သံယောဇဉ်များ၏အနက်ကို ရှေး၌ ပေးခဲ့ပြီ။]

**၁၁၂၁။** တတ္ထ–ထို သံယောဇဉ်တို့တွင်၊ ကတမံ–သည်၊ မာနသံယောဇနံ–နည်း၊ အဟံ–ငါသည်၊ သေယျော–သူတစ်ပါးထက် မြတ်သူသည်၊ အသ္မိ–ဖြစ်၏၊ ဣတိ–ဤသို့၊ မာနော–မှတ်ထင်ခြင်းသည်၊(ဟောတိ)၊ အဟံ သဒိသော–သူတစ်ပါးနှင့် တန်းတူသူသည်၊ အသ္မိ–၏၊ ဣတိ မာနော (ဟောတိ)၊ အဟံ ဟီနော–သူတစ်ပါးအောက် ယုတ်ညံ့သူသည်၊ အသ္မိ ဣတိ, မာနော (ဟောတိ)၊ ဧဝရူပေါ–ဤသို့ သဘောရှိသော၊ ယော မာနော–အကြင် မှတ်ထင်တတ်သော သဘောသည်၊ ယာ မညနာ–အကြင် မှတ်ထင်ခြင်းသည်၊ ယံ မညိတတ္တံ–အကြင် မှတ်ထင်တတ်သော စိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ ဥန္နတိ–အကြင် အထက်၌ညွတ်ခြင်းသည်၊ ဝါ–ထောင်လွှားတက်ကြွခြင်းသည်၊ ယော ဥန္နာမော-

အကြောင်း မိမိကိန်းရာ သတ္တဝါကို ထောင်လွှားတက်ကြွစေတတ်သောသဘော သည်၊ ယော ခဓော–အကြောင်း တံခွန်အလံနှင့်တူသောသဘောသည်၊ ယော– သမ္ပဂ္ဂါဟော–အကြောင်းစိတ်ကို ချီးမြှောက်တတ်သောသဘောသည်၊ စိတ္တဿ– ၏၊ ယာ ကေတုကမျတာ–အကြောင်း အမြင့်ဆုံးအလံကဲ့သို့ မိမိ၏ အမြင့်ဆုံး၏ အဖြစ်ကို လိုလားသော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ ဝုစ္စတိ မာနသံယောဇနံ။

**၁၁၂၆**။ တတ္ထ ကတမံ ဣဿာသံယောဇနံ၊ ပရလာဘသက္ကာရဂရုကာရ မာနနဝန္ဒနပူဇနာသု–သူတစ်ပါးတို့၏ သာမညလာဘ်, အထူးပြုအပ်သော လာဘ်, အလေးဂရုပြုခြင်း, မြတ်နိုးခြင်း, ရှိခိုးခြင်း, ပူဇော်ခြင်းတို့၌၊ ယာ ဣဿာ– အကြောင်းငြူစူတတ်သောသဘောသည်၊ ယာ ဣဿာယနာ–အကြောင်းငြူစူခြင်းဖြင့် ဖြစ်ခြင်းသည်၊ ယံ ဣဿာယိတတ္တံ–အကြောင်းငြူစူခြင်းဖြင့်ဖြစ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ ဥသူယာ–အကြောင်း အပြစ်ပြောတတ်သော သဘောသည်၊ ယာ ဥသူယနာ–အကြောင်း အပြစ်ပြောခြင်းဖြင့်ဖြစ်ခြင်းသည်၊ ယံ ဥသူယိတတ္တံ–အကြောင်းအပြစ်ပြောတတ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ သည်၊ (အတ္ထိ)၊ **ဣဒံ** ဝုစ္စတိ ဣဿာသံယောဇနံ။

**၁၁၂၇**။ တတ္ထ ကတမံ မစ္ဆရိယသံယောဇနံ၊ မစ္ဆရိယာနိ–မစ္ဆရိယတို့သည်၊ ဝါ–ဝန်တိုခြင်းတို့သည်၊ အာဝါသမစ္ဆရိယံ–အာဝါသ၌ ဝန်တိုခြင်းလည်း ကောင်း၊ ကုလမစ္ဆရိယံ–အမျိုး၌ ဝန်တိုခြင်းလည်းကောင်း၊ လာဘမစ္ဆရိယံ– ပစ္စည်းလေးပါးဟူသော လာဘ်၌ ဝန်တိုခြင်းလည်းကောင်း၊ ဝဏ္ဏမစ္ဆရိယံ– ကိုယ်အဆင်း, ဂုဏ်သတင်း၌ ဝန်တိုခြင်းလည်းကောင်း၊ ဓမ္မမစ္ဆရိယံ–ပရိယတ် ဓမ္မ၌ ဝန်တိုခြင်းလည်းကောင်း၊ (ဣတိ–သို့၊) ပဉ္စ–ငါးပါးတို့သည်၊ ဝေရှုပ်– သော၊ ယံ မစ္ဆေရံ–အကြောင်းဝန်တိုတတ်သောသဘောသည်၊ ယာ မစ္ဆရာယနာ– အကြောင်း ဝန်တိုခြင်းဖြင့်ဖြစ်ခြင်းသည်၊ ယံ မစ္ဆရာယိတတ္တံ–အကြောင်း ဝန်တိုခြင်း ဖြင့် ဖြစ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယံ ဝေဝိစ္ဆံ–အကြောင်း အခြားသူ၌ နှံ့စေခြင်းငှာ အလိုမရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ယံ ကဒရိယံ– အကြောင်းပေးကမ်းမှု၌ လေးစားခြင်းမရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ ကဋုကဉ္စုကတာ–အကြောင်း တောင်းရမ်းသူကိုမြင်လျှင် ခါးစပ်သည်၏အဖြစ် ကြောင့် စိတ်ကို တွန့်စေတတ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (တစ်နည်း) ယာ ကဋုကဉ္စုကတာ–အကြောင်း ကုတ်နေသောဇွန်းဖြင့် ထမင်းရှူး ခြင်းကဲ့သို့ အာဝါသ စသည်တို့၌ ပြန့်ပြန့်ပြူးပြူး မရှိသူ၏ဖြစ်ကြောင်းဖြစ်ရာ သည်၊ စိတ္တဿ–၏၊ ယံ အဂ္ဂဟိတတ္တံ–အကြောင်း ပိတ်ချုပ်၍ယူအပ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ ဝုစ္စတိ မစ္ဆရိယသံယောဇနံ၊ပေ။

**သညောဇနဂေါစ္ဆကပြီး၏။**

❦❧❦❧

## နိဒ္ဒေသဝါရ / နိဝရဏဂေါစ္ဆက

**၁၁၆၂**။ တတ္ထ–ထို ထိနမိဒ္ဓတို့တွင်၊ ကတမံ ထိနံ၊ စိတ္တဿ–၏၊ ယာ အကလ္လတာ–အကြင် မကျန်းမာသည်၏အဖြစ်သည်၊ ယာ အကမ္မညတာ–အကြင် ထိုထိုအမှု၌ မကောင်းသည်၏အဖြစ်သည်၊ ယာ ဩလီယနာ–အကြင် တွဲရရွဲဆွဲသကဲ့သို့ ဖြစ်ခြင်းသည်၊ ယာ သလ္လီယနာ–အကြင် တွဲရရွဲဆွဲသကဲ့သို့ ဖြစ်ခြင်းသည်၊ [သံ အနက်မရှိ၊ “သမောလီယနာ”ဟု ရှိလျှင် ကောင်း၏။] ယံ လီနံ–အကြင် တွန့်ဆုတ်ခြင်းသဘောသည်၊ ယာ လီယနာ–အကြင် တွန့်ဆုတ်ခြင်းသဘောသည်၊ ယံ လီယိတတ္တံ–အကြင် တွန့်ဆုတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယံ ထိနံ–အကြင့် တစ်ခဲနက်အဖြစ်ဖြင့် တည်တတ်သော သဘောသည်၊ ယာ ထိယနာ–အကြင် တစ်ခဲနက်အဖြစ်ဖြင့် တည်ခြင်းသည်၊ စိတ္တဿ–၏၊ ယံ ထိယိတတ္တံ–အကြင် တစ်ခဲနက်တည်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ ဝုစ္စတိ ထိနံ။

**၁၁၆၃**။ တတ္ထ ကတမံ မိဒ္ဓံ၊ ကာယဿ–နာမကာယ၏၊ ဝါ–စေတသိက်အပေါင်း၏၊ ယာ အကလ္လတာ–အကြင် မကျန်းမာသည်၏အဖြစ်သည်၊ ယာ အကမ္မညတာ–အကြင် ထိုထိုအမှု၌ မကောင်းသည်၏အဖြစ်သည်၊ ယော ဩနာဟော–အကြင် နာမကာယကို ဖုံးထားတတ်သောသဘောသည်၊ ယော ပရိယောနာဟော–အကြင် နာမကာယကို ထက်ဝန်းကျင်ဖုံးထားတတ်သော သဘောသည်၊ ယော အန္တောသမောရောဓော–အကြင် အတွင်းဖြစ်သောစိတ်၌ ထက်ဝန်းကျင်ပိတ်ချုပ်ထားတတ်သောသဘောသည်၊ ယံ မိဒ္ဓံ–အကြင် ညှိုးဆဲတတ်သောသဘောသည်၊ ယံ သောပ္ပံ–အကြင် အိပ်ငိုက်ကြောင်းသဘောသည်၊ ယာ ပစလာယိကာ–အကြင် အထက်အောက် မျက်လွှာစသည်တို့၏ တလှုပ်လှုပ် အဖြစ်ကို ပြုတတ်သောသဘောသည်၊ သောပ္ပံ–သောပ္ပဟူသော၊ ယာ သုပနာ–အကြင် အိပ်ငိုက်ကြောင်းသဘောသည်၊ ယံ သုပိတတ္တံ–အကြင် အိပ်ငိုက်သော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထ)၊ ဣဒံ ဝုစ္စတိ မိဒ္ဓံ၊ ဣတိ–ဤသို့လျှင်၊ ဣဒဉ္စ ထိနံ–ဤထိနသည်လည်းကောင်း၊ ဣဒဉ္စ မိဒံ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣဒံ–ဤ ထိနမိဒ္ဓ နှစ်ပါးပေါင်းကို၊ ထိနမိဒ္ဓနီဝရဏံ–ဟူ၍၊ ဝုစ္စတိ၊ [ဥဒ္ဓစ္စကို အကုသိုလ်စိတ် ဥဒ္ဓစ္စနိဒ္ဒေသ၌ ပြခဲ့ပြီ။]

**၁၁၆၆**။ တတ္ထ ကတမံ ကုက္ကုစ္စံ၊ အကပ္ပိယေ–မအပ်သောအရာ၌၊ ကပ္ပိယသညိတာ–အပ်၏ဟု အမှတ်ရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်လည်းကောင်း၊ ကပ္ပိယေ–အပ်သောအရာ၌၊ အကပ္ပိယသညိတာ–မအပ်ဟု အမှတ်ရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်လည်းကောင်း၊ အဝဇ္ဇေ–အပြစ်မဟုတ်သည်၌၊ ဝဇ္ဇသညိတာ–အပြစ်ဟု အမှတ်ရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်လည်းကောင်း၊ ဝဇ္ဇေ–

အပြစ်၌ အဝဇ္ဇသညိတာ–အပြစ်မဟုတ်ဟု အမှတ်ရှိသည်၏ဖြစ်ကြောင်း ဖြစ်ရာသည်လည်းကောင်း၊ (အတ္ထို၊) စေရုပ်–သော၊ ယံ ကုက္ကုစ္စံ–အကြင် စက်ဆုပ်အပ်စွာ ပြုအပ်သော အမှုအရာသည်၊ ယာ ကုက္ကုစ္စာယနာ–အကြင် ကုက္ကုစ္စဖြင့် ဖြစ်ခြင်းသည်၊ ဝါ–အကြင် ကုက္ကုစ္စကို ပြုခြင်းသည်၊ ယံ ကုက္ကုစ္စာယိတတ္တံ–အကြင် ကုက္ကုစ္စဖြင့်ဖြစ်သော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာ သည်၊ စေတသော–၏၊ ယော ဝိပ္ပဋိသာရော–အကြင် ပြုအပ်ပြီးသော မကောင်းမှု, မပြုအပ်သေးသော ကောင်းမှုသို့ ဖောက်ဖောက်ပြန်ပြန် ရှေ့ရှု ဖြစ်ခြင်းသည်၊ ဝါ–နှလုံးမသာ မယာခြင်းသည်၊ ယော မနောဝိလေခေါ– အကြင် စိတ်ကို ရေးခြစ်ခြင်းကဲ့သို့ ဖြစ်ခြင်းသည်၊ (အတ္ထိ၊) ဣဒံ ဝုစ္စတိ ကုက္ကုစ္စံ၊ ဣတိ–လျှင်၊ ဣဒဥ္စ ဥဒ္ဓစ္စံ–သည်လည်းကောင်း၊ ဣဒဥ္စ ကုက္ကုစ္စံ– သည်လည်းကောင်း၊ (အတ္ထို၊) ဣဒံ–ဤ ဥဒ္ဓစ္စ ကုက္ကုစ္စနှစ်ပါးအပေါင်းကို၊ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏံ–ဟူ၍၊ ဝုစ္စတိ–၏။ **နီဝရဏဇာတ်ကြောပြီးပြီ။**

## ပရောမာသဇာတ်ကြော

**၁၁၈၀။** ဒိဋ္ဌိပရာမာသော–ဒိဋ္ဌိဟူသော ပရာမာသတည်း၊ [သဿတော လောကောစသည်တို့၏ အနက်ကို ဤ ဒုကနိက္ခေပ ဒိဋ္ဌိသံယောဇနနိဒ္ဒေသ၌ ပြခဲ့ပြီ၊ မဟာဋ္ဌ ရဒုက်၌ ပုဒ်ထူးမရှိ။

## ဥပါဒါနဇာတ်ကြော

**၁၂၁၉။** စတ္တာရိ ဥပါဒါနာနိ၊ ကာမုပါဒါနံ–ကာမုပါဒါန်လည်းကောင်း၊ ဝါ–ဝတ္ထုကာမကို စွဲလမ်းတတ်သော လောဘလည်းကောင်း၊ ဝါ–ကာမဂုဏ်ကို လိုလားတတ် စွဲလမ်းတတ်သော လောဘလည်းကောင်း၊ ဒိဋ္ဌုပါဒါနံ– စွဲလမ်းတတ်သော ဒိဋ္ဌိလည်းကောင်း၊ ဝါ–ရှေးရှေးဒိဋ္ဌိကို စွဲလမ်းတတ်သော နောက်နောက်ဒိဋ္ဌိလည်းကောင်း၊ သီလဗ္ဗတုပါဒါနံ–လည်းကောင်း၊ ဝါ– နွားတို့၏ အလေ့အကျင့်စသည်ကို စွဲလမ်းတတ်သော ဒိဋ္ဌိလည်းကောင်း၊ ဝါ–နွားတို့၏ အလေ့အကျင့်စသည်ကိုပင် ကိလေသာမှ စင်ကြယ်ကြောင်း ဟု စွဲလမ်းတတ်သော ဒိဋ္ဌိလည်းကောင်း၊ အတ္တဝါဒုပါဒါနံ–အတ္တဝါဒုပါဒါန် လည်းကောင်း၊ ဝါ–အတ္တကို ပြောဆိုကြောင်း, စွဲလမ်းကြောင်းဖြစ်သောဒိဋ္ဌိ လည်းကောင်း၊ ဝါ–အတ္တဟု ပြောဆိုကြောင်းစကားမျှကို အတ္တဟု စွဲလမ်း ကြောင်းဒိဋ္ဌိလည်းကောင်းတည်း။

**၁၂၂၀။** တတ္ထ ကတမံ ကာမုပါဒါနံ၊ ကာမေသု–ဝတ္ထုအာရုံကာမဂုဏ် တို့၌၊ ယော ကာမစ္ဆန္ဒော–အကြင်လိုလားတတ်, နှစ်သက်တတ်သော လောဘ သည်၊ (အတ္ထို၊) ဤသို့စသည်ဖြင့် အာသဝဇာတ်ကြော ကာမာသဝနိဒ္ဒေသ၌ ပြခဲ့သည့်အတိုင်း အနက်ပေးပါ။

**၁၂၂၁။** တတ္ထ ကတမံ ဒိဋ္ဌုပါဒါနံ၊ ဒိန္နံ–ပေးလှူကြောင်း ဒါနစေတနာသည်၊ ဝါ–ပေးလှူကြောင်း ဒါနစေတနာ၏အကျိုးရင်း အကျိုးဆက်သည်၊ နတ္ထိ–မရှိ၊ ယိဋ္ဌံ–အကြီးအကျယ် ပူဇော်ကြောင်းစေတနာ၏ အကျိုးရင်း အကျိုးဆက်သည်၊ နတ္ထိ၊ ဟုတံ–အနည်းငယ် ပူဇော်ကြောင်းစေတနာ၏ အကျိုးရင်းအကျိုးဆက်သည်၊ နတ္ထိ၊ သုကတဒုက္ကဋာနံ–ကောင်းစွာပြုအပ်, မကောင်းသဖြင့် ပြုအပ်ကုန်သော၊ ကမ္မာနံ–ကုသိုလ်ကံ, အကုသိုလ်ကံတို့၏၊ ဖလံ–အကျိုးဆက်သည်လည်းကောင်း၊ ဝိပါကော–အကျိုးရင်းသည်လည်းကောင်း၊ နတ္ထိ၊ အယံ လောကော–ဤလောကသည်၊ နတ္ထိ–(တစ်ပါးသောလောက၌ တည်သူအတွက်) မရှိ၊ ပရောလောကော–တစ်ပါးသော လောကသည်၊ နတ္ထိ–(ဤလောက၌ တည်သူအတွက်)မရှိ၊ မာတာ–အမိ၌ ကောင်းစွာပြုခြင်း, မကောင်းသဖြင့် ပြုခြင်း၏အကျိုးရင်း အကျိုးဆက်သည်၊ နတ္ထိ၊ ပိတာ–အဘ၌ ကောင်းစွာပြုခြင်း, မကောင်းသဖြင့်ပြုခြင်း၏ အကျိုးရင်း အကျိုးဆက်သည်၊ နတ္ထိ၊ ဩပပါတိကာ–အဟောင်းဘဝမှ အသစ်ဘဝ၌ ကျရောက်ခြင်းအလေ့ရှိကုန်သော၊ သတ္တာ–သတ္တဝါတို့သည်၊ နတ္ထိ–မရှိကုန်။

ယေ–အကြင် သမဏဗြာဟ္မဏ အမည်ရှိသူတို့သည်၊ ဣမဉ္စ လောကံ–ဤလောကကိုလည်းကောင်း၊ ပရဉ္စလောကံ–တစ်ပါးသောလောကကိုလည်းကောင်း၊ သယံ–ကိုယ်တိုင်၊ အဘိညာ–ထူးသောဉာဏ်ဖြင့် သိ၍၊ သစ္ဆိကတွာ–မျက်မှောက်ပြု၍၊ ပဝေဒေန္တိ–သူတစ်ပါးကို ဟောပြသိစေနိုင်ကြကုန်၏၊ သမဂ္ဂတာ(သမံ+ဂတာ)–ပဋိပတ်ကျင့်စဉ်အားဖြင့် အညီအမျှသွားကြကုန်သော၊ သမ္မာပဋိပန္နာ–ကောင်းစွာကျင့်ကြကုန်သော၊ (တေ)သမဏဗြာဟ္မဏာ–ထိုသမဏဗြဟ္မဏ အမည်ရသူတို့သည်၊ လောကေ–၌၊ နတ္ထိ–မရှိကုန်၊ ဣတိ ဧဝရူပါ–ဤသို့သဘောရှိသော၊ ယာ ဒိဋ္ဌိ–အကြင် မိစ္ဆာအယူသည်၊(အတ္ထိ)၊ပေ၊ ဣဒံ ဝုစ္စတိ ဒိဋ္ဌုပါဒါနံ၊ သီလဗ္ဗတုပါဒါနဉ္စ–သီလဗ္ဗတုပါဒါန်ကိုလည်းကောင်း၊ အတ္တဝါဒုပါဒါနဉ္စ–ကိုလည်းကောင်း၊ ထပေတွာ–ချန်ထား၍၊ သဗ္ဗာပိ–အလုံးစုံလည်းဖြစ်သော၊ မိစ္ဆာဒိဋ္ဌိ–မိစ္ဆာအယူသည်၊ ဒိဋ္ဌုပါဒါနံ–ဒိဋ္ဌိပါဒါန်တည်း၊ [သီလဗ္ဗတုပါဒါန်ကို တိကနိက္ခေပ သီလဗ္ဗတပရာမာသနိဒ္ဒေသ၌လည်းကောင်း, အတ္တဝါဒုပါဒါန်ကို တိကနိက္ခေပသက္ကာယဒိဋ္ဌိနိဒ္ဒေသ၌လည်းကောင်း အနက်ပေးခဲ့ပြီ။]

## နိက္ခေပကဏ္ဍော–၌၊ ဒုတိယဘာဏဝါရော–တည်း။

---

**ဩပပါတိကာ။** ။ပုရိမဘဝတော ပစ္ဆိမဘဝေ ဥပပတနံ ဥပပါတော၊ သော ယေသံ သီလံ၊ တေ ဩပပါတတိကာ၊–မူလဋီကာ၊ ဤနေရာ၌ ဤဋီကာအတိုင်းသာ အနက်ဖြစ်၏၊ ဥပပတ်ပဋိသန္ဓေနေသူတို့ကို ဟောရာ၌ကား “ဘဝဟောင်းမှ ခုန်လွှားကျရောက်သကဲ့သို့ဖြစ်ခြင်းရှိသူများ”ဟု အနက်ဆိုရသည်၊ ထိုအနက်ကို ဤ၌ မရထိုက်။

## ကိလေသဂေါစ္ဆက

**၁၂၃၅။** ကိလေသဝတ္ထုနို–နောက်နောက်ကိလေသာတို့၏ တည်ရာ ဖြစ်သော ရှေးရှေးကိလေသာတို့သည်၊ ဝါ–ခီဏာသဝမဟုတ်သော သတ္တဝါတို့၏ တည်နေရာ ကိလေသာတို့သည်၊ ဝါ–အနန္တရာဒိပစ္စယဖြင့် နောက်နောက်ကိလေသာတို့၏တည်ရာ ရှေးရှေးကိလေသာတို့သည်၊ ဒသ–၁၀ပါးတို့တည်း၊ လောဘော–လောဘလည်းကောင်း၊ပေ၊အနောတ္တပ္ပံ–အနောတပ္ပလည်းကောင်းတည်း၊ [ကြွင်းသောပုဒ်များ၏ အနက်ကို ရှေး၌ ပေးခဲ့ပြီ။]

## ပိဋ္ဌိဒုက်

**၁၂၈၇။** ကတမေ ဓမ္မာ ကာမာဝစရာ၊ ဟေဋ္ဌတော–အောက်အဖို့အားဖြင့်၊ အဝီစိနိရယံ–အဝီစိငရဲကို၊ ပရိယန္တံ–အဆုံးအပိုင်းအခြားကို၊ ကရိတွာ–ပြု၍လည်းကောင်း၊ ဥပရိတော–အထက်အဖို့အားဖြင့်၊ ပရနိမ္မိတဝသဝတ္တိဒေဝေ–ပရနိမ္မိတဝသဝတ္တိနတ်တို့ကို၊ အန္တောကရိတွာ–အတွင်း၌ပြု၍လည်းကောင်း၊ ဧတသ္မိံ အန္တရေ–ဤအရပ်၌၊ ဧတ္ထ–ဤအရပ်၌၊ အဝစရာ–သက်ဝင်၍ဖြစ်ကုန်သော၊ ဧတ္ထ–ဤအရပ်၌၊ ပရိယာပန္နာ–အကျုံးဝင်ကုန်သော၊ ယံ(ယေ) ခန္ဓဓာတုအာယတနာ–အကြင် ခန္ဓာ, ဓာတ်, အာယတနတို့သည်၊ ရူပံ–ရုပ်သည်လည်းကောင်း၊ ဝေဒနာ–သည်လည်းကောင်း၊ သညာ–သည်လည်းကောင်း၊ သင်္ခါရာ–တို့သည်လည်းကောင်း၊ ဝိညာဏံ–တို့သည်လည်းကောင်း၊(သန္တိ – ရှိကုန်၏၊) ဣမေ ဓမ္မာ ကာမာဝစရာ။

**၁၂၈၉။** ကတမေ ဓမ္မာ ရူပါဝစရာ၊ ဟေဋ္ဌတော–အားဖြင့်၊ ဗြဟ္မလောကံ–ဗြဟ္မာတို့၏နေရာ ဩကာသလောကကို၊ ပရိယန္တံ ကရိတွာ–၍၊ ဥပရိတော–အားဖြင့်၊ အကနိဋ္ဌေ–အကနိဋ္ဌဘုံ၌ နေကုန်သော၊ ဒေဝေ–ဗြဟ္မာတို့ကို၊ အန္တောကရိတွာ–၍၊ ဧတသ္မိံ အန္တရေ–ဤအရပ်၌၊ ဧတ္ထ–၌၊ အဝစရာ–န်သော၊ ဧတ္ထ–၌၊ ပရိယာပန္နာ–န်သော၊ သမာပန္နဿဝါ–သမာပတ်ဝင်စားသော ပုထုဇန်သေက္ခပုဂ္ဂိုလ်၏သော်လည်းကောင်း၊ ဥပပန္နဿဝါ–ပဋိသန္ဓေနေသောပုဂ္ဂိုလ်၏သော်လည်းကောင်း၊ ဒိဋ္ဌဓမ္မသုခဝိဟာရိဿဝါ–မျက်မှောက်ထင်ထင် ရှုမြင်အပ်သော သဘောဟူသော ပစ္စက္ခအတ္တဘော၌ ချမ်းသာစွာနေရခြင်းရှိသောရဟန္တာပုဂ္ဂိုလ်၏သော်လည်းကောင်း၊ စိတ္တစေတသိကာ–စိတ် စေတသိက်ဖြစ်ကုန်သော၊ ယံ(ယေ)ဓမ္မာ–တို့သည်၊ (သန္တိ)၊ ဣမေ ဓမ္မာ ရူပါဝစရာ၊ [အရူပါဝစရာ၌လည်း ဤနည်းမှီ၍ အနက်ပေးပါ။]

**အဘိဓမ္မဒုက်–အဘိဓမ္မာဒုက်သည်၊**
**(နိဋ္ဌိတံ–ပြီးပြီ။)**

xxxxx

## သုတ္တန္တိကဒုကနိက္ခေပ

**၁၃၁၃။** ကတမေ ဓမ္မာ, အဓိဝစနာ-သဒ္ဒါကို စွဲမှီရည်စူး၍ဖြစ်သော နာမည် ပညတ် ဖြစ်ကုန်သနည်း၊ တေသံ တေသံ ဓမ္မာနံ-ထိုထိုတရားတို့၏၊ ယာ သင်္ခါ-အကြင် ကောင်းစွာပြောဆိုအပ်သောအမည်သည်၊ (အတ္ထိ)၊ ယာ သမညာ-အကြင် အထူးသဖြင့် သိအပ်သော အမည်သည်၊ (အတ္ထိ)၊ ယာ ပညတ္တိ-အကြင် အပြားအားဖြင့် သိစေအပ်သောအမည်သည်၊ (တစ်နည်း) ယာ ပညတ္တိ-အကြင် အပြားအားဖြင့် ထားအပ်သောအမည်သည်၊ (အတ္ထိ)၊ ယော ဝေါဟာရော-အကြင် ခေါ်ဝေါ်ပြောဆိုအပ်သောအမည်သည်၊ (အတ္ထိ)၊ ယံ နာမံ-အကြင် အနက်သို့ ညွတ်တတ်သောနာမည်သည်၊ (အတ္ထိ)၊ ယံ နာမကမ္မံ-အကြင်ပြုအပ် မှည့်ခေါ်အပ်သောနာမည်သည်၊ ဝါ-အကြင် ပြုကြောင်း(မှည့်ခေါ်ကြောင်း) နာမည်သည်၊ ဝါ-အကြင် နာမည်ကို ပြုလုပ်ထားခြင်းသည်၊ (အတ္ထိ)၊ ယံ နာမ ဓေယျံ-အကြင် ထားအပ်သောနာမည်သည်၊ ဝါ-အကြင်ထားကြောင်းဖြစ်သော နာမည်သည်၊ ဝါ-နာမည်ကို ပညတ်ထားခြင်းသည်၊ (အတ္ထိ)၊ ယာ နိရုတ္တိ-အကြင် အနက်ကို ထုတ်ဖော်၍ ဟောတတ်သောနာမည်သည်၊ (အတ္ထိ)၊ ယံ ဗျဉ္ဇနံ-အကြင်အနက်ကို ထင်ရှားပြတတ်သောနာမည်သည်၊ (အတ္ထိ)၊ ယော အဘိလာပေါ-အကြင် အနက်သို့ ရှေ့ရှုရွတ်ဆိုအပ်သောနာမည်သည်၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အဓိဝစနာ၊...သဗ္ဗေဝ-အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ဓမ္မာ-တို့သည်၊ အဓိဝစနပထာ-သဒ္ဒါကို စွဲမှီရည်စူး၍ဖြစ်သော နာမည်ပညတ်၏ အကြောင်းဖြစ်သောတရားတို့တည်း။...[နိရုတ္တိဒုက်, ပညတ္တိဒုက်တို့၌လည်း နည်းတူ။]

**၁၃၁၄။** ကတမေ ဓမ္မာ နိရုတ္တိ-ထိုထိုအနက်ကို ဖော်ထုတ်၍ ဟောပြတတ် သော သဒ္ဒါဖြစ်သနည်း၊ ပေ သဗ္ဗေဝ ဓမ္မာ နိရုတ္တိပထာ။

**၁၃၁၅။** ကတမေ ဓမ္မာ, ပညတ္တိ-အနက်ကို အပြားအားဖြင့် သိစေတတ် သော နာမည်ပညတ် ဖြစ်သနည်း၊ ဝါ-အပြားအားဖြင့် ထားအပ်သော နာမည်ပညတ်ဖြစ်သနည်း၊ပေ၊ သဗ္ဗေဝ ဓမ္မာ ပညတ္တိပထာ။

**၁၃၃၂။** တတ္ထ-ထို ဒေါဝစဿတာ, ပါပမိတ္တတာ, ကလျာဏမိတ္တတာတို့တွင်၊ ကတမာ-အဘယ်သည်၊ ဒေါဝစဿတာ-တာ မည်သနည်း၊ ဝါ-ခဲယဉ်းသောစကားရှိသူ၏ အလုပ်၏ ဖြစ်ကြောင်းဖြစ်ရာ မည်သနည်း၊ သဟဓမ္မိကေ-အတူတကွ ကျင့်ထိုက်သော အဓိသီလ စသည်၌ ဖြစ်သော သိက္ခာပုဒ်ကို၊ ဝုစ္စမာနေ-ပြောဆိုအပ်သော်၊ ဒေါဝစဿာယံ-ခဲယဉ်းစွာ ပြောဆိုအပ်သောစကားရှိသူ၏ အလုပ်သည်၊ ဒေါဝစဿိယံ-ခဲယဉ်းစွာ ပြောဆိုအပ်သောစကားရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ဒေါဝစဿတာ-

ခဲယဉ်းစွာ ပြောဆိုအပ်သောစကားရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ဝိပ္ပဋိကူလဂ္ဂါဟိတာ–ဆန့်ကျင်ဘက်ကို ယူလေ့ရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ဝိပစ္စနီကသာတတာ–ဆန့်ကျင်ဘက်ကို ယူခြင်းအားဖြင့် သာယာခြင်းရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ အနာဒရိယံ–ဩဝါဒကို လေးစားခြင်း မရှိသောပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ အနာဒရတာ–သည်၊ အဂါရဝတာ–ရိုသေလေးစားခြင်းမရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ အပ္ပဋိဿဝတာ–ရှေးရှုနားထောင်ခြင်း မရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ အယံ–ဤသို့သဘောရှိသောတရားကို၊ ဒေါဝစဿတာ–ဟူ၍၊ ဝုစ္စတိ။

**၁၃၃၃။** တတ္ထ ကတမာ ပါပမိတ္တတာ၊ ယေ တေ ပုဂ္ဂလာ–တို့သည်၊ အဿဒ္ဓါ–ဘုရားစသော ဝတ္ထုတို့ကို ယုံကြည်တတ်သော သဒ္ဓါမရှိကုန်၊ ဒုဿီလာ–သီလမရှိကုန်၊ အပ္ပဿုတာ–အာဂမ အဓိဂမ၌ ကြားနာအပ်ပြီးသော သုတမရှိကုန်၊ [ပိဋကတ်တော်၌လည်းကောင်း, ပဋိဝေဓ(မဂ်ဖိုလ်နိဗ္ဗာန်)၌လည်းကောင်း အကြားအမြင် မရှိကုန်၊] မစ္ဆရိနော–ဝန်တိုခြင်း ရှိကုန်၏၊ ဒုပ္ပညာ–ပညာမရှိကုန်၊ တေသံ–ထို အဿဒ္ဓါစသောပုဂ္ဂိုလ်တို့ကို၊ ယာ သေဝနာ–အကြင် မှီဝဲခြင်းသည်၊ (အတ္ထိ)၊ ယာ နိသေဝနာ–အကြင် အားကြီးသောမှီဝဲခြင်းသည်၊ ယာ သံသေဝနာ–အကြင် အလုံးစုံသောအဖို့အားဖြင့် မှီဝဲခြင်းသည်၊ [တစ်နည်း–သုံးပုဒ်လုံး၌ပင် နိ+သံ ပုဒ်တို့ကို အနက်မရှိကြ၍ "မှီဝဲခြင်းသည်"ဟုပေးပါ၊] ယာ ဘဇနာ–အကြင် ချဉ်းကပ်ခြင်းသည်၊ ယာ သံဘဇနာ–အကြင် ထက်ဝန်းကျင် ချဉ်းကပ်ခြင်းသည်၊ [တစ်နည်း–သံအနက်မရှိ၊ "ချဉ်းကပ်ခြင်း"ဟုသာ အနက်ပေးပါ၊] ယာ ဘတ္တိ–အကြင် ခိုင်မြဲသော ဆည်းကပ်ခြင်းသည်၊ ယာ သမ္ဘတ္တိ–အကြင် ထက်ဝန်းကျင်အဖို့အားဖြင့် ဆည်းကပ်ခြင်းသည်၊ [တစ်နည်း–သံအနက်မရှိ၊] ယာ သမ္ပဝင်္ကတာ–အကြင် ထို ပါပမိတ္တတို့၌ ကိုယ်စိတ်အားဖြင့် ညွတ်ကိုင်းသည်၏အဖြစ်သည်၊(အတ္ထိ)၊ အယံ ဝုစ္စတိ ပါပမိတ္တတာ။ [သောဝစဿတာ, ကလျာဏမိတ္တတာတို့ကို ပြောင်းပြန်အားဖြင့် သိပါ။]

**၁၃၃၆။** တတ္ထ ကတမာ၊ အာပတ္တိကုသလတာ–အာပတ်တို့၌ ကျွမ်းကျင်သူ၏အဖြစ်မည်သနည်း၊ ပဉ္စပိ–ငါးပါးလည်းဖြစ်ကုန်သော၊ အာပတ္တိက္ခန္ဓာ–ဒွေမာတိကာ၌လာသော အာပတ်အစုတို့သည်၊ အာပတ္တိယော–အာပတ်တို့မည်၏၊ သတ္တပိ–၇ ပါးလည်းဖြစ်ကုန်သော၊ အာပတ္တိက္ခန္ဓာ–ဥဘတောဝိဘင်း, ခန္ဓကတို့၌လာသော အာပတ်အစုတို့သည်၊ အာပတ္တိယော–တို့မည်၏၊ တာသံ အာပတ္တီနံ–ထို အာပတ်တို့၏၊ ယာ အာပတ္တိကုသလတာ–အကြင်အာပတ်အပိုင်းအခြား၌ ကျွမ်းကျင်သူ၏အဖြစ်သည်၊ ယာ ပညာ–အကြင် အပြားအားဖြင့် သိတတ်သော ဉာဏ်သည်၊ပေ၊ ယာ သမ္မာဒိဋ္ဌိ (အတ္ထိ)၊ အယံ ဝုစ္စတိ အာပတ္တိကုသလတာ။

**၁၃၃၇။** တတ္ထ ကတမာ၊ အာပတ္တိဝုဋ္ဌာနကုသလတာ–အာပတ်မှ ထခြင်း၌ ကျွမ်းကျင်သူ၏အဖြစ် မည်သနည်း၊ တာဟိ အာပတ္တိဟိ–တို့မှ၊ ယာ ဝုဋ္ဌာန ကုသလတာ–အကြင် ထခြင်း၌ ကျွမ်းကျင်သူ၏အဖြစ်သည်၊ (အတ္ထိ)ပေ၊ အယံ ဝုစ္စတိ အာပတ္တိဝုဋ္ဌာနကုသလတာ။

**၁၃၃၈။** တတ္ထ ကတမာ၊ သမာပတ္တိကုသလတာ–သမာပတ်၌ကျွမ်းကျင်သူ၏ အဖြစ်မည်သနည်း၊[နောက်ဝါကျ၌ "သမာပတ္တိဝုဋ္ဌာနကုသလတာ–သမာပတ်မှ ထခြင်း၌ ကျွမ်းကျင်သူ၏အဖြစ် မည်သနည်း၊ ဓာတုကုသလတာ–ဓာတ်တို့၌ ကျွမ်းကျင်သူ၏အဖြစ် မည်သနည်း၊ မနသိကာရကုသလတာ–ဓာတ်တို့ကို နှလုံးသွင်းခြင်း၌ ကျွမ်းကျင်သူ၏အဖြစ် မည်သနည်း" စသည်ဖြင့် ပေးပါ။]

**၁၃၄၄။** တတ္ထ ကတမာ၊ ဌာနကုသလတာ–အကြောင်း၌ ကျွမ်းကျင်သူ၏ အဖြစ် မည်သနည်း၊ ယေ ယေ ဓမ္မာ–အကြင် အကြင် တရားတို့သည်၊ ယေသံ ယေသံ ဓမ္မာနံ–တို့၏၊ ဥပ္ပာဒါယ–ဖြစ်ခြင်းငှာ၊ ဟေတူ–ဟိတ်ဖြစ်သောအကြောင်းတို့သည်၊ ပစ္စယာ–ပစ္စည်းဖြစ်သော အကြောင်းတို့သည်၊ (ဟောန္တိ)၊ တံ တံ–ထိုထို အကျိုးတရားတို့၏ ထိုထိုအကြောင်းသည်၊ ဌာနံ–ဌာနတည်း၊ ဣတိ–သို့၊ တတ္ထ–ထိုအကျိုးတရား,အကြောင်းတရားတို့၌၊ ယာ ပညာ(အတ္ထိ)ပေ၊ အယံ ဝုစ္စတိ ဌာနကုသလတာ။ [အဋ္ဌာနကုသလတာလည်း နည်းတူသိပါ။]

**၁၃၄၇။** တတ္ထ ကတမော မဒ္ဒဝေါ၊ ယာ နီစ စိတ္တတာ–အကြင် နိမ့်ကျသော စိတ်ရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဤတစ်ပုဒ်သာ ထူး၏၊ ကြွင်းပုဒ်များသည် စိတ္တမုဒုတာနိဒ္ဒေသအတိုင်းပင်တည်း။

**၁၃၄၈။** တတ္ထ ကတမာ ခန္တိ၊ ယာ ခန္တိ–အကြင် သည်းခံခြင်းသည်၊ (အတ္ထိ)၊ ယာ ခမနတာ–အကြင် သည်းခံခြင်းသည်၊ တာပစ္စည်း အနက်မရှိ၊] ယာ အဓိဝါသနတာ–အကြင် မိမိအထက်၌ တက်ရောက်နေစေကြောင်းသဘောသည်၊ [တာပစ္စည်း အနက်မရှိ၊] ယံ အစဏ္ဍိက္ကံ–အကြင် မကြမ်းတမ်းသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယော အနသုရောပေါ–ကောင်းစွာ မတက်ရောက်စေအပ်သော စကား၏ဆန့်ကျင်ဘက်သည်၊ စိတ္တဿ–၏၊ ယာ အတ္တမနတာ–အကြင် မိမိစိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ အယံ ဝုစ္စတိ ခန္တိ။

**၁၃၅၀။** တတ္ထ–ထိုမာတိကာပုဒ်တို့တွင်၊ ကတမံ–သည်၊ သာခလျံ–ပြေပြစ်သူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (ဟောတိ–နည်း၊) ယာ သာ ဝါစာ–အကြင် စကားသည်၊ အဏ္ဍကာ–ခုံသန ဝမ္ဗနစသောစကားတို့ဖြင့် သစ်ပင်၏ အမှန်, အဖု,အဥနှင့်တူသည်၊ ကက္ကသာ–ကြမ်းတမ်းသည်၊ ပရကဋုကာ–သူတစ်ပါးတို့အတွက် ခါးစပ်သောအရသာနှင့် တူသည်၊ ပရာဘိသဇ္ဇနီ–သူတစ်ပါးတို့၏ စိတ်၌ ထိုးဆွ၍ ထိုးဆွ၍ လွန်စွာငြိကပ်တတ်သည်၊ ကောဓသာမန္တာ–ဒေါသ၏ အနီးအပါးဖြစ်သည်၊အသမာဓိသံဝတ္တနိကာ–ဥပစာရသမာဓိ,အပ္ပနာသမာဓိကို

မဖြစ်စေတတ်သည်၊ (ဟောတိ)၊ တထာရူပိ-ထိုသို့ သဘောရှိသော၊ ဝါစံ-စကားကို၊ ပဟာယ-ပယ်စွန့်၍၊ ယာ သာ ဝါစာ-သည်၊ နေလာ-ဒေါသတည်းဟူသောအပြစ်မရှိသည်၊ ကဏ္ဏသုခါ-နားတို့၏ချမ်းသာကြောင်းသည်၊ (နားဝင်ချိုသည်၊) ဟဒယင်္ဂမာ-စိတ်နှလုံးသို့ သက်ရောက်သည်၊ ပေါရီ-မြို့ကြီးပြည်ကြီး၌ ဖြစ်သည်၊ ဝါ-မြို့သူသဖွယ်, နူးနယ်သည်၊ ဝါ-မြို့သူမြို့သားလူအများ၏ ဥစ္စာသည်၊ ဗဟုဇနကန္တာ-များစွာသောလူအပေါင်းသည် နှစ်သက်အပ်သည်၊ ဗဟုဇနမနာပါ-များစွာသောလူအပေါင်း၏စိတ်ကို တိုးပွားစေတတ်သည်၊(များစွာသောလူအပေါင်းသည် မြတ်နိုးအပ်သည်၊)(ဟောတိ)၊ တထာရူပိ ဝါစံ, ဘာသိတာ-ပြောဆိုလေ့ရှိသည်၊ ဟောတိ၊ တတ္ထ-ထိုပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်၌၊ ယာ သဏှဝါစတာ-အကြင်သိမ်မွေ့သော စကားရှိသူ၏ဖြစ်ကြောင်း ဖြစ်ရာသည်၊ ယာ သခိလဝါစတာ-အကြင် ပြေပြစ်သောစကားရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ အဖရုသဝါစတာ-အကြင် မကြမ်းတမ်းသော စကားရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ-ဤသိမ်မွေ့ညက်ညော, ချောမောသောစကားရှိသူ၏ဖြစ်ကြောင်းဖြစ်ရာကို၊ သာခလျံ ဝုစ္စတိ။

၁၃၅၁။ တတ္ထ ကတမော ပဋိသန္ထာရော၊ ပဋိသန္ထာရော-ပဋိသန္ထာရတို့သည်၊ ဝါ-အပေါက်အကြားမရှိအောင် ပိတ်ဆို့ဖာထေးခြင်းတို့သည်၊ အာမိသပဋိသန္ထာရော စ-အာမိသဖြင့် ပိတ်ဆို့ ဖာထေးခြင်းလည်းကောင်း၊ ဓမ္မပဋိသန္ထာရော စ-ဓမ္မဖြင့် ပိတ်ဆို့ ဖာထေးခြင်းလည်းကောင်း၊ (ဣတိ-သို့၊) ဒွေ-နှစ်ပါးတို့တည်း၊ ဣဓ-ဤလောက၌၊ ဧကစ္စော-အချို့ပုဂ္ဂိုလ်သည်၊ အာမိသပဋိသန္ထာရေန ဝါ-အာမိသဖြင့် ပိတ်ဆို့ဖာထေးခြင်းအားဖြင့်သော်လည်းကောင်း၊ ဝါ-ပိတ်ဆို့ဖာထေးကြောင်းဖြစ်သော အာမိသဖြင့်သော်လည်းကောင်း၊ ဓမ္မပဋိသန္ထာရေန ဝါ-ဓမ္မဖြင့် ပိတ်ဆို့ ဖာထေးခြင်းအားဖြင့်သော်လည်းကောင်း၊ ဝါ-ပိတ်ဆို့ဖာထေးကြောင်းဖြစ်သော ဓမ္မဖြင့်သော်လည်းကောင်း၊ ပဋိသန္ထာရကော-အပေါက်အကြားမရှိအောင် ပိတ်ဆို့ ဖာထေးတတ်သည်၊ ဟောတိ၊ အယံ-ဤပိတ်ဆို့ ဖာထေးခြင်းကို၊ ပဋိသန္ထာရော-ရဟူ၍၊ ဝုစ္စတိ။

၁၃၅၂။ တတ္ထ ကတမာ ဣန္ဒြိယေသု အဂုတ္တဒွါရတာ (ဟောတိ-နည်း၊) (က) ဣဓ-ဤလောက၌၊ ဧကစ္စော-အချို့ပုဂ္ဂိုလ်သည်၊ စက္ခုနာ-စက္ခုပသာဒဖြင့်၊ ဝါ-အကြောင်းစက္ခု, တင်စားပြသည့်, စက္ခုဝိညာဉ်ဖြင့်၊ ရူပံ-ရူပါရုံကို၊ ဒိသွာ-မြင်ရ၍၊ ဝါ-မြင်ရသည်ရှိသော်၊ ဝါ-မြင်ရခြင်းကြောင့်၊ နိမိတ္တဂ္ဂါဟီ-ယောကျ်ားဟူလည်းကောင်း, မိန်းမဟူလည်းကောင်း သိမှတ်ကြောင်းဖြစ်သော ပုံသဏ္ဌာန်နိမိတ်ကို ကိလေသာစိတ်ဖြင့် ယူလေ့ရှိသည်၊ အနုဗျဉ္ဇနဂ္ဂါဟီ-ကိလေသာတို့ကို ထင်ရှားဖြစ်စေတတ်သော လက်ခြေသဏ္ဌာန်, စကားပြောသံ, ပြုံးရယ်ဟန်စသော အခြင်းအရာကို ကိလေသာစိတ်ဖြင့် ယူလေ့ရှိသည်၊ဟောတိ၊

ယတ္ထာဝိကရဏံ–အကြင် မစောင့်စည်းအပ်သော စက္ခုန္ဒြေဟူသောအကြောင်းကြောင့်၊ စက္ခုန္ဒြိယံ–ကို၊အသံဝုတံ–မစောင့်စည်းသည်ဖြစ်၍၊ ဝိဟရန္တံ–နေသော၊ နံ–ထိုပုဂ္ဂိုလ်ကို၊ အဘိဇ္ဈာဒေါမနဿာ–အဘိဇ္ဈာ ဒေါမနဿဟူကုန်သော၊ ပါပကာ–ယုတ်မာကုန်သော၊ ဝါ–မိမိကိန်းရာ,သတ္တဝါကို, အပါယ်လေးရွာသို့ ကျရောက်စေတတ်ကုန်သော၊ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ–တရားတို့သည်၊ အန္ဝာဿဝေယျုံ–အစဉ်တစိုက်, လိုက်ကုန်ရာ၏၊ ဝါ–လွှမ်းမိုးကုန်ရာ၏၊ တဿ–ထိုစက္ခုန္ဒြေကို၊ သံဝရာယ–စောင့်စည်းခြင်းငှာ၊ န ပဋိပဇ္ဇတိ–မကျင့်၊စက္ခုန္ဒြိယံ–ကို၊ န ရက္ခတိ–မစောင့်ရှောက်၊ စက္ခုန္ဒြိယေ–၌၊ သံဝရံ–စောင့်စည်းခြင်းသို့၊ န အာပဇ္ဇတိ–မရောက်။

(ခ) သောတေန–သောတပသာဒဖြင့်၊ ဝါ–အကြောင်းသောတ, တင်စားရသည့်, သောတဝိညာဉ်ဖြင့်၊ပေ၊ (ဂ) ဃာနေန–ဃာနပသာဒဖြင့်၊ ဝါ–အကြောင်းဃာန, တင်စားရသည့်, ဃာနဝိညာဉ်ဖြင့်၊ပေ၊ ဂန္ဓံ–ဂန္ဓာရုံကို၊ ဃာယိတွာ–နမ်းရှူ၍၊ ဝါ–နမ်းရှူရခြင်းကြောင့်၊ပေ၊ (ဃ) ဇိဝှာယ–ဇိဝှာပသာဒဖြင့်၊ ဝါ–အကြောင်းဇိဝှာ, တင်စားရာသည့်, ဇိဝှာဝိညာဉ်ဖြင့်၊ ရသံ–အရသာကို၊ သာယိတွာ–သာယာ၍၊ (င) ကာယေန–ကာယပသာဒဖြင့်၊ ဝါ–အကြောင်းကာယ, တင်စားရသည့်, ကာယဝိညာဉ်ဖြင့်၊ ဖောဋ္ဌဗ္ဗံ–ဖောဋ္ဌဗ္ဗာရုံကို၊ ဖုသိတွာ–တွေ့ထိ၍၊ ဝါ–တွေ့ထိရသည်ရှိသော်၊ ဝါ–တွေ့ထိရခြင်းကြောင့်၊ပေ၊ (စ) မနသာ–မနောဒွါရဖြင့်၊ ဝါ–အကြောင်းမနော, တင်စားပြောသည့်, မနောဝိညာဉ်ဖြင့်၊ ဓမ္မံ–ဓမ္မာရုံကို၊ ဝိညာယ–သိ၍၊ ဝါ–သိသည်ရှိသော်၊ ဝါ–သိခြင်းကြောင့်၊ပေ၊ သံဝရံ န အာပဇ္ဇတိ၊ ဆန္နံ–၆ ပါးကုန်သော၊ ဣမေသံ ဣန္ဒြိယာနံ–၌ ဣန္ဒြေတို့ကို၊ ယာ အဂုတ္တိ–အကြင် မစောင့်ရှောက်ခြင်းသည်၊ ယာ အဂေါပနာ–အကြင် မလုံခြုံစေခြင်းသည်၊ ယော အနာရက္ခော–အကြင် မစောင့်ရှောက်ခြင်းသည်၊ ယော အသံဝရော–အကြင် မစောင့်စည်းခြင်းသည်၊ (အတ္ထိ)၊ အယံ–၌ ဣန္ဒြေ ၆ ပါးတို့ကို မစောင့်စည်းခြင်းကို၊ ဣန္ဒြိယေသု အဂုတ္တဒွါရတာ–ဟူ၍၊ ဝုစ္စတိ။

**၁၃၅၃**။ တတ္ထ ကတမာ, ဘောဇနေ–ဘောဇဉ်၌၊ အမတ္တညုတာ–အတိုင်းအရှည် မသိသူ၏အဖြစ်သည်၊ (ဟောတိ–နည်း၊) ဣဓ–၌ သတ္တလောက၌၊ ဧကစ္စော–အချို့သောပုဂ္ဂိုလ်သည်၊ အပ္ပဋိသင်္ခါ–ဆင်ခြင်တတ်သော ပညာဖြင့် မစူးစမ်း မဆင်ခြင်မူ၍၊ အယောနိသော–မသင့်သောအကြောင်းအားဖြင့်၊ အာဟာရံ–အာဟာရကို၊ ဝါ–စားမျိုထိုက်သော စားဖွယ်သောက်ဖွယ်ကို၊ အာဟာရေတိ–အာဟာရကို ပြု၏၊ ဝါ–စားသောက်၏၊ ဒဝါယ–ရွှင်လန်းခြင်းအကျိုးငှာ၊ (အာဟာရေတိ–၏၊ ဝါ–၏၊) မဒါယ–မာနမဒ, ပုရိသမဒအကျိုးငှာ၊ (အာဟာရေတိ)၊ မဏ္ဍနာယ–ပြေပြစ်ပြည့်ဝင်း, အဆင်းလှခြင်းအကျိုးငှာ၊

(အာဟာရေတိ)၊ ဝိဘူသနာယ–အသား ပြည့်ဖြိုး၊ ပွားတိုးခြင်း အကျိုးငှာ၊ (အာဟာရေတိ–အာဟာရကို ပြု၍၊ ဝါ–စားသောက်၍၊) တတ္ထ–ထိုသို့ စားသောက်ရာ၌၊ ဝါ–ထိုသို့ စားသောက်သောပုဂ္ဂိုလ်၌၊ ယာ အသန္တုဋ္ဌိတာ–အကြင် တင်းတိမ်ရောင့်ရဲခြင်း မရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ အမတ္တညုတာ–အကြင် အတိုင်းအရှည်မသိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ဘောဇနေ–ဘောဇဉ်၌၊ ယာ အပ္ပဋိသင်္ခါ–အကြင် ပညာဖြင့် မဆင်ခြင်ခြင်းသည်၊ (အတ္ထိ)၊ အယံ–ဤအသန္တုဋ္ဌိတာစသည်ကို၊ ဘောဇနေ အမတ္တညုတာ–ဘောဇနေ အမတ္တညုတာဟူ၍၊ ဝုစ္စတိ၊ [ဣန္ဒြိယေသု ဂုတ္တဒွါရတာနိဒ္ဒေသကို ဆိုအပ်ပြီးသောနည်းမှ ပြောင်းပြန်အားဖြင့် သိပါ။]

၁၃၅၅။ [နေဝ ဒဝါယ စသည်ကို ဆိုအပ်ပြီးသောနည်းမှ ပြောင်းပြန်အားဖြင့် သိပါ၊] ဝိဘူသနာယ–ငှာ၊ နေဝ အာဟာရေတိ–အာဟာရကို ပြုသည်မဟုတ်၊ ဝါ–စားသောက်သည်မဟုတ်၊ ယာဝဒေဝ ကာယဿ–ဤ ကရဇကာယ၏၊ ဝါ–ခန္ဓာကိုယ်၏၊ ယာဝ ဌိတိယာဝ–တည်တံ့ခြင်းတိုင်အောင်အကျိုးငှာသာ၊ ယာဝ ယာပနာယဝ–ဇီဝိတိန္ဒြေကို ရှည်သောအဆွန့်သို့ ရောက်စေခြင်းတိုင်အောင်သော အကျိုးငှာသာ၊ ယာဝ ဝိဟိံသူပရတိယာဝ–ပင်ပန်းခြင်း၏ ကင်းခြင်းတိုင်အောင်သော အကျိုးငှာသာ၊ ယာဝ ဗြဟ္မစရိယာနုဂ္ဂဟာယဝ–သိက္ခာသုံးဝ, သာသနဗြဟ္မစရိယကို ချီးမြှောက်ခြင်းတိုင်အောင်သောအကျိုးငှာသာ၊ (အာဟာရံ အာဟာရေတိ)၊ ဣတိ–ဤ ပြဆိုအပ်ခဲ့သော အကျိုးတည်းဟူသောအကြောင်းကြောင့်၊ (အာဟာရံ အာဟာရေတိ)၊ ပုရာဏံ–အဟောင်းဖြစ်သော၊ ဝေဒနဉ္စ–မစားရခြင်းအကြောင်းရင်းရှိသော ဝေဒနာကိုလည်း၊ ပဋိဟင်္ခါမိ–ပယ်ဖျောက်အံ့၊ နဝံ–အသစ်ဖြစ်သော၊ ဝေဒနဉ္စ–အလွန်စားခြင်းကြောင့်ဖြစ်သော ဝေဒနာကိုလည်း၊ န ဥပ္ပါဒေဿာမိ–မဖြစ်စေအံ့၊[အဋ္ဌကထာ၌ နောက်တစ်နည်း၌လည်း ဖွင့်သေး၏၊] မေ–ငါ၏၊ ယာတြာစ–ဣရိယာပုထ်လေးပါး၊ ပြတ်မသွားဘဲ, ရှည်လျားသောကာလသို့ ရောက်စေခြင်းသည်လည်းကောင်း၊ ဝါ–မျှတခြင်းသည်လည်းကောင်း၊ အနဝဇ္ဇတာစ–အပြစ်မရှိသူ၏အဖြစ်သည်လည်းကောင်း၊ ဖာသု ဝိဟာရောစ–ချမ်းသာစွာ နေရကြောင်းသည်လည်းကောင်း၊ ဘဝိဿတိ–ဖြစ်လတ္တံ့၊ (ဣတိ–ဤသို့နှလုံးသွင်း၍၊ အာဟာရံ အာဟာရေတိ၊) တတ္ထ–ထိုသို့စားသောက်ရာ၌၊ ဝါ–ထိုပုဂ္ဂိုလ်၌၊ ယာ သန္တုဋ္ဌိတာ–အကြင် ရောင့်ရဲတင်းတိမ်ခြင်းရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ မတ္တညုတာ–အကြင် အတိုင်းအရှည်ကို သိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ဘောဇနေ–၌၊ ယာ ပဋိသင်္ခါ–အကြင် ပညာဖြင့် ဆင်ခြင်ခြင်းသည်၊(အတ္ထိ)၊ အယံ–ဤ သန္တုဋ္ဌိတာစသည်ကို၊ ဘောဇနေမတ္တညုတာ–ဟူ၍၊ ဝုစ္စတိ၊[မုဋ္ဌသစ္စကို သတိနိဒ္ဒေသ၏ ပြောင်းပြန်အားဖြင့် သိပါ၊ အသမ္ပဇည်စသည်လွယ်ပြီ။]

**၁၃၆၁။** တတ္ထ ကတမံ ဘာဝနာဖလံ၊ ကုသလာနံ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–ဗောဓိပက္ခိယတရားတို့ကို၊ ယာ အာသေဝနာ–အကြင် အစဉ်မပြတ်မှီဝဲခြင်းသည်၊ ယာ ဘာဝနာ–အကြင် တိုးပွားစေခြင်းသည်၊ ယံ ဗဟုလီကမ္မံ–အကြင် မများသော်လည်း များသကဲ့သို့ ပြုခြင်းသည်၊ ဝါ–အကြင် ကြိမ်ဖန်များစွာ အလေ့အလာ ပြုခြင်းသည်၊ (အတ္ထိ)၊ပေ။

**၁၃၇၃။** တတ္ထ ကတမာ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကမ္မဿကတာဉာဏံ–ကမ္မဿကတာ ဉာဏ်သည်လည်းကောင်း၊ ဝါ–ကုသိုလ်ကံ၏ မိမိဥစ္စာ၏အဖြစ်, အကုသိုလ်ကံ၏ မိမိဥစ္စာ မဟုတ်သည်၏အဖြစ်ကို သိတတ်သောဉာဏ်သည်လည်းကောင်း၊ သစ္စာနုလောမိကံ–လေးပါးသော သစ္စာတို့အား လျော်သောဝိပဿနာဉာဏ် သည်လည်းကောင်း၊ မဂ္ဂသမင်္ဂိဿ–မဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏၊ ဉာဏံ– မဂ်ဉာဏ်သည်လည်းကောင်း၊ ဖလသမင်္ဂိဿ–ဖိုလ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏၊ ဉာဏံ–ဖိုလ်ဉာဏ်သည်လည်းကောင်း၊ (ဒိဋ္ဌိဝိသုဒ္ဓိ–မည်၏၊ ဝါ–စင်ကြယ်သော အသိဉာဏ်မည်၏။)

**၁၃၇၄။** ဒိဋ္ဌိဝိသုဒ္ဓိ ခေါ ပနာတိ–ဒိဋ္ဌိဝိသုဒ္ဓိ ခေါ ပနဟူသည်ကား၊ ယာ ပညာ– အကြင် အပြားအားဖြင့် သိတတ်သောဉာဏ်သည်၊ပေ၊ယာ သမ္မာဒိဋ္ဌိ–သည်၊ (အတ္ထိ)၊ အယံ–ဤဉာဏ်ပညာသည်၊ ဒိဋ္ဌိဝိသုဒ္ဓိ ခေါ ပန–ဒိဋ္ဌိဝိသုဒ္ဓိ ခေါ ပန မည်၏။

**၁၃၇၅။** ယထာဒိဋ္ဌိဿစ ပဓာနံတိ–ယထာဒိဋ္ဌိဿစ ပဓာနံဟူသည်ကား၊ စေတသိကော–စိတ်၌ဖြစ်သော၊ ယော ဝီရိယာရမ္ဘော–အကြင် ဝီရိယကို အား ထုတ်ခြင်းသည်၊ပေ၊ယော သမ္မာဝါယာမော–အကြင် သမ္မာဝါယာမသည်၊ (အတ္ထိ)၊ အယံ–ဤဝီရိယသည်၊ ယထာဒိဋ္ဌိဿ–အကြင် အကြင် မှန်ကန်သော ဉာဏ်ရှိသူ၏၊ ပဓာနံစ–အားထုတ်ကြောင်း လုံ့လလည်း မည်၏။

**၁၃၇၆။** သံဝေဂေါတိ–သံဝေဂေါဟူသည်ကား၊ ဇာတိဘယ–ဇာတိကို ဘေးဟု ရှုတတ်သောဉာဏ်သည်လည်းကောင်း၊ ဇရာဘယံ–သည်လည်း ကောင်း၊ ဗျာဓိဘယံ–သည်လည်းကောင်း၊ မရဏဘယံ–သည်လည်းကောင်း၊ (သံဝေဂေါ–သံဝေဂမည်၏၊) သံဝေဇနိယံ ဌာနံတိ–သံဝေဇနိယံ ဌာနံဟူသည် ကား၊ ဇာတိ–သည်လည်းကောင်း၊ပေ၊မရဏံ–မရဏသည်လည်းကောင်း၊ (သံဝေဇနိယံ–ထိတ်လန့်ခြင်း၏အကြောင်းဖြစ်သော၊ ဌာနံ–ဌာနတည်း။)

**၁၃၇၇။** သံဝိဂ္ဂဿစ ယောနိသော ပဓာနံတိ–ဟူသည်ကား၊ ဣဓ–ဤ သာသနာတော်၌၊ ဘိက္ခု–ရဟန်းသည်၊ အနုပ္ပန္နာနံ–ဤဘဝ၌ လုံးဝမဖြစ်ဖူး ကုန်သေးသော၊ ဝါ–အာရုံသစ်ကြောင့် မဖြစ်ဖူးကုန်သေးသော၊ ပါပကာနံ– နံသော၊ အကုသလာနံ–နံသော၊ ဓမ္မာနံ–တို့၏၊ အနုပ္ပာဒါယ–မဖြစ်ခြင်းငှာ၊

ဆန္ဒံ–ဆန္ဒကို၊ ဇနေတိ–ဖြစ်စေ၏၊ ဝါယမတိ–လုံ့လပြု၏၊ ဝီရိယံ–ဝီရိယကို၊ အာရဘတိ–အားထုတ်၏၊ စိတ္တံ–ကို၊ ပဂ္ဂဏှာတိ–ချီးမြှောက်၏၊ ပဒဟတိ–အားထုတ်၏၊ ဥပ္ပန္နာနံ–ဖြစ်ပြီးကုန်သော၊ ဝါ–ဖြစ်ပြီးအကုသိုလ်နှင့်တူကုန်သော၊ ပါပကာနံ အကုသလာနံ, ဓမ္မာနံ–တို့ကို၊ ပဟာနာယ၊ပေ၊ပဒဟတိ၊ အနုပ္ပန္နာနံ–ဤဘဝ၌ မဖြစ်ဖူးကုန်သေးသော၊ ကုသလာနံ–လောကီကုသိုလ်ဖြစ်ကုန်သော၊ (တစ်နည်း) အနုပ္ပန္နာနံ–သံသရာ၌ တစ်ရံတစ်ခါမျှ မဖြစ်ဖူးကုန်သေးသော၊ ကုသလာနံ–လောကုတ္တရာကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ ဥပ္ပာဒါယ၊ပေ၊ ပဒဟတိ၊ ဥပ္ပန္နာနံ–ဤဘဝ ထိုဘဝ၌ ဖြစ်ကုန်ပြီးသော၊ ကုသလာနံ–လောကီကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–တို့၏၊ ဌိတိယာ–တည်တံ့ခြင်းငှာလည်းကောင်း၊ အသမ္မောသာယ–မပျောက်ပျက်ခြင်းငှာလည်းကောင်း၊ ဘိယျောဘာဝါယ–လွန်စွာတိုးပွားခြင်းငှာလည်းကောင်း၊ ဝေပုလ္လာယ–ပြန့်ပြောကုန်သည်၏အဖြစ်ဟူသော အကျိုးငှာလည်းကောင်း၊ ဘာဝနာယ–ဘာဝနာ၏၊ ပါရိပူရိယာ–ပြည့်စုံသည်၏အဖြစ်ဟူသော အကျိုးငှာလည်းကောင်း၊ ဆန္ဒံ၊ပေ၊ ပဒဟတိ။

**၁၃၇၈။** အသန္တုဋ္ဌိတာ စ ကုသလေသု ဓမ္မေသူတိ–သုဟူသည်ကား၊ ကုသလာနံ–န်သော၊ ဓမ္မာနံ–တို့ကို၊ ဘာဝနာယ–တိုးပွားစေခြင်း၌၊ အသန္တုဋ္ဌဿ–မတင်းတိမ် မရောင့်ရဲသောပုဂ္ဂိုလ်၏၊ ယာ ဘိယျောကမျတာ–အကြင် များပြားခြင်းကို အလိုရှိသူ၏အဖြစ်သည်၊ (အတ္ထိ)၊ အယံ–ဤကုသိုလ်တရားတို့၏ များပြားခြင်းကို အလိုရှိသူ၏အဖြစ်သည်၊ (ကုသလေသု ဓမ္မေသု–တို့၌၊ အသန္တုဋ္ဌိတာ–တင်းတိမ်ရောင့်ရဲခြင်း မရှိသူ၏အဖြစ်မည်၏။)

**၁၃၇၉။** အပ္ပဋိဝါနိတာစ ပဓာနသ္မိံတိ–ဟူသည်ကား၊ ကုသလာနံ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–ဗောဓိပက္ခိယတရားတို့ကို၊ ဘာဝနာယ–မိမိသန္တာန်၌ ဖြစ်စေခြင်းငှာ၊ ယာ သက္ကစ္စကိရိယတာ–အကြင် ရိုရိုသေသေပြုခြင်းရှိသူ၏အဖြစ်သည်၊ ယာ သာတစ္စကိရိယတာ–အကြင် အမြဲမပြတ်, ပြုခြင်းရှိသူ၏အဖြစ်သည်၊ ယာ အဋ္ဌိတကိရိယတာ–အကြင် မရပ်မနား ပြုခြင်းရှိသူ၏အဖြစ်သည်၊ ယာ အနောလီနဝုတ္တိတာ–အကြင် မတွန့်မဆုတ်ဖြစ်ခြင်းရှိသူ၏အဖြစ်သည်၊ ယာ အနိက္ခိတ္တဆန္ဒတာ–အကြင် မချအပ်သောဆန္ဒရှိသူ၏အဖြစ်သည်၊ ယာ အနိက္ခိတ္တဓုရတာ–အကြင် မချအပ်သောတာဝန်ရှိသူ၏ အဖြစ်သည်၊ ယာ အာသေဝနာ–အကြင် အစဉ်မှီဝဲခြင်းသည်၊ ယာ ဘာဝနာ–အကြင် တိုးပွားစေခြင်းသည်၊ ယံ ဗဟုလီကမ္မံ–အကြင် မများသော်လည်း များသကဲ့သို့ ပြုခြင်းသည်၊ ဝါ–ကြိမ်ဖန်များစွာ အလေ့အလာပြုခြင်းသည်၊ (အတ္ထိ)၊ အယံ–ဤသဘောတရားသည်၊ ပဓာနသ္မိံ–အားထုတ်ခြင်း၌၊ အပ္ပဋိဝါနိတာ–ဆုတ်နစ်ခြင်း မရှိသူ၏အဖြစ်မည်၏။

**၁၃၈၀။** ဝိဇ္ဇာတိ–ဝိဇ္ဇာဟူသည်ကား၊ ဝိဇ္ဇာ–တို့သည်၊ ဝါ–သိတတ်သော ဉာဏ်တို့သည်၊ တိဿော–သုံးပါးတို့တည်း၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ–ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဟူသော၊ ဝါ–ရှေး၌ နေအပ်ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော သတိနှင့်ယှဉ်သော ဉာဏ်ဟူသော၊ ဝိဇ္ဇာ–ဝိဇ္ဇာလည်းကောင်း၊ သတ္တာနံ–သတ္တဝါတို့၏၊ စုတူပပါတေ–စုတုပဋိသန္ဓေ၌၊ ဉာဏံ–သိတတ်သော၊ ဝိဇ္ဇာ–လည်းကောင်း၊ အာသဝါနံ–ကိလေသာအာသဝေါတို့၏၊ ခယေ–ကုန်ရာမဂ်ခဏ၌၊ ဝါ–ကုန်ကြောင်းတရားအပေါင်း၌၊ ဉာဏံ–ဉာဏ်ဟူသော၊ ဝိဇ္ဇာ–ဝိဇ္ဇာလည်းကောင်းတည်း။ [ဒိဗ္ဗစက္ခုဉာဏ်ကို ရပြီးမှ စုတူပပါတဉာဏ်ကို ရနိုင်၏၊ ထို့ကြောင့် တချို့ပါဠိတော်၌ ဒိဗ္ဗစက္ခုကို ဝိဇ္ဇာဟု ဟောတော်မူသည်။]

**၁၃၈၁။** ဝိမုတ္တီတိ–ဝိမုတ္တိဟူသည်ကား၊ ဝိမုတ္တိယော–တို့သည်၊ ဒွေ–နှစ်ပါးတို့တည်း၊ စိတ္တဿ–၏၊ အဓိမုတ္တိ–အာရုံ၌ ကျွတ်ကျွတ်လွတ်လွတ် သက်ဝင်တတ်သော သမာပတ်တရားသည်လည်းကောင်း၊ ဝါ–ဆန့်ကျင်ဘက်တို့မှ ကောင်းစွာလွတ်မြောက်တတ်သော သမာပတ်တရားသည်လည်းကောင်း၊ နိဗ္ဗာနဉ္စ–အလုံးစုံသော ကိလေသာတို့မှ လွတ်မြောက်တတ်သော နိဗ္ဗာန်သည်လည်းကောင်းတည်း။

**၁၃၈၂။** ခယေဉာဏန္တိ–ခယေ ဉာဏံဟူသည်ကား၊ မဂ္ဂသမင်္ဂိဿ–မဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏၊ ဉာဏံ–မဂ်ဉာဏ်သည်၊ (ခယေ–ကိလေသာတို့၏ကုန်ကြောင်းဖြစ်သောမဂ်၌၊ ဉာဏံ–ဉာဏ်မည်၏။)

**၁၃၈၃။** အနုပ္ပာဒေ ဉာဏန္တိ–ကား၊ ဖလသမင်္ဂိဿ–ဖိုလ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏၊ ဉာဏံ–ဖိုလ်ဉာဏ်သည်၊(အနုပ္ပာဒေ–ကိလေသာတို့၏မဖြစ်ကြောင်း မဂ်၏အဆုံး၌၊ ဉာဏံ–ဉာဏ်မည်၏။)

**နိက္ခေပကဏ္ဍော–နိက္ခေပကဏ္ဍသည်၊ နိဋ္ဌိတော–ပြီးပြီ။**

## အဋ္ဌကထာကဏ္ဍ
## တိကအတ္ထုဒ္ဓါရ

**၁၃၈၄။** စတူသု–၄ ပါးကုန်သော၊ ဘူမိသု–ဘုံတို့၌၊ ကုသလံ–ဖဿစသော ကုသိုလ်သည်၊(အတ္ထိ)၊ ဣမေ ဓမ္မာ–ဤ ၄ ပါးသောဘုံတို့၌ ဟောတော်မူအပ်သော ဖဿစသောတရားတို့သည်၊ ကုသလာ–ကုသိုလ်တို့တည်း။

**၁၃၈၅။** ဒွါဒသ–၁၂ ပါးကုန်သော၊ အကုသလစိတ္တုပ္ပာဒါ–အကုသိုလ်စိတ္တုပ္ပာဒ်တို့သည်၊ ဝါ–အကုသိုလ်ဟူသော ဖြစ်သောစိတ်, ဖြစ်သောစိတ်နှင့်

တကွ သမ္ပယုတ္တခမ္မတို့သည်၊ (အတ္ထိ–ရှိကုန်၏၊) ဣမေ ဓမ္မာ အကုသလာ။

**၁၃၈၆**။ စတ္တာသု–န်သော၊ ဘူမိသု–တို့၌၊ ဝိပါကော–ဝိပါက်သည်လည်းကောင်း၊ တီသု,ဘူမိသု–တို့၌၊ ကြိယာဗျာကတံ–ကြိယာဗျာကတသည်လည်းကောင်း၊ ရူပဥ္စ–သည်လည်းကောင်း၊ နိဗ္ဗာနဥ္စ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ–ဤ ဝိပါက်, ကိရိယာ, ရုပ်, နိဗ္ဗာန်တို့သည်၊ အဗျာကတာ–အဗျာကတာတို့တည်း။

**၁၃၈၇**။ ကာမာဝစရကုသလတော–ကာမာဝစရကုသိုလ်မှ၊ ဝါ–ကာမာဝစရကုသိုလ်ဖြစ်ကုန်သော၊ စတ္တာရော–၄ ပါးကုန်သော၊ သောမနဿသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊ အကုသလတော–အကုသိုလ်မှ၊ ဝါ–န်သော၊ စတ္တာရော–န်သော၊(သောမနဿသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊) ကာမာဝစရကုသလဿ–၏၊ ဝိပါကတော စ–ဝိပါက်မှလည်းကောင်း၊ ဝါ–ဝိပါက်လည်းဖြစ်ကုန်သော၊ ကိရိယတော စ–ကိရိယာမှလည်းကောင်း၊ ဝါ–ကိရိယာလည်းဖြစ်ကုန်သော၊ ပဥ္စ–ငါးပါးစီကုန်သော၊(သောမနဿသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊) [သုခသဟဂုတ်ကာယဝိညာဉ်နှင့် မဟာဝိပါက် သောမနဿ ၄ ပါး ဟသိတုပ္ပာဒ်နှင့် မဟာကြိယာ သောမနဿ ၄ ပါး အားဖြင့် ၅ ပါးစီ ဖြစ်သည်၊] ကုသလတော စ၊ပေ၊ ကိရိယတော စ–မှလည်းကောင်း၊ ဝါ–န်သော၊ ရူပါဝစရတိကစတုက္ကဇ္ဈာနာ–ရူပါဝစရတိကဈာန်စတုက္ကဈာန်တို့သည်လည်းကောင်း၊ ကုသလတော စ–မှလည်းကောင်း၊ ဝါ–န်သော၊ ဝိပါကတော စ–မှလည်းကောင်း၊ ဝါ–န်သော၊ လောကုတ္တရတိကစတုက္ကဈာနာ–တို့သည်လည်းကောင်း၊(အတ္ထိ–ရှိကုန်၏၊) ဧတ္ထ–ဤစိတ္တုပ္ပာဒ်တို့၌၊ ဥပ္ပန္နံ–ဖြစ်သော၊ သုခံ–သုခဖြစ်သော၊ ဝေဒနံ–ဝေဒနာကို၊ ထပေတွာ–ထား၍၊ ဣမေ ဓမ္မာ–တို့သည်၊ သုခါယ ဝေဒနာယ ,သမ္ပယုတ္တာ–တို့တည်း။

**၁၃၈၈**။ ဒွေ–၂ ပါးကုန်သော၊ ဒေါမနဿသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊ ဒုက္ခသဟဂတံ–သော၊ ကာယဝိညာဏံ–သည်လည်းကောင်း၊ (အတ္ထိ–န်၏၊) ဧတ္ထ–ဤဒေါမနဿသဟဂုတ်စိတ္တုပ္ပာဒ်, ဒုက္ခသဟဂုတ် ကာယဝိညာဉ်တို့၌၊ ဥပ္ပန္နံ၊ပေ၊ ဣမေ ဓမ္မာ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ။

**၁၃၈၉**။ ကာမာဝစရကုသလတော စတ္တာရော ဥပေက္ခာသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊ အကုသလတော ဆ (ဥပေက္ခာသဟဂတစိတ္တုပ္ပာဒါ–လည်းကောင်း၊) ကာမာဝစရကုသလဿ ဝိပါကတော ဒသ (ဥပေက္ခာသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊)၊ပေ၊ကိရိယတော ဆ (ဥပေက္ခာသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊) ကုသလလတော စ ဝိပါကတော စ, ကိရိယတော စ–မှလည်းကောင်း၊ ဝါ–ကိရိယာလည်းဖြစ်သော၊

ရူပါဝစရံ–ရူပါဝစရလည်းဖြစ်သော၊ စတုတ္ထံ ဈာနံ–စတုတ္ထဈာန်သည်လည်း ကောင်း၊ ကုသလတော စ ဝိပါကတော စ ကိရိယတော စ စတ္တာရော, အရူပါဝစရော–တို့သည်လည်းကောင်း၊ ကုသလတော စ ဝိပါကတော စ လောကုတ္တရံ–သော၊ စတုတ္ထံ–သော၊ ဈာနံ–ဈာန်သည်လည်းကောင်း၊ (အတ္ထိ–န်၏၊) ဧတ္ထ–ဤစိတ္တုပ္ပာဒ်တို့၌၊ ဥပ္ပန္နံ ၊ပေ၊ ဣမေ ဓမ္မာ သဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ၊ တီသော–န်သော၊ ဝေဒနာ စ–တို့သည်လည်း ကောင်း၊ ရူပဥ္စ–ရုပ်သည်လည်းကောင်း၊ နိဗ္ဗာနဉ္စ–သည်လည်းကောင်း၊ (အတ္ထိ–န်၏၊) ဣမေ ဓမ္မာ–ဤတရားတို့ကို၊ သုခါယ ဝေဒနာယ သမ္ပယုတ္တာတိပိ–တို့ဟူ၍လည်းကောင်း၊ပေ၊ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာတိပိ–တို့ဟူ၍လည်းကောင်း၊ န ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်၊ [ဝေဒနာတိက်၏ တိက်မုတ် ဖြစ်ကြသည်–ဟူလို။]

**၁၄၀၀။** ရူပါဝစရပဉ္စကနယေ–ရူပါဝစရပဉ္စကနည်း၌၊ ကုသလတောစ–မှလည်းကောင်း၊ ဝါ–ကုသိုလ်လည်းဖြစ်သော၊ ကိရိယတောစ–မှလည်းကောင်း၊ ဝါ–ကိရိယာလည်းဖြစ်သော၊ ဒုတိယံ ဈာနံ–ဒုတိယဈာန်သည်လည်းကောင်း၊ လောကုတ္တရပဉ္စကနယေ–၌၊ ကုသလတောစ ဝိပါကတောစ, ဒုတိယံ ဈာနံ–သည်လည်းကောင်း၊ ဧတ္ထ–ဤ ဒုတိယဈာန်တို့၌၊ ဥပ္ပန္နံ–သော၊ ဝိစာရံ–ကို၊ ထပေတွာ–၍၊ ဝိတက္ကော စ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အဝိတက္ကဝိစာရမတ္တာ။

**၁၄၀၁။** ဒွေပဉ္စဝိညာဏာနိ–ဒွေပဉ္စဝိညာဉ်တစ်ဆယ်တို့သည်လည်းကောင်း၊ ကုသလတောစ ဝိပါကတောစ ကိရိယတောစ ရူပါဝစရတိကတိကဈာနာ–ရူပါဝစရတိက, တိကဈာန်တို့သည်လည်းကောင်း၊ [စတုက္ကနည်းလည်း တိက ပဉ္စက နည်းလည်း တိကအထက်ဈာန်များဖြစ်၍ "တိကတိက"ဟု ဆိုသည်၊ လောကုတ္တရာတိကတိကဈာန်၌လည်း နည်းတူ၊] ပေ၊ ပဉ္စကနယေ–၌၊ ဒုတိယဈာနေ–၌၊ ဥပ္ပန္နော–သော၊ ဝိစာရောစ–သည်လည်းကောင်း၊ ရူပဉ္စ–သည်လည်းကောင်း၊ နိဗ္ဗာနဉ္စ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အဝိတက္ကအဝိစာရာ၊ ဝိတက္ကသဟဇာတော–ဝိတက်နှင့်တကွဖြစ်သော၊ ဝိစာရော–ကို၊ သဝိတက္ကသဝိစာရောတိပိ–ဟူ၍လည်းကောင်း၊ပေ၊န ဝတ္တဗ္ဗော–မဆိုထိုက်။

**၁၄၂၂။** ကတမေ ဓမ္မာ အပ္ပမာဏာရမဏာ ဓမ္မာ၊ပေ၊ ဣမေ ဓမ္မာ အပ္ပမာဏာရမဏာ ဓမ္မာ၊ ကာမာဝစရကုသလတော၊ပေ၊ သဗ္ဗံ အကုသလံ–သည်၊ (အတ္ထိ)၊ ဣမေ ဓမ္မာ–တို့သည်၊ သိယာ–ရံခါ၊ ပရိတ္တာရမဏာ–ပရိတ္တ တရားဟူသော အာရုံရှိကုန်၏၊ သိယာ–ရံခါ၊ မဟဂ္ဂတာရမဏာ–မဟဂ္ဂုတ်

တရားဟူသော အာရုံရှိကုန်၏၊ န အပ္ပမာဏာရမဏာ–အပ္ပမာဏတရားဟူ
သော အာရုံ မရှိကုန်၊ သိယာ–ရံခါ၊ ပရိတ္တာရမဏာတိပိ–ပရိတ္တာရမဏာတို့
ဟူ၍လည်းကောင်း၊ မဟဂ္ဂတာရမဏာတိပိ–တို့ဟူ၍လည်းကောင်း၊ န
ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်၊ [နောက်ပုဒ်များ၌လည်း ဤနည်းမှီ၍ ပေးပါ၊]
၊ပေ၊ စတုတ္ထသ ဈာနဿ–၏၊ ဝိပါကော–ဝိပါက်သည်လည်းကောင်း၊
အာကာသာနဉ္စာယတနံ–အာကာသာနဉ္စာယတနဈာန်သည်လည်းကောင်း၊
အာကိဉ္စညာယတနံ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ–တို့ကို၊
ပရိတ္တာရမဏာတိပိ–တို့ဟူ၍လည်းကောင်း၊ ပေ၊ န ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်၊
ရူပဥ္စ–သည်လည်းကောင်း၊ နိဗ္ဗာနဉ္စ–သည်လည်းကောင်း၊ အနာရမဏာ–
အာရုံမရှိသောတရားတို့တည်း။

၁၄၂၉။ ကတမေ ဓမ္မာ မဂ္ဂါရမဏာ၊ပေ၊ ဣမေ ဓမ္မာ–တို့သည်၊ သိယာ–
ရံခါ၊ မဂ္ဂါရမဏာ–မဂ်ဟူသောအာရုံ ရှိကုန်၏၊ န မဂ္ဂဟေတုကာ–မဂ္ဂဟေတုက
မဟုတ်ကုန်၊ သိယာ–ရံခါ၊ မဂ္ဂါဓိပတိနော–မဂ်ဟုဆိုအပ်သောအာရမဏာဓိပတိ
ပစ္စည်း ရှိကုန်၏၊ သိယာ–ရံခါ၊ မဂ္ဂါရမဏာတိပိ–တို့ဟူ၍လည်းကောင်း၊ မဂ္ဂါ
ဓိပတိနောတိပိ–တို့ဟူ၍လည်းကောင်း၊ န ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်၊ စတ္တာရော,
အရိယာမဂ္ဂါ–တို့သည်၊ န မဂ္ဂါရမဏာ–မဂ်ဟူသောအာရုံ မရှိကုန်၊ မဂ္ဂ
ဟေတုကာ–မဂ်ဟုဆိုအပ်သောဟိတ် ရှိကုန်၏၊ ဝါ–မဂ်၌တည်သောဟိတ်
ရှိကုန်၏၊ သိယာ–ရံခါ၊ မဂ္ဂါဓိပတိနော–မဂ်ဟုဆိုအပ်သောသဟဇာတာဓိပတိ
ရှိကုန်၏၊ သိယာ–ရံခါ၊ မဂ္ဂါဓိပတိနောတိ–ဟူ၍၊ န ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်၊
ကုသလတော စ,ကိရိယတော စ, ရူပါဝစရံ, စတုတ္ထံ ဈာနံ–သည်လည်းကောင်း၊
ဥပေက္ခာသဟဂတာ–ဥပေက္ခာသဟဂုတ်ဖြစ်သော၊ ကိရိယာဟေတုကမနော
ဝိညာဏဓာတု–ကိရိယာအဟိတ်မနောဝိညာဏဓာတ်သည်လည်းကောင်း၊
(အတ္ထိ)၊ဣမေ ဓမ္မာ,သိယာ–ရံခါ၊ မဂ္ဂါရမဏာ–မဂ်ဟူသောအာရုံ ရှိကုန်၏၊
န မဂ္ဂဟေတုကာ–မဂ္ဂဟေတုက မဟုတ်ကုန်၊ န မဂ္ဂါဓိပတိနော–မဂ္ဂါဓိပတိ
လည်းမဟုတ်ကုန်၊ သိယာ–ရံခါ၊ မဂ္ဂါရမဏာတိ–မဂ္ဂါရမဏာတို့ဟူ၍၊
န ဝတ္တဗ္ဗာ–န်၊ပေ၊ရူပဉ္စ, နိဗ္ဗာနဉ္စ,အနာရမဏာ–အာရုံမရှိသောတရားတို့တည်း။

၁၄၃၀။ ကတမေ ဓမ္မာ ဥပ္ပန္နာ၊ စတုသု–န်သော၊ ဘူမိသု–ဘုံတို့၌၊ ဝိပါကော–
ဝိပါက်သည်လည်းကောင်း၊ ကမ္မဿ–၏၊ ဝါ–ကို၊ ကတတ္တာ–ကြောင့်၊(ပဝတ္တံ–
သော၊) ယဥ္စ ရူပံ–အကြင် ရုပ်သည်လည်းကောင်း၊(အတ္ထိ)၊ ဣမေ ဓမ္မာ–တို့ကို၊
ဝါ–တို့သည်၊ သိယာ–အချို့တို့သည်၊ ဥပ္ပန္နာ–ဥပ္ပန္နတို့တည်း၊ သိယာ–အချို့တို့
သည်၊ ဥပ္ပာဒိနော–ဥပ္ပာဒိတို့တည်း၊ အနုပ္ပန္နာတိ–တို့ဟူ၍၊ န ဝတ္တဗ္ဗာ–

မဆိုထိုက်ကုန်၊ စတုသု ဘူမိသု၊ပေ၊ ကိရိယာဗျာကတံ–ကိရိယာဗျာကတသည် လည်းကောင်း၊ ကမ္မဿ–၏၊ ဝါ–ကို၊ န ကတတ္တာ–မပြုအပ်သည်၏ အဖြစ် ကြောင့်၊ ယဉ္စ ရူပံ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ၊ပေ၊ န ဝတ္တဗ္ဗာ၊ နိဗ္ဗာနံ–ကို၊ ဥပ္ပန္နံတိပိ–ဟူ၍လည်းကောင်း၊ အနုပ္ပန္နံတိပိ–ဟူ၍လည်းကောင်း၊ ဥပ္ပာဒီတိပိ–ဥပ္ပာဒီဟူ၍လည်းကောင်း၊န ဝတ္တဗ္ဗံ။ [စာအုပ်တို့၌ "ဥပ္ပာဒိနောတိပိ" ဟု ဗဟုဝုစ်ရှိသည်ကို စဉ်းစားပါ။]

**၁၄၃၃။** နိယောဂါ–မြဲသောအားဖြင့်၊ အနာဂတာရမဏာ–အနာဂတ်အာရုံ ရှိသော တရားတို့သည်၊ နတ္ထိ–မရှိကုန်။

**၁၄၃၄။** ကတမေ ဓမ္မာ ပစ္စုပ္ပန္နာရမဏာ ဓမ္မာ၊ ဒွေပဉ္စဝိညာဏာနိ–တို့သည် လည်းကောင်း၊ တိသော–န်သော၊ မနောဓာတုယော စ–တို့သည်လည်းကောင်း၊ ဣမေ ဓမ္မာ ပစ္စုပ္ပန္နာရမဏာ၊ ကာမာဝစရကုသလဿ–၏၊ ဝိပါကတော– ဝိပါက်ဖြစ်သော၊ ဒသ–ဆယ်ပါးကုန်သော၊ စိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊ အကုသလဿ–၏၊ ဝိပါကတော–သော၊ ဥပေက္ခာသဟဂတာ–ဥပေက္ခာ သဟဂုတ်ဖြစ်သော၊ မနောဝိညာဏဓာတု–သည်လည်းကောင်း၊သောမနဿ သဟဂတာ–သော၊ ကိရိယာဟေတုကမနောဝိညာဏဓာတု–သည်လည်း ကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ–တို့သည်၊ သိယာ–အချို့တို့သည်၊ပေ၊ ပစ္စုပ္ပန္နာ ရမဏာ–ပစ္စုပ္ပန်အာရုံ ရှိကုန်၏၊ ကာမာဝစရကုသလံ–သည်လည်းကောင်း၊ အကုသလံ–သည်လည်းကောင်း၊ ကိရိယတော–ကိရိယာဖြစ်ကုန်သော၊ နဝ– န်သော၊ စိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊ ရူပါဝစရံ–ရူပါဝစရဖြစ်သော၊ ကုသလတောစ–ကုသိုလ်လည်းဖြစ်သော၊ ကိရိယတောစ–ကိရိယာလည်းဖြစ် သော၊ စတုတ္ထံ ဈာနံ–သည်လည်းကောင်း၊ ဣမေ ဓမ္မာ၊ပေ၊ပစ္စုပ္ပန္နာရမဏာ– န်၏၊ သိယာ–အချို့တို့ကား၊ အတီတာရမဏာတိပိ–တို့ဟူ၍လည်းကောင်း၊ပေ၊ န ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်၊ ကုသလတောစ–ကုသိုလ်လည်းဖြစ်ကုန်သော၊ပေ၊ ကိရိယတောစ–ကိရိယာလည်းဖြစ်ကုန်သော၊ ရူပါဝစရတိကစတုက္ကဇ္ဈာနာ– တို့သည်လည်းကောင်း၊ စတုတ္ထဿ ဈာနဿ–၏၊ ဝိပါကော–သည်လည်း ကောင်း၊ အာကာသာနဉ္စာယတနံ–အာကာသာနဉ္စာယတနဈာန်သည်လည်း ကောင်း၊ အာကိဉ္စညာယတနံ–သည်လည်းကောင်း၊ ပေ၊ စတ္တာရိ–န်သော၊ သာမညဖလာနိ–သာမညာ၏ဖြစ်ကြောင်း မဂ်၏အကျိုးဖြစ်သော ဖိုလ်တို့သည် လည်းကောင်း၊ ဣမေ ဓမ္မာ၊ပေ၊ ပစ္စုပ္ပန္နာရမဏာတိပိ နဝတ္တဗ္ဗာ၊ ရူပဉ္စ– ရုပ်သည်လည်းကောင်း၊ နိဗ္ဗာနဉ္စ–သည်လည်းကောင်း၊ အနာရမဏာ–အာရုံ မရှိသောတရားတို့တည်း။

**၁၄၃၅။** အနိန္ဒြိယဗဒ္ဓရူပဉ္စ–ဣန္ဒြေနှင့်မစပ်သော သက်မဲ့ရုပ်ကိုလည်းကောင်း၊ [သက်မဲ့ရုပ်၌ စက္ခုစသော ဣန္ဒြေတစ်ခုမျှမစပ်၊] နိပ္ဖန္နဉ္စ–ကိုလည်းကောင်း၊ ထပေတွာ–၍၊ သဗ္ဗေ–အလုံးစုံကုန်သော၊ ဓမ္မာ–တို့သည်၊ သိယာ–အချို့တို့သည်၊ အဇ္ဈတ္တာ–အဇ္ဈတ္တတို့တည်း၊ပေ၊ အဇ္ဈတ္တဗဟိဒ္ဓါ–တို့တည်း၊ အနိန္ဒြိယဗဒ္ဓရူပဉ္စ–သည်လည်းကောင်း၊ နိပ္ဖန္နဉ္စ–သည်လည်းကောင်း၊ ဗဟိဒ္ဓါ–ဗဟိဒ္ဓတရားတို့တည်း။

**၁၄၃၇။** ကတမေ ဓမ္မာ ဗဟိဒ္ဓါရမဏာ ၊ပေ၊ အာကိဉ္စညာယတနံ–အာကိဉ္စညာယတနစျာန်ကို၊ အဇ္ဈတ္တာရမဏာတိပိ–အဇ္ဈတ္တာရမဏဟူ၍လည်းကောင်း၊ပေ၊ န ဝတ္တဗ္ဗံ–မဆိုထိုက်၊ ရူပဥ္စ နိပ္ဖန္နဉ္စ အနာရမဏာ။

**၁၄၄၀။** ကတမေ ဓမ္မာ အနိဒဿန အပ္ပဋိဃာ၊ စတူသု ဘူမီသု–တို၌၊ ကုသလံ–သည်လည်းကောင်း၊ပေ၊ တီသု ဘူမီသု–တို့၌၊ ကိရိယာဗျာကတံ–ကိရိယာအဗျာကတသည်လည်းကောင်း၊ အနိဒဿနံ–မြင်ထိုက်သည်၏အဖြစ်လည်း မရှိသော၊ အပ္ပဋိဃံ–ထိပါးတတ်သည်၏အဖြစ်လည်း မရှိသော၊ ဓမ္မာယတနပရိယာပန္နံ–ဓမ္မာယတန၌ အကျုံးဝင်သော၊ ယဉ္စ ရူပံ–အကြင်ရုပ်သည်လည်းကောင်း၊ (ဓမ္မာယတနပရိယာပန္နံ–သော၊) နိပ္ဖန္နဉ္စ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အနိဒဿနအပ္ပဋိဃာ၊ ["ဓမ္မာယတနပရိယာပန္နံ"ကို ကာကောလောကနည်းဖြင့် အနက်ပေးလိုက်ပါသည်။]

## တိကံ–သည်၊ (နိဋ္ဌိတံ–ပြီ။)

## ဒုကအတ္ထုဒ္ဓါရ(ဟေတုဂေါစ္ဆက)

**၁၄၄၁။** ကတမေ ဓမ္မာ ဟေတူ၊ တယော–၃ ပါးကုန်သော၊ ကုသလဟေတူ–ကုသိုလ်ဟိတ်တို့သည်လည်းကောင်း၊ပေ၊ အဗျာကတာဟေတူ–တို့သည်လည်းကောင်း၊ (ဟေတူ–ဟိတ်တို့ မည်၏၊) အလောဘော–အလောဘဟူသော၊ ကုသလဟေတု–ကုသလဟိတ်သည်လည်းကောင်း၊ အဒေါသော, ကုသလဟေတု–သည်လည်းကောင်း၊ စတူသု–၄ ပါးကုန်သော၊ ကုသလေသု–ကုသိုလ်ဖြစ်ကုန်သော၊ ဘူမီသု–ဘုံတို့၌၊ ဥပ္ပန္နော–ဖြစ်ကုန်၏၊ အမောဟော, ကုသလဟေတု–သည်၊ ကာမာဝစရကုသလတော–မှ၊ ဝါ–န်သော၊ စတ္တာရော–န်သော၊ ဉာဏဝိပ္ပယုတ္တေ စိတ္တုပ္ပာဒေ–တို့ကို၊ ထပေတွာ–၍၊ စတူသု ဘူမီသု ကုသလေသု ဥပ္ပန္နော၊ ပေ။

**၁၄၄၂**။ ကတမေ ဓမ္မာ န ဟေတူ၊ ဟေတူ-ဟိတ်တို့ကို၊ ထပေတွာ-၍၊ စတူသု ဘူမီသု-တို့၌၊ ကုသလံ-ကုသိုလ်သည်လည်းကောင်း၊ အကုသလံ-သည်လည်းကောင်း၊ စတူသု ဘူမီသု-တို့၌၊ ဝိပါကော-သည်လည်းကောင်း၊ တီသု ဘူမီသု-တို့၌၊ ကိရိယာဗျာကတံ-သည်လည်းကောင်း၊ ရူပဥ္စ နိဗ္ဗာနဥ္စ-သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ န ဟေတူ။

## အာသဝဂေါစ္ဆက

**၁၄၆၉**။ ကတမေ ဓမ္မာ အာသဝသမ္ပယုတ္တာ၊ ဒွေ-နှစ်ပါးကုန်သော၊ ဒေါမနဿသဟဂတစိတ္တုပ္ပာဒါ-တို့သည်လည်းကောင်း၊ ဧတ္ထ-ဤဒေါမနဿသဟဂုတ်စိတ္တုပ္ပာဒ်၌၊ ဥပ္ပန္နံ-သော၊ မောဟံ-မောဟကို၊ ထပေတွာ-ထား၍လည်းကောင်း၊ ဝိစိကိစ္ဆာသဟဂတံ-သော၊ ဥဒ္ဓစ္စသဟဂတံ-သော၊ မောဟံ-ကို၊ ထပေတွာ-၍လည်းကောင်း၊ အဝသေသံ-ကြွင်းသော၊ အကုသလံ သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အာသဝသမ္ပယုတ္တာ။ [ဧတ္ထ ဥပ္ပန္နံ မောဟံ ထပေတွာ ဒွေ ဒေါမနဿ သဟဂတစိတ္တုပ္ပာဒါ-တို့သည် လည်းကောင်း၊ ဤသို့ ပေးလျှင်လည်း ဖြစ်နိုင်ပါ၏။]

**၁၄၇၃**။ ယတ္ထ-အကြင် စိတ္တုပ္ပာဒ်၌၊ ဒွေ တယော-နှစ်ပါးသော်လည်း ဖြစ်ကုန်, သုံးပါးသော်လည်းဖြစ်ကုန်သော၊ [ဝါသဒ္ဒါ အကြေကြံပါ၊ သို့မဟုတ် "ဒွတ္တင်္ယော"ဟုသော်လည်း ဗဟုဗ္ဗီဟိသမာသ် ရှိပါစေ၊ ဒွေ တီဏိ၌လည်း နည်းတူ၊] ဧကတော-တပေါင်းတည်း၊ ဥပ္ပဇ္ဇန္တိ-နုံ၏၊ တတ္ထ-ထိုစိတ္တုပ္ပာဒ်၌၊ ဣမေ ဓမ္မာ-ဤ အာသဝေါတရားတို့သည်၊ အာသဝါ စေဝ-အာသဝတို့သည် လည်းကောင်း၊ အာသဝသမ္ပယုတ္တာ စ-အာသဝသမ္ပယုတ်တို့သည်လည်း ကောင်း၊ (ဟောန္တိ)၊ [နောက်နောက် ဂေါစ္ဆက, နောက်နောက်ဒုက်တို့၌လည်း လွယ်ပြီ။] အတ္ထုဒ္ဓါရော-အနက်အရကောက်တို့ကို ထုတ်ပြရာ အဋ္ဌကထာ ကဏ္ဍသည်၊ နိဋ္ဌိတော-ပြီ။

**ဓမ္မသင်္ဂဏီပကရဏံ-ဓမ္မသင်္ဂဏီပါဠိတော်ကျမ်းဂန်သည်၊**
**နိဋ္ဌိတံ-ပြီးပြီ။**